
ကြီးတိုက်မှုအမြန်နှင့်
ထူးခြားဆန်းကြယ်
မှုခင်း

★ မူးယစ်ဆေးဝါး တိုက်
ဖျက်ရေးနှင့် ရာဇဝတ်မှုများ
လျှော့နည်းပပျောက်ရေး
"အတွက်..........."

နိုင်ငံခြားမှုခ

နိုင်ငံခြား

စီစဉ်သော
ကြိုးဆိုက်မှုအမြန်နှင့် ထူးခြားဆန်းကြယ်

# မှုခင်း

မြန်မီဈေး
၀၊ ၆၊ ၁၃၈၉
၁၇၁၊ လမ်း ၄၀၊ ရန်ကုန်။
ဖုန်း-၇၅၄၆၀။

TRUTH IS STRANGER THAN FICTION.

စာနယ်ဇင်းကြိုတင်ခွင့်ပြု

အတွင်းစာသား — ၀၂၁၅

မျက်နှာဖုံး — ၁၀၇၄

ပုံနှိပ်ခြင်း

ပထမအကြိမ် အုပ်ရေ ၃၅၀၀

နိုဝင်ဘာလ၊ ၁၉၇၁ ခုနှစ်

မျက်နှာဖုံး

ဒီဇိုင်း — တင်မောင်မျိုး

ကာလာရိုက် — နန်းသဇင်

ဘလောက်

ဇမ္ဗူတလူနှင့်ရာဇာ

အတွင်းအပြင်အဆင်

ရဲဘော်လှရွှေ (လုပ်သား) နှင့်

နန်းသဇင်အဖွဲ့

ထုတ်ဝေသူ

ဦးတင်လှိုင်(၀၉၀၆)

မိုးစန္ဒာစာပေ

၂/၅လမ်း၊ ဖဆပလ၊ ရန်ကုန်။

ပုံနှိပ်သူ

ဒေါ်တင်ရီ(၀၂၇၃၉)

'နန်းသဇင်' ပုံနှိပ်တိုက်

၁၉၆/၃၉လမ်း၊ ရန်ကုန်။

ဖုန်း—၇၃၀၂၇


**တန်ဖိုး ၈ ကျပ်**





...လွှမ်းမောင်စီစဉ်သော ထူးခြားဆန်းကြယ်မှုခင်းများ


သူတို့က ကျုပ်ကိုသတ်ဖို့ အုပ်စုဖွဲ့လာနေပြီလေ—

မြန်မြန်လာကြစမ်းပေါ့ ရွှေမမ အသတ်ခံရလို့တဲ့—
ချောင်းဆုံအန်းသင်-၂၀

...နှ်တွေရဲ့မကောင်းတဲ့ အကျင့်က နိုးထလာတခုထဲပါ—
ဟိန်းလင်း-၃၆

...နီတွေလက်ထဲက ဘာရှေးခံ ထွက်ပြေးသွားပါကြောင်း—
မောင်ဝင်း(ရဲအရာရှိဟောင်း)

...ဆိုးများ၏ လုပ်နည်းကိုင်နည်းကိုသိထားခဲ့လျှင်—
ဦးလှဘော်-၁၉၆

ချစ်သူအတွက်ဆိုယင် ဓားခြင်အပြင်၊ ကြိုးစင်ပါခံရမယ်—
ကောက်လှိုင်း-၄၆

အသက်နှင့်ပတ်သက်တဲ့ ဥပဒေဖွင့်ဆိုချက်ကို မသိရလို့ ထောင်ကျရတာ—
ဦးမြင့်သန်း-၆၃

အမွေလိုချင်လို့ ယောက္ခမ ဇနီးမောင်နှံကို သတ်မိတာပါ—
ဝင်းလွင်ထွန်း-၆၉

မယားခိုးမှု ကျူးလွန်သူကို လင်ကသာ တရားစွဲဆိုနိုင်သော်လည်း—
ဦးဝင်းမြင့်-၈၂

ဟော့ မောင်သိန်း မင်းလက်ကခါး ငါ့ကိုပေးစမ်း—
တက္ကသိုလ်စိန်တင်

လက်နက်ဥပဒေမှာ သေနတ်ဟာ အကျုံးမဝင်ဘူးဆိုပေမယ့်—
မောင်စိမ်းလှိုင်-၁၀၈

ရှင်ဟာ တရားခံပီပီ ထွက်ပေါက်ရှာဖို့ စိတ်မကူးနဲ့နော်—
မုံရွာ တင်ထွန်း-၁၂၈

ခုခံကာကွယ်ပိုင်ခွင့်ကို လိုအပ်သည်ထက် ပို၍သုံးလျှင်—
ဖျာပုံစိုး-၁၃၂

မဖြစ်သင့်ပဲ ဖြစ်ပွားခဲ့ရသည့် မှုခင်းများကို အဖြေရှာလျှင်—
နီလေးမောင်-၁၄၀

ကျွန်မတို့နှစ်ယောက် အကိုကြီးရဲ့အလောင်းကို ဂုံနီအိတ်နဲ့ ထည့်ပြီး—
သက်လွင်ဦး-၁၅၁





…ာက်ခွေ့ အခါရုံတက်မှာ သူတို့ကြိုးစင်တက်ရတော့မှာမို့—
ကျော်မြသန်း၊ ၁၆၅

…မှု ဥပဒေနှင့် တရားမဥပဒေ ဘယ်လိုခြားနားတယ် ဆိုတာသိဖို့—
မောင်သိန်းညွန့်-၁၇၁

…မှုခတယောက်လို့ လူတကာခနဲ့တာကို ရှက်မိလို့—
ဦးဆွေ-၁၈၀


အထက်ပါစိတ်ဝင်စားဖွယ် ပြည်တွင်းပြည်ပမှ မှုခင်းများအပြင် …ရေးရာ သိမှတ်စရာ အတိုအထွာများကို ဖော်ပြထားပါသည်။

## စိတ်ညှိုးမှာမဟုတ်ဘူးဆို...

[illegible]


★ နီလေးမောင်




## သွယ်တမြွက်
# ရှုခင်း
## ဓါတ်ပုံကဏ္ဍ



☆ ချစ်ဇနီး၏ စွန့်ပယ်မှုကို ခံရသဖြင့် အချစ်နတ်ဖမ်းစားခြင်း ခံရသည့် ယောကျ်ားသား တယောက်နှင့် ချစ်စဖွယ် ရင်သွေးငယ်၏ အစောက်ကို စွန့်စွန့်စားစား ကယ်တင်ဖို့ကြိုးစားခဲ့သည့် အမျိုးသမီး ရှိတဦး၏ သံလိုက်ရင်ခုန်ဖွယ် ဇာတ်လမ်းကို ဓာတ်ပုံဖြင့် မှတ်တမ်း တင်ထားသည်မှာ....



# သားငယ်ကိုရင်ခွင်ပိုက်လို့



လန်ဒန်မြို့-ဘာရွန်ဘာရီစ် ရပ်ကွက်အတွင်း လူစည်ကားနေခိုက်....ထိုအချိန်တွင် .... အသက်သုံးဆယ်ရွယ်လူတယောက်က တနှစ်ခွဲရွယ်ကလေးငယ်ကိုပွေ့ချီလျက် ပေခြောက်ဆယ်ကျော်မြင့်သည့် ဟော်တယ် ခေါင်းမိုးပေါ်သို့တွယ်ဘက် နေသည်ကို ယဲထိဘ်ရင်ဖို မြင်လိုက်ကြရသည်။

ချက်ချင်း ဟော်တယ်ပတ်ဝန်းကျင်တွင် လူတွေအုန်းအုန်းကြွက်ကြွက် ဖြစ်ကာ ဝိုင်းအုံလာသည်၊ရဲ၊ မီးသက်၊ ဆေးရုံကားများ ရောက်လာသည်။ တာဝန်ရှိသူများ ဟော်တယ်ခေါင်မိုးပေါ် သို့ အပြေး အလွှား တက်သွားကြသည်။

'ဘာဖြစ်လို့လဲ အောက်ပြန်ဆင်းခဲ့ပါ။ ရဲအရာရှိတယောက်က ပြောရင်းရှေ့တိုးသွားသည်။ 'ကျွန်တော် အနားမကပ်နဲ့—ခုန်ချလိုက်မယ်' ထိုလူကပြောကာ နောက်ဆုတ် လိုက်သဖြင့် ရဲအရာရှိ ရှေ့မတိုးရဲတော့'

'မင်းဘာသူလဲ...ဘာဖြစ်လို့ ဒီလိုကြံစည်ရတာလဲ—ငါ့ကိုပြောပါ၊ ငါကူညီမယ်

ရဲအရာရှိစကားကို သူမနာခံ— ကျွန်တော့်ကိုကယ်ဖို့ မကြိုးစားပါနဲ့ဗျာ၊ ကျွန်တော် အဖြစ်က ဆိုးလွန်းလို့ပါ....

မျက်ရည်စက်လက်ဖြင့် ထိုသူက ဇာတ်ကြောင်းပြန်သည်။

# ဖြစ်ကြောင်း ကုန်



ကျွန်တော့်နာမည့် သောမတ်ဖ ရင့်ပါဟောဒါက ကျွန်တော့ သားငယ် စတီးဝက်...... ကျွန်တော်တို့ ··· သားအဖဟာ ကြေကွဲစရာအဖြစ်ဆိုးကြီးကြုံ ရပါတယ်ဗျာ၊ အဲဒါကတော ကျွန်တော်အချစ်ဆုံး ဇနီးဟ ကျွန်တော့ကို ပစ်ပယ်လို့ ···· အချစ်သစ် ရှာသွားခဲ့ပါပြီ ကျွန်တော်တို့သားအဖဟာ အထီးကျန်····ဖြစ်ပါပြီ၊······ ကဲ ကျွန်တော်ဘာလုပ်ရမ ဝမ်းနဲ့ကြေကွဲရမှုဒဏ်ကို ကျွန်တော်မခံနိုင်တော့ဘူးဗျ ဝမ်းနဲ့ကြေကွဲရမှုနဲ့ ··· သွားတော့မယ်၊

ကျွန်တော့ကို ကြိုးစားကြပါနဲ့တော့ ···

ကျွန်တော့ကိုခွင့်လွှတ်ကြ ကျွန်တော်သွားပါရစေတော ဖရင့်က မျက်ရည်စက်လက်




အမျိုးသမီးရဲ မက်ဂီက ရှေ့သို့ဖြေးဖြေးခြင်းတိုးသွားသည်။

'ဒီမှာ…ခင်ဗျားရှေ့တိုးတာနဲ့ ကျွန်တော် ခုန်ချ လိုက် မယ်' ဖရင့်က ခေါင်မိုးစွန်းသို့တိုးတာ ခုန်ချရန် ပြင်လိုက်သည်။


'အို…ဒီလိုမလုပ်နဲ့…ဖရင့် ရှင့်ရင်ခွင်ထဲက သားကလေးကို သနားပါအုံး။သူ့ခမျာ နို့ဆာနေရှာပြီ။လက်ကလေးကို စုပ်နေတယ်။ ပေးပါ…. ကျွန်မကိုကလေးပေး….နော်၊

မက်ဂီက ချော့ကြည့်သည်။ မရ၊ ခင်ဗျား….ရှေ့မတိုးနဲ့ဗျာ၊ ကျွန်တော်ခုန်ချလိုက်တော့မယ်….

'မလုပ်နဲ့နော်….မလုပ်နဲ့'

မက်ဂီက အထိတ်တလန့်ပြောကာ နောက်ဆုတ်လိုက်ရသည်။ သားလေးကို နို့ပုလင်းတိုက်လိုက်ပါနော်၊ ကျွန်မယူလာပေးမယ်ဟုတ်လား။ မက်ဂီက တမျိုးလှည့်ပြောကြည့်သည်။

'ပေးပါ နို့ပုလင်း ယူခဲ့ပါ'




ခရစ်ယာန် ဘုန်းတော်ကြီး တပါးက နို့ပုလင်းယူလာကာ ဖရင့်ကို ပေးသည်။ နောက်အောက်သို့ပြန်ဆင်းရန် ဖျောင်းဖျသည် မမိုက်ရန် တရားဟောသည်။

အချစ် ဝေဒနာကြောင့် ရူးသွပ်… လို ဖြစ်နေသည့် ဖရင်က လက် မ… ပါ။ ဘုန်းတော်ကြီး လက်လျှော့…



## သဲထိတ်ရင်ဖိုမြင်ကွင်း

အချိန်က တစ်စတစ် ကုန်လာပြီ... ရဲနှင့် သူနာပြုများ ရောက်လာသည်။ အိမ်ပေါ်ထပ်သို့ ရောက်နေသော်လည်း သူ့ အနား ကပ်၍မရ။ မီးသတ်ကားကြီးများက မီးသတ် လှေကား ကြီးများ ထောင်ထားသည်။ ခုန်ချလာလျှင် အောက်မှ ဆီးကြို အသက်ကယ်နိုင်ရန် ပိုက်များဖြင့် အသင့်ခံထားသည်။ သူနာပြုကားကြီးများက အသင့်သင့် စောင့်နေကြသည်။ အောက်မှ ပရိတ်သတ်ကြီးမှာလည်း အသံတိတ်ထိတ်ထိတ်နှင့်

ဖရင့်တယောက် ဤခေါင်မိုးပေါ် ရောက်နေသည်မှာ တနာရီကျော်ခဲ့လေပြီ

အမျိုးသမီးရဲ့ မက်ဂီက သူ့အကြံအစည်ကို အကောင်အထည်ဖော်ရန် ဆုံးဖြတ်လိုက်ကာ ရှေ့တိုးလာပြန်သည်။ သူမအိတ်ထဲတွင်တော့ ချော့ကလက်တောင့်ကလေး သုံးခု။ သူမအကြံအောင်လျှင် သူတို့သားအဖ အသက်ကယ်နိုင်မည်။ အကယ်၍ ခြေချော်လက်ချော်ဖြစ်ခဲ့သော် သုံးယောက်စလုံး သေရမည်ခင်။ မက်ဂီကတော့ စွန့်စားရန် ဆုံးဖြတ်ခဲ့လေပြီ။

''ဖရင့်ရယ်....ရှင်ဟာ ငယ်ငယ်ပဲရှိပါသေးတယ်။ အိုးသစ်အိမ်သစ် ထူထောင်လို့ ပျော်ပျော်နေနိုင်ပါသေးတယ်''

''တော်ပါပြီဗျာ၊ ကျွန်တော်မှာ အချစ်မရှိတော့ပါဘူး'' ဖရင့်က ပြောယင်း မျက်ရည်တွေကျလာသည်။

## ကျွန်တော့မှာအချစ်မရှိတော့ပါ





## ...မျိုးသမီးရဲ၏ စွန့်စားခန်း

ထိုစဉ်တွင်....

'သားသားကို ချော့က လက် ပေး လိုက် မယ်နော်၊ ရော့....သားသား စားနော်....'

မက်ဂီက ညာလက်ဖြင့် သံတန်းကို မြဲမြံ စွာ ကိုင် ၍ ...လက်ဖြင့် ကလေ ကို ချော့ကလက် လှမ်း ပေး လိုက် သည်။ ကလေးက ချော့ကလက်ယူလိုက်သည်နှင့် ဘယ်လက်ဖြင့် ဖရင့် ကိုဆွဲ၍ ညာလက်ဖြင့် ကလေးကို ရုတ်တရက်ဆွဲယူလိုက်သည်၊

မက်ဂီ၏ ရဲရင့်သော စွန့်စားမှုကြောင့် မြင်ရသူ များ ...ကနဲ ဖြစ်သည်။



အမျိုးသမီးရဲ၏နောက်တွင် အသင့်ပါလာသော ရဲများက ထို သူကို ဝင်ရောက်လုံးထွေး ချုပ်နှောင်လိုက်ခြင်းဖြင့် ရင်ခုန်စရာ ဇာတ် လမ်းသည် နိဂုံးချုပ်ခဲ့ရသော်[illegible]း.....

➡ အ[illegible] မကြ[illegible] မစည်ရုံးခဲ့သည့်

ဖရင့် တယောက်ကတော့ ရဲများ၏ ခေါင်ဆောင်ရာသို့ ခေါင်း ငိုက်စိုက်ချကာ ပါသွားခဲ့ရလေပြီတည်း။

**မိတ်ဆွေကြီး ဦးနိုလေးမောင်ခင်မျှား....**

ခင်မျှားမှခင်းကတော့ လူတိုင်းနှုတ်ဖျားမှာ ရေပန်းစားသည်ထိ အောင်မြင်နေတာ တွေ့ရလို့ ဝမ်းသာပါတယ်။ ဒါဟာ ခင်မျှားရဲ့ ကြိုးစားမှုနဲ့ စေတနာတုံ့ပြန်မှု အကျိုးလို့ဆိုရမှာပဲ၊ ကောင်းပါတယ်၊ ကောင်းပါတယ်။ အဲ....မကောင်းတာလဲပြောပါရစေ၊ ဟိုနေ့က အသိစာအုပ်ကိုယ်စားလှယ်တယောက်နဲ့တွေ့တယ်။ဟိုအကြောင်း ဒီအကြောင်းကနေ ခင်မျှားမှခင်းအကြောင်း ရောက်လာတယ်။

ဘယ်လိုလဲဗျ၊ ခင်မျှားမှခင်းကို တခြားစာအုပ်နဲ့ တွဲဖြန့်တယ်ဆို၊ မှခင်းလိုချင်ရင် တခြားစာအုပ်ပါ ယူရမယ်ဆိုပါလား၊ စာအုပ်ကိုယ်စားလှယ်တွေကတော့ ခင်မျှားကို ဆဲနေပြီဗျို့။

ဟုတ်တာပေါ့ဗျာ၊ ခင်မျှားတို့မြှောက်ပင့်ပြီး 'နယ်ကိုယ်စားလှယ်တော်ကြီးများ...လို့ ခေါ်နေတဲ့ နယ်စာနယ်ဇင်း ဆိုင်လေးတွေဟာ ဒီရာသီမှာ ဆိုင်မပြုတ်အောင် အတော်ကြိုးစား နေကြရရှာတာပါ။ ဒီကြားထဲ ရောင်းကောင်းတဲ့ မှခင်းလိုချင်ရင်၊ ရောင်းမကောင်းတဲ့ စာအုပ်ပါ တွဲယူရမယ်ဆိုတော့ လွန်တာပေါ့ဗျာ၊ "ဒီလို မှခင်းနဲ့ ပူးတွဲဖြန့်စနစ်ကို ယူရရင် မှခင်းပေါ်မှာ တဆယ်မြတ်ပြီး၊ တခြားစာအုပ်မှာ တရာလောက်ရှုံးရပါလိမ့်မယ်တဲ့"

သင့်မသင့် စဉ်းစားကြည့်ဖို့ပါ၊ ဒါပါပဲခင်ဗျား

စာအုပ်ရောင်းရတာနဲ့ ကိုယ့်မိတ်ဆွေကြီးတယောက် ဖောက်ပြန်သွားပြီလားလို့ပါ။ ခင်ဗျားတခါကပြောဘူးတဲ့၊ 'ကျွန်တော့်စာပေခရီးမှာ ငွေက ဒုတိယပါ'ဆိုတဲ့ စကားကို သတိရနေပါသေးတယ်၊ ခု လုပ်ပုံကတော့ ငွေကို ပထမနေရာရောက်အောင် တွန်းပို့နေသလို ပါလား ကြည့်လုပ်ပါအုံးဗျာ။

ဦးသက်လွင် (ရဲအုပ်)

လ၊က၊ရ၊ ၂
ဝက်ထီးကန်။

○ ○ ○

**ဦးသက်လွင်ခင်ဗျား....**

မြွေပွေးဟာ အလျားတိုသော်လဲ အဆိပ်ပြင်းသလို၊ခင်ဗျားစာဟာလဲ တိုတိုလေးနဲ့ ကျွန်တော့်အရှိုက်ကို တိုက်ရိုက်ကြီးထိခဲ့ပါတယ်။

ပထမဆုံး ပြန်ကြားလိုတာကတော့ ကျွန်တော်ဟာ မဖောက်ပြန်သေးပါဘူးခင်ဗျာ၊ ကျွန်တော့်စာပေခရီးမှာ ငွေဟာ ဒုတိယနေရာမှာပဲ ရှိပါသေးတယ်။ လူဘယောက်ကို ဖောက်ပြန် ပျက်စီးစေတဲ့ အရာဟာ ယေဘူယျအားဖြင့် ငွေလို့ သတ်မှတ် နိုင်ပါတယ်၊ ကျွန်တော့်အဖို့ မှခင်းက အခြေအနေကောင်းပေမယ့်၊ စာအုပ်လည်ပတ်နိုင်ရုံ မြတ်စွန်းယုံသာ ယူတဲ့အတွက် ငွေကတော့ အခြေ အနေ မကောင်းသေးပါဘူးဗျာ၊ ရပ်တည်နိုင်ရုံပဲရှိပါသေးတယ်။

ဒါကြောင့် ဒီအပေါ်မှာ ကျွန်တော်ဟာ မဖောက်ပြန်သေးဘူးလို့

ဆိုရမှာပေါ့။ အိ....တနေ့နေ့ တချိန်ချိန်မှာ အခြေအနေကောင်းလာရင်တော့လဲ မပြောနိုင်ဖူးပေါ့ဗျာ၊ ပုထုဇဉ်လူသားပေကိုး။

ကျွန်တော်က မှုခင်းပြင်ဆင်စီစဉ်မှု တခုထဲမှာပဲ လုံးပမ်းနေမိလေတော့၊ ခင်ဗျားပြောတဲ့ 'စာအုပ်ပူးတွဲဖြန့်' ကိစ္စကို မသိခဲ့ရဖူးဗျာ၊ ကြားလိုက်ရတော့မှ စိတ်မသက်မသာ ဖြစ်ရပါတယ်။

ကျွန်တော်ဟာ စာပေခရီးမှာ အမှီအတွယ် မရှိပဲ ကိုယ်တိုင်ကြိုးစားခဲ့သူပါ။ ဒါပေမယ့် လိုအပ်လာရင်တော့ တပါးသူကို ပူးတွဲခေါ်ဖို့လဲ ဝန်မလေးပါဘူး။ ဒီနေရာမှာ တခုတော့ ရှိတာပေါ့ဗျာ၊ နည်းစနစ်မသိပဲ ရေနစ်သူကယ်သလို နှစ်ယောက်စလုံး ဒုက္ခရောက်မယ့် စွန့်စားမျိုးတော့ မလုပ်ချင်ဘူးလေ။

မှုခင်းလိုချင်ရင် တခြားစာအုပ်ပါ ပူးတွဲယူရမယ် ဆိုတဲ့ မူမျိုး ကျွန်တော့်မှာမရှိပါဘူး။ ခင်ဗျားမိတ်ဆွေ စာအုပ် ကိုယ်စားလှယ်ကြီးကို ပြောလိုက်ပါ၊ ကျွန်တော့်မှာ လုံးချင်းမှုခင်းတွေထွက်ဖို့ အစီအစဉ်ရှိပါတယ်၊ ကျွန်တော်ရေးတဲ့ စာအုပ်ပဲဖြစ်ပါစေ၊ မစွန်ဖူးထင်ရင် အားနာပါးနာနဲ့ တအုပ်တောင်မမှာပါနဲ့၊ ကျွန်တော့် စာအုပ်မှာလို့ မှုခင်းကိုလဲ လျှော့မပို့ဘူး။ ကျွန်တော်ရေးတဲ့ စာအုပ်ကို အများကြီးမှာလို့လဲ မှုခင်းကို လက်ရှိထက်တိုးပို့ဖို့မလွယ်ပါဘူးဗျာ။

အဲဒီတော့ လုပ်ငန်းဆိုင်ရာ ချို့ယွင်းမှုရှိရင်လဲ သည်းခံကြပါ၊ မှုခင်းနဲ့ပတ်သက်လို့ မကြေလည်ရင်လဲ ကျွန်တော့်ထံ တိုက်ရိုက်စာရေးပါလို့ ပန်ကြားရင်း မိတ်ဆွေကြီး စာကို ပြန်ကြားလိုက်ကြောင်းပါခင်ဗျာ။

နီလေးမောင်–စိစဉ်သူ

○ ○ ○

## ...ရုပ်ထဲမှရုံနီပွဲ

## ...ရှေ့မှာဆက်နွဲတော့

...တော်ပူမြို့ဆင်ခြေဖုံး ရုံးတရုံးသို့ မိသားတစုရန်ဖြစ်မှုနှင့်ရောက်လာသည်။


...ရုံးချိန်းရက်တွင်၊ အမှုဆိုင်ရန် ရောက်လာသော နှစ်ဖက်အုပ်စုမှ မိန်းမ...ဆဲဆိုရန်ဖြစ်ခါ၊ လုံးထွေး သတ်ပုတ်သည်ထိ ဖြစ်ကုန်ကြသည်။ ...သမီးတဦးမှာ အသံကုန်အော်ဟစ် ဆဲရာမှ ဒေါသကြီးကာမေ့မျော...သည်။

ထိုအမျိုးသမီးကို ရဲများက ထမ်းစင်ဖြင့် ခေါ်ထုတ်သွားရကာ၊ ...သူများအား ရုံးတော်ကို မထေမဲ့မြင်ပြုမှုဖြင့် အရေးယူခဲ့ရသည်။



## အသိအာရုံမှားပေါ်ခြင်း


ဒေါက်တာ



လူအုပ်စုကြီး တခုက ကြိမ်းမောင်း ဆဲဆိုကာ ဦးဘလှအိမ်ကို ခဲဖြင့် ပိုင်းပေါက်သည်။

ဦးဘလှကလည်း ပြန်၍ခုခံပစ်ပေါက်သည်။

ဤကြောက်စရာရန်ပွဲသည် တကယ်ဆိုမူ



ဦးဘလှသည် ဆွေကြီး မျိုးကြီးထဲမှ ဖြစ်သည်။ သူ့အဖေသည် နိုင်ငံကျော်ပုဂ္ဂိုလ်တဦး ဖြစ်သည်။

ဦးဘလှသည် ကျောင်းပညာ (၁၀)တန်းထိသာ သင်ကြားခဲ့သော်လည်း လေယာဉ်ပျံ ပြင်သူစက်ဆရာ တဦး ဖြစ်လာသည်။ လုပ်ငန်းကျွမ်းကျင်၍ ကြိုးစားသူလည်း ဖြစ်သည်။

ဇနီး ဒေါ်မြနှင့် သမီးလေးတဦး ရှိ၏။ ဇနီးက ဈေးရောင်းကျွေးရှာသည်။ ဦးဘလှ၏လစာမှာ ၄၀၀ ကျပ်ခန့် ရ ရှိ ပါ ၏။ သို့သော် လစာ အားလုံး ကို အရက် ဆိုင်သို့ ပို့ပစ်လေသည်။

ဦးဘလှအရက်စွဲသည်မှာ နှစ်ပေါင်း(၄၀)ခန့် ရှိလေပြီ။ ယခု ဦးဘလှ၏အသက်မှာ (၅၆)နှစ်။ (၁၆)နှစ် သား က တည်း က အရက်စသောက်ခဲ့လေသည်။

အ ပေါင်း အ သင်း များ က ဆွယ်သဖြင့် အရက် စသောက်ရာမှ စွဲသွားလေသည်။ အရက်ဆို သည် မှာ နည်း နည်း စမ်းသောက်ရာမှ တဖြည်းဖြည်း စွဲသွား တတ် ကြောင်း လူ တိုင်း အသိပင် ဖြစ် သည်။ သို့ သော် အရက်စွဲ မစွဲမှာ လူတို့၏ ကိုယ်ရည်ကိုယ်သွေး အပေါ်တွင်လည်း တည်ရှိပါသည်။ မျိုးရိုး ရှိ မရှိ အ ပေါ် တွင် လည်း တည်ရှိပါသည်။

ဦးဘလှတွင် အရက် မျိုးရိုး မရှိပါ။ ဦးဘလှ၏အဖေမှာအရက် မသောက်တတ်ပါ။ အခြား မွေးချင်း များ မှာ မိန်းမများ ဖြစ်ရာ အရက်လုံးဝ မသောက်ကြ။

ဦးဘလှ၏ ကိုယ်ရည် ကိုယ်သွေးမှာ အပြင်စွဲ ဖြစ်ပြီး တည်တန့်မှုမရှိချေ။ ထို့ကြောင့် နည်းနည်း နည်းနည်း စမ်း သောက်ရာမှ စွဲသွားလေတော့သည်။

လူတယောက်သည်အရက်ကို စွဲလာလျှင် မသောက်ပဲ မနေနိုင်တော့ပေ။ တကြိမ် အရက်သောက်ပြီး အရက် ပြယ်သွားလျှင် ထပ်သောက်ရလေသည်။ ဥပမာ — နံနက် (၇) နာရီ တွင် အရက်သောက် ထား သည် ဆို ပါ စို့။ နံနက်(၉)နာရီတွင် အရက်ပြယ်သွားပြီ ဆိုပါစို့။ ထိုအချိန်တွင် အရက်ကို ထပ် သောက် ရ လေသည်။ မသောက် ပါက အရက်ဖြတ်စလက္ခဏာများ ပေါ်ပေါက်လာတတ်လေသည်။



ဦးဘလှသည် အရက်သောက်လာသည်မှာ နှစ်ပေါင်း (၄၀) ခန့် ရှိပြီဖြစ်သော်လည်းအရက်ကို မသောက်ရမနေနိုင်ဖြစ်ကာ စွဲလာသည်မှာ(၁၀)နှစ်ခန့်သာ ရှိသေးသည်။သို့သော်(၁၀)နှစ်ဆိုသော အရက်စွဲသက်တမ်းသည် မသေးလှချေ။ အရက် ဖြတ် လိုက်လျှင် အချိန်မရွေးအရက်ဖြတ်လက္ခဏာများ ဖြစ်ပေါ်လာလေ့ ရှိသည်။ ဦးဘလှမှာ သွေးတိုး ရောဂါ ရှိသည်။တနေ့ သွေးအလွန်အမင်း တက်လာသဖြင့် အိပ်ရာထဲ လဲနေရ၏။ သို့နှင့် အင်မတန်ကြိုက်လှသော အရက်ကို မသောက် နိုင်တော့။ အရက်မသောက်သည်နှင့် အရက်ဖြတ် လက္ခဏာများ ပေါ်ပေါက် လာလေ၏။ ချွေး ထွက်ခြင်း၊ ခြေလက်တုန်ခြင်း၊ ကတုန်ကရီဖြစ်ခြင်း၊ စားမဝင်အိပ်မပျော်ခြင်း၊ အံခြင်း၊ မောပန်းခြင်းတို့ ခံစားရ၏။ ဤသည်တို့မှာ ရုပ်ပိုင်းဆိုင်ရာခံစားချက်များဖြစ်၍ ခံသာသေး၏။မခံသာသည်က စိတ်ပိုင်းလက္ခဏာများ ဖြစ်သည်။ စိုးရိမ်ခြင်း၊ ကြောက်လန့်ခြင်း၊ စိတ်တိုခြင်း၊ ချောက် ချား ခြင်း၊ ယုံကြည် လွဲမှားခြင်းနှင့် အာရုံ မှား သိခြင်းတို့ ခံစားရပါ၏။ယုံကြည် လွဲမှားခြင်းနှင့် အာရုံမှားသိခြင်းတို့သည် စင်စစ် စိတ္တဇလက္ခဏာ ဖြစ်လေသည်။

တနေ့တွင် ယောက်ျားလေး (၃) ယောက် အိမ်ရှေ့ရှိ ခုံတန်းလျားလေးတွင် ထိုင်နေကြသည်ကို ဦးဘလှ မြင်ရ၏။ မကြာမီ မိန်းကလေးတစု အိမ်ရှေ့က ဖြတ်သွားသည်လှ မြင်ရပြန်၏။ထိုမိန်းကလေးများကို ယောက်ျားလေးများက နောက် ပြောင် သည် ကို ဦးဘလှမြင်ရပြန်ရာ များစွာ စိတ်ဆိုးသွားလေသည်။ဤတွင် ဦးဘလှက အိမ် ပြင် သို့ ထွက်၍ ယောက်ျားလေးများကိုဆူပူကြိမ်းမောင်းမိ၏။

‘ဟေ့ကောင်လေးတွေ မင်းတို့က ငါ့အိမ့်ရှေ့မှာ လာပြီး မိန်းကလေးတွေကိုစတော့ ငါ့သိက္ခာကျတယ်ကွ။ငါ့အိမ်ရှေ့မှာ မထိုင်ကြနဲ့ကွာ၊ သွားကြ’

ဦးဘလှက ထိုသို့ ဆူပူ ကြိမ်းမောင်းသဖြင့် ယော က်ျား လေးများ ထွက်သွားကြ၏။ သို့သော် ခ ဏ ကြာ သော် အ ဆို ပါ ယောက်ျားလေးများသည် ဆိုက္ကားများ စီး၍လည်းကောင်း၊ဒေါ့ဂျစ်

ကားနှင့် ဂျစ်ကားများ စီး၍လည်း ကောင်း လူစုလူဝေးနှင့် လာနေသည်ကို မြင်ရပြန်၏။ အဆိုပါ ယောက်ျားလေးများတွင် မြို့တော်သိန်းအောင်ဇာတ်အဖွဲ့ ပါရှိသည်ဆိုပါသည်။ ထို့ကြောင့် သူတို့ကို ဆူပူ ကြိမ်းမောင်း ရပါရိုးလားဟု စိတ်ဆိုးကာ လူစု လူဝေးနှင့် ပြန်လာကြခြင်း ဖြစ်သည် ဆိုပါ၏။

ယာဉ် အမျိုးမျိုးနှင့် လာကြသော လူအုပ်ကြီးကို ဦးဘလှက ဆီး၍ ဆဲဆိုပါသည်။

'ဟေ့-ခွေးမသားတွေ သတ္တိရှိယင် တ ယောက် ချင်း ထွက်ခဲ့ကွာ၊ ဒီလိုလူအုပ်နဲ့တော့ မလာနဲ့၊ ဘလှ တဲ့ ကွ။ တ လှ ထဲ ရှိတယ်။ ဘယ်ကောင်မှ လူမထင်ဘူးကွ'

ဦးဘလှက ထိုသို့ ဆီး၍ဆဲဆိုကြိမ်းမောင်းသောအခါ လူအုပ်ကြီးက ခဲများဖြင့် ဦးဘလှအိမ်ကို ပေါက်ကြ၏။ ဦးဘလှက အညံ့မခံပဲ အိမ်ပြင်သို့ထွက်၍ ခဲနှင့်ပြန်ပေါက်၏။ လူအုပ်ထဲမှ အချို့မှာ ခေါင်းတို့၊ ခါးတို့ကို ခဲ မှန်ကုန်ကြ၏။ ပေါက်မြဲကုန်ကြ၏။ ဦးဘလှကတော့ ဘာ ဒဏ်ရာမှ မရရှိချေ။

၀ ၀

'နေပါဦးဗျ၊ ဒီလောက်လူအုပ်ကြီးကခဲနဲ့ပေါက်တာ ဦးဘလှက ဘာမှ မဖြစ်ပဲ လူအုပ်ကြီး ထဲက တချို့သာ ဒဏ်ရာ ရသွားတယ်ဆိုတော့.... '

'ဒါကဒီလိုပါဆရာ၊ အဲဒါတွေအားလုံး တခုမှ မဟုတ်ပါဘူး၊ ဦး ဘ လှ ဟာ အရက် ကြောင်ကြောင်ပြီး မျက်စိထဲမှာတွေ့ကရာ မြင်နေတာပါ။ ဘယ် ယောက်ျားလေးမှလဲ အိမ်ရှေ့မှာ မရှိဘူး။ ဘယ်သူမလဲ မစဘူး၊ ဘယ်လူအုပ်မှလဲ မလာပါဘူး' ဟုဦးဘလှ၏ မိတ်ဆွေက ပြောပြသည်။

အော်....ဒီလိုလား၊ ကျွန်တော်က တကယ်မှတ်လို့'

'အမှန်တော့ တကယ်ဖြစ်တာပါ ဆရာရယ်'

ဦးဘလှက ခိုင်မာစွာပြောနေပါ၏။

စင်စစ် ဦးဘလှသည်အရက်စွဲ ကုသဆောင်ရှိ ကျွန်တော့်စားပွဲရှေ့တွင် ထိုင်နေပါ၏။ အရက်ဖြတ်ရန် ဇနီးနှင့် မိတ်ဆွေတဦးက လာပို့ကြသည်။ ကျွန် တော် က အရက်ဖြတ်လက္ခဏာများကိုစမ်းကြည့်ရာ အ ထက် ပါ အတိုင်း ယော ကျ်ား လေး များ က မိန်းကလေးများကိုနောက်ပြောင်ရာမှ စတင်သည့်ဇာတ်လမ်းကို ပြောပြလေ၏။

အရက်စွဲသူတဦးသည် အရက် သောက် ရ လျှင် နား ထဲ တွင် အလိုလို လူမရှိပဲ စကားပြောသံများကိုကြားရတတ်သည်။ မျက်စိထဲတွင်လည်း အလိုလို လူများ ရှိပဲ မြင်ရတတ်သည်။ ကြားရသည့်အသံများမှာခြိမ်းခြောက်သံ ဆဲဆိုသံ၊ စွပ်စွဲသံ စသည်ဖြင့် ကြောက်လန့်စရာ၊ ထိတ်လန့်စရာများသာဖြစ်လေသည်။ မြင်ရသည့် မြင်ကွင်းများမှာ ကြောက် စရာ၊ ထိတ်စရာများသာ ဖြစ်သည်။ ဦးဘလှသည် မိမိကို ရန်ပြုရန် လာသောလူအုပ်ကြီးကိုမြင်ရ၏။ ရဲများလာသည်ကိုမြင်ရ၏။ အသံကြားသေးသလားဟုမေးကြည့်ရာ လူအုပ်ကြီးက 'သတ် ပစ်မယ်' ဟု ခြိမ်းခြောက်သံကို ကြားရသည်ဆို၏။

ဤကဲ့သို့ သတိကောင်းစွာ ရှိနေ သည့် အ ချိန် တွင် အ ရက်ကြောင့် နားထဲတွင် အသံ ကြားခြင်း၊ မျက်စိတွင်မြင်ခြင်း စသော အာ ရုံ မှား သိမှုများကို (AL-CEHOZIC HALLUCI-NESIS)ဟု ခေါ်ပါသည်။

စိတ်ငြိမ်ဆေးများ ကျွေးလိုက်လျှင် သက်သာ သွားလေ့ ရှိပါသည်။ ကြာရှည်စွာ မခံစားရပါ။

ဦးဘလှကိုဆေးရုံမှာ အတွင်းလူနာအဖြစ် ကုသပေးရပါသည်။ စိတ် ငြိမ်ဆေး 'မြို့မငြိမ်း' ပေးသည်။ ဂလူးကို့ အားဆေး သွင်းပေးသည်။ ဗေလီယံ (၁၀) အကြောဆေး ထိုးပေးသည်။

ဤနည်းဖြင့် ကု သ လိုက် ရာ နှစ်ပတ် ကြာသော အခါ စိတ္တဇရော၊ အ ရက်စွဲရောဂါပါပျောက်ကင်း သွား ပြီး ဆေး ရုံ မှ ဆင်းသွားပါတော့သည်။

ဒေါက်တာအုန်းမောင်

★

# သက်သေခံပစ္စည်း

လူသတ်မှုတွင် သေသူ၏ အလောင်းသည် ပြစ်မှု ကျူးလွန်ခဲ့သည့် အချက် အလက်များ၏ အရေးပါသော သက်သေခံပစ္စည်း ဖြစ်သည်။ အခြား အမှုများတွင်လည်း အသုံးပြုသော လက်နက်ကိရိယာများ ကျန်ရစ်ခဲ့သောအရာ များသည် အရေးပါပစ္စည်းများဖြစ်သည်။

လူသတ်မှုတွင် မည်သူ သေ သနည်း၊ မည်သည့် အကြောင်းကြောင့် သေသနည်း၊ ၎င်း၏ အလောင်း ကို စစ်ဆေး၍ဖော်ပြရသည်။ ဤသို့ပြနိုင်မှသာ အမှုကို စွဲတင် နိုင်သည်။ သေသူ၏ အလောင်းကို မပြနိုင်၍ အရိုးများကို သာ တွေ့ရှိလျှင် သွားများကိုစစ်ဆေးကြည့်ရှု၍ သွားစိုက် ဆရာက သူ့ထံ၌ရှိသော သွားပုံစံနှင့် နှိုင်းယှဉ်၍ မည်သူ မည်ဝါ ဖြစ်ကြောင်း သက်သေ ပြနိုင်သည်၊ ရွှေသွားများ ရှိလျှင် မည်သူ၏ရွှေသွားများဖြစ်ကြောင်း သက်သေများက ထောက်ခံချက်ပေးနိုင်သည်။

လွန်ခဲ့သော နှစ်ပေါင်း များစွာက အင်္ဂလန်ပြည်နှင့် အမေရိကန်ပြည်သို့ခုတ်မောင်းသော သင်္ဘောကြီးပေါ်တွင် အမျိုးသမီးတဦးကို အခန်းစောင့် စတူး ဝတ် က သတ် သည်ဟု စွပ်စွဲသည်၊ အလောင်းကိုရှာမတွေ့။ အခန်းစောင့် စတူးဝတ်က သူသည် အခန်းထဲတွင် အမျိုးသမီးသေနေ သည်ကို တွေ့ရှိ၍ မိမိအပေါ် မသင်္ကာ မည် စိုး သဖြင့်


စာမျက်နှာ ၃၃ သို့ →



[ရာဇဝတ်ဘေးပြေးမလွတ်]

ရဲဘက် စခန်းများမှ ၂ ကြိမ် တိုင်တိုင် ထွက်ပြေးကာ ပြန်ပေးမှု၊ ဓားပြမှုများကို ဦးဆောင် ကျူးလွန် နေသော သိန်းဖေနှင့် မြေပုံမြို့နယ် ပြည်သူ့တရားရုံးမှ ထောင်ဒဏ် အပြစ်ပေးခံနေရရာမှ နှစ်ကျော့ရဲဘက်ပြေး ထွန်းမောင်ဆို သူ ဝရမ်းပြေးနှစ်ဦးသည် ၉၊ ၁၀၊ ၁၁ ရက်နေ့က တောင် ရင်းတိုးချဲ့ရပ်ကွက်ရှိ ထောင်ထွက်တဦးအိမ်တွင် ခိုအောင်း နေသည်ကို ကျောက်ဖြူမြို့မ ပြည်သူ့ရဲစခန်းမှူး ဦးစံရွှေထွန်း ဦးစီးသော လူဆိုးထိန်းအဖွဲ့က ဝိုင်းဝန်း ဖမ်းဆီးသည်။ လူဆိုကခုခံသဖြင့် သေနတ်ဖြင့်ပစ်ခတ်ကာ နှစ်ဦးစလုံးကို လက်ရဖမ်းဆီး လိုက်သည်။

ရာဇဝတ်ဘေး ပြေး၍ လွတ်မျိုးထုံးစံ မရှိလေပါတကား။



အသေမလှ

အချိန်ကား ၁၉၂၉ ခုနှစ် ဆောင်းအတွင်း ဖြစ်ပါသည်။

နေရာကား မုဒုံ ဈေးပိုင်း စက်သဌေး၊ ရတ်တန်းသဌေး အမည်ခံ အမြဲငွေးကြီးပွားနေသည့်သဌေး ဦးဝင်းအောင်၏ သီးသန့်အရက်ခန်း ဖြစ်ပါသည်။

ညဉ့် ၁၀နာရီခန့် ရှိပေပြီ။ ဦးဝင်းအောင် နှင့် တပည့်ကျော် ကိုတင်ဝင်းတို့ ခေါင်းချင်းရိုက် တိုင်ပင်နေကြသည်။

ကိုတင်ဝင်း။ ။တံခွန်တိုင် က တိုက်ခဲ့တဲ့ ပစ္စည်းနဲ့ ဆက်သက်ပြီး ကျွန်တော် တို့ က လျှော့ပြောတယ်လို့ ဖော်ကြီးက မြင့်ဆွေကို ပြောသတဲ့’

ဦးဝင်းအောင်။ ။‘ဒီကောင်မျိုး ဟာ အဖွဲ့ အတွက် အန္တရာယ် အကြီးဆုံးပဲ။ ဒီတော့ ကျိုက်မရောဘက်မှာ တိုက်ဖို့ အမြန်ဆုံးစီစဉ်၊ အိမ်ထဲကို မြင့်ဆွေနဲ့ ဖော်ကြီးဝင်ပါစေ၊ ဂါတ်ကို သတင်းပေးထား၊ ချိန်ကိုက်ပြီး ထွက်၊ မြင့်ဆွေက ဖော်ကြီးကို ရှင်းပစ်ခဲ့၊ စကား ပြောနိုင်သေးတဲ့ အခြေအနေကို လုံးဝမရောက်စေနဲ့၊ မြင့်ဆွေပဲ့ သိပါစေ’

ဝင်း။ ။‘ညီကြီးတုန်းက အတိုင်းပဲပေါ့’

အောင်။ ။‘အေး-ဖော်ကြီးကို ဘယ်သူသတ်သလဲပေါ့’

ဝင်း။ ။‘ကျားနက် အဖွဲ့က ခဲတွေ ထုတ်ကြအုံးမယ်တဲ့ဆရာ’

အောင်။ ။‘အေး-ဒမြတိုက်တာ ထက်တော့ မြက်သပေါ့ကွာ၊ ဒါပေမယ့် ကိုယ်ထည့်ထားမဲ့လူက အရေး ကြီးတယ်၊ အယင်လို အကောင်မျိုးဆိုယင်တော့ မလုပ်တာ ကောင်းတယ်’

ဝင်း။ ။‘အများနဲ့ လုပ်ရတာ မလွယ်ဘူးဆရာ အားလုံး စိတ်တိုင်းကျလဲမဖြစ်ဘူး၊ပြီးတော့ ဖော်ကြီးတို့လို သစ္စာဖောက်မယ့် အကောင်မျိုးကလဲ ပါတတ်သေးတယ်’

## အသေမလှတဲ့

## ရွှေမမ

အောင်။ ။‘အေး ဟုတ်တယ် ငါလဲ ဒါပဲ စဉ်း စား နေတယ်၊ လူနည်းနည်းနဲ့ အပွတိုးနိုင်မဲ့ အကွက်ကိုရှာနေတယ်’

ဝင်း။ ။‘ဒါထက် ဆရာ ဟို စပါးနဲ့ သင်္ဘောကုန်ကူးဖို့ လာလေ့လာတယ်ဆိုတဲ့ မိုးကုတ်ကသဌေး သားထူးမြင့်လဲမုဒုံမှာလှေ့လာနေလိုက်တာ ခြောက်လ ပြည့်တော့မယ်’

အောင်။ ။‘ငါကတော့ ဒီကောင်ကို စုံထောက် ဘက်ကလို့ မထင်တော့ဘူး၊ မင်းကကော’

ဝင်း။ ။‘ဟုတ်တယ်ဆရာ၊ ထင်စရာ မရှိတော့ဘူး၊ မ ထင် အောင် တမင် နေသလား တော့ မသိဘူး၊ အခု တလော လမ်းမကြီးက ရွှေမမ ဆီ စက်ကျနေတယ်’

အောင်။ ။‘ ရွှေ မ မ က အမွေ ဆယ်သိန်းဘိုး လောက်ကို လွှတ် လွှတ် ကျွတ် ကျွတ် ရဖို့ ခြောက် လ လောက်ပဲ လို တော့ တယ် မဟုတ်လား’

ဝင်း။ ။ဦးစံဒေး ကတော့ ငါ မနဲ့ နေမှာပါ၊ အမွေး ပြော ပစ္စည်းအားလုံးဟာ ရွှေမမ ပစ္စည်းချည်းပဲ၊စာချုပ်အရ လွှဲပေး ပြီးတဲ့ အခါ ရွှေမမ က သဒ္ဓါ သရွေ့ ပေး သလောက် ပဲ သူရ တော့မယ်’

အောင်။ ။‘ ဒီ ကော င်မ လေး ကောလိပ် မရောက် ခင်က မော်လမြိုင် မော်တလိန်းကျောင်းမှာ နေတုန်းက ရှင် မုံဌ ဆောသ ကျောင်းက မောင်မောင်သန်းဆိုတဲ့ ကောင်လေးနဲ့ ရည်းစား ဖြစ်သွားလိုက်တာ အခုအထိ စွဲစွဲမြဲမြဲပဲ’

ဝင်း။ ။‘ကောင်လေး မိဘတွေက ဆင်းရဲတယ်၊ မော်လမြိုင် ဈေး ကြီး ထဲ မှာ ထမင်း ရောင်းတယ် ကောင် မလေး ကောလိပ် သွား တော့ ကော င် လေး က ပညာ တပိုင်း တစနဲ့ ကျောင်း ထွက် လိုက်တယ်၊ ကောင်မလေး က ကျောင်း ဆက် နေပေါ့ တတ်နိုင် သလောက် ထောက်ပါ့မယ် ဆိုဒါတောင် ဆက် မနေ တော့ ဘူး၊ ကောင်လေးက ရိုးပေမယ့် ပညာ ပါရမီမရှိရှာဘူး’

အောင်။ ။‘ ရွှေ မ မ က တကောင်းတွန် အသက် အာမခံ ထားပြီ အမွေစား အမွေခံအဖြစ်နဲ့ မောင် မောင် သန်းကို ပေး ထားတယ်လို့ သိရတယ်’

ဝင်း။ ။'ထူးမြင့်က ဘာရည်ရွယ်ချက်နဲ့ သွားနေသလဲ မသိဘူး'

အောင်။ ။'သိုက်တူးဖို့ရည်ရွယ်ချက်ကလွဲပြီး ဘာများရှိအုံးမှာလဲကွ၊ ရွှေမမ အမွေက နဲတာမှ မဟုတ်ပဲ'

ဝ ဝ

ဘုန်းတော်ကြီးများ ဆွမ်းခံရာမှ ပြန်ချိန် နံနက် (၇) နာရီခန့် ဖြစ်၏။ စစ်တုရင်ပွဲတွင် လက်ရည်တူနှင့် တွေ့ပြီး သန်းခေါင်ကျော်အထိ ကစားခဲ့သဖြင့် စာသင်မောင်ဘသော်သည် အိပ်ရာထနောက်ကျခါ ထိုအချိန်မှ မျက်နှာသစ်နေရသည်။ ထိုစဉ် ရာဇဝတ်အုပ်ကြီး ဦးဘသာသည် ရေးကြီးသုတ်ပြာဖြင့် မောင်ဘသော် နေရာ ပုလိပ်တန်းလျားသို့ ရောက်လာပြီး-

'မောင်ဘသော်ရေ မြန်မြန်လုပ်စမ်းဟေ့၊ လမ်းမကြီးတန်းက ရွှေမမ အသတ်ခံရလို့တဲ့'

ဟုဆိုသဖြင့် မောင်ဘသော်မှာ လက်ဖက်ရည်ပင် မသောက်ရပဲ အဝတ်အစားလဲခါ ဦးဘသာနှင့် ထလိုက်သွားရလေတော့သည်။

ရွှေမမနေထိုင်သည့်အိမ်မှာ တထပ်တိုက်ပုကလေး ဖြစ်၏။ အရှေ့ဘက်သို့ မျက်နှာမူထားသည်။ အိမ်ရှေ့မှဝင်လျှင် စင်ချင်းဘုရားခန်းနှင့်တွဲလျက်ရှိသော ဧည့်ခန်းကျယ်ကြီးသို့ရောက်သည်။ မီးဖိုဘက်သို့ ဆက်သွားသော် တောင်ဘက်အခြမ်းတွင် ရွှေမမ၏ အမွေ မောင် ဦးလေး ဦးစံအေးနှင့် ဒေါ် သာမွေးတို့အခန်းနှင့် ခေါင်းအုံး ဖျာစသည့်ပစ္စည်းများ ထားသည့် အခန်း။ မြောက်ဘက် အခြမ်းတွင် ရွှေမမ အခန်းနှင့် ဦးစံအေးတို့၏ တဦးတည်းသော သမီး အသက် (၁၆)နှစ်သမီး ငွေမမ အခန်းတို့ ဖြစ်၏။ မီးဖိုခန်းတွင် ထမင်းချက် ဦးထွန်းဇံ၊ ဒေါ်ဘုမနှင့် အသက် (၁၂)နှစ်ခန့်ရှိ သမီးလေး ပုရှုး တို့ အိပ်သည်၊ အိမ်သားအားလုံး မှာ ဤမျှသာဖြစ်၏။ ဦးစံအေးမှာ ယမန်နေ့ မွန်းလွဲပိုင်းကပင် ကျိုက် မိသို့ သွားရာ ပြန်မရောက် သေး ချေ။

အလောင်းမှာ ကုတင်ပေါ် မွေ့ရာထက် ဝယ် ယာဘက် စောင်းလျက် ခွေခွေလေး သည်။ ရွှေမမသည် ဖခင် သ တော အရေးပိုင် မစ္စတာ ဂျုံး မိခင် မုဒုံသူ မြို့မြို့ချောချော ဒေါ်မြို့စောတို့၏ တဦးတည်းသော သမီးဖြစ်၏။ ထို့ကြောင့် ရွှေမမမှာ ဖြူဖြူချောချောနှင့် ဘိုဆန်ဆန်ဖြစ်နေသည်။ ညအိပ်ရာတွင် ညဝတ်အင်္ကျီဖြင့်သာ အိပ်လေ့ရှိ၏။ ပူအိုက်သော ရာသီဖြစ်၍ ဇာပါးပါး ညဝတ်အင်္ကျီကို ဝတ်ထားသည်။ အင်္ကျီ အောက်တွင် ဘောင်းဘီတိုမှတပါး အခြားမရှိ၊ ဘယ်ဘက် ရင်အုံ အပေါ်ပိုင်းတွင် ကွယ်အပ် အရွယ်ခန့်ရှိသည့် အပ်တချောင်း စိုက်ဝင်နေပြီး သွေးအနည်းငယ်ထွက်နေသည်။ ဒဏ်ရာဝိုက်တွင် အတော်ကျယ်ကျယ် ပြန့်ပြန့်ညိုမဲနေသည်။ မြစ်ကြီးနားနယ်ဘက်က မုဆိုးများ အသုံးပြုလေ့ရှိသည့် အဆိပ်မျိုးဖြစ်ကြောင်း မောင်ဘသော်က အတွေ့အကြုံအရ သိလိုက်သည်။ အလောင်းကို သေသေချာချာ စစ်ဆေးကြည့်သောအခါ ညသန်းခေါင်ကျော်သောက်က သေဆုံးခြင်းဖြစ်မည်ဟု ခန့်မှန်းကြသည်၊ ဆရာဝန် ဆေးစာရလျှင် ပို၍သေချာပေမည်။

မောင်ဘသော်က ဒဏ်ရာနှင့် တည့်တည့် ရှိနေသော နေရာကို ကြည့်လိုက်ရာ အချင်း (၁၀) လက်မခန့်ရှိသည့် ခြေသုံးချောင်း စားပွဲတလုံးကိုတွေ့ရသည်။ စားပွဲကို ပန်းထိုးပုဝါဖြင့် ဖုံးထားသည့် စားပွဲပေါ်တွင် ရေတဝက်ခန့် ရှိသည့် ဖန်ခွက်တလုံးရှိသည်။ ဖန်ခွက်မှာ အနည်းငယ် စောင်းနေသည် စားပွဲနှင့်ကုတင်မှာ တပေခန့်သာ ကွာသည်။ စားပွဲသည် ကုတင်ထက် တမိုက်ခန့်ပို၍ မြင့်နေသည်ကို တွေ့ရသည်၊ မွေ့ရာနှင့် ကိုယ်တခြမ်း၏ အထုကိုကြည့်သော်တမိုက်ခန့်ပင်ရှိနေပေသည်။

မောင်ဘသော်က သေသေချာချာ တိုင်းထွာစဉ်းစားပြီးနောက် ဖန်ခွက်ကို လှမ်းယူလိုက်သည်၊ ထိုအခါမှ ဖန်ခွက်အောက်တွင် တစုံတရာရှိနေကြောင်း သိလိုက်ရသည်။ စားပွဲခင်းကို လှန်ကြည့်လိုက်သောအခါ အရှည်တမိုက်ခန့်ရှိ ကြိမ်ခြမ်းသဖွယ် သတ္တုရေတံလျှောက်ကလေးတခုကို တွေ့လိုက်ရသည်။ ရေတံလျှောက်ထဲတွင် လေးလက်မခန့်ရှိသည့် စပလိန်တချောင်းရှိသည်၊ သံမဏိဖြင့် လုပ်ထားရာ အလွန်မာပေသည်။

မောင်ဘသော်က စပလိန်ကို မောင်းပြန်တင်ကြည့်သည်၊ မောင်းမှာ စပလိန်ပေါ် တခုခုတင်လျှက်

သည် နှင့် ပြုတ် ထွက် သွားနိုင် လောက်အောင်ပေါ့သည်၊ မောင်ဘသော်က စ ပ လိန် ရှေ့တွင် တွယ် အပ် တ ချောင်း ထား ပြီး ခေါင်းအုံးကိုချိန်ခါ မောင်းဖြုတ်လိုက်ရာ တွယ်အပ်မှာခေါင်းအုံး အတွင်းသို့ အဆုံးအထိဝင်သွားသည်ကို တွေ့ရပေသည်။ အဆိပ်အပ်နှင့် ထောင်ခြောက်ဆင်ထားပုံကို သိရပေပြီ၊ မည်သူလုပ်ကြပေသနည်း-

လူသတ်သမားက သေသေချာချာ လေ့လာပြီးမှ လုပ်ကြံသည်မှာ သေချာပေသည်။ ခြေရင်းမှ အဝတ်ထည့်သည့် ဘီရိုမှာ ပွင့်နေပြီး အံဝှက်ကလေးမှာ အပြင်ထွက်နေသည်၊ အံထဲတွင် မည်သည့် ပစ္စည်းမျှ မရှိတော့၊ မောင်ဘသော်က ခရီးလွန်နေသူ ဦးစံအေးမှအပ အိမ်သားအားလုံးကို ခေါ်ထားလိုက်သည်။

မောင်ဘသော်။ ဒီအံဝှက်ထဲမှာ ဘာတွေထားသလဲ

ဒေါ်သားမွေး၊ ရွှေမမရဲ့ လက်ဝတ်ရတနာတွေ ထားပါတယ်။

သော်။ ဘယ်လောက် များသလဲ၊

မွေး၊ တီး၊ ဆံညှပ်၊ ဆံနှိမ်၊ ဆံထိုး၊ နားကပ်၊ လည်တုံ၊ လည်ကပ် ဆွဲကြိုး၊ ကြယ်သီး၊ ရင်ထိုး၊ လက်ကောက်တွေကို စိန်၊ ပတ္တမြား၊ ပုလဲ၊ နီလာ၊ ကျောက်စိမ်းတို့နဲ့ တစုံစီလုပ်ထားပါတယ်၊ နောက်ပြီး တဖက်ကို ငါးကျပ်သားရှိတဲ့ ပန်းတလိမ် နန်းတလိမ် ကျားခေါင်းခြေကျဉ်းတရံလဲ ရှိပါတယ်၊ အဲဒါအားလုံးကို ရွှေမမကိုယ်တိုင် ဒီအံဝှက်ထဲမှာ သော့ခတ်သိမ်းဒါပဲ၊

သော်။ သော့ကိုရောဘယ်မှာ သိမ်းသလဲ

မွေး။ ခေါင်းအုံး အောက်မှာ သိမ်းပါတယ် (သော့မှာဘီရိုတွင် တန်းလန်းဖြစ်နေသည်)

သော်။ ရွှေမမရဲ့ မိဘနှစ်ပါးစလုံး ကွယ်လွန်ကြပြီ နော်၊ အမွေဘယ်လိုများထားခဲ့သလဲ၊

မွေး ဟုတ်ကဲ့၊ ဒီကိစ္စကို မှဒုံတမြို့လုံးလိုလိုက သိနေကြပါတယ်၊ ရွှေမမရဲ့ အမေကကျွန်မခင်ပွန်း ဦးစံအေးရဲ့အမ ဒေါ်မြစော ဖြစ်ပြီး အဖေက သစ်တောအရေးပိုင်၊ အင်္ဂလိပ်လူမျိုး မစ္စတာဂျုံး ဖြစ်ပါတယ်၊ ရွှေမမ အသက် ၁၅ နှစ်မှာ ဒေါ်မြစောအနိစ္စ ရောက်ပါတယ်၊ နောက်နှစ်မှာပဲ မစ္စတာဂျုံးဟာ ဗိလပ်ပြန်သွားပါတယ်၊ ရွှေမမကို ဘယ်မှခေါ်မရတာနဲ့ မပြန်ခင်မှာ မော်လမြိုင် [illegible] တဝတ်လုံတော်ရကြီးများ ဖြစ်ကြတဲ့ ဦးချစ်ဖေနဲ့ ဦးသိန်းညွှန့်တို့ကို ခေါ်ပြီး အမွေလွှဲ၊ အမွေထိန်း [illegible]ချုပ်တခု ချုပ်ခဲ့ပါတယ်၊ စာ[illegible]အရ ရွှေမမရဲ့ အတွင်းပစ္စည်း[illegible]ဖြစ်တဲ့ လက်ဝတ်ရတနာများ [illegible] ရွှေမမပဲ သိမ်းဆည်းဝတ်ဆင် [illegible] သို့သော် ဦး စံ အေး ၏ [illegible]ဘောတူချက် မရပဲ ရောင်း [illegible]၊ ပေးကမ်းခြင်း မပြုစေရန်၊ [illegible]ပစ္စည်းများဖြစ်တဲ့လယ်ဧက [illegible]) ရာဘာတခြံ သစ်စက် [illegible]နဲ့ ဘဏ်အပ်ငွေ ငါးသိန်း [illegible] ရွှေမမ အသက် (၂၅) နှစ် [illegible]တဲ့အထိ ဦးစံအေးက ထိန်း[illegible]သားရန်၊ ၎င်းတို့မှပေါ်လာ [illegible] အတိုးအပွားကို ဦးစံအေး [illegible] ဘဝက်ခံစားရန်၊ ဝတ်လုံ [illegible] နှစ်ဦးလုံးဖြစ်စေ၊ တဦး [illegible] နှစ်စဉ် စာရင်းစစ် [illegible] ဆေးရန် [illegible]က်လုံနှင့် [illegible]ကို ရွှေမမရဲ့ဝေစုမှ [illegible] ရွှေမမအတွက် ကုန်ကျ [illegible] အားလုံးနှင့် တလ(၃၀၀) ထက်မပိုတဲ့ အသုံးစရိတ်ကိုရွှေမမ ဝေစုမှပင် သုံးရန်၊ ရွှေမမအသက် (၂၅) နှစ် ပြည့်တဲ့နေ့မှာ ၎င်းပစ္စည်းအားလုံး ရွှေမမကို လွှဲပေးရန် ဆိုပြီး စာချုပ်ထဲမှာ အသေးစိတ် ပါပါတယ်။

သော်။ တကယ်လို့ အသက် (၂၅) နှစ် မပြည့်ခင် ရွှေမမ သေဆုံးသွားယင်ကော

မွေး။ ဦးစံအေးက အားလုံးကို ပိုင်ခွင့်ရှိပါတယ်၊ ဒါပေမဲ့ ကျွန်မတို့ ဒါလောက်မယုတ်မာပါဘူး၊ ရွှေမမဟာ ကျွန်မတို့ရဲ့ သမီးပါပဲ၊ မိန်းကလေးက ကျွန်မတို့အပေါ် မရိုင်းဘူးဆိုဒါ ကျွန်မတို့ ယုံကြည်ပါတယ်၊ ရိုင်းအုံးတော့ သူ့ပစ္စည်းပေါ်က ရထားတဲ့ အကျိုးအမြတ်နဲ့ ကျွန်မတို့ တသက်စားနိုင်ပါတယ်။

သော်။ စိတ်မရှိပါနဲ့ ဝတ္တရားအရ ပြည့်စုံအောင် မေးရဒါပါ၊ ဦးစံအေးက ဘယ်တော့ ပြန်လာမှာလဲ၊ မနေ့က အိမ်ကို ဘယ်သူတွေလာကြသေး သလဲ။

မွေး။ ဦးစံအေးက ဒီနေ့ပြန်လာမယ်လို့ ပြောသွားပါတယ်၊ မနေ့က မွန်းလွဲပိုင်းလောက်မှာ မောင်ထူးမြင့်ရောက်လာပါတယ်၊

တနင်္ဂနွေ ရိ လောက် နေပြီး တော့
ရွှေမမနဲ့ အတူထွက်သွားကြတယ်
ညနေ ငါးနာရီလောက် ကျတော့
မောင်မောင်သန်း ရောက်လာပါ
တယ်၊ ရွှေမတို့ အပြင်သွား
တယ်ဆိုလို့ ထိုင်စောင့်နေတယ်၊
ရွှေမတို့က ခြောက်နာရီလောက်
ကျမှ ပြန်လာကြတယ်၊ ရောက်
ရောက်ခြင်း မောင်မောင်သန်းက
'အရွှေ ဘော်ဘော် ပင် ပန်းလာ
တယ်ထင်ရဲ့၊ မျက်နှာလဲညှိုးလို့,
အကျီ နောက် ကြောလဲကြေလို့'
ဆိုပြီး ခနဲ့ပါတယ်၊

သော်။ ဒီတော့ ရွှေမမ က
ဘာပြန်ပြောသလဲ။

မွေး။ 'ရှင် လူလိုစကားပြော
ပါ၊ ကျွန်မက ဂုဏ်သရေရှိလူကြီး
လူကောင်းနဲ့ လူကြီးလူကောင်း
လို သွားလာဒါ'လို့ ပြန်ပြော
တယ်၊ ဒီတော့ မောင်မောင်သန်း
က'ဂုဏ်သရေရှိလူကြီးလူကောင်း
တွေဆိုဒါ ဒို့လို ဂုဏ် သရေမဲ့
အောက် တန်း စား တွေ ထက်
ကြောက်ဖို့ကောင်းတယ်'လို့ပြော
ပြီး ဒေါ်နဲ့ မောနဲ့ ထွက်သွား
တယ်။

သော်။ ထူးမြင့်ကရော ဘာ
ဝင်ပြောသေးသလဲ၊ ဘယ်အခ
မှာ ပြန်သလဲ။

မွေး။ ဘာမှဝင်မပြောပါဘ
ရယ်နေဒါပဲ၊ ည (၁၀) နာ
လောက်ကျမှ ပြန်သွားပါတယ်

သော်။ ရွှေမမကရော ဘ
ဆက်ပြောသေးသလဲ၊

မွေး။ 'ဒါလောက် သဘော
ထား သေးသိမ်ပြီး အသက်ဘ
လွှာတို့ရဲ့ စရိုက်ကို မသိတဲ့ လူန
ရှေ့ဆက်စခန်းသွားလို့ ဖြစ်မှ
မဟုတ်တော့ ဘူ' လို့ ပြော ပြ
နောက်တခြား စကားပြောကြ
တယ်၊ ကျွန်မလဲ ကိုယ့်အလုပ်
ဒါကိုယ် ဆက်လုပ်နေလို့ မော
ထူးမြင့် ပြန်ဖို့ နှုတ်ဆက်တော့မှ
သူတို့ကို သတိရတော့တယ်။

သော်။ ။'သူ တို့ နှ
ယောက်စလုံးဟာ အိမ် တွင်း
ဝင်နိုင်သူတွေလား၊ တုန်ကုန်ပြေ
ရယင် ရွှေမမရဲ့ အ ခန်း ထဲ
ဝင်နိုင်သူတွေလား'

မွေး၊ ။'အိမ် ရှေ့ အိ
နောက် အချိန်မရွေး ဝင်ထွက်
သူတွေပါ၊ ဒါပေမယ့်လေ ရွှေမ
ရဲ့အခန်းထဲကိုတော့ ရွှေမမ
ထိုင် မ ကောင်း ဖြစ် စဉ် လော



သာ ဝင် ရ ပါ တယ်၊ ဒါလဲ အိမ်
ဘဦးဦးရှိနေရပါတယ်'

သော်၊ ။'ရွှေ မမ ဟာ ည
အိပ်တဲ့အခါ အ ခန်း တံ ခါး ကို
သော့ပိတ်အိပ်တတ်သလား (တံ
ခါးမှာ သဘော်တံခါးဖြစ်ပြီး တံ
ခါးစေ့ရုံအတွက် အတွင်းအပြင်
လက် ကိုင် နှင့် ခလုတ် ရှိ သည်။
အသေပိတ်ရန် အတွင်း အပြင်ဖွင့်
၍ ပိတ်၍ ရသော သော့ အိမ်ရှိ
သည်။ ယခု အတွင်းဘက် သော့
အိမ်တွင် သော့ တန်းလန်းကြီးဖြစ်
နေသည်။) သော့ ပိတ်တတ်ယင်
သော့ကို ဘယ်မှာ ထား လေ့ ရှိ
သလဲဆိုဒါကိုရော သိသလား'

မွေး၊ ။'သော့ ပိ တ် အိ ပ်
လေ့ရှိပါတယ်၊ သော့ကို ခေါင်း
အုံးအောက်မှာ ထား လေ့ ရှိပါ
တယ် (အကယ်၍ ရွှေမမ မဟုတ်
သူ တစုံတဦးက အပြင်မှသော့ဖွင့်
ဝင်လျှင် သော့သည် တံခါးအပြင်
ဘက် တွင် သာ ရှိနေ သင့် သည်
ဟူသော အ ချက် ကို မောင်ဘ
သော် သတိထားမိလိုက်သည်။)

သော်။ ။'သူမရတဲ့ အချိန်
မှာ အခန်းကို သော့ပိတ်ထားသ
လား'

မွေး။ ။'အမြဲ ပိတ်ပါတယ်၊
တခြားသွားတာမပြောနဲ့ အခန်း
တွင်းကနေ အပြင် ထွက်လာတာ
နဲ့ သော့ပိတ်ပြီးသား ဖြစ်နေတာ
ပဲ၊ ဒါ ဟာ အ ကျင့် ဖြစ် နေ ပြီ၊
ပြီးတော့ သော့ကို ပိုက်ဆံအိတ်ထဲ
ထည့်လိုက်တာပဲ'

သော်။ ။'ရွှေ မမ ဟာ ည
ဘက်ကို ရေသောက်တဲ့ အလေ့
ရှိသလား၊ ရေ ဖန် ခွက်ကို အမြဲ
ထားသလား'

မွေး။ ။ည အိပ်ရာ ဝင်ယင်
သူနဲ့ အတူ အမြဲ ပါဝင် သွား ပြီး
မနက် အိပ်ရာကထယင် သူနဲ့ အ
တူ အမြဲပါထွက်လာတာက ရေ
ဖန်ခွက်ရယ်၊ ကြိုးစုံရယ်ပဲ၊ ကြိုးစုံဆို
လို့ ကြိုးစုံတယောက် ဘက်ရောက်
နေပါလိမ့်'

ငွေမမ။ ။'ညတုန်းက မမ
ရှေ့က နေ အခန်းထဲ ဝင်သွား
ကျွန်မတွေ့လိုက်ပါသေးတယ်၊ ကြိ
စုံဝင်သွားပြီးမှ မမက ရေမခပ်ရ
သေးလို့ နောက်ဖေးမှာ ရေသွား
ခပ်တယ် (ထိုအခါမှ ကြိုးစုံကိုသတိ
ရကြပြီး လိုက်ရှာကြရာ အစအန
ပျောက်နေလေတော့သည်။)

သော်။ ။'ကြိုးစုံက ဘယ်အ
ရွယ်လောက်ရှိသလဲ'

မွေး။ ။'အသက် ကတော့

ငါးနှစ်လောက်ရှိပြီ၊ အကောင်က တော့ နဲတဲ့အကောင်ကြီး မဟုတ်ဘူး’

မောင် ဘ သော်သည် အခန်းတွင်းသို့ တံခါးမှအစ ဝင်နိုင်သည့်နေရာကို ရှာကြည့်သည်။ မတွေ့ရ၊ ထို့နောက် အိမ်သား အားလုံးကို စစ်မေးသင့် သမျှကို စစ်ဆေးပြီး၊ အလောင်းကို ဆေးရုံပို့ရန် ညွှန် ကြား ပြီး ဂါတ် တဲ သို့ ဦးဘသာ နှင့် အတူ ပြန် ခဲ့ လေသည်။

ဝ ဝ

မှုဒိုဂါတ်၊ ဦးဘသာ၏ ရုံးခန်းတွင်ဖြစ်ပါသည်၊ ရွှေမမ အသတ်ခံ ရခြင်းနှင့် ပတ် သတ် ပြီး တယောက် တပေါက်ဖြင့် အမျိုးမျိုး ထင်မြင်ချက် ပေးနေကြသည်။

ဒါဟာ မောင်မောင် သန်း လက်ချက်ပဲ၊ ရွှေမမဟာ ထူးမြင့်လက်ပါသွားပြီလို့ ထင်ပြီး မစားရတဲ့အမဲ သဲနဲ့ပက် လုပ်သွားတာပဲ၊ ပြီးတော့ သိန်းနဲ့ချီပြီး တန်တဲ့ ရတနာတွေလဲရ၊ အသက်အာမခံ တကော င်းကိုလဲ အမွေခံအဖြစ်နဲ့ ရပေါ့၊ ရွှေမမရဲ့ ငယ်ရီးစားဆိုတော့ အခန်းသော့တူ ရဖို့ဘယ် ခဲယဉ်းမလဲ၊ စိတ်ဆိုးပြီး ပြန်သွား

ဟန်ဆောင်၊ တနေရာမှာ ပုန်းနေ[…] သော့တူနဲ့ဝင် မိုးကုတ်က လာ[…] တဲ့ ထူးမြင့်လို့ ထင်အောင် အဲဒီ[…] နယ်က အဆိပ်နဲ့ သုံးသွားဒါ[…] ဖြစ်မယ်၊ ရွှေမမနဲ့ ထူးမြင့်တို့ရဲ့ အခြေအနေကိုမကြေနပ်လို့ စော[…] စော ကထဲက ကြံတ်ကြံထားဒါ[…] ဖြစ်မယ်။

စာသင် ကို မောင် မောင် က[…] ထင်ကြေးပေးသည်။

ပြန် သွား ဟန် ဆောင် ပြီး တကယ်ပုန်းနေဒါက ‘ထူးမြင့်ကွ၊ ခရွှေမမဟာ သူ နဲ့ တွဲ နေပေမဲ့ တကယ် လက် ထပ် ယူမဲ့ သူဟာ မောင်မောင်သန်းပဲ ဖြစ်မယ်ဆိုဒါ သူတထစ်ချ တွက်မိမယ်၊ တကယ်တော့ သူက မနေ့တနေ့ကမှ တွေ့တဲ့သူပဲ၊ မောင်မောင်သန်းကငယ်ချစ်ပဲ၊ ရွှေမမဟာ စိတ်ဆိုးလို့ဘာညာပြောပေမဲ့ မောင်မောင်သန်း အပေါ် လွယ်လွယ်နဲ့ သံယောဇဉ် ဘယ်ပြတ်ပါ့မလဲ၊ ဒါကို ထူးမြင့်မသိပဲ နေ ပါ့ မ လား၊ ပြီးတော့ ထူးမြင့်ပုံ ကြည့်ရဒါ သိက်ဘ မာ ပုံပဲ၊ ပစ္စ ယင် ဘာလုပ်ရကုပ်ရဆိုတဲ့ပုံပဲ၊ မောင်မောင်သန်း အခု လိုလို့ ဘဝန် ကြောင်ပြီး မှန်ဒါကိုအခွင့်ကောင်း

[…]ပြီး မောင် မောင် သန်းအပေါ် […]နိုင်တဲ့ အခြေမျိုးမှာ လုပ်ကြ […]ဒါနေမှာပဲ၊ သူလဲသော့တူ […]တဲ့ အခွင့် အရေး ရှိသူပဲ၊ ရွှေမနဲ့ခွေးနဲ့ ရှေ့ဝင်၊ နောက်မှ သူက သော့တုနဲ့ဝင်၊ ခွေးကို အဆိပ်လူးထားတဲ့ အစာအရင် […]ကျွေး၊ နောက် ရွှေမမကို ပြင်း […]တဲ့ အဆိပ်အပ်နဲ့ ထိုးသတ် […]ာက်တော့ တယောက်ယောက် […] အစေခံကြီး က စီစဉ်ထားတဲ့ […]းသုပ်ပြီး ခွေးပါ မ ထုတ်သွား […]ဖြစ်မှာပဲ

ဂါတ်စာရေး ကိုထွန်းအောင် […] ဤသို့ဝင်ပြီး ထင်မြင်ချက်ပေး […]သည်။

ဘကဲ့ဘရားခံက ဦးစံခအေးပါ […] ဦးစံအေးဟာ နောက်ခြောက် […] သာသာလောက်ဆိုယင် ရှိသ […]သည်းဗိမ်အားလုံး ရွှေမမကို […]ပေးရတော့မယ်၊ ရွှေမမက သူ […]အပေါ် ကောင်းတယ်ထား၊ […]ဉ်မောင်သန်းတို့က ရွှေမမလို […]ောင်းနိုင်ပါ့မလား၊ ဒီတော့ […]ခအေးတို့ဘဝဟာ ရွှေမမနဲ့ […]င်းအပိုင်းက သံနားမှ ချမ်း […]မဲ့ဘဝဖြစ်နေပြီ၊ တကယ် […] ရွှေမမသေသွားယင် စာချုပ်

အရ ပစ္စည်းအားလုံးကိုဦးစံခအေးပိုင်ပြီ၊ ဘယ်လိုသေသေ၊ ဘယ်သူသတ်သတ် သူသတ်တယ်လို့ မဖြစ်ယင်ပြီးရောပဲ၊ သူက ရွှေမမတို့ အပြင်ထွက်သွားပြီးမှ သော့တူနဲ့ ရွှေမမရဲ့ အခန်းကို ဖွင့်မယ်၊ မိုးကုတ်ကလာတဲ့ ထူးမြင့်အပေါ် ပုဆိုစ်ကား အာရုံစိုက်အောင် အဲဒီနယ်ဘက်မှာသာရှိတဲ့ အဆိပ်မျိုးနဲ့ တမင်လုပ်ခဲ့မယ်၊ ရွှေမမရဲ့ အမူအကျင့် အလေ့အထအားလုံးကို သူ့လောက်သိသူဘယ်ရှိမလဲ၊ ရွှေမမဟာ အခန်းထဲကို အိပ်ခါနီးမှ ဝင်တော့မယ်၊ ဝင်ယင် ရေဖန်ခွက်ပါမယ်၊ ကုဘင်ပေါ်ထိုင်၊ တဝက်သောက်၊ ဘယ်လက်နဲ့ဖန်ခွက်ကိုင်၊ တစောင်းအိပ်ချယင်း ဖန်ခွက်ကို စားပွဲပေါ်တင်၊ အဆိပ်အပ်ထွက်လာမှန်ပြီး သေပေါ့၊ခွေးကို ညကတွေ့တယ်ဆိုဒါလဲ ကလေးက အမှတ်မှားပြောဒါ ဖြစ်ချင်ဖြစ်မယ်၊ ခွေးကိုတော့ သူ ကြို သတ် ထား စရာ အကြောင်းမရှိဘူး၊ ပစ္စည်းကိုတော့ သူ့မိန်းမဝင်ယူထားလဲဖြစ်ဒါပဲ၊ သူယူထားလဲဖြစ်ဒါပဲ၊ အခင်းဖြစ်ပွားတဲ့ညက သူ မရှိပါဘူးဆိုဒါ အခိုင်အမာပြနိုင်အောင်

ကျိုက်ခမီကို တမင်ရှောင်နေလိုက်ဒါဖြစ်မယ်။

ဝါရင့်ပုလိပ်အိုကြီး တဦးဖြစ်သူ ဦးလှညွှန့်ကလည်း ဤသို့ထင်မြင်ချက်ဝင်ပေးပြန်သည်။

'ဘဲ့နဲ့လဲမောင်ဘသော် ညီမ်ချက်သား ကောင်းလှပါလား။သူတို့ ထင်မြင်ချက်တွေက ဘဲ့နဲ့လဲ မောင်ဘသော် ထင်မြင် ချက်က ရော "ဘယ်လိုလဲ'

ဦးဘသာက မောင်ဘသော်ကို လှမ်းမေးလိုက်သည်။

'သူတို့ပြောတဲ့ သုံးဦးစလုံးလဲ ဖြစ်နိုင်ဒါပဲ၊ ဒီအပြင် အခြားသူ တဦးဦးလဲ ဖြစ် နိုင် တာ ပဲ၊ ခွေး ပျောက် နေတာကို ကျွန် တော် ဘဝင်မကျ ဖြစ်နေတယ်၊ ဒီအမှုမှာ ခွေးဟာ အတော် ကလေး အရေးပါနေတယ်လို့ ကျွန်တော် ထင်တယ်၊ ရွှေမမအခန်းကို ထပ်သွားပြီး သဲလွန်စ ထပ်ရှာချင်သေးတယ်၊ ခွေးကိုလဲမရမကရှာရမှာပဲ၊ အခုအနေမှာတော့ စောစောပြောတဲ့ သုံးဦး စလုံးကို ဘာမှမလုပ်သေးပဲ မျက်ခြည်မပြတ်စောင့်ကြည့်နေချင်ပါတယ်'

မောင်ဘသော်က ဤသို့ ပြန်ဖြေပြီးနောက် ရွှေမမတို့ အိမ်သို့ တခေါက်သွားပြန်သည်။ တခန်းလုံးကို ပိုက်စိတ်တိုက်ပြီး ရှာပြန်သည်။ ထိုအခါမှ ကုတင်နှင့်နံရံ အကြားတွင် ညှပ်နေသော စာတစောင်ကို ရရှိခဲ့သည်။ မိမိ ကိုယ်မိမိအလွန့်တရာ စေ့စပ် သည်ဟု ထင်ထားသော မောင် ဘသော်သည် ယခုစာကို ပထမအကြိမ်က မတွေ့ မိခဲ့ခြင်း အ တွ က် တယောက်တည်း ကြိတ်၍ရှက်နေမိသည်။ စာမှာ-

**ကိုအေးဝင်း**

စ ပါး ရိတ် ပြီး ယင် အမြန်ပြန်လာပါ၊ မုဒုံသူတွေနဲ့ ပျော်မနေနဲ့ က လေးတွေကလည်း လွမ်းလှပြီ! ဖားအုံမှာ လည်း အလုပ်အကိုင် ဒါလောက် မရှားပါဘူး ပြန်လာယင် မုဒုံ စောင် တ အု ပ် လောက် ဝယ်ခဲ့ပါ။

လှသိန်း

ဟူ၍ ဖြစ်ပေသည်။ စပါးရိတ်ပြီးသည်မှာ ကြာပေပြီ၊ အေးဝင်းသည် ဖားအုံမပြန်ပဲ ရှိနေခြင်းဖြစ်သည်။ သို့မဟုတ် အေးဝင်းသည် စပါးရိတ်လာခြင်းမဟုတ်ပဲဒုစရိုက်မှု ကျူးလွန်ရန် လာခြင်း လည်း ဖြစ်နိုင်သည်။သို့ဖြစ်က အေးဝင်း သည အေးဝင်းဟူသော ာအမည် ဖြင့် ရပ်တည်နေမည်မဟုတ်၊ ထို့ ကြောင့် အေးဝင်းအကြောင်းကို ဖားအုံသွားစုံစမ်းခြင်းက ပို၍ခရီး ရောက်ပေမည်။ စာကျန် နေပုံမှာ လည်း ဘဝင် မကျစရာ ဖြစ်နေ သည်။ မတော်တဆ ကျနေက ဤသို့ ကပ်သီးကပ်သတ် ညှပ်နေ မည်မဟုတ်၊ တမင် ထားခဲ့လျှင် လည်း အမြင် လွယ်အောင်ထား မည်၊ တမင် ထားခဲ့ သည် ဟု ထင်ရန် တမင်ထားခဲ့ခြင်းလည်း ဖြစ်နိုင်သည်၊မည်သို့ဆိုစေ ဖားအုံ သွားစုံစမ်းခြင်းက အကောင်းဆုံး ဟူသော အချက်ကိုမူ မောင် ဘ သော်က စွဲမြဲလိုက်သည်။

○ ○

'ကိုအေးဝင်း စပါးသွားရိတ် တာ ခုထိ ပြန်မလာသေးပါဘူး၊ သူ့ကို သံဖြူဇရပ်က ဦးမောင်လှ သူနဲ့ ပေး လိုက် တာ ပါ၊ ဦးမောင်လှက ဖားအုံ လာယင်း အေးဝင်းကလူကြုံပါးလိုက်လို့ ဆံ ဝင်ပို့ တာပါ၊ နောက် ကြာခင်က ထားဝယ်ကနေ ကိုအေးဝင်း ငွေထပ်ပို့လိုက်ပါသေးတယ်၊ ဟာမြင်းကြီးမှာ မိုင်း ဝင်တူးနေသတဲ့'

ဤကား မလှသိန်း၏ အဖြေဖြစ်သည်၊ မောင်ဘသော်က ကိုအေးဝင်းကိုဟာမြင်းကြီးမှာသွားမှာခြင်းထက် ဦးမောင်လှကို သံဖြူဇရပ်တွင် ရှာခြင်းက ပို၍ခရီးရောက်မည်ဟု ဆုံးဖြတ် လိုက်ပြန်သည်။

ထိုရက်များအတွင်း ဦးဘသာတို့က ဦးစံအေး၊ မောင် မောင်သန်းနှင့် ထူးမြင့်တို့အား တဦးစီခေါ်ယူ မေးမြန်းခြင်းဖြင့် အချိန်ကုန်နေကြသည်။မြို့လူထုကလည်း ထိုသုံးဦးအနက် တဦးဦးဖြစ်ရမည်ဟူသော ထင်မြင်ချက် ပေးနေကြသည်။

○ ○

ရွှေမမကို သတ်သည့်တရားခံကို မုဒုံ ဂါတ်တဲသို့ မောင်ဘသော် ဖမ်းလာ သော အခါ တဂါတ်လုံး အံ့သြကုန်သည်။တရားခံမှာ သံဖြူဇရပ်မှ အသက်-၅၀ ခန့်၊ အရပ်သုံးပေ သာသာမျှရှိသော တကောင်ကြွက် ဦးမောင်လှဆိုသူဖြစ်၏။

ဦးမောင်လှ။ ။'ကျုပ် ဒီကလေးမ ရ တနာ တွေ အထည်လဲ

ပတ်နေတာတွေ့တော့ သိပ်ပြီးလို ချင်သွားတယ်။ ဘယ်လိုလုပ်ရမလဲ လို့ နေ့တိုင်းအကြံထုတ်နေတယ်၊ အဲဒီနားမှာရှိတဲ့ ကလေးတွေနဲ့ သွားဆော့ယင်း ရသမျှ သတင်း တောက်လျှမ်း တယ်၊ ပူစူးမတို့နဲ့ ကစားရအောင်လုပ်ပြီး ရွှေမမရဲ့ အလေ့အထ အစုံအလင်ကို သိ အောင် စုံစမ်းနိုင်ခဲ့တယ်။ တလ လောက်လောက် လေ့ လာ လိုက်ရ တော့ ကျုပ်ရဲ့ အကြံအစည်ကို အကောင် အထည် ဖော် နိုင် လောက်အောင် ပြည့်စုံလာတယ်၊ မိန်းကလေးရဲ့ခွေးကြီး ကြံစုံနဲ့တူ တဲ့ ဝတ်စုံတခုကို ချုပ်တယ်၊ ပြီး တော့ အခွင့်ကောင်းကို စောင့် နေတယ်၊ ကျုပ်ကိုလည်း ဘယ် သူမှ အရေးမလုပ်တော့ ဟန်ကျ တာပေါ့၊ ဦးစံအေး၊ ထူးမြင့်နဲ့ မောင်မောင်သန်းတို့ကိုပဲ ပုလိပ်က အာရုံ စိုက်လိမ့်မယ် ဆိုတဲ့အချက် ကိုလည်း ကျုပ်တွက်ထားတယ်၊ မောင်မောင်သန်း စိတ်ဆိုးပြီးပြန် သွားတော့ ဒါဟာ ကျုပ်အတွက် အခွင့်အရေးပဲလို့ ဆုံးဖြတ်ချက်ချ လိုက်တယ်၊ ရွှေမမရဲ့ ခွေးဟာ သိပ်အကျင့်ကောင်းတယ်၊ည ၁၀ နာရီလောက် အိပ်ရာဝင်ခါနီးမှာ အပြင်ထွက်ပြီး သေး ပေါက်လေ့ ရှိတယ်၊ အဲဒီညက သေးထွက် ပေါက်တုန်းမှာ ကျုပ်အဆိပ်မြား နဲ့ ဆော်လိုက်တာ တုံးကနဲပဲ၊ ဒါနဲ့ခွေးကို လမ်းအောက်ကရေ မြောင်းထဲချလိုက်တယ်၊ ကျုပ်က ခွေး ဝတ် စုံဝတ်ပြီး လေးဘက် ထောက်လိုက်တော့ ခွေးလုံးလုံး ဖြစ်သွားတာပေါ့၊ ဒါနဲ့ အခန်းဝ မှာ အသာ သွားခွေ နေ လိုက် တယ်၊ ရွှေမမက အခန်း တံခါး ဖွင့်ပြီးမှ ရေ ဇန် ခွက် မေ့နေလို့ နောက်ဖေး သွားပြီး ရေခပ် နေ လိုက် သေး တယ်၊ အဲဒါ ကျုပ် အတွက် အဆိပ်အပ်မောင်းဆင်ဖို့ အခွင့် အရေး သိပ် ရသွားတာ ပေါ့၊ ဒါမှ တဦးဦးကဆင်သွားသ လို ထင်ရမှာပေါ့၊ ဒီအခွင့်အရေး မရယင်တော့ အိပ်မှ ထသတ်မှာ ပဲ အခုတော့ အကုန်လုံးအဆင် ပြေသွားတာပဲ’

သော်။ ။‘ လူမသတ် ယင် ကော’

လှ။ ။‘လူ မ သ တ် ယင် ဟိုလူသုံးယောက် လက် ချက်ဆို တာ ဘယ် ယုတ္တိရှိတော့မလဲ’

သော်။ ။‘အေးဝင်းရဲ့ စာ ကို ခင်မျှား တမင် ချခဲ့တာလား၊ အေးဝင် အခုဘယ်မှာလဲ’

လှ။ ။‘ဟုတ် တယ် ပု လိပ် မျက်စေ့ရှုပ်အောင် တမင် လုပ်ခဲ့ တာ၊အေးဝင်းကဟာမြင်းကြီးမိုင်း မှာ’

သော်။ ။‘ရ တ နာ တွေကို ဘယ်မှာထားသလဲ’

လှ။ ။‘လုံ ခြုံတဲ့ နေ ရာ မှာ သေသေချာချာ မြှုပ်ထား တယ်’

မောင်ဘသော်နှင့် ပုလိပ်အဖွဲ့ သည် ဦး မောင် လှနှင့် လိုက်ပြီး ရတနာ မြှုပ်ထားသော နေရာကို သွား ကြ သည်။ ရောက် သော် ဦး မောင် လှ မြှုပ် ထား သည် ဆို သောနေရာမှာ တွင်းဖြစ် ကျန်ရစ် ခဲ့ပြီး မည်သည့် ရတနာကိုမျှမတွေ့ ရတော့ချေ။

ဝ ဝ

အချိန်မှာ ညဉ့် (၁၀) နာရီ ခန့်ဖြစ်၏။

နေရာမှာ ဦး ဝင်း အောင် ၏ သီးသန့်အရက်ခန်း။

ဦး ဝင်း အောင် နှင့် တပည့် ကျော် ကို တင် ဝင်း တို့ ခေါင်း ချင်းဆိုင်နေကြပြန်သည်။

စာမျက်နှာ (၂၀)မှ

အလေ့ာင်းကို သဘော်ဘေးအပေါက်မှ ပင်လယ်ထဲသို့ ပစ် ချကြောင်း ဝန် ခံ သည်။ သို့သော် သက် သေ ခံ ပစ္စည်း အလောင်းကို မပြနိုင်သဖြင့် အမျိုးသမီးကို မည်သူ သတ် သနည်း၊ မည်သည့် အကြောင်း ကြောင့် သေ သ နည်း၊ မည်သည့်အချိန်က သေသနည်း စသည်တို့ကို အဖြေမပေး နိုင်ချေ။ထို့ကြောင့် ထိုသူကို လူသတ်မှုနှင့်စွဲတင်ရန်ခဲ့ယဉ်း လေသည်။ သို့ဖြစ်၍ အမှုစစ်ဆေးသောအရာရှိသည် ပြစ်မှု ကျူးလွန်ခြင်းနှင့် ပတ်သက်၍ အရေးကြီးသောသက်သေခံ ပစ္စည်းများကို မရမနေရှာဖွေတင်ပြနိုင်မည်။

☆ ☆

ထိုတင်ဝင်း။ ။အေး ဝင်းရဲ့
တွေ့ ဦးမောင်လှက ဘာလို့
သူ ထားကျန်ခဲ့တာလို့ ပြောရသ
လဲ’

ဦးဝင်းအောင်။ ။‘ငါ သင်
မေးလို့ပေါ့ကွာ ဒီလိုလုပ်တာဟာ
ထူးမြင့်ကို မှားယွင်းလိုက်တာပဲ’

ဝင်း။ ။‘ဒေါက် ဘသော်
ထဲရောက်သွားတော့ ထူးမြင့်
ဘသော်ဝါ ရောက်လာမှာ
နေတယ်’

အောင်။ ။‘အေး ဒီအချက်
ငါစောစောကထဲက တွက်
ထားပြီးသားပါ၊ ဘသော်ကိုရင်
ဆိုင်ရမှာ ကြောက်ယင် ဒီအလုပ်
ကို အစောကြီးကစွန့်လွှတ်ရမယ်။
ရွှေမမနဲ့ပက်သက်ယင် ထူးမြင့်နဲ့
ပတ်သက်လိမ့်မယ်၊ထူးမြင့်နဲ့ပတ်
သက်ယင် ထူးမြင့်ဟာ ဒီစာကို
အသုံး ပြုလိမ့်မယ်လို့ တွက်ပြီး
သား၊ဒါပေမယ့် ဒီလောက်ကြီး
မားတဲ့အခွင့်အရေးကို ငါ လက်
လွှတ်မခံနိုင်ဘူး၊ ထူးမြင့်လက် အ
ပ်မခံနိုင်ဘူး၊ ဒါကြောင့် ဒီစာနဲ့
ပတ်သက်ပြီး ဘသော်ရုတ်တရက်
မလိုက်နိုင် အောင် မောင်လှနဲ့
သေသေချာချာစီစဉ်ခဲ့တယ်၊ မိဖို့
များတယ် မိယင်ဘာလုပ်မယ်ဆို
တာကို သေသေချာချာ အကွက်
ချခဲ့တယ်၊ အခုဟာ တို့နာရီပိုင်း


**စေတနာ အမိကထား၍ ထုတ်လုပ်လိုက်သော**

**မြင်းခြံ ရွှေတောင်**

**ချိုပြင်းဆေးလိပ်ကို**

စမ်းသပ်သုံးဆောင်ကြည့်ပါ။
စမ်းကြည့်တော့ အရမ်းထိပါလိမ့်မည်။

**ပင်ရင်း—** ထွန်းရှိန်
ကြက်သွန်တန်း၊ မြင်းခြံမြို့။

**ပင်ရင်းဌာနခွဲ** ၁။ ဒုံးပျံသင်္ကန်းတိုက်၊ကြားတောရလမ်း၊
ဗဟန်း၊ ရန်ကုန်။
၂။ ထွန်းရှိန်
အမှတ် ၅၃၀၊ (၈) ရပ်ကွက်၊
မ/ဉက္ကလာ။ ဖုန်း- ၅၀၁၀၁။


တယ်၊မောင်လှထွက်ပြီးမကြာ
ထူးမြင့်ရောက်မယ်၊ တခြား
ဦးသွားပြီ ဆိုတာ သိတာနဲ့
ဆင်သင့်ဆောင်ထားတဲ့ လက်
ဖြင့်တဲ့ ဒီစာကိုထားပြီးရှောင်
ဖြစ်မယ်၊ ဒီစာကို မောင်လှ
သိဘူး ဆိုယင် ဘသော်က
တရားခံမိပေမယ့် ကြေနပ်
မဟုတ်ဘူး၊ စာကို ခြေရာခံ
မယ်၊ ကောင်းစံတို့အိမ် ဒမြ
စဉ်က ထူးမြင့် ရှိနေတာ ကို
ရမယ်၊ဒါဆိုယင် ထူးမြင့် ကို
ကိုယ် ဖြစ် လာ မယ်၊ အဲဒီ
ရာယ်ကို ငါ ကာကွယ်လိုက်
၊ ဒါကို လည်း ထူးမြင့်သိ
ဒါဆို ထူးမြင့်တို့ဆီ ရောက်
မယ်’

ဝင်း။ ။‘ဆရာက ဘာရည်
ဘာလဲ’

အောင်။ ။‘ထူးမြင့် ကို လို
ပေါ့ ဘသော်နဲ့ ရှေ့ရှည်
ဆိုင်ဖို့ ဆိုယင် ထူး မြင့် လို
ကောင်မျိုးလိုတယ်။ပထမ သူ့
ဒိုင်းလိုကာကွယ်လို့ရတယ်၊
ယ သူ့ကိုငါးစာလိုကျွေးလို့
ဘယ်!ဘ သော် က ထူး မြင့်
ောက်အစာတုံးမှ စားမှာ’

ဝင်း။ ။‘အေးဝင်းကို ဟာ
မြင်းကြီးမှာ သွားရှာယင် ဘဲ့နဲ့
လုပ်မလဲ’

အောင်။ ။‘အဲဒီ အချိန်မှာ
အေးဝင်းဟာ ထောင်ကလွတ်ပြီ
ပေါ့ကွာ’

ဝင်း။ ။‘ဦး မောင်လှ တို့
ကိစ္စကို ဘယ်လိုစီစဉ်ထားသလဲ’

အောင်။ ။‘မောင်လှ ကိစ္စ
အတွက်မပူနဲ့ ဆရာဝန်နဲ့ တရား
သူကြီးကို ငွေတထောင်စီပေးထား
တယ်၊ ထောင်(၁၀)နှစ်ထက်မပို
ယင် နှစ် ထောင်စီ ထပ်ပေး မယ်
လို့ ကတိပေးထားတယ်’

ထိုခေတ်ကား ကိုလိုနီ ခေတ်၊ အရင်းရှင် မန်ရှင်ခေတ်၊ ငွေများ တရား နိုင်သော ခေတ် ဖြစ်၏။ မောင်လှသည် ပုံမှန်လူတယောက် မဟုတ်၊ လူစဉ်မမှီ၊တခါတရံ စိတ် ကူးအလွန်ကောင်းပြီ။ တခါတရံ က လေး ငယ် တယောက် ကဲ့သို့ အသိဉာဏ်မရှိ ဖြစ်နေပုံကို တွေ့ရ သည်၊ စသည်ဖြင့် အကြောင်းပြ ပြီး ထောင် ခုနှစ် နှစ် ချလိုက်လေ သည်။

**ချောင်းဆုံ အုန်းသွင်**

☆

# ပြည်ပ မှုခင်း



ဆေးပညာလောကတွင် ထင်ရှားနေသ
နှလုံးရောဂါ အထူးကု သမားတော်ကြီးတဦးန
ဒုစရိုက်လောကမှ ဖောက်ထွင်းပိဋကတယော
တို့ ရင်ဆိုင်မိကြရာမှ



☆ လူချစ်လူခင် များလှသော အထူးကုသမား တော်ကြီး 'ဟယ်ဘဝစတ်မ်'



အက်ဖ်ဘီအိုင်မှ မြေလှန်ရှာနေသည့်ကြားမှ အကောင်းစား ကားကြီးစီး၍ ကိုယ်ပိုင်ရေကူးကန်နှင့်၊ တိုက်နှင့်....၊ တကယ့် သန်းကြွယ် သူဌေးကြီးဟန် ဖမ်းနေသော ဖောက်ထွင်းပိဋက "ဘားနတ်"

★ ရာဇဝတ်ဘေးကို လွတ်အောင် မပြေးနိုင်သော အခါ....

# The Gho urglar and the Goo ctor





# အာဂသူခိုး နှင့် အရိုးခံဆရာဝန်

တစ်ယောက်ကဆေးပညာဖြင့်လူသားတို့အကျိုးကို
သည်ပိုးနေသည့်၊ နှလုံးရောဂါ အထူးကုသမားတော်ကြီး
တစ်ယောက်ကဖေါက်ထွင်းဝိဇ္ဇာ၊ ခိုးဝှက်ရသောငွေဖြင့်
သန်းကြွယ်သူဌေးကြီးအမည်ခံထားသူ တနေ့ . . . . .

ပဂိဇိုးလတ်

သူတို့နှစ်ယောက်လုံး သီးခြားကမ္ဘာ တခုစီမှ လာကြ သည်။ တယောက်နှင့် တယောက် လည်း တခါဘူးမှမတွေ့ဆုံ မသိကျွမ်းဖူးကြ။ သိကျွမ်း ဖို့ကလည်း မလွယ်၊ ပတ်ဝန်း ကျင် ခြင်း အသိုင်းအဝန်းခြင်းက အလွန်ခြားလှသည်ကိုး။ ဒါပေမယ့် ပြီးခဲ့သည့် နှစ်ကုန်ပိုင်း လောက်ကတော့ သူတို့ခြင်းဆုံခဲ့ကြပါသည်။ ဆုံမယ့် ဆုံ တော့ လည်း အမေရိကန် တနိုင်ငံလုံး လှုပ်ရှားသွား စေနိုင်မယ့် ဆုံခြင်းမျိုး။

ဆေးပညာလောကတွင်မတော့ 'မိုက်ကယ် ဟယ်ဘာစတမ်' ဆိုလျှင် နှလုံးရောဂါအထူးကု သမားတော်ကြီးအဖြစ် လူသိများပြီးသား။ နောက်ပြီး သူကနာကျော် ဆေးပညာပေး စာရေးဆရာကြီး။ လူချစ်လူခင်ကလည်း များသူ၊ ဟာသဉာဏ်၊ ဇဝနဉာဏ် ကလည်းထက်ထက်၊ အပေါင်းအသင်းကလည်း ဆန့်သမို့ သူ့ကို မခင်သူ၊ မကျွမ်း သူ ဟူ၍ အထက် လွှတ်တော် အမတ် ကစပြီး ဆေးရုံက ကူဘော် ဘက် ချာတိတ်လေး တွေ လူသိထင်ရှား သတင်းစာ တွေကအစ မော်တော်ကား မြင် မကျွင်းနှစ်တွေအဆုံး လူ က သူ့ကို ခင်ကြ သည်။ လည်းလူတိုင်းကိုခင်သည်။ နာထက်ဝက်ကျော်မှာလည်း ဘွေချည်းသာ။ 'မိုက်ကယ် ဘာစတမ်'၏အသက်မှာ ( နှစ်သာရှိသေးသည်။ နေမည် အများကြီး နေနိုင် သေး သ လူ့လောကကိုလည်း အဖက် ကအကျိုးတွေ အများ ကြီး အုံ မပေါ့။

'ဘားနတ်ဝဲတ်ချ်' သူက အသက်(၄၀)နောက်ပြီး တွင်းဝိဇ္ဇာ သူခိုးအကြီးစား။ အကြီးစားမှ နှယ်နှယ်ရရမ သန်းကြွယ် တကာ့ သန်း သဌေးကြီး ဖြစ်လာ သည်

တနင့်တပိုးခိုးထားပြီး ကြီးမွားချင် ငိုင်း ကြီးပွားနေသူ။ ရဲနှင့်အက်ဖ် ဘီအိုင် က လည်း သူ့ကို အပူ တပြင်း မြေလှန် ရှာနေကြသည်။ ခိုးမှုတွေ၊ ထောင် ဖောက်ပြေးမှု တွေကြောင့် သူကတော့ ဒေါ်လာ (၄) သောင်း (မြန်မာငွေနှစ် သိန်းခွဲခန့်) တန် မာ စီဒီး ကြီး ကို နင်းခန့် ညားညား မောင်းယင်းနဲ့ အထက်လွှာတွေ၊ အလယ်အလတ် လွှာတွေနေတဲ့ ရပ်ကွက် တနေပြီး တခုလှည့်ပြီး ဖောက်ထွင်းနေတတ် သူပဲ။ တပတ်တပတ် သူ ဖောက် ထွင်း ခိုးယူခဲ့သော အိမ်မှာ ဆယ် အိမ် လောက်တော့ ပြော့ ပြော့ ရှိ၏။ ခိုးလျှင်လည်း အမြဲပင် ကိုယ်တော်၊ ဗား ဂျီး နီးယား ပြည်နယ်တွင် ဆောက်ထားသော သူ့အိမ်မှာ ဒေါ်လာသန်းချီတန် ၏၊ သူအပျော်ရေကူးဖို့ လုပ်ထား သောရေကူးကန်ကပင်လျှင် အိုလံ ပစ်အဆင့်မီ ရေကူးကန်။ သူ့တ အိမ်လုံးကို ခိုးရာပါပစ္စည်းများဖြင့် ပြည့်နှက်တန်ဆာဆင် ထားသည်။ [illegible] [illegible] [illegible] ပြီး 'ထော'လာသတဲ့။

တည်၍....

'ဟယ်ဘာစတမ်' နှင့် ဇနီး သည်တို့ ပါတီတခုမှအပြန် အိမ် ထဲ သူခိုးဝင်နေသည်ကို ပက်ပင်း တိုးမိလျက်ကြရသည်။ သူခိုး က လည်း အ လန့် တ ကြား နှင့် ပင် ဟယ်ဘာစတမ်၏ ရင်ဘတ် ဆီသို့ နှစ်ချက်တိတိ သေနတ်ဖြင့်ပစ်ကာ အလွတ်ရုန်းထွက်ပြေးသွားသည်။ ဟယ် ဘာ စ တမ် က လည်း သူ့ဒဏ်ရာကို အမှုမထားပဲ ကား ဆီသို့ အမြန်ပြန်ပြေးကာ သူခိုး နောက်လိုက်၏။ ဇနီးစင်ကလည်း တကျော်ကျော်အော်သည်။

'ဒီလူပဲဗျို့၊ ဒီလူပဲ သူခိုး.... သူခိုး'

သူခိုးမှာ ကြာရှည်မပြေးနိုင်။ ဟယ်ဘာစတမ်က သူ့ ခါး ကို ကားနှင့် တိုက် ပစ်လိုက် နိုင်၏။ နောက်တော့ ဟယ် ဘာ စ တမ် လည်း သ တိ မေ့ သွား သည်။ အရေးပေါ် ခွဲ စိတ် ခန်း ရောက် တော့ အ သက် ထွက် သွား ရှာ သည်။ ပုလိပ်တွေက ဒဏ်ရာနှင့် လဲနေသော သူခိုးကို အလွယ်တကူပင် ဖမ်းမိလျက်ကြသည်။ သူ့နံဘေးမှာ ကား ဝက် အူ လှည့် တချောင်း၊ လက် နှိပ် ဓာတ် မီး

တလက်၊လက်အိပ်တစုံနှင့်ခြောက်
လုံးပြူး တလက်။ ထို သူခိုး က
'ဘားနတ်ဝဲလ်ချ်'

'ဘားနတ်ဝဲလ်ချ်' ကြီး ပြင်း
လာရသည့်ပတ်ဝင်းကျင်ကသည်း
ရှေခံ မြေခံ ကောင်း။ သူ့အဖေ
က အရက်သမား၊ ကစားသမား။
အမေကလည်း ဖာသိဖာသာ အ
ထီးကျန် နေဘတ်သူ။ထို့ကြောင့်
ဘားနတ်မှာ ငယ်ငယ်ကတည်း
က စည်းစနစ်တကြီး အဆုံးအမ
အ ကွပ် အညှပ် မခံခဲ့ရ၊ သို့ဖြင့်
အသက် ရှစ်နှစ်ရွယ်ကစ၍ ထရပ်
ကား ကြီး များ ပေါ်မှ ကုန် စည်
စလှယ်များကို ခိုးတတ်လာသည်။

'ကျွန်တော်က စာမဖတ်တတ်
ခင်ကတည်းက ဘယ်ပစ္စည်းဟာ
တန်ဖိုးရှိတယ် မရှိဘူး၊ဆိုတာ ခွဲ
ခြားတတ်တဲ့ ဆဋ္ဌအာရုံကို ရပြီး
သားဗျ'

'ဘားနတ်'က ထိုသို့ပင် ဂုဏ်
ယူစွာ ပြောပြတတ်၏။ အသက်
(၁၆)နှစ်တွင် ကျောင်းကထွက်
ပြီး ဖျော်တို့၊ကြွက်ကတိုးတို့ကို လိုက်
ရှာပြီး ဖျော်မွေးရောင်းသောအလုပ်
ကို လုပ်သည်။ ရိုးရိုးသားသား
ရှာဖွေ ရရှိသောငွေဖြင့် ကားဝယ်
သည်။ ဆိုကားမှာ မတော်တဆ

တိုက်ခိုက်မှုဖြစ်၍ အာမခံကုမ္ပ
ထံ လျော်ကြေးခေါ်လာ ၂
တောင်းရာ မရခဲ့၊ နောက်အ
နှစ်ဆယ် ကြာသောအခါ ဖော
ထွင်းမှု ရာပေါင်းများစွာကို
ကျူးလွန်ခဲ့သည်။

'ကျွန်တော်က လူတွေကို ဒု
ပေးတာ မဟုတ်ဘူးဗျ၊ အာ
ကုမ္ပဏီတွေကို လက်စား ချေ
တာ' ဟု သူက ပြော ကော
ပြောမည်။ ၁၉၆၂ ခုနှစ်က
တော့ ရာဇဝတ်မှုများကို ဆ
တိုက် ကျူးလွန်ခဲ့၏။ ၁၉၆၅ခု
တွင် ပထမ အကြိမ် အဖမ်း
သည်။ ထောင် ထဲ လေး
သောက် နေလိုက်ရ၏၊ ထေ
ထဲမှာ ဈေးဟောင်းအဖိုးတန်ဒဂ
များ၊ တန် ဖိုး မ ဖြတ် နိုင် သော
ကျောက်မျက် ရတနာများ၊
ဟောင်း ပစ္စည်းများနှင့်ပတ်သ
သောစာအုပ်များကို တစ္စူးတစိုက်
လေ့လာခဲ့သည်။ နောင် တ
ထေ င်ကလွတ်ယင်တော့အသေ
အဖွဲ့ပစ္စည်းလောက်နဲ့ ထောင်
မခံတော့ရန် ဆုံးဖြတ်လိုက်ပ
တူသည်။ဟုတ်လည်းဟုတ်သ
ဒီတခါ ထောင် က လွတ် တေ
ဘားနတ်သည် 'အချိကောင်း

တွေကိုသာ အပိုင်ကြံတော့သည်။

'မိုက်ကယ် ဟယ်ဘာစတမ်'
ကတော့ အခြေကောင်းမှာ မွေး
ဖွား ခဲ့ရသည်။ သူ့ အ ဖေ က
သ မား တော် ကြီး။ သူ့ ညီ က
သတင်းစာပညာ မူ လစ်မာ ဆုရ
သတင်းစာ ပညာရှင်ကြီး၊ မိုက်
ကယ်မှာ ငယ် ငယ် က တည်း က
စာကြိုးစားသည်။ သူက စာရေး
ဆရာ သိပ်ဖြစ်ချင်သည်။သို့သော်
သူ့အဖေ နှလုံးရောဂါနှင့် ဆုံး
သွား သော အ ခါ ဘဝ လမ်း
ကြောင်း တဆစ်ချိုးပြောင်းသွား
၏။

အဖေ့လို နှ လုံး ရောဂါ ရှင်တွေ
မသေသင့်တာ မ သေ ရ အောင်
ကုသပေးဖို့ နှလုံးရောဂါအထူး
ကု ဆရာဝန်ဖြစ်လာရန် စိတ်ပိုင်း
ဖြတ်ခဲ့သည်။ ထို့ကြောင့် ဆေး
ကျောင်း ပြောင်းတက်ခဲ့သည်။

တ ကယ် တော့ သူ တို့ နှစ်
ယောက်လုံး ငယ်ငယ်ကတည်းက
ရည်မှန်းချက် ကြီးသူများချည်းဖြစ်
သည်။တယောက်ကသမားတော်
ကြီးဖြစ်ရန်။ တယောက်ကတော့
ငယ်ငယ်ကနှိုးခဲ့၊ချာခဲ့သမျှ အတိုး
ချ ဇိမ်ခံဖို့အတွက် ပစ္စည်းဥစ္စာကို
မရ အရဖြစ်သည့်နည်းနှင့် ရှာရန်။

'ဘားနတ်ဝဲလ်ချ်'မှာ ထောင်
က ထွက်ပြီး ကတည်း က အချိ
ကောင်းကြီးများကိုသာ အပွကြံ
ခဲ့ရာ ရုတ်ချည်းပင် ချမ်းသာလာ
ခဲ့၏။ ၁၉၇၁ ခုနှစ်တွင် နယူး
ယောက် စုံထောက်တွေက သူ့ကို
ဖမ်းမိ သည်။ သို့ သော် သူ က
ထောင်ဖောက် ပြေးခဲ့ပြန်သည်။

'သူ့ကိုဖမ်းရတာက တခွေ
လိုက်ဖမ်းရသလိုပဲဗျ။အတော့်ကို
မလွယ်ဘူး'

သူ့ နောက် ကို ခြောက် နှစ်
တိုင်တိုင် နောက်ယောင်ခံ လိုက်
ဖမ်းခဲ့ရသူ ရဲအရာရှိတဦးက စိတ်
ပျက်လက်ပျက် ပြောဘူးသည်။

'မိုက်ကယ် ဘာစတမ်' မှာ
သူ့ရည်ရွယ်ချက်အတိုင်း ဆရာ
ဝန် ဖြစ်လာသည်။ ဆ ရာ ဝန်
တောင်မှ ရိုးရိုးဆရာဝန်မဟုတ်။
အမ်ဒီဘွဲ့ရ ပညာပါရဂူ။ နှလုံး
ရောဂါဆိုင်ရာပညာရှင်။

'ကျွန်တော်ကတော့ သာမန်
လူတွေနဲ့ပဲ အနေများပါတယ်။
သူတို့ရဲ့ဘဝတွေကြားမှာ မြှုပ်နှံ
ပြီး၊သူတို့ရဲ့ မိသားစုကျန်းမာရေး
ပြဿနာတွေကို နားထောင်ယင်း
ဖြေရှင်းပေးတဲ့အလုပ်နဲ့ပဲ အချိန်
ကုန်တတ်ပါတယ်။'

ထိုသို့ပင် သတင်းထောက်တဦးအား သူပြောဖူးသည်။ "သူ့ပညာသူ ကြိုးစားမှု ဂုဏ်သတင်းမှာ ဖုံးဖိ၍မရ။ ပထမမြို့နယ်၊ နောက်တော့ တိုင်း၊ နောက်တော့ တပြည်လုံး အတိုင်းအတာအထိ၊ ဆေးပညာ ပေးစာတွေ ရေးတာကိုလည်း လူတွေကလက်ခံ အား ပေး လာ ကြ သည်။ ၁၉၇၉ "ခုနှစ်တွင် တရုပ်ပြည်သို့ လေ့လာရေးခရီး သွားသောအဖွဲ့တွင် ဆေးပညာ လေ့လာရေး အဖွဲ့ခေါင်းဆောင်အဖြစ် လိုက်ပါသွားခဲ့ရသည်။ ဟယ်ဘာစတမ် သေဆုံးခြင်း အတွက် ဘုရားသခင်ထံ ဆုမွန်ကောင်းတောင်း ပေးသော အောက်မေ့ဖွယ်ရာ အခန်း အနား သို့ လူ ပေါင်း ၂၀၀၀ တက်ရောက်ခဲ့၏။ စီဘီအက်စ် သတင်းဌာနမှ 'ဖရက်ဂရေဟမ်'ကမူ ဆို့နင့်သောလေသံဖြင့်—။

'ကျွန်တော်တို့ရဲ့ မိတ်ဆွေစာရင်းထဲက အတင်းဆွဲထုတ်ယူသွားတဲ့ ပြည်သူတွေ ကြားက အတင်းဆွဲထုတ်ယူသွားတဲ့ ရာဇဝတ်ကောင်ကိုတော့ကျွန်တော့ စေ့ စေ့ ညက် ညက် ဖြစ်အောင် အမှုန့်ချေပစ်ချင် တယ် ဗျာ' ဟု ပြောကြားခဲ့သည်။

ဝါရှင်တန် ရဲဌာနတွင်တော့ ခိုးရာပါ ပစ္စည်းပြပွဲ ကျင်းပနေသလိုပင် ထင်ရ၏။ ဒေါ်လာ (၄) သန်း (မြန်မာငွေ ၂၅သန်းခန့်)လောက် တန်မည့် အဖိုးတန်ပစ္စည်းတွေကို အစီအရီ ပြထား၏။ အ ဖောက် ထွင်း ခံ ရသူ (၄၀၀၀) လောက်မှာ ကိုယ့်ပစ္စည်းတွေ ဟုတ်မဟုတ်လာရွေးကြရ၏။

'ဒီပစ္စည်းတွေအားလုံးပေါင်းယင်တောင် ဟယ်ဘာစတမ်ရဲ့ အသက်နဲ့နှိုင်းယင် မဖြစ်လောက်ပါဘူးဗျာ'ဟု ဘားနတ်ဝဲလ်၍ နောက်ကို နှစ်နှင့်ချီ၍ လိုက်ခဲ့သူရဲအထူးစုံထောက် တစ်ဦးကပြောသည်။ 'ဘာနတ်'၏ မြေတိုက်ခန်းတွင် သေနတ်မျိုးစုံ၊ လက်ထိပ်တွေ၊ ရွှေ နှင့် ငွေတွေကို အရည်ကျိုပြီး ရွှေချောင်း၊ ငွေချောင်းအဖြစ် ပုံလောင်းသော မီးဖိုကြီးတွေ တွေ့ရှိရမည်။ သိသည့် တပတ်တခါ တနင်္ဂနွေနေ့တိုင်း ခိုးရာပါ ရွှေတွေ၊ ငွေတွေကို အရည်ကျိုတတ်သည်။




☆ လှကေရီ ဆမာမလေး အသတ်ခံရသည့် အမှု။

☆ သဲလွန်စ မကျန်ခဲ့။

☆ ရေးလက်စဗိုင်ယာရီမှာ စားပွဲပေါ်တွင် ရှိနေသည်။

☆ အသတ်ခံရသည့်ညဉ့်က သူမနဲ့တွဲနေသူမှာ ဆမာလူချော ကိုကိုလေး။

☆ တရားခံ ဖြစ်ဖွယ် ရှိသည်ဟု ခြေရာ ထင်နေသူ နောက်တယောက်မှာ ဆေးမာရာဇာ ဦးဘကောင်း၊

☆ ဖိနပ် အရုံပေါင်း များစွာနဲ့ လူတယောက်တည်း၊ မျက်စိလျင်သော ရဲအရာရှိကြောင့် သိန်းကြီး ကျော်ကြီးစိမ်းအမှု ပေါ်လာသည်။

☆ တကယ့်လူသတ်တရားခံက ကိုကိုလေးနှင့်ဦးဘကောင်းတို့ မဟုတ်။

# ကျော်မြသန်း

## ဒုံစရိုက်နောက်ကွယ်မှ

☆ ဘယ်မှာဖြစ်ခဲ့သလဲ။

☆ တရားခံဘယ်သူလဲ။

☆ ထူးဆန်းသောတရားခံ၏ စိတ္တဇဆန်သည့် အဖြစ်အပျက်။

ဇန်နဝါရီလဆန်း ထွက်မည်။

လွင်လွင်စာပေ

အမှတ် ၅၄၊ ၁၂၃-လမ်း၊

ကန်တော်ကလေး၊ ရန်ကုန်။

စာမူခွင့်ပြု-၅၇၃

ဘုန်းနတ်ဝဲတ်ချိကာ ထောင်ထဲကနေပြီး ဤသို့ ကြားဖြစ်အောင် ကြားပြောသေးသည်။ ထိုနောက်ဆက်ပြီး— 'တခါ မဟုတ် တခါတော့ကျွန်တော်အဖမ်းခံရမယ်ဆိုတာသိပါတယ်။ ဘယ့် နှယ့်ဗျာ ကျွန်တော်က တယောက်တည်း ပုလိပ်တွေက သန်းနဲ့ချီပြီး ရှိနေတာ။ နောက်ပြီး သူတို့ဘက်မှာက ကွန်ပြူတာတွေ ဘာတွေညာတွေကလည်းအစုံအစုံ ဒါပေမယ့် တခြား သူခိုးတွေလို ကျွန်တော် ခဏခဏ အဖမ်းမခံရတဲ့ အချက်တချက်တော့ရှိတယ်။ ဒီပြင် သူခိုးတွေမှာ မကောင်းတဲ့ အကျင့် တခု မဟုတ် တခုတော့ ရှိတတ်တယ်။ မူးယစ်ဆေးဝါးစွဲချင်စွဲ၊ ခဲ့ယင် လောင်းကစားစွဲ၊ တခုခုပေါ့။ ကျွန်တော်ကတော့ ဒါမျိုးတွေကင်းတယ်။ ကျွန်တော့်မှာ မကောင်းတဲ့ အကျင့်ဆိုလို့ တခုပဲရှိတယ်။ အဲဒါကတော့ ခိုးတတ်တာလေးတခုပေါ့ဗျာ'

'ဘုန်းနတ်ဝဲလ်ချို'မှာ ယ်ခုလူသတ်မှုတွင် အပြစ်မရှိကြောင်း ထုချေ လျှောက်လဲမည်ဖြစ်သည်။ သူက ရှေ့နေအကျော် အမော်

ကြီးများကိုလည်း ငှားရမ်း
ပြီးဖြစ်၏။ သူသည် တစ်
သော ဝမ်းနည်းကြေကွဲမှု
ကိုတော့ ခံစားနေရပုံပေါ်သ

'လွန်ခဲ့တဲ့ ခြောက်နှစ်လုံး
ကျွန်တော် အချမ်းသာဆုံး
ခဲ့ပါတယ်။ ကျွန်တော် ငယ်
က ဆင်းဆင်းရဲရဲ ချို့ချို့တဲ့
နေရတာကို ပြန် အစား ထိုး
အနေနဲ့ ကြီးလာယင် ချမ်း
သာသာ နေနိုင် ရခစ့မယ်
ကျွန်တော် ဆုံးဖြတ်ခဲ့ပါတ
ဒီရည်မှန်းချက်အတိုင်း ကျွန်
ဖြစ်မြောက်ခဲ့တယ်။ အစစ
ရာ ပြည့်ပြည့်စုံစုံ။ ဟုတ်
ကျွန်တော်လဲ ပြည့်ပြည့်စုံစုံ
လည်း ပြည့်ပြည့်စုံစုံပါပဲ။ ဒ
မဲ့ ခုတော့ သူကသေပြီ။
တော်ကတော့ ထောင်ထဲမှာ။
တွေကပြောတော့ ကျွန်တော်
သူ့ဘဝကို ဖျက်ဆီးလိုက်တ
တကယ်တော့ ဘဝကို ဖျက်
လိုက်တာပါဗျာ'

ဘုန်းနတ်ကတော့ ထိုသို့
တတွတ်တွတ် ရေရွတ်နေဆဲ

☆ ဟိန်းလ



# တရားခံလု

**မောင်ဝင်း ( ရဲအရာရှိဟောင်း )**

ရာဇဝတ်ပြစ်မှု တခုခုတွင် ပါဝင်သည့် တရားခံ အစစ်အမှန်တို့မှာ ၎င်းတို့၏ ဂုဏ်သိက္ခာကို ထိခိုက် မည် စိုး၍ သော်၎င်း၊ သတင်းစာများတွင် အမည်နာမနှင့် ပါခဲ့ပါက အရှက်တကွဲ အကျိုးနဲ့ဖြစ်မည်ကို စိုး၍၎င်း သူတို့ကိုယ်စား ငွေကြေးပေး၍ တရားခံ အငှားထည့်ကြသည်ကို တွေ့ခဲ့ဘူးပါသည်။

ဤကဲ့သို့ တရားခံ အငှားထည့်သူများမှာ ငွေကြေးတတ်နိုင်ခြင်းကြောင့် လောင်းကစားဝိုင်းများတွင်ပါဝင်လောင်းကစားခဲ့ကြစဉ် အဖမ်းအဆီးခံကြရသည့်အခါ အခြားဆင်းရဲ နွမ်းပါးပြီး ငွေကြေးချို့တဲ့သူကို ၎င်းတို့ကိုယ်စား တရားရုံးတွင် တရားခံအဖြစ် လူစားငှားထဲ့ကြသည်လည်း ရှိသည်၊ ဤသို့ တရားခံ အငှားထဲ့ရာတွင် တရားသူကြီးက ဒဏ်ငွေလောက်သာ တတ်ရိုက်ပါက တရားခံ အစစ်က ဒဏ်ငွေကို ပေးဆောင်ပြီး တရားခံအတုကသူ့အတွက် ငွေကြေးအနည်းငယ်ရလျက် ပြီးဆုံးသွားသည့် အမှုများလည်း ရှိခဲ့ပါသည်။

တခါတရံတွင်မူ တရားခံအတုကို ငွေဒဏ်သာမက ထောင်ဒဏ် အပြစ် ပေး လိုက် ခဲ့သော် တရားခံအတု (ဝါ) အငှားတရားခံမှာ မခံမရပ်နိုင်ဖြစ်လျက် ရုံး

ခေတ်တွင် ပူညံပူညံ ဖြစ်ပါလေ တော့သည်။

ယခု တင်ပြမည့် တရားခံတု အဖြစ်အပျက်မှာ စစ်ကြီးခေတ်က စာရေးသူ တောင်ငူမီးရထားရဲဌာ နတွင် အမှုထမ်းခဲ့စဉ်က တွေ့ကြုံ ခဲ့ရသော တကယ့်ဖြစ်ရပ်တခုဖြစ် သည်။

မီးရထား လက်မှတ်မဲ့ စီးသူ အား လက်မှတ်စစ်ကဖမ်းမိလျှင် ၎င်းအား မီးရထားဘူတာတွင်းရှိ လက်မှတ်ရောင်းသူထံ အပ်နှံ လျက် လက်မှတ်စစ်၏ မှတ်စုစာ အုပ်တွင် လက်မှတ်မဲ့ စီးသူအား လက်ခံ ရရှိကြောင်း လက်မှတ် ရောင်းက လက်မှတ်ထိုးလိုက်ရ သည်။ လက်မှတ်ရောင်းမှတဆင့် မီးရထား ဘူတာတွင် တာဝန်ကျ ရဲသားလက်သို့ အပ်ရသည်။

ဤသို့ အပ်ရာတွင်လည်း တီဒီ ဖေါင်းခေါ် ပုံစံတွင် တရားခံ၏ အမည် အဘအမည်တို့ ဖြည့်သွင်း ပြီး တာဝန်ကျ ရဲသားလက်သို့ လွှဲအပ်လိုက်သည်ရဲသားကလည်း လက်မှတ်ရောင်း၏ လက်ခံ တီဒီ ဖေါင်းပေါ်၌ တရားခံ လက်ခံရ ရှိကြောင်းလက်မှတ်ထိုးခဲ့ရသည်၊ ရဲသားနှင့်အတူ တီဒီဖေါင်းဖြတ် ပိုင်းတခုလည်း ပေးလိုက်သည်။

မီးရထားဘူတာ၌ တာဝန်ကျ ရဲသားတို့မှာ တဦးလျှင်(၄)နာရီ ကျ တာဝန်ယူရသည်။ ၎င်းတို့ တာဝန်ကျချိန်၌ ၎င်း တို့ အား လည်း လက်ထိပ်တစုံအမြဲ ပေး ထားသည်၊ အကယ်၍ လက်မှတ် မဲ့ တရားခံ လက်မှတ်ရောင်းက လွှဲအပ်ပေးက ချက်ခြင်းလက်ထိပ် ခတ်၍ရဲဌာနသို့ ခေါ်ဆောင်လာ ပြီးရဲစာရေးအား လွှဲအပ်က အမှု ဖွင့်ပြီး နယ်အချုပ်သို့ အစောင့်ရဲ များနှင့် ပို့လိုက်ရသည်၊ နောက် တနေ့ ရုံးသို့ ရွဲချက်ပြုလုပ်တင်ရ သည်၊ ဤသည်မှာ လက်မှတ်မဲ့ တရားခံ ဖမ်းဆီးပေးအပ်က လုပ် ရိုးလုပ်စဉ်။

ထိုစဉ်က တောင်ငူမီးရထား ရဲဌာနတွင် ချစ်အောင်ဆိုသူ ရဲ သားတယောက်ရှိ၏၊ ထိုနေ့က ၎င်း ရဲ သား ၏ တာ ဝန် မှာ ည(၁၀)နာရီမှ(၂) နာရီအထိ ဖြစ်သည်၊ ညတစ်နာရီလောက် တွင် မီးရထားတစီး ဝင်လာပြီး ၎င်းထေးနှင့် လိုက်ပါလာခဲ့ သည့် ရထားလိုက် လက်မှတ်စစ် (တီတီအီး)က လက်မှတ်မဲ့ စီး လာသည့် သူ ငယ် က လေး



တယောက် အသက် အားဖြင့် ၁၂ နှစ်မျှရှိသူကို ဖမ်းဆီးလာပြီး လက်မှတ်ရောင်းလက်သို့ အပ်ခဲ့ သည်။

လက် မှတ် ရောင်း က လည်း ၎င်းရဲသား ချစ်အောင်လက်သို့ ထုံးစံအတိုင်း တီဒီဖေါင်းတွင် လက်မှတ်ထိုးစေ၍ အပ်လိုက် သည်တွင် ရဲသား ချစ်အောင်က တရားခံမှာငယ်ရွယ်သူတယောက် ဖြစ်၍ လက်ထိပ်မခတ်ပဲ လက်ကို ကိုင်ပြီး ခေါ်သွားတော့သည်။

တောင်ငူဘူတာမှ မီးရထား ရဲဌာနသို့ သွားရန်မှာ သံလမ်း များကို ဖြတ်ကျော်ခေါ်ဆောင်မှ ဖြစ်၏။ သံလမ်းများပေါ်တွင် လည်း ကုံတွဲများ၊ လူစီးတွဲများ ရပ်နားထားသည်မှာ အမြဲလိုပင် ညမှောင်မှောင် တွဲကြားမှ ဖြတ် သန်းသွားလာရသည်မှာ မလွယ် ကူလှ၊ ဤတွင် ရထားတွဲနှစ်တွဲ ခနဲ့ ကျော် ဖြတ်ပြီး နောက် ဖမ်းလာခဲ့သည့် တရားခံချာတိတ် မှာ ရဲသား ချစ်အောင် အလစ် ထွက် ပြေး ပါ လေ တော့ သည်၊ တရားခံမှာ လူငယ်ကလေးဖြစ်ပြီး ရဲသား ချစ်အောင်မှာ အသက်က သည်းကြီး ယူနီဖေါင်း ဝတ်စုံ ဝတ်ထားရသဖြင့် ဘွတ်ဖိနပ်ကြီး နှင့်မည်သို့မျှ လိုက်၍မမှီ၊ ဖမ်းလို့ မရ။

ဤတွင် ချစ်အောင်တယောက် ခေါင်း မီးလောင်လေတော့သည်၊ ကြံရာမရသည့်အဆုံး ရဲစာရေး ကြီး ဦးသက်ထွန်း အိမ် သွား ၍ နှိုးရပါတော့သည်။

‘စာရေးကြီး—စာရေးကြီး-ထ ပါဦး အရေးကိစ္စပေါ်နေလို့’

‘ဘာ ဘာများ အရေးကြီး လာရပြန်တာလဲ ချစ်အောင်ရာ’

‘လက်မှတ်မဲ့တရားခံ’ ၊

ချစ်အောင်စကားမှမဆုံးမှီ

‘အေးလက်မှတ်မဲ့ တရားခံ များကွာ ဂါတ်တဲက စောင့်နေ ပေါ့၊ ငါလာခဲ့မယ်’

‘မဟုတ်ဘူး စာရေးကြီးရ တရားခံ ထွက်ပြေးလို့’

‘ဟေ-မင်းဖြစ်လာမှဖြင့် အရှုပ် နဲ့ ကြောင်းကြောင်းချည့်ဘဲ’

ပြောပြောဆိုဆို စာရေးကြီး ဦးသက်ထွန်းမှာ အိမ်ထဲ ထွန်း ထားသည့်လက်ဆွဲမီးအိမ်ကလေး လက်မှာကိုင်ယင်း တံခါးဖွင့်ထွက် လာပြီး-

‘ကဲ ပြောစမ်းပါဦး ဘယ်လို ဖြစ်လို့ တရားခံ မရှိတော့တာလဲ

မင်းတို့လက်ထိပ်လဲ ထုတ်ပေး ထားတယ် မဟုတ်လား’

‘တရားခံကာ ၁၂ နှစ်လောက် ရှိသေးတဲ့ချာတိတ်ဆိုတော့ ကျွန်တော်လဲ လက်ထိပ်မခတ်ဘဲ ဒီ အတိုင်းခေါ်လာတာ မီးရထား တွဲ ထွေ ကြား ရောက် တော့ အမှောင်ထဲမှာ ထွက်ပြေးသွားတာပါ’

‘မင်းတော့ အလုပ် ပြုတ် ထောင်ကျတော့မှာဘဲ လာလာ ခေါ်တဲသွားကြမယ်’

ပြောပြောဆိုဆို ရဲစာရေးကြီး ဦးသက်ထွန်းမှာ လက်ဆွဲမီးအိမ် ကလေး လက်မှာကိုင်ပြီး ရဲဌာနသို့ ချစ်အောင်နှင့် ထွက်လာခဲ့ကြသည်။

ရဲဌာနရောက်သော် ဦးသက်ထွန်းက သူ့စားပွဲမှာ ထိုင်လျက် ချစ်အောင်အတွက် အကြံထုတ်ပြီး—

‘ဘယ်မှာလဲ တီဒီဖေါင်း ပြစမ်း’

ချစ်အောင်က လက်ထဲမှ တီဒီ ပုံစံ ပေးလိုက်ရာ ဦးသက်ထွန်းက ဖတ်ကြည့်ပြီး

‘အင်းတရားခံ နာမယ် က သန်းညွန့် အဖေနာမယ် ဦးလှစိန် အသက် ၁၂ နှစ်’

ဤသို့ တီဒီ ပုံစံ ဖတ် ကြည့် အနည်းငယ် စဉ်းစားလိုက်ပြီး

‘ဗိအက်စ် အို နိုး လာ လို့ သိသွားယင် မင်းမလွယ်ဘူး၊အလုပ်လဲပြုတ် ထောင်လဲကျနိုင်တယ်’

ပြောမည်ဆိုလဲ ပြောလောက်ပါ၏၊ ထိုစဉ်က ဌာနာအုပ်မှာ ဦးလှထွေးဆိုသူဖြစ်ပြီး ငယ်သားများ အပြစ်တစုံတရာဖြစ်လာပြီဆိုမှဖြင့် သေးတဲ့အမှု ကြီးအောင်၊ ကြီးတဲ့အမှု ကြီးသည်ထက်ကြီးအောင် လိုင်စင်ပေါ်တ်ပုံကို ၁၂ လက်မ ဖြစ်အောင် ပုံကြီးချဲ့ပြီး အရေးယူတတ်သူ မြူရိုကရက် အရာရှိဆိုး တယောက်ဖြစ်သည်။

ဤသည်ကို သိသော ဌာနာ စာရေးကြီး ဦး သက် ထွန်း က အောင်ချစ်အတွက် ဂရုဏာသက် မိသည်မို့ တဖက်တလမ်းမှ ရိုင်းပင်းကူညီသည့် အနေနှင့် အကြံဉာဏ်ထုတ်နေခြင်း ဖြစ်သည်၊ ပြီးနောက်-

‘ကဲ ချစ်အောင် ဘူတာထဲက ထမင်းရောင်းတဲ့ ဦးအေးမောင်နဲ့ သူ့သားမဲလုံးသွားခေါ်စမ်း၊ ဒီ အချိန်တော့ ညရထားတွေ လာ



ဦးအေးမောင် အိပ်ဦး တပါဘူး၊ အဲ-မဲလုံးက တလေးမို့ အိပ်ချင်အိပ် ပေမယ့်ကွာ ငါကခေါ် လို့ပြော ကိစ္စရှိလို့လို့ ခေါ်ခဲ့ပေါ့’

တွင် ချစ်အောင်တယောက် က်သို့ သုတ်ခြေတင်ရ ၏၊ မီးရထားဘူတာရုံ စားအသောက် ရောင်းချ နှင့် မီးရထား ပုလိပ်တို့ မကင်းရာ မကင်း များ ဖြစ်ကြသည်၊ အပြန် အကူအညီများပေးနေကြ ဖြစ်သဖြင့် ချစ်အောင် ဦးအေးမောင်နှင့်သား ရဲဌာနသို့ ရောက်လာ သည်၊ ဤတွင် စာရေး ဦး သက်ထွန်းကပင် စ၍— ဦးအေးမောင်ရေ ထုံး အချိန်မတော်ကြီး ခေါ်ရ အားတော့ နာပါတယ်၊ ယ့်လို့ အခုကိစ္စမှာတော့ မောင်မှ မ ကူ ညီ ယင် ချစ်အောင်တယောက် ပြုတ် ထောင်ကျ ဖြစ်ရ ယ်၊ သူ့မှာကလဲကလေး တဖြုံကြီးနဲ့ သူထောင်ကျ တာထက် သူ့မယားနဲ့ကလေး တွေ ဒုက္ခ ရောက် ကုန် ကြမှာမ ကြည့်ရက်နိုင်လို့ ကျွန်တော့မှာ ကူညီနေရတာပါ၊’

ဦးအေးမောင်တို့ သားအဖ မှာ ဦးသက်ထွန်းပြောသမျှ နားစိုက်ထောင်နေပြီး

‘ဆိုပါ ဆရာလိုရင်းသာပြောပါ ကျွန်တော် ဘာကို ကူညီရမှာလဲ ငွေလိုနေလို့လား၊ ရပါတယ် ကျွန်တော်ပေးပါမယ်’

‘မဟုတ်ပါဘူး ဦးအေးမောင်ရေ—ချစ်အောင်လက်ထဲက လက်မှတ်မဲ့ တရားခံ ထွက် ပြေးလို့ အဲဒါ ပြေးတဲ့ တရားခံက မဲလုံးတို့ အရွယ်ပဲ၊ ၁၂ နှစ် ဆိုတော့ မဲလုံးကို ခဏ အစား ထိုးပေးပါ လို့ ပြောချင်လို့ပါ’

‘ရပါတယ်ဆရာ၊ ဒါလောက်က အကြောင်း မ ဟုတ် ပါဘူး။ ဒီတော့ ကျွန်တော်က ဘာလုပ်ပေးရမှာလဲ’

‘မဲလုံးကို မနက်ဖြန်ခါ ချစ်အောင်နဲ့ တရားရုံး လိုက်သွား တရားသူကြီးကမေးယင် နာမည် သန်းညွန့်လို့ပြော၊ အဖေနာမည် မေးယင် ဦး လှ စိန် လို့ ပြော၊ ဘယ်ကလာသလဲဆိုပျဉ်းမနားက

စီးလာတာ၊ အိမ်ကထွက်ပြေးလာလို့ ပိုက်ဆံမရှိတာနဲ့ လက်မှတ်ခိုးစီးရတာပါလို့ ပြော၊ ရုံးရောက်လို့ တရားသူကြီး ရှေ့ ဝင်ခါနီးမယ် ချစ်အောင်ကလဲ နဲနဲထပ်ပြီး သတိပေးသင်လိုက်ဦး’

စသည်ဖြင့် အပြည့် အစုံကို ဦးအေးမောင်တို့ သား အဖနှင့် ချစ်အောင်တို့ကို မှာကြားပြီး စာရေးကြီးမှာ သူ့ လုပ်ဆောင်စရာရှိသည်တို့ကို ဆက်လက်လုပ်ကိုင်နေပါတော့သည်။ တရားခံ လက်ပုံစံယူခြင်း၊ ပထမ သတင်းချက်ရေးဖွင့်ခြင်းနှင့် တရားခံကိုအာမခံပေးခြင်း၊ နောက်နေ့စွဲချက်တင်ရန် စွဲချက်ပုံစံများ ရေးသွင်းဖြည့်စွက်ခြင်းဖြင့် အလုပ်မှာ (၂) နာရီလောက်မှပြီးသွားပါတော့သည်။ ဆောင် ရွက် ဖွယ် များ ပြီးလျှင် ချစ်အောင်အား-

‘မင်း မ နက် ဖြန်ကျ ရုံးလိုက်သွား၊ တရားသူကြီးက ဒဏ်ရိုက်ယင် မင်းဆောင်လိုက်ပြီး ကောင်ကလေးလဲ မုန့်ဖိုးပဲဖိုး ငွေ ၅ ကျပ်လောက်တော့ ပေးလိုက်ဦး’

‘ဟုတ်ကဲ့၊ ကျွန်တော် စာရေးကြီး ပြောပြတဲ့ အစီအစဉ်အတိုင်း လုပ်ပါမယ်’

ည (၂)နာရီ ထိုးလေ
ချစ်အောင်နှင့် လဲရမည့် 
ကုလားလူမျိုး ရောက်လာ
ကုလားလူမျိုး ရဲသားက 
တွင် အထွက်ရေးပြီးချစ်အော
အဝင်ရေးလိုက်ခါ မိမိနေအိ
ပြန်လာခဲ့သည်။

‘မိန်းမရေ ထစမ်းပါဦး
ငါ့မှာတော့ ဒုက္ခ ကြုံလာရပြီ

ဇနီးသည်မှာ အိပ်မှု
ဖြင့် ထပြီး တံခါး ဖွင့်ပေးလ

‘ဘာများလဲသော်၊ ရ
ပန်းတုန် ဖြစ်လိုက်ဘာ၊ ဘာ
လာလို့တုန်း’

‘ဟ- ငါ့လက်ထဲက တ
ထွက်ပြေးလို့ဟ၊ ဘယ်သူမ
ပါစေနဲ့’


‘ဒီလိုဆို ဘယ်လို လုပ်
ဖြစ်သမျှလုပ်ခဲ့သမျှအကြေ
စုံကို ချစ်အောင်ကရှင်းပြပြီး

‘ဒါထက် မင့်ဆီမှာ ပိ
ဘယ်လောက်ရှိသလဲ’

‘ဘယ်ရှိပါ့မလဲ၊ မနက်
သင် ဦးမြမိန်းမဆီက ချေး
ငွေ ငါး ကျပ် က ခု တ
လောက်ပဲကျန်တယ်၊ ဒါက


စာမျက်နှာ (၁၉၃)

# သံသယအကျိုး



ပြစ်မှုတခုကိုစစ်ဆေးရာတွင် တဘက်တွင် စွပ်စွဲခံရသူအနေဖြင့် ထိုပြစ်မှုကို ကျူးလွန်ကြောင်း ယူဆနိုင်သလို အခြားတဘက်တွင်သည်း ထိုပြစ်မှုကိုမကျူးလွန်ဟု မှတ်ယူနိုင်သော အထောက်အထားများ တွေ့ရှိပါက တရားစီရင်ရေးအဖွဲ့သည် စွပ်စွဲခံရသူက ပြစ်မှုကိုကျူးလွန်ခြင်း ရှိ-မရှိ ဆုံးဖြတ်ရန် ဒွိဟ သံသယ ပေါ်ပေါက်သည်ဟု ဆိုရပါမည်။ သက်သေ အထောက်အထားများကို ယထာဘူတကျကျ လေ့လာသုံးသပ်ရာတွင် ထိုသို့ ဒွိဟသံသယပေါ်ပေါက်လာပါက ထိုသံသယအကျိုးကို တရားခံအား ပေးရပါသည်။ ဒွိဟသံသယ ပေါ်ပေါက်ပါလျက် ဆန္ဒစွဲဖြင့် အပြစ်ပေးခြင်းမပြုရပါ။ သို့သော် သံသယအကျိုးဆိုသည့် စကားရပ်ကို ပုံသေကားကျ မှတ်ယူခြင်းမပြုပဲ အမှုများကို စစ်ဆေးစီရင်ရသောတရားရုံးများအနေနှင့် အမှန်တရားကို အစွမ်းကုန် ဖော်ထုတ်၍ ထို အမှန်တရားပေါ်တွင် အခြေပြုကာ ဆုံးဖြတ်စီရင်ရန်အရေးကြီးပါသည်။

(၁၉၆၆၊ မ တ စ အထူး၊ ၅၇)



...န်တော်တို့ ငယ်စဉ်က တော
...ကလေးမှာဖြစ်၏။
မြင်းလှည်း ဆရာ ကိုပါကြီး
...ညှင်တမြို့လုံး မသိသူရှားသည်။
...က ငယ်၏။ ကိုပါကြီး၏ လုပ်
...က ပေါ်လွင်ထင်ရှား၏။ ဖြစ်ပြီ
...ချှင် ထင်း ကန် လင်း ကန်။
...ကြောင့်လည်း မြင်းလှည်း
...ကြီးကို မြို့ကသိကြခြင်း ဖြစ်
...သည်။

ကိုပါကြီးနှင့်မြင်းလှည်း၊ မြင်း
...ည်းနှင့် ကိုပါကြီး သည် ခွဲ၍
...ကောင်း။

...င်စစ်တော့ ကိုပါကြီးသည်
... မြင်းလှည်းတစီး၊ မြင်း နှစ်
...င်နှင့် ဝမ်းစာ ရှာဖွေ စား
...က်နေထိုင်သူသာဖြစ်၏။သူ့
... သက်ထက် ကတည်းကပင်
...လှည်းထောင်ကြသူများ ဖြစ်
...သာကြောင့်ကိုပါကြီးမှာမြင်း
...ကျသည်။ မြင်းချော မြင်း
...ကိုမှ ကိုင် တတ် သူ ဖြစ် ၏။
...ကလည်း ကြော့နေသည်။
...မှ မြင်းလှည်းချင်းယှဉ်လျှင်
...ကြီးကို အံတုနိုင်သူမရှိ။
...သားတူ ကိုပါကြီး၏ ရုပ်
...ကလည်း ကြော့၍ နေလေ
...ည်၊ သူသည် လူပျိုကြီးဖြစ်၏။

**ဒီမှာ ဦးသာလူ ....**

**မိန်းကလေး ဒီခြံထဲမှာ ရှိနေ**

**တယ်ဆိုလို့ လာခေါ်တာ...၊**

**ကောင်စီကော ရဲပါ ပါတယ်၊**

**ခင်ဗျား**

**ရှေ့က ဖယ်ပေးပါ။**

မိတ်ဆွေပြန်မပြင်အိုကြီးကို ပြုစု လုပ်ကျွေးနေသူ ဖြစ်ရာ သည် မိခင် တသက် ချွေးမနှင့်မတည့်မည်စိုး၍ အိမ်ထောင် မပြုဟု ဆုံးဖြတ်ထားသူ ဖြစ်လေသည်။

ထိုစဉ်ကဂျပန်ခေတ်ဖြစ်သည်။

ကိုပါကြီး အသက်အရွယ်မှာ သုံး ဆယ် ကျော်၊ ကျွန်တော်က ဆယ့်ငါးနှစ်ရွယ် လူပျိုပေါက်။ ကိုပါကြီး၏ စွန့်စား ခန်းများက ကျွန်တော်တို့ လူပျိုပေါက်များကို သဲထိတ် ရင်ဖို ဖြစ်စေပါသည်။ တလှပ်လှပ်ဖြစ်စေသည်။

အကြောင်းကား ကို ပါ ကြီး သည် မြို့ပေါ်မှ လူပျိုကာလသားများနှင့် အပေါင်းအသင်းဆန့်သူ တယောက်ဖြစ်ရကား မကြာခဏ ကာလသားတို့ မိန်းမ ခိုးရာတွင် သူ၏မြင်းလှည်းဖြင့် ကူညီ ခိုးယူပေးလေ့ ရှိသောကြောင့် ဖြစ်ပါသည်။ ဒါတွင်မကသေးပဲ ခိုးရာ လိုက်လာသူ မိန်းခလေးကို ဖက် ပေးကာ လုံ ခြုံ မှု က အစ စား သောက်နေထိုင်ရေးအထိပါလုံးဝ တာဝန်ယူပေးလေ့ ရှိလေသည်။

နောက်ဆုံးနှစ်ဖက်မိဘများက ကျေနပ်ခွင့်ပြု၍ ပြန်အပ်ကြပြီ ဆိုတော့လည်း ကို ပါ ကြီး၏ မြင်းလှည်းနှင့်ပင်ပြန်၍ လာကြသည်။ ငွေကြေးတတ်နိုင်သဖြင့် မင်္ဂလာဆောင်ကြပြီ ဆိုပြန်တော့လည်း ကိုပါကြီး၏မြင်းလှည်းမှာ မင်္ဂလာဆောင် ကြို ပို့ ယာဉ်။

ထို့ကြောင့် ညအချိန်မတော် မြင်းလှည်း ခြူသံနှင့် မြင်းခွာသံ ကြားပြီ ဆိုလျှင် မြို့ပေါ်မှ မိန်းခလေးတယောက်ယောက် ခိုးရာလိုက်သည်ဟု အတတ်သိကြစမြဲ။

ကျွန်တော်တို့ တောမြို့ကလေးမှာတော့ တဦးနှင့်တဦးကဆွေလိုမျိုးလို နေကြသည်သာ များ၏။ တချို့လည်း ဆွေမျိုး မကင်းကြချေ။ ထို့ကြောင့် တော်ရုံ တန်ရုံ မိန်းမ ခိုးခြင်း၊ လင်နောက်လိုက်ခြင်းများမှာ လူကြီး သူကြီးများ စေ့စပ် ပေးခြင်းဖြင့် ပြီးမြောက်သွားကြလေ့ရှိသည်။

ပြီးတော့ ထိုအချိန်ကတသက်လုံး နယ်ချဲ့ အင်္ဂလိပ်၏ လက်အောက်တွင် နေခဲ့ကြရ သဖြင့် အင်္ဂလိပ်စာမတတ်သော တောသူတောင်သားတို့မှာ တရား ရုံးပြင်ကန္တာ့ဆိုလျှင် ဝေးရာကရှောင်ကြရှားကြလေ့ရှိသည်။

သည်နောက် ဂျပန် ဖက်ဆစ်ခေတ်ဆိုပြန်တော့လည်း စစ်ကြီး

ောင်းဖြစ်၍ ကျီးလန့်စာစား ဖြစ်

ေ နေကြရလေရာ အမှုကိစ္စ

ႊသည်၊ ဥပဒေဆိုတာ ချိနဲ့

ားဟု မေးယူရမလို။

သည်နေ့ခေတ်လို နိုင်ငံတော်

ိုရကလည်း လူတိုင်း ဥပဒေ

ာသုတရှိစေရန်၊လူတိုင်း ဥပဒေ

ာသည်စေရန် စေတနာမျိုးဖြင့်

ါဆောင်ပေးချက်မျိုးမရှိသေး။

သည်တော့ မိန်းမခိုးမှု ဟူ၍

ရုံးရုံးတွေမှာ အမှုကိစ္စ တက်

ာခြင်းက နည်းပါသည်။

ဒါကြောင့်လည်း ကိုပါကြီး၏

ပ်ဆောင်ချက်များသည် ထင်း

ဲ နေသော်ငြားလည်း ဘာမှ

ြင်ခဲ့ပါ။

ဟော....ယနေ့ခေတ်ကြတော့

ဝ ဝ ဝ

ကျွန်တော့် မိတ်ဆွေကြီး ကို

ာလူသည် ကို ပါ ကြီး သေ၍

ံစားသူဟု ပြောရမလို ဖြစ်နေ

ည်။

သူလည်း ကိုပါကြီးလိုပင် လူ

ြကြီးဖြစ်၏။ အသက်လေးဆယ်

ကျော် ငါးဆယ် နီးသို့ ချဉ်းကပ်

လာပြီ ဖြစ်သည့်တိုင် မိန်းမ မယူသေးပေ။

ကိုပါကြီးက မြင်းလှည်းပိုင်၍ မြင်းလှည်းမောင်းသည်။ ကိုသာလူက ကား ငယ် က လေး ပိုင်၍ ကား မောင်း သည်။ မြင်းလှည်း သမားနှင့် ကားသမား။ဒါပဲ ကွာပါသည်။ စိတ်ဓာတ် ချင်းလည်း တူသည်။အကျင့်ချင်းလည်း တူပါသည်။ တခုတော့ ရှိ၏။ ကိုပါကြီးက တောမြို့ကလေးမှာ။ အခု ကိုသာလူက ရန်ကုန်မြို့ကြီးမှာ....။

ကိုသာလူသည် အော် စတင် အော ဖော် တီး ဆလွန်းကား ကလေး ကိုယ်ပိုင်ရှိလေရာ၊ကိုယ်တိုင် မောင်း၍ အငှားလိုက်သည်။ သူ့မှာ ကိုယ်ပိုင် အိမ်ငယ် ကလေး တလုံးလည်းရှိ၏။ရန်ကုန်မြို့လည်ခေါင်မှာ ကျူးကျော်တဲဖြင့်နေရာမှ၊ မြို့ကွက်တွေ ရိုက်ပေး နေရာချပေးပြီး ပြောင်းရွှေ့စေတော့၊ သူကလည်း တောင်ဥက္ကလာအဝင်မှာ နေရာ ရခဲ့သည်။ သူရသည့်နေရာမှာ မြေက သူများထက်ပို၍ ကျယ်၏။ အကြောင်း ကား သူများမလိုချင်သော နေရာကို ရ၍ ဖြစ်သည်။ သူ့မြေကွက်၏အဆုံးမှာ ရေအိုင် ကြီးနှင့် ဘဲ တန်နှင့်

ဝိန်းတောကြီးနှင့်ဆိုတော့ ရှောင်းဝယ် ဖောက်ကား ကြသူ များက ချောင်ကြ၍ မနေလို ကြပေ။

တကိုယ်ရေ တကာယကိုသာလူအဖို့တော့ သူ့မော်တော်ကား ဝင်စရာလမ်းရှိ၍ ထားစရာနေရာရှိလျှင်ပြီးသည်ဟု ဆိုကာ မျက်စိမှိတ်ပြီး ချောင်ထဲက နေရာကို ယူလိုက်သည်။

ဟော ခုတော့ သည်ချောင်ထဲကနေရာကပင် ချောင်ကို အသုံးချလိုသူ အဖို့ ဘူ မိနက် သံ ပါကလား။

ကို သာ လူမှာ စိတ် ကောင်း စေတနာကောင်း ရှိသူဖြစ်သည်။ ယုတ်ကမ်း ညှပ်ပတ် သော စိတ်မျိုးမရှိပါ။ တဖက်သားကို ခင်မင်တတ်၏။ခင်မင်သူများက ခိုင်းစေလျှင် တာဝန်ကို ကြေပွန်စွာ ကူညီတတ်သူ ဖြစ်သည်။ ထို့ကြောင့်လည်း ကားသမားခြင်းယှဉ်လျှင်မည် သည့် ကား က မည်မျှ ပင်ကြော့ နေအောင် ကောင်း စေကာမူ၊ ကို သာလူ ကိုပဲ စောင့်ဆိုင်း၍ ငှားရမ်း စီးနင်းကြသည် သာဖြစ်ပါသည်။

ကားသမား လောကဘွင် နှစ်ပရိစ္ဆေဒ ကြာခဲ့ပြီ ဖြစ်၍ လည်နောကေနောကို ကြေနေ လေ

ပရိုက်ဗိတ်တိုင်စီ ငှားစီးသည်ခရီးသည် လောကမှာလည်း မျိုးကစုံလာသည်။

ကျောက် သမား၊ ရွှေသမားမြသမား၊ လူလိမ်၊ ဆေးသမားမှောင်ခိုပွဲစား၊ ကာ ပွဲစား၊ စိန်စား၊ အိမ်ပွဲစား စသည်ဖြင့် အမျိုးမျိုးရှိလေရာ၊ ဘယ်သူဘခြေလှမ်းသည် ဆိုသည် ကိုလည်ကိုသာလူက ခြေမမြင်ယုံဖြင့် သိသည်ဟု ဆိုရပေမည်။

သူ့ကားကို ငှား၍ စီးနေကြဖောက်သယ်များထဲမှ တခါတကြွတ်စိုင်း ချိန်းစိုင်းဘလေးတွေသည်၊ စီးပွားရေး လုပ်ကြယင်ဒူးတင် ပေါင်တင် ရောဝင် ရာမှသံယောဇဉ်တွယ်သွားမိကြသောသူများသည် နှစ်ဦး သဘောတူနားနေရာ အဖြစ် ကိုသာလူ၏ ခြံကလေး ထဲသို့ တနေ့ လာကြသည်။ ကိုသာလူက လိုလေသေးမရှိအောင် အကူအညီပေးသည်။ ကားကြုံပို့ခ၊ ခြံတနေ့တာသုံးခအပြင် အပို ဗေါက်ဆူး ကလေး များလည်း မြက်မြက်ကလေး ရတတ်လေသည်။

သည့်ထက် ကိုသာလူမှာ သူပါး မိန်းမ ခိုးသည်ကို ကူညီပေးရန် အလွန် ဝါသနာ ထုံသူလည်း ဖြစ်ပေသည်။ ကားငှား၍ကြေးငွေရယုံသက်သက်ဖြင့် မိန်းမခိုးသည့် အော်ဒါကို လိုက်သည့်ကားသမား ဆိုလျှင် များ သောအားဖြင့် စိတ်မရှည်တတ်ကြ။

တကယ်တော့ မိန်းမခိုး သည့်ကိစ္စဆိုသည်မှာ လွယ် မယောင်နှင့်ခက်သလို၊ ခက်မယောင် နှင့်လည်း လွယ်ချင် လွယ်တတ် ပေသည်။

မိန်းမခိုးသည်ဆိုခြင်းမှာ၊ မိန်းမ ဘက်မှ မိဘထက်၊ အကိုငွှား၊ မဒါသ သားများ၏ ဆန့်ကျင်မှုကို၊ ဦးစွာ ဂရုပြုရ၏။ ဟင်းသိသွားခြင်းကြောင့်စောင့်ကြည့် အ နှံ့ ရာ ယ် ပြု ခြ င် း၊ ဘ် ကြား သတင်း ရသူမှ ကြားကာ၊ ပုန်းအောင်းနေသို့လိုက်လာကြပြီးလျှင်၊ လူကြီးများကဲ့သို့ တရားဝင် ကြေကြေလည်လည်ဖြေရှင်းခြင်းမပြုပဲ၊ ကျရှုံး အားကိုး ပြုကြခြင်း ဖြင့် ဿနာ ကြီးထွားလာတတ်ခြင်း မှာ တွေးလျှင် မရဲစရာများ ဖြစ်သည်။

ဤနေရာတွင် ကျွန် တော် တို့ ဇာတ်လိုက်ကြီး ကိုသာလူ သည် လူတော်တဦး ဖြစ်ပါ၏။ နာမည်နှင့် လိုက်ဖက် အောင်လည်း လူတကာတို့ထက် 'သာ' 'သော' 'လူ'ပင်ဖြစ်၏ဟု ဆိုရပေမည်။

ဟော.. ယခု ကိုသာလူ မိန်းမ ခိုးသည့်အလုပ်ကို စတင် ပါချေပြီ။

ကောင်လေးက ပွဲစား၊ပေါက်စကလေး၊ အမည် က တင်ဝင်း။

ကောင်မ လေးက ရှစ်တန်း ကျောင်းသူ၊ အမည် လှလှရီ။

တင်ဝင်းက အစတုန်းက လှလှရီကို ခိုးမည်ဟု ကြိုတင်၍ပြောဆိုထားခြင်းမရှိပါ။ ခါတိုင်းလိုပင်ကိုသာလူ၏ ကားကို တနေကုန်အလုပ် ကိစ္စဖြင့် ငှား ၍ စီးကာကောင်မ လေးကို ခေါ် တင်ပြီး ရုပ်ရှင် ကြည့်ခြင်း၊ စားပွဲ ရုံတွင် စားသောက် ကြခြင်း၊ တခါတရံ မြို့ထဲမှ ဘာသာစုံ ကျောင်းများသို့ ပို့ကြိုခြင်းဟုပင်၊ ကိုသာလူက ထင်မိသည်။

ယခု သူတို့နှစ်ယောက် ကား ပေါ်မှာ ထိုင်နေကြတော့၊ ညနေ ခြောက်နာရီပင် ခွဲပေပြီ။



## ပွဲကြိုက်မောင်၊ ပွဲကြိုက်မောင်

ရခိုင်ပြည်နယ် မဇင်(သံတွဲ) လေယာဉ်ကွင်း တိုးချဲ့ရေး ရဲဘက်စခန်းမှ ထွက်ပြေး နေသော လှအောင် အား ကျောက်ဖြူမြို့မ ရဲစခန်းမှ ဒုရဲအုပ် ဦးထွန်းသိန်း၊ နယ်ထိန်းမှ တပ်ကြပ်ကျော်သန်းနှင့် အဖွဲ့က ကျောက်ဖြူမြို့နယ် ကျောက်တိုင်ကွင်း ဇာတ်ပွဲတွင် ပွဲကြည့်နေခိုက် ၄–၁၁–၈၁ရက်နေ့က ဖမ်းဆီးအရေးယူလိုက်သည်။

'ဦးလေး၊ ဦးလေးအိမ်ကိုကျွန်တော်တို့လိုက်မှ ဖြစ်တော့မယ်'

'ဟေ ဘယ်လိုကွ မောင်တင်ဝင်းရ'

'ဒီနေ့ လှလှရီအဖေမန္တလေးကပြန်ရောက်နေတယ်တဲ့ ခုအချိန်ပြန်ရင် အသေ အရိုက်ခံရမှာ'

''ဟုတ်တယ်ဦးလေး မိလှရီအိမ်မပြန်ရဲတော့ပါဘူး။ဖြစ်ချင်ရာဖြစ်တော့ ကိုဝင်းနဲ့ လိုက်တော့မယ်''

သည်တော့ ကိုသာလူက ဖြတ်၍မေးသည်။

''ကောင်မလေး နင့်အသက်ဘယ်လောက်ရှိဗလဲ''

'' ဆယ့်ခြောက်နှစ်ပါ ရှင်''

''မှတ်ပုံတင်ပါခဲ့လား''

''အိမ်မှာရှိပါတယ်''

လှလှရီ အသက် မပြည့်သေးပါ။ ခက်ကပြီ။ တင်ဝင်းကတော့ သုံးဆယ်ပတ်ဝန်းကျင်။အရောင်းအဝယ် စီးပွားရှာနေသူ ဖြစ်၏။ အကြောင်းမဟုတ်။

''ကျွန်တော်တို့ ဒီတညပဲ နေမှာပါ၊နက်ဖြန်ဆိုလှလှရီအမေ့ဆီ ကျွန်တော်ကိုယ်တိုင်သွားပြီး ပြေလည်အောင် လုပ်မှာပါ ဦးလေး၊ သူ့ မာ မီ က ကျွန် တော့် ကို သ ဘော တူ ပါ တယ်။ တချို့အလုပ်ကလေးတွေတောင် ကျွန်တော်က သူ့ကို ခွဲပေးထားတာပါ''

တင် ဝင်း သည် ကား ပွဲ စား ဆိုသော်လည်း အဆင်သင့်ယင်သင့်သလို စိန်တို့ ကျောက်တို့ ရွှေတို့လဲ ကိုင်တတ်၏။ ထိုလုပ်ငန်းမျိုးမှာ ယောကျ်ားတွေချည့် လုပ်လို့မရ။ မိန်းမတွေ ပါရသည်။ အဆင်ရတနာ ဆိုသည်ကလည်း အမျိုးသမီးတို့ပဲ ရွေးချယ်နှစ်ချိုက်ကြသည်မဟုတ်လား။

သည်တော့ တ ယောက် နှင့် တယောက် လုပ် ငန်း ကျေး ဇူး မကင်းကြသည်မို့ လှလှရီ၏မိခင်သည် တင် ဝင်း ကို သ မီး နှင့် သဘောမတူစရာ အကြောင်းမရှိဟု တင်ဝင်းက အပိုင်ယူဆပြီးဖြစ်သည်။

'ကဲ-ဒါဖြင့်လဲလိုက်ခဲ့ကြကွာ'

ကိုသာလူသည် ဒါပဲ ပြောပြီး ကားကိုသူ့ခရီးရာသို့မောင်းထွက်လာခဲ့တော့၏။ခြံထဲဝင်လာတော့ မှောင်စပြုပေပြီ။

'ကဲ-မင်းတို့အိမ်ထဲမှာ ခပ်ငြိမ်ငြိမ်ကလေးနေကြ၊ ငါ စားစရာသွားဝယ်အုံးမယ်''

''ကျွန်တော့်ဖို့ ရမ် တလုံး ဦးလေးလဲမေ့ရအောင်''

''ငါသိပါတယ်ကွာ''

ကိုသာလူသည် သူ့ဂေဟာ၏ တ ခု တည်း သော ဝင် ပေါက် တံခါးမကြီးကိုအပြင်ဖက်မှ သော့ ကြီး ခပ်ပစ်ခဲ့ပြီး ထွက်ခဲ့၏။ မော်တော်ကားမယူပဲ ခြေလျင် ထွက် လာသည်။

ဘူတာရုံနားက သူ့ ဖောက် သည် ပေါက်ဖော်ကြီး၏ ဆိုင်မှ ရမ်တလုံး၊ ခေါက်ဆွဲကျော် သုံး ထုပ်နှင့် ထ မင်း ကျော် တ ထုပ် အပြင် ဒူးယားစီးကရက် နှစ်ဦးပါ ဝယ်ပြီးပြန်လာခဲ့သည်။

အိမ်ရောက်တော့ သုံးဦးသား စားကြသည်။ ကိုသာလူနှင့် တင် ဝင်းတို့က အရက်သောက်ကြ၏။ ညဉ့်နက်စမှ ကိုသာလူက သူ့ အိပ်ရာလိပ်နှင့် ခေါင်းအုံးကို ယူ ကာ အိမ်ပြင် ထွက်၏။ လက်ထဲ တွင် မှိန်း တ ချောင်း ကိုင်ထား သည်။

''ဦးလေး ဘာလုပ်မလို့လဲ''

တင်ဝင်းကမေးသည်။

''မင်းတို့ လွတ်လွတ်လပ်လပ် နေကြ၊ ငါအပြင်က ကားဂိုဒေါင် ထဲက ကွပ်ပြစ်ယူပြီး တံခါးဝမှာ စောင့်အိပ်မယ်''

ညသည် ပြီး ဆုံး သွား ခဲ့လေ သည်။

ဝ ဝ ဝ

မနက် လင်းတော့ တင်ဝင်း အပြင်ထွက်သွား၏။

လှလှရီ အမေဆီ သွားပြီး အကျိုးအကြောင်း ပြောပြမည်။ ပြီးတော့ ပြန်လာခဲ့မည်ဟု ဆို သည်။ ကိုသာလူ နံက်ကတည်းက ကားမထွက်ပဲ စားစရာကို မြနီး ချင်းသို့ တရုတ်ကြီးဆိုင်မှ မှာမည် ပြုပြီးမှ ဘေးလူ ရိပ်မိမည်စိုး၍ သူ ကိုယ်တိုင် ထွက်ဝယ်ရန် အဝတ် အစားလဲဝတ်လိုက်သည်။

'ဦးလေး ဘယ်လဲ'

'ငါ စားစရာ ထွက်ဝယ်အုံး မယ်လေ'

'ဟင် ကျွန်မတယောက်ထဲနေ ခဲ့ရမယ်'

'ဘာမှ မကြောက်နဲ့ အပြင် က ငါ သော့ခပ်ထားခဲ့မှာ၊ ပြီး တော့ အပြင်မှာ ငါ့ တပည့် တယောက်က စောင့်ပေး လိုက် လိမ့်မယ်'



ကိုသာလူ ထွက်သွားတော့၊ လှလှရီက ထရံပေါက်မှ အသာ ချောင်းကြည့်မိ၏။ မှန်ပါသည်။ တင်ဝင်းနှင့် ရွယ်တူတယောက်က တံခါးဝမှ သော့ ခလောက် ကို ကျော ပေး၍ ခုံနှင့်ပိုတ်ထိုင် ထား ပြီးလျှင်၊ ဘေးမှာ မှိန်းတချောင်း ထောင်ထား သည်ကို မြင်ရ၏။ လူရွယ်သည် ကာတွန်းရုပ်ပြ စာ အုပ်ကို သဲသဲမဲမဲ ငြိမ်၍ဖတ်ရှုနေ လေသည်။

ကိုသာလူပြန်ရောက်လာပြီး နံ နက်စာစားကြ၏။ ပြီးလျှင်ကိုသာ လူဘခေါက်ပြန်ထွက် သွား ပြန် သည်။ လှလှရီ မှာ တင်ဝင်းကို မျှော်ယင်း မှေးကနဲ့ အိပ် ပျော် သွား၏။

တဖုံတခုသော ဆူဆူညံညံ အသံကြောင့် လန့်နိုး လာသည်။ တံခါးဝနှင့် ခြံရှေ့မှာ အသံ ဗလံ များပင်ဖြစ်သည်။ ထို့ ကြောင့် ထရံပေါက်မှ ချောင်းကြည့်လိုက် ၏။

ဟော သူ့ဖေဖေ မေမေနှင့် ရဲ ဘက်ဝတ်ထားသော လူတချို့ နှင့် အရပ်သား လူကြီးများ။

'ဒီမှာ ဦးသာလူ ဒီကမိဘက သူ့သမီးလေး ဒီခြံထဲမှာရှိနေလို့ လာခေါ်တာပါပဲ၊ ကျုပ်တို့ ရပ် ကွက် ကောင်စီ လူကြီး တွေကို အသိပေးပြီး ဒီက ပြည်သူ့ရဲဘာ ဝန်ရှိပုဂ္ဂိုလ်တွေပါ ခေါ်လာတာ ပါ'

'ဘာလဲဗျ ဘယ်ကခင်ဗျားတို့ သမီးလဲ ဘယ်သူမှ ကျုပ်အိမ်မှာ မရှိဘူး၊ ကျုပ် တယောက်ထဲ နေ တာပါ'

ကိုသာလူက သူ ခိုးပေးထား သည့် စုံတွဲကို ပြန်၍ မိသွားမည် စိုး၍ လွှတ်ခနဲ ပြောမိ ပြောရာ ပြောလိုက်ခြင်းဖြစ်၏။

သည်တော့မှ အ ရပ် ဝတ် လူကြီး တယောက်က ခြံဝမှာရပ် ထားသော ရဲကားပြာကြီးဆီသို့ လှမ်းကြည့် ယင်း ပြောလိုက်၏။

'ဒီမှာ ကိုသာလူ မောင်တင် ဝင်းကိုယ်တိုင် ပါလာပါတယ်ဗျာ ကဲ မောင်တင်ဝင်းကို ခဏဒီခေါ် ခဲ့ပါအုံးဗျာ'

ရဲတပ်သား တဦးက မောင် တင်ဝင်းအား ကားပေါ်မှ ဆင်း စေကာ၊ လက် မောင်း ကို ကိုင် လျက် ခြံထဲသို့ ဝင်လာ သည်ကို မြင်တွေ့လိုက်ကြရသည်။ မောင် တင်ဝင်း၏လက်နှစ်ဖက်မှာ လက်

ထိပ် ခတ် လျက်။ ခေါင်း ငိုက်၍ လျက်။

'ကိုဝင်း ....ကိုဝင်း....ဖေဖေနဲ့ မေမေ သမီး အထဲမှာ ရှိ နေ ပါ တယ်'

လှလှရီ၏ အသံက အိမ်ထဲမှ ထွက်လာသည်။ ကိုသာလူခေါင်း ငိုက်စိုက် ကျသွားကာ၊ အပေါက်ဝမှ ကုလားထိုင်ကိုဖယ်ပြီး၊တံခါး မကြီး၏ သော့ကို ဖွင့်ပေးလိုက်သည်။ သူ့ဘေး မှ မြေ မှာ စိုက်ထားသော မှိန်းကိုမူ ဒုရဲအုပ်က သူ၍ ရဲတပ်သား တဦးကို လှမ်းပေးလိုက်ယင်း

'ဦးလေးဒီဟာ ကျွန် တော်တို့ သက်သေခံ ယူသွား ပါမယ်' ဟု ပြောလိုက်သည်။

''မိုက်လိုက်တဲ့သမီးရယ်မနေ့ ညကတဲက မေမေတို့ တအိမ်လုံး ပြောင်းဆန်နေတာ''

လှလှရီသည်မိခင်ကို တွေ့တွေ့ချင်း ရင်ခွင်သို့ပြေးဝင်ကာ တရှုံ့ရှုံ့ ငိုတော့သည်။ ချစ်သူ တင်ဝင်းကို ခေါင်း ငုံ့၍မျှ မကြည့်တော့ပေ။

''ကောင်းပါပေဘယ်၊အန်တီမေ ကျွန်တော်လာပြီး အသိပေးတုန်းကတော့ ငါ့သမီးရှိတဲ့နေရာ လိုက်ပြယင် တခါထဲ ပြန်ေ အဆင် ပြေအောင် လုပ်ပေ ဆိုပြီး ခုတော့ ရဲစခန်းဝင် တခါထဲ ဖွင့်တယ်လေ၊ လှ မှန်တဲ့ အတိုင်း ဖွင့်ပြောလို မင်းမေမေနဲ့ ဖေဖေကို၊ ဦးသ သက်သေရှိပါတယ်''

သည်တော့ ဒုရဲအုပ် တာ မှူးက ဝင်၍ပြော၏။

''ကဲ-အဲဒါတွေ ကျွန်ေတာ် စခန်းကျမှပဲ ပြောကြ ဆိုကြ ပေါ့ဗျာ၊ခုလဲ ခြံပြင်မှာ လူ တရုံးရုံးနဲ့ မို့ပါ၊ ဦး သာ လူ ကျွန် တော် တို့ နဲ့ လိုက် ခဲ့ ခင်ဗျာ''

''ကျုပ်က ဘာဆိုင်လို့လဲ သူတို့ဟာ သူတို့ ခိုးပြေးလာ လက်လဲ့ ခံရသေးတယ် ကျွ ကျေးရမွေးရသေးတယ်''

''ဟုတ်ပါတယ်ဦးလေး၊ ကျယင် နဲ့နဲ့မေးစရာမြန်းစရာ ပြီးတော့ ဦးလေးပြန်လို့ ရမှာ ကျွန်တော်တို့ကို ကူညီတဲ့အနေ အားလုံး ကိစ္စလေး ပြည့်ပြည့် ဖြစ်သွားအောင်လို့ပါ ခင်ဗျာ''

ရဲကားကြီးပေါ်တွင် အားလုံ ပါ၍သွားကြ၏။



ခြံထဲတွင် တိတ်ဆိတ် ကျန်ခဲ့ လေသည်။

○ ○ ○

တိတ်ဆိတ်ခြင်းကို အမှုလိုက် ရှေ့နေ အုပ်ကြီး၏အသံက ဖြိုခွင်းလိုက်သည်။

''ကျွန်တော် တင်ပြတာ ပြီး ပါပြီ ခင်ဗျာ၊ တရားလို ဖက်က လိုက်ပါ ဆောင်ရွက်တဲ့ အကျိုးဆောင်ကြီးက မေးမြန်းချင်တာ ရှိယင် မေးနိုင်ပါတယ်''

လှလှရီ၏ မိခင်က ငှားသော ရှေ့နေကြီးက ထလိုက်သည်။ ပြီးလျှင် မှတ်ပုံတင်ကပ်ပြားကိုတရားခွင်သို့ မြင်သာအောင်တင်ပြလိုက်ပါသည်၊တပါတည်း ဗဟိုအမျိုးသမီးဆေးရုံကြီးမှ ထုတ်ပေးသော မွေးစာရင်း ကိုလည်း ထပ်လျက်တွေ့ရ၏။

'မလှလှရီဟာ အသက်ဆယ့်ခြောက်နှစ် ပြည့် တယ် ဆို တာ မဟုတ် ပါ ဘူး ခင်ဗျာ၊ ဆယ့်ခြောက်နှစ်ပြည့်ဘို့လေးလလုံးလုံး လိုနေပါသေးတယ်။ အမျိုးသား မှတ်ပုံတင် လက်မှတ်နဲ့ မွေးစာရင်းကိုတင်ပြပါတယ်၊လိုအပ်ယင် ကျောင်းအပ်တဲ့ စာရင်းကို ယူပြပါမယ်၊ ဒါ့ကြောင့် ဒီအမှုမှာ မောင်တင်ဝင်းဟာ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ(၃၆၃)ကို ကျူးလွန်ကြောင်း ထင်ရှားပါတယ်'

ပြစ်မှုဆိုင်ရာ ပုဒ်မ (၃၆၃)က ဤသို့ဆိုပါသည်။

ဥပဒေနှင့်အညီ အုပ်ထိန်း
သူထံမှ လူခိုးမှု

မည်သူ မဆို ဥပဒေနှင့် အညီ အုပ်ထိန်းသူ၏ ထိန်းသိမ်းခြင်းမှ အသက် ဆယ့်လေးနှစ်အောက် ယောကျ်ားကလေးကို ဖြစ်စေ၊ အသက်ဆယ့်ခြောက်နှစ် အောက် မိန်းကလေးကို ဖြစ်စေ၊ စိတ်ပေါ့သွပ်သူကိုဖြစ်စေ၊ထို အုပ်ထိန်းသူက သဘော မတူပဲ ဆောင်ယူ လျှင် သို့ တည်းမဟုတ် ဖြားယောင်း ခြင်းအားဖြင့် ထွက်သွားစေလျှင် ထိုအရွယ်မရောက်သေးသူကို သို့တည်းမဟုတ် ထိုစိတ်ပေါ့သွပ်သူကို ဥပဒေနှင့် အညီ အုပ်ထိန်းသူထံမှ ခိုးယူသည် မည်၏။

ပုဒ်မ(၃၆၃)

လူခိုးမှုအတွက်အပြစ်ဒဏ်။

မည်သူ မဆို တဦး တယောက်သော သူအား ပြည်ထောင်စု မြန်မာ နိုင်ငံမှ အပသို့ ဖြစ်စေ၊ ဥပဒေနှင့် အညီ အုပ်ထိန်းသူ ထံမှ ဖြစ်စေ ခိုးယူလျှင် ထိုသူကို ခုနစ်နှစ်အထိ ထောင်ဒဏ် တမျိုးမျိုး ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

တရားလို အကျိုးဆောင်က ဆက်လက်၍ တရားခံ ဖြစ်သူ မောင်တင်ဝင်းကို စစ်ဆေး ပါသည်။

'လှလှရီအသက်မပြည့်တာကို သိပါသလား'

'မသိပါ'

'ဘာကြောင့်ပါလဲ'

'သူက ဆယ့်ခြောက် နှစ်ပြည့်ပြီးပြီလို့ ပြောလို့ပါ'

'အသက် ဆယ့်ခြောက်နှစ် မပြည့်သေးတဲ့မိန်းခလေးကို ခိုးယူပေါင်းသင်းယင် အပြစ် ရှိတယ်ဆိုတာကို သိတယ် မဟုတ်လား'

'သိပါတယ်'

'ဒါဖြင့် ဒီကိစ္စမှာ သိရက်နဲ့ လုပ်တဲ့ ကိစ္စ ဆိုယင် ဝန်ခံ ပါသလား'

'ဝန်ခံပါတယ်'

တရားရုံးတခုလုံး "ဟယ်" ကနဲဖြစ်သွား၏။

မောင်တင်ဝင်းသည် ကိုယ်လည်းပင်း ကိုယ်ပြန်၍ ကြိုးကွင်းစွပ်သည့် အဖြေမျိုးကို ခေါ်ညိမ့်နေပါ ပကောလားဟု တွေးကြ၏။ မောင်တင်ဝင်းက မေးသမျှ ဖြေနေစဉ် မည်သူ့ကိုမျှမကြည့်ဘဲ တဖက်မှာရပ်နေသော ချစ်သူ လှလှရီကိုသာ မမှိတ် မသုန် သော မျက်လုံးများဖြင့် စိုက်ကြည့်လျက် ရှိလေသည်။

အမှုမှာ စွဲချက် တင်ပြီး ဖြစ်၍ နောက်ဆုံး အပြီးအပြတ်စစ်ဆေး နေခြင်းသာဖြစ်သည်။

တရားလို အကျိုး ဆောင်၏ အလှည့် ပြီးသောအခါ မောင်တင်ဝင်း၏ဖက်မှ လိုက်ပါဆောင်ရွက်သော ရှေ့နေ တရားခံ ၏ အကျိုး ဆောင် က ထ၍ ရပ်ပြီး မောင်တင်ဝင်းကိုမေးသည်။

'မောင်တင်ဝင်း၊ အခု အစစ်ခံ သွားတာ တွေဟာ အားလုံး ဦးနှောက်နဲ့ အစစ် ခံတာလား အသဲနှလုံးနဲ့ အစစ် ခံတာလား'

'ကျွန်တော် အသဲ နှလုံးနဲ့ အစစ်ခံတာပါခင်ဗျာ'



[ပ]ရိသတ် လှုပ်လှုပ်ရွရွဖြစ်သွား[သ]ည်။

'မင်းရဲ့ ချစ်သူကြောင့် မင်း [...] ထောင်ကျရမယ် ဆိုယင် ခံ[နိုင်]ပါ့မလား'

'ကျွန်တော် ထောင် အပြင် [ကြိုး]လဲခံရဲပါတယ်'

[တ]ရားခံ အကျိုးဆောင် ပြန်[ထိုင်]သည်။

[ထို]င်းတို့ ပြီးတော့ မောင်တင်[ဝင်း]နှင့် ပူးတွဲ တပါတည်း အမှု[တွင်] ပါဝင်သူကို ခေါ်သည်။

သူကတော့ ကိုသာလူ ....။

သူ့ကို စွဲချက် တင်ထားသည့် [ပုဒ်]မက-

[ရာဇဝတ်]မှုဆိုင်ရာ ပုဒ်မ (၃၆၈)

ခိုးယူခြင်း၊ သို့တည်း မဟုတ် သွေးဆောင်ခေါ်ခြင်း ခံရသူကို မတရားသဖြင့် ဖွက်သိမ်းမှု၊ သို့တည်းမဟုတ် ချုပ်နှောင်ထားမှု။

[မည်သူမ]ဆို တဦး တယောက်သော သူ[အ]ား၊ ခိုးယူခဲ့ကြောင်း၊ သို့တည်း[မ]ဟုတ်၊ သွေးဆောင် ခေါ်ခဲ့ကြောင်းကို သိလျက်နှင့် မည်သူမဆို ထိုသူကို မတရားသဖြင့် ဖွက်သိမ်းလျှင်၊ သို့တည်းမဟုတ် ချုပ်နှောင်ထားလျှင်၊ မိမိကိုယ်တိုင်က ဖွက်သိမ်းရန် သို့တည်း မဟုတ် ချုပ် နှောင် ထားရန် အကြံဖြင့် သော်လည်းကောင်း၊ ထိုသို့ဖွက်သိမ်းသည်ကို သို့မဟုတ် ချုပ်နှောင်ထားသည်ကို သိလျက်နှင့် သော်လည်းကောင်း၊ ထိုသို့ဖွက်သိမ်းရန် သို့မဟုတ် ချုပ်နှောင်ထားရန် ကိစ္စ အလို့ငှာ သော်လည်းကောင်း၊ ခိုးယူဘိသကဲ့သို့ သို့တည်း မဟုတ် သွေး ဆောင်ခေါ်ဘိသကဲ့သို့ ထိုသူကို ထပ်တူ ပြစ်ဒဏ်ချမှတ်ရမည်။

ကိုသာလူကို ဆက်၍ စစ်သည်။ အိမ်ထဲမှာ ဖွက်ထားခြင်း၊ တံခါးမှ သော့ပိတ်၍ သော့ခတ်ထားခြင်း၊ မှိန်းဖြင့် စောင့်ခြင်း စသည်တို့ကို အပြန်ပြန် အလှန်လှန် စစ်ဆေး၏။ နှစ်ဦး နှစ်ဖက် လျှောက်လဲ ချက်များ ပေးကြပြီးလျှင်၊ တရား စီရင် ရေး အဖွဲ့ မှ အမိန့်ချလိုက် လေတော့ သည်။

'မောင်တင်ဝင်း ထောင်ဒဏ် တနှစ်ခွဲ....'

'ကိုသာလူခေါင်ဒက် ရှစ်လ....'

= * =

သည်တော့ တခု ဆိုပါရစေ။ ကိုသာလူသည် ဒီကိစ္စမှာ ခင်မင် ရင်းစွဲကြောင့် သော်လည်းကောင်း၊ ဝါသနာ လည်း ပါ၍ သော် လည်းကောင်း ဝင်ရောက် ကူညီခဲ့ခြင်းဖြစ်၏။ စေတနာထားသည်ထက် အနည်းငယ် ပိုသွားသည်ဟု ဆိုရပါမည်။

တကယ် စေတနာမှန်ကို၊ စစ်မှန်သော ကူညီမှုမျိုး ပေးလိုပါက ကူညီသင့်သူများ (ဝါသနာရှိသူများ) အတွက် အောက်ပါအတိုင်း ပြုလုပ်စေလိုပါသည်။

ခိုးလာလျှင် အသက်မပြည့်ပါကလည်း ကာယကံရှင်တို့၏ ဆန္ဒနှင့် အခြေအနေကို လိုက်လျော့သောအားဖြင့် လက်ခံပါ။ပြီးလျှင် ရပ်ကွက်၊ကျေးရွာ၊ မြို့နယ် အစရှိသည့် မိမိလက်ခံသူ၏ နေထိုင်ရာ ပြည်သူ့ကောင်စီရုံးသို့အကြောင်းကြားပါ။ပြီးလျှင်တပါတည်း ညွှန်ကြားစာရင်းတိုင်ပါ။

အကယ် ၍ အသက် ပြည့်ပြီးဖြစ်လျှင်၊ ဦးစွာ ပဌမ အနီးဆုံး ပြည်သူ့ တရားရုံးသို့ သွား ပြီး တရားဝင် ကျမ်း ကျိန်ဆို၍ လက်ထပ်ပါ။ သက် သေနှစ်ဦး လက်မှတ်ရေးထိုးပါ။

ကျန် အချက် များ ကတော့၊ ရပ်ကွက် ကောင်စီနှင့် အထက်ပါအတိုင်း အသိပေးပါ။

ဒါ ဆို လျှင် လက်ခံ သူ အမှုမပါတ်တော့ပါ။

သို့မဟုတ်ယင်တော့၊ ကိုသာလူလိုပါဝင်ကာ အားပေးကူညီမှုဖြင့်အိမ်ရာပြောင်း၍အိမ်ရပါလိမ့်မည်။

ယင်း သည် ကား အ ခြား မဟုတ်ပါ။


မိမိအိမ်မှ ပြန့် ဖြူး ချော မွေ့သော အိမ်ရာမှ အချုပ်ထဲကအိပ်ရာဆီသို့ ပြောင်း အိပ် ရ ခြင်း ဟူ၍ ...။

☆ ကောက်လှိုင်း



# ဦးမြှင့်သန်း

## အသက်အကြောင်းသိကောင်းစရာ.......



အသက်တည် ရှင်သန်ရေးသည် သတ္တဝါအများ အတွက် အရေး ...၏။ ထိုထဲမှ အသိဉာဏ် အရှိဆုံး လူ သတ္တဝါများ အတွက် ပို၍ ...ရေးကြီး၏။ လူများ အသက်ရှင် ကြီးထွား လာကြ သော အခါ ...နှစ်နှစ်ရှိပြီ၊ မွေးနေ့ပါတီ လုပ်အခုန်းမှ၊ သို့မဟုတ် မွေးနေ့ တွင် ...ကြီး ဆွမ်းကျွေးအခုန်းမှ၊ မွေးနေ့တွင် ကောင်းမှုတခုခု လုပ်အခုန်းမှ ...သည် စသည့် အသက်နှင့်ပတ်သက်၍ တနှစ်ကြီးလာတိုင်း၊ လူမျိုး ...လိုက် လိုက်၊ အမှတ်တရ လုပ်ဆောင်ကြသည်များ ရှိကြ၏။

ထို့ကြောင့် အသက်နှင့်ပတ်သက်၍၊ အရေးကြီးသည့်မှာ အများ ...ပင်ဖြစ်သည်။မူကြိုကျောင်း စတင်အပ်ရမည့်အသက်။ မူလတန်း ...ကျောင်း စတင် အပ်ရမည့် အသက်၊ မှတ်ပုံတင် စတင် ပြုလုပ် ရမည့် ...သက်၊ ရှစ်တန်း၊ ဆယ်တန်းဖြေဆိုရန် လိုအပ်သော အခါ အနည်း... ရှိရမည့်အသက်၊ အလုပ်နှင့် ပတ်သက်၍ ရှိရမည့် အသက် ကန့်...ချက်၊ စသည့် အသက်နှင့် ပတ်သက် စသည့်များကို များသော ...ဖြင့် သတိထားမိကြသည်။ သိထားကြသည်။

ယခု စာရေးသူ တင်ပြလိုသောအသက်မှာ ဖော်ပြပါအသက် နှင့် မသက်ဆိုင်ပါ။ တရားရုံးသို့ ရောက်သော အမှုများတွင်၊ မ ခဏ အသက် အထောက်အထားနှင့်ပတ်သက်၍၊ အငြင်း ပွားတ သော အသက်များဖြစ်ပါသည်။

ပထမတင်ပြလိုသည်မှာ မိန်းမများနှင့်သက်ဆိုင်သော အသ အပိုင်းအခြား အထောက်အထားများ ဖြစ်ပါသည်။ မိန်းမများနှင့်သ သက်ဆိုင်သည်ဆိုသော်လည်း၊ ဆောင်ရန် ရှောင်ရန်နှင့် ပက်သက် ယောကျ်ားများနှင့် ပို၍ သက်ဆိုင်ပါသည်။ ပို၍ သတိထားစရာဖြစ် သည်။ အကြောင်းမှာ မိန်းမများ အကြောင်း ဖော်ပြ သော်လည် ယောကျ်ားများ သတိထားစရာ ဖြစ်သောကြောင့် ဖြစ်သည်။

**(မ) အသက် (၁၄) နှစ်**

မိန်းကလေးအသက် (၁၄)နှစ်အောက် ဆိုလျှင်၊ သတိ ထ ရမှာက၊ မိမိမယား မဟုတ်ပါက ကာမစပ်ယှက်ခြင်း မပြုရန်ပင် ဖြ သည်။ အဘယ့်ကြောင့်နည်း၊ 'မိန်းမက ခွင့်ပြုသည်ဖြစ်စေ၊ ခွင့် သည်ဖြစ်စေ ထိုမိန်းမသည် အသက်(၁၄) အောက် အရွယ် ရှိသူ ထိုသို့ပြုကျင့်က မုဒိန်းမှုမြောက်ကြောင်း ပြစ်မှု ဆိုင် ရာ ဥ ပ ဒေ ပု ၃၇၅-ပဉ္စမပိုဒ်က ဖော်ပြထားလို့ ဖြစ်၏။

**(မ) အသက် (၁၆) နှစ်**

မိန်းကလေးအသက် (၁၆) နှစ်အောက် ဖြစ်လျှင်မူ၊ သတိထ သင့်သည်ကို သိထားရန် လိုအပ် ပါသည်။ ထို မိန်းကလေး မိဘ တည်းမဟုတ် အုပ်ထိန်းသူများ၏ သဘောတူညီချက်မရှိပဲ သွေးဆော ဖြားယောင်း ခိုးယူပေါင်းသင်းလျှင် ဖြစ်စေ သွေးဆောင်ဖြားယောင်းခေါ်ဆောင်သွားလျှ ဖြင့်စေ၊ ထိုခေါ်ဆောင်ခြင်းသည်၊ ပြစ်မှုဆိုင် ပုဒ်မ ၃၆၃ အရအပြစ်ရှိသည်။

ဥပဒေရေးရာ
ဆောင်းပါး

ထိုပိုဒ်မဖြင့် စွဲဆိုသော အမှုမျိုး၊ တရာ ရုံးသို့ မကြာခဏ ရောက်ရှိလာတတ်ပါသည် ဖြစ်ရသည့် အကြောင်း ရင်းကတော့၊ အသ



၁၆ နှစ်အောက် မိန်းကလေးကို၊ ခိုးယူ ပေါင်းသင်း သောကြောင့် ဖြစ် သည်။ ဤတွင် ခိုးယူပေါင်းသင်းသူနှင့် ခိုးရာလိုက်သူ အမျိုးသမီးတို့၏ အသိတွင် နှစ်ဦးသဘောတူ ကြည်ဖြူနှစ်သက်သောကြောင့်၊ အတူ နေ ာပေါင်းသင်းကြခြင်း ဖြစ်သည်။ မည်သူမှ အပြစ်မရှိ ဟူသည့် အသိ င်ဖြစ်သည်။ မိန်းကလေးဖြစ်သူက မည်မျှပင်၊ ကြည်ဖြူသဘောတူသည် ဖြစ်စေ၊ မိန်းကလေး၏မိဘ သို့မဟုတ် အုပ်ထိန်းသူက သဘောမတူ ျှင် သားမက်ဖြစ်သူသည် အချုပ်ခန်းသို့မြန်းရပြီး တရား စွဲဆို ခြင်း ခံရပေတော့သည်။

ထိုသောအခါ တရားရုံးတွင် ကျွန်မသဘောတူလို့ လိုက်တာ ါ၊ သူကခိုးတာ မဟုတ်ပါဘူးဟု၊ ငိုယို ပြောဆို သူများလည်း ရှိ၏။ သူက အတင်း ခေါ် သောကြောင့်. ကျွန်မက လိုက်ရတာပါဟု မိဘ ကားနားဝင်ပြီး၊ မိဘဘက် လိုက်ထွက်ဆိုသူများလည်း ရှိ၏။ မည် သို့ပင်ဆိုဆို။ မိန်းကလေးအသက် ၁၆ နှစ်အောက် ဖြစ်လျှင်တော့ ပြစ်မှုမှ လွတ်နိုင်မည်မဟုတ်ပေ။

ပြစ်မှုမှ လွတ်ကင်းရန် နည်းလမ်း ရှာကြသောအခါ၊ မိန်းက လေးအသက်သည် ၁၆ နှစ်ကျော်ပါပြီဟု ယောကျ်ားကလေးဘက်က ဆို၏။ အထောက်အထား အမျိုးမျိုးနှင့်ပြော၏။ မိန်းကလေး ဘက် ကလည်း အသက် ၁၆ နှစ်မပြည့်သေးကြောင်း၊ မွေးစာရင်း၊ မှတ် ုံတင်၊ ကျောင်းဝင်စာရင်းများ တင်ပြ၍၊ အခိုင်အမာထွက်ဆိုကြ၏။ ဤသို့ အသက်၁၆နှစ်ပြည့်သည်မပြည့်ဘူးအပြင်းအထန်အငြင်းပွားကြ င်းမှာ မိန်းကလေးအသက်၁၆နှစ်ကျော်က တရားခံယောကျ်ားလေး သက်သာရာ ရနိုင်သောကြောင့် ဖြစ်၏။ မိန်းကလေး အသက် ၁၆ နှစ်အောက်ဖြစ်က တရားခံမှာ အပြစ်ဒဏ် ရနိုင်သောကြောင့် ဖြစ်လေ သည်။

ဤအမှုမျိုးတွင် တရားခံအတွက် အဓိကထွက်ပေါက်မှာ မိန်း ကလေး မိဘရှင်များ၊ ကျေနပ်သဘောတူလာအောင် လုပ်ရန်ပင်ဖြစ် ၏။ မိန်းကလေးမိဘ၊ အုပ်ထိန်းသူများ ကျေနပ်ပါက၊ အသက် ၁၆ နှစ်အောက်ဖြစ်သော်လည်း၊ တရားစွဲဆိုခြင်းအဆင့်သို့ပင်ရောက်ရှိလာ

ရန် အကြောင်းမရှိတော့ပေ။ တရားရုံးရောက်ရှိနေသော်မှ ကျေအေး ရှင်းသိမ်း၍ ရနိုင်ပေသည်။

**(စ)အသက်(၁၈)နှစ်**

(**M**ajorily Act) အရွယ်ရောက်ခြင်း အက်ဥပဒေ ပုဒ် ၃-အရ အသက် ၁၈ နှစ်ပြည့်လျှင်၊ အရွယ်ရောက် ပါသည်။ ဆို သည့်သဘောမှာ ပဋိဉာဏ်ပြုနိုင်သည့် အရွယ်ရောက်ပြီဖြစ်ပါသည် သူ၏ ကိုယ်ပိုင်ဉာဏ်အတွေးအခေါ်ဖြင့်သဘောတူညီပိုင်ခွင့်၊ဆုံးဖြ ပိုင်ခွင့်ရှိသည်ဟု ဆိုလိုပါသည်။ အလုပ်လုပ်နိုင်သောအရွယ် စာချု ချုပ်နိုင်သောအရွယ်၊ ဆန္ဒမဲပေးနိုင်သော အရွယ် ဖြစ်လာပါ သည် သို့သော် မိန်းကလေးများ လက်ထပ် ထိမ်းမြား ခြင်းနှင့် ပတ်သက် အသက် ၁၈ နှစ်သည် မလုံလောက်သေးကြောင်း အောက်တွင် ဆ လက်ဖော်ပြပါမည်။

**(မ)အသက်(၂၀)နှစ်**

မြန်မာဓလေ့ထုံးတမ်းဥပဒေအရ၊ မြန်မာ မိန်းကလေးမျ သည်၊ မိမိပိုင်သဘောဖြင့် လက်ထပ်ရန်အတွက်၊ အသက် ၂၀ ပြ မှ အရွယ်ရောက်ပါသည်။ ဆိုလိုသည်မှာ အသက် ၂၀ ပြည့်သေ အခါ မိမိလိုချင်သော ကြိုက်နှစ်သက်သော အမျိုးသား အား၊ မိ အုပ်ထိန်းသူများ သဘောမတူစေကာမူ လွတ်လပ်စွာ လက်ထပ်ယူ သည့် သဘောဖြစ်သည်။ အသက် ၂၀ မပြည့်သေးပါက၊ မိန်းက လေးတယောက် လက်ထပ်လျှင်၊ မိဘ၊ အုပ်ထိန်းသူများ သဘောတူ တရားဝင်ပါသည်။ မိဘအုပ်ထိန်းသူများ သဘောမတူပါက၊ တရ မဝင်ပါ။ တရားမဝင်လျှင် အမွေဆက်ခံရေး၌ အချင်းများ တတ်ကြ သည်။ တခါတရံ၊ လက်ထပ်စဉ်က မိဘအုပ်ထိန်းသူများ သဘော မတူသော်လည်း နောက်ပိုင်းတွင် သဘောတူလာခြင်း၊ သဘောတူ သည့်လုပ်ဆောင်ချက်များ ပြုလုပ်ခြင်းဖြစ်လျှင်လည်း၊ သဘောတူ ရောက်ပါသည်။မိန်းကလေးသည် အသက် ၁၆ နှစ်ကျော်ပြီး အသ



ပြည့်ခင် ထိမ်းမြားမှုပြုပါက မိဘ အုပ်ထိန်းသူ သဘောမတူက ...မတူသည့်သာ ဖြစ်ပါသည်။ ပြစ်မှုကြောင်းအရ အရေးယူလို့ ...။

မိန်းကလေးများနှင့် ပတ်သက်သော အသက် အပိုင်းအခြား ...တင်ပြပြီးနောက် ယောကျာ်းလေးများနှင့် သက်ဆိုင်သော ...အပိုင်းအခြားများကို ဆက်လက် တင်ပြလိုပါသည်။ တချို့ ...များတွင် မိန်းမနှင့်ယောကျာ်းတသဘောတည်းရှိသည်ကိုလည်း ...ည်။ အချို့မနေရာများတွင် ကွဲလွဲချက်များ ရှိသည်ကိုလည်း ...ည်။ခွဲခွဲခြားခြား သိထားရန်လိုသည်ကတော့ အမှန်ဖြစ်သည်။

**...)အသက်(၁၄)နှစ်**

အသက်(၁၄)နှစ် အောက် ယောကျာ်းလေးကို ခိုးယူလျှင် ...ဥပဒေအရ အပြစ်ရှိပါသည်။ အဘယ်ကြောင့်ဆိုသော် မည်သူ ...ဥပဒေနှင့် အညီ အုပ်ထိန်းသူ၏ ထိန်းသိမ်း ခြင်း မှ အသက် ...နှစ် အောက် ယောကျာ်းလေးကို အုပ်ထိန်းသူ သဘောမတူပဲ ...ယူလျှင် သို့တည်းမဟုတ် ဖြားယောင်းခြင်း အားဖြင့် ထွက် ...လျှင် ဥပဒေနှင့်အညီ အုပ်ထိန်းသူထံမှ ခိုးယူသည်မည်၏ဟု ...ဆိုင်ရာ ဥပဒေပုဒ်မ ၃၆၁ က ပြဆိုထားလို့ ဖြစ်၏။ ဤ အမှု ...း တရားရုံးရောက်သည်မှာ နည်းလှ၏။ တခါတရံသာ လင် ...း ကွဲကြပြီးနောက် ကလေးများ ဟိုဘက် သည်ဘက် ပါသွား ...ကို တဘက်မှ တဘက်သို့ ပြန်လည်ခိုးယူသည့်အခါများတွင်သာ ...ရုံးသို့ရောက်လေ့ ရှိကြသည်။

**...)အသက်(၁၆)နှစ်**

အသက်(၁၆)နှစ်နှင့် ပတ်သက်၍ ယောကျာ်း ကလေးများ ...ော မိန်းကလေးများနှင့်ပါ အကျုံး ဝင်ပါသည်။ အကြောင်းမှာ ...က်(၁၆)နှစ်အောက်ဖြစ်သူသည် ပြစ်မှုဆိုင်ရာ ဥပဒေကို ကျူး ...ဖောက်ဖျက်က ၎င်းအားအရေးယူလျှင် လူကြီးများကဲ့သို့အရေး

ယူခြင်းမပြုရဲ့ ကလေးသူငယ် အက်ဥပဒေအရသာ အရေးယူရ
ပြဋ္ဌာန်းထားသောကြောင့် ဖြစ်သည်။ (**ကလေးသူငယ်များ**
**ဥပဒေပုဒ်မ-၂**)။ ထိုဥပဒေအရအရေးယူလျှင် အပြစ်ရှိပါက
သူငယ် သင်တန်းကျောင်းသို့သာ ပို့လေ့ ရှိပါသည်၊ ထို့
ငယ်ရွယ်သူများ အမှုဖြစ်ပါက အသက်(၁၆) နှစ်အောက်ဖြစ်
အထောက်အထားများပြ၍ ကလေးသူငယ်များ အက်ဥပဒေအ
တရားရုံး၌ အစစ်ခံရစေရန် ကြိုးစားတတ်ကြသည်ကို မကြာခ
ရပါသည်။တရားရုံးများကလည်း စစ်ဆေးယင်း တရားခံသ
နှစ်အောက် ဖြစ်ကြောင်း ပေါ်လွင် ထင်ရှားပါက ကလေး
အက်ဥပဒေအရသာ ဆောင်ရွက်သွားကြပါသည်။

**(ကျား) အသက် (၁၈) နှစ်**

ယောကျ်ားကလေးများ အသက် (၁၈)နှစ် ပြည့်လျှ
ကလေးများကဲ့သို့ပင် ပဉ္စမဉာဏ်ပြုပိုင်ခွင့်၊ သဘောတူနိုင်ခွင့်၊
ချုပ်ပိုင်ခွင့်၊ ဆန္ဒမဲပေးပိုင်ခွင့် စသည်များ ပြုနိုင်သာပါသည်၊
သည်မှာ အရွယ်ရောက်သွားပြီဆိုသည့်သဘောပင် ဖြစ်သည်။


ထိုထိုသော အသက်အပိုင်းအခြားများသည် ဥပဒေ
အရ မည်သို့ ဆက်ဆိုင်ဆက်နွယ်နေပြီး မည်သို့ အကျိုး သက်
မှုများရှိသည်ဟု အကျဉ်းမျှသိလျှင် ဆောင်ရန်ရှောင်ရန်ကိစ္စမျာ
ပေါက်လာပါက အထောက်အကူပြုမည်ဟု ယုံကြည်၍ တင်ပြ
ပါသည်။

ဦးမြင့်သန်း

(ရာဇဝတ်တရားသူကြီးဟောင်း၊ ဗဟိုတရားရုံးရှေ့နေ

☆






ယောကျ်ားမ ဖြစ်သူ...

သန်းကြွယ်သူဌေး လင်မယား
ကို ပီပီစွာ လုပ်ကြံခဲ့သော....
လောဘသားတဦး၏၊ ရှေ့ဘုံ
ပေါ်မှာ မစံရပဲ.... လျှပ်စစ်
ကုလားထိုင်ထက်ဝယ် အသက်
ဆုံးရှုံး ခဲ့ရပုံကို သံဝေဂ ယူ
စရာ ဖတ်ရှုနိုင်ပါမည်။


Murder on River side Dr

# လျှပ်စစ်ကုလားထိုင် ထက်ဝ

အာသာ ဝိတ်သည့် 'အရွယ် ငယ် သေးပေမည့် အကြံ ကဖြင့် ကြီးပါဘိ။ အ ထူး သ ဖြင့် ငွေ မက်သည်။ ချမ်းသာ ချင်စိတ်က ဖြင့် အလွန် အမင်း ကြီးသည်။ အချိန်တိုကိုနှင့် အလျင်စလို ချမ်း သာစေဖို့ မဖြစ်မနေ လုပ်မည်လို့ စိတ် ဆုံးဖြတ်ထားသူတည်း။ မရ ရတဲ့နည်းဖြင့် ချမ်းသာ ကြွယ်ဝ ချင်နေသူဖြစ်သည်။

သို့မို့ကြောင့်လည်း မိမိ လုံလ ဉဿဟဖြင့် ကြိုးကြိုးစားစား ငွေ ရှာဖို့ကို စိတ်ကမဝင်စား အချိန် တိုတိုဖြင့် ချမ်းသာစေဖို့ ဇယားဆွဲ ထားပြီးသား ဖြစ်၍၊ မိမိ ကျ ကျင်မှုဖြင့် ကြိုးကြိုး ကုတ်ကု ချမ်းသာ ကြွယ်ဝစေဖို့ကို စိ မရှည်နိုင်။

အချိကြီး အမွေ ခံရခြင်းသ သာ ချမ်း သာ ကြွယ် ဝ စေ အလွယ်ကူဆုံး နည်းလမ်းပင် သည်။ နေ့ချင်း ညချင် ချမ်း ကြွယ်ဝဖို့ဆိုလျှင် သည်နည်းထ က အသေချာဆုံး၊

သည်မျှ အကြံကြီး၊ လော ကြီးသူ ဝိတ်က သွား ဆရာ တဦးဖြစ်ဖို့ ရည်သန်သည် ဆို မှာသည်း တကယ်ပင်၊ စဉ်း ၍ မရနိုင်အောင်ပင် ဖြစ်ရ သည်

ဗိုဝင် သို့ဖြားလည်း ဝိတ်က နပြည်နယ် တက္ကသိုလ်မှ၊ ကု ဆရာဝန်ဘွဲ့ကို အောင် ဆွတ်ခူးနိုင်ခဲ့သည်။

၁၉၁၀ ခုနှစ်တွင် ဝိတ်သည် င်အာဖရိကတိုက်သို့ စီးပွား စွန့်စွန့်စားစား ထွက်ခွာ သည်။ မစ်ချီဂန် တက္ကသိုလ် သွား ဆရာဝန် ဘွဲ့ရများ ဖွင့်လှစ်ထားသော ဆေး တွင် တာဝန်ထမ်းဆောင် ွက် ခွာ သွားခြင်း ဖြစ်ပါ

၁၉၁၄-ခုနှစ်တွင် ဝိတ်က ငွေ လျက် မစ်ချီဂန်သို့ ပြန် လာသည်။ ဒေါ်လာ ၂– မျှ စုဆောင်း နိုင်ခဲ့သည်။ ဝိတ်တွင် နောက် အကြံ သေးသည်။

ချီဂန်ပြည်နယ်၊ ဂရင်းရက် မြို့မှ ဆေးဝါး ထုတ် လုပ် ငန်းပိုင်ရှင်၊ ကုဋေ ကုဋာ သူသဌေးကြီး၊ ဥ္စန်ပက်၏ 'ကလဲရာ'၏ မေတ္တာ ကို ဗိုပင် ဖြစ်သည်။

နှင့် ကလဲရာ တို့ မှာ နေဖက် သူငယ်ချင်းများ ည်၊ အထက်တန်းကျောင်း တွင် ပညာ သင်နေစဉ်မှာပင် ဥ္စန် ပက်သည် ချမ်းသာ ကြွယ်ဝလာ သည်။

ဝိတ်က တောင် အာဖရိကမှ ပြန်လာသောအခါ၊ ဥ္စန်ပက် တွင် ရတနာများတိုးကာ ကုဋေကုဋာ ချမ်းသာ ကြွယ်ဝသူ သဌေးကြီး စာရင်းဝင် ဖြစ်လာခဲ့သည်။

သို့မို့ကြောင့်လည်း ဝိတ်က ကလဲရာနှင့် နီးစပ်ဖို့ အစီအစဉ် များ ချမှတ် ရလေ တော့ သည်။ သို့ပေမင့် ကလဲရာနှင့် နီးစပ်ဖို့ အရေးမှာ လွယ်လွယ် ကူကူနှင့် အလျင်စ လို အောင် မြင်နိုင် လိမ့် မည်မဟုတ်....

ပက် မိသားစု က၊ သိုက်တူး ချည့်သူများကို ဂရု တစိုက် နှင့် ပယ်ချခဲ့ရပေါင်းများပြီ။

သို့ပေမင့် ဒေါက်တာဝိတ်က သွယ်သွယ်လျလျနှင့်လူချောလူလှ ကလေးတဦး ဖြစ်သည်။ တင်းနစ် အား ကစား သမား ဖြစ် သည်။ စကားပြောရာတွင် ဗြိတိသျှလူမျိုး လေသံနှင့် ပြောတတ်သည်။ ရေ ရေ မွန်မွန် ရှိသည်။ အသောက် အစားမရှိ- ဆေးလိပ်ပင်သောက် တတ်သူမဟုတ်။

ပြီး.... ဝိတ်တွင် သူ ကိုယ်ပိုင်

စုဆောင်း ထား သော ငွေကြေး
လည်း အတော် အတန် ရှိသည်။
အမှန်ပါ ဝိတ်သည် ကလဲရာ
အတွက် ဘ၀ ကြင်ဖော် မှန် ဖြစ်
ချေသည်။ ငြင်းစရာ ရှိအံ့မထင်။
သို့ပေမင့် ဝိတ်က ကလဲရာကို
တနှစ်တိ တိ ဇွဲနဘဲနှင့် ပိုးခဲ့သည်။
နောက်ဆုံး ၁၉၁၅ ခု၊ စက်တင်
ဘာလ ၉-ရက်နေ့တွင် သူတို့နှစ်
ဦး အကြင် လင်မယား ဖြစ်ခဲ့ကြ
သည်။ ဂရင်းရက်ပစ် အရပ်တွင်
တကြိမ်တခါမှ မကျင်းပ ဖူးသော
လက်ထပ်မင်္ဂလာ ညှော်ခံပွဲကို ခမ်း
နားကြီးကျယ်စွာ ကျင်းပခဲ့သည်၊
သိက္ခာ တော်ရ ဆရာ ဘော်
အက်ဖရက်စပ်တတ်က သူတို့နှစ်
ဦးကို လက်ထပ်ပေးခဲ့သည်။
လက်ထပ်ပြီးစ ဝိတ်တို့ ဇနီး
မောင်နှံသည် ပျားရည်ဆမ်း ခရီး
ထွက် မှ ပြန် အလာ တွင် နယူး
ယောက်မြို့သို့ ပြောင်းရွှေ့နေထိုင်
ကြသည်၊ ကမ်း နား လမ်း တွင်
တိုက်ခန်းဝယ်၍နေသည်။ ထိုစဉ်
က နယူးယောက်မြို့ ကမ်း နား
လမ်းမှာ စည်ကား ခမ်းနားသော
ရပ်ကွက်ဖြစ်သည်။
ဒေါက် တာ ဝိတ် က နယူး
ယောက်သို့ ရောက်လျှင် ရောက်
ခြင်း၊ဆေးခန်းမဖွင့်ဖြစ်ခဲ့
အများအပြားတွင် သွား
အတိုင်ပင် ခံ အဖြစ် ဆေ
နေရ၍ မအားမလပ်အော
နေရသည်။
သည်မျှ မအား မလပ်
အလုပ်ရှုပ်နေရသည့် ကြာ
မက်ထရိုပိုလီတန် တင်းန
ယံပြိုင်ပွဲ ဝင်ရောက် ယှဉ်
အနိုင်ရရှိခဲ့ပြန်သေးသည်။
ထိုမျှသာ မက သေး
ဘက်မှ အဒေါ်တော်သူ
ရင်းကိုလည်း ဂရုတစိုက်ရှိ
ဒေါက်တာဝိတ်က ယော
များကိုလည်း ခရစ္စမတ်
တွင် နယူးယောက်သို့ အ
အပတ်လာနေရန်ဖိတ်ခေါ်
သို့ပေမင့် ယောက္ခမအဘိုး
မှု စီးပွားရေး အလုပ်များ
မအား မလပ်နိုင်အောင်
သမီး ရှိရာသို့ အလည် အ
မလာနိုင်ခဲ့။ ယောက္ခမကြီး
ဆိုက်ဆိုက်မြိုက်မြိုက် ရောက်
ခဲ့သည်။
မစ္စပက် နယူး ယေက်
ရောက်ပြီး၊ သတင်းပတ်အ
ကြာကြာထိ သမီး သားမ
နှင့် ပျော်ပျော်ရွှင်ရွှင်နေခဲ့သ



တနေ့တွင် မစ္စစ် ပက် ရုတ်
ကော် ဖျားသည်။ဆရာဝန်တဦး
ဝိတ်၍ ဆေးကုစေသည်။ဆရာ
က ကျောက်ကပ် ရောဂါဟု
ည်ဘပ်ကာ ဆေးများ တိုက်
တော့ သည်။ သား မက်
က်တာဝိတ်ကလည်း ဇနီးနှင့်
တူ အလှည့်ကျ တာဝန် ယူ၍
ယောက္ခမကြီးကို ပြုစုပေးသည်။
ထူးသဖြင့် ဝိတ်က ညဖက်တွင်
ဝန်ယူ စောင့်ရှောက်ပြုစုပေး
သည်။ သို့ပေမင့် မစ္စစ် ပက်၏
ရောဂါအခြေအနေမှာ သက်သာ
ဝေးနှ! ပို၍ပို၍ပင် ဆိုးရွားလာ
သည်။
၁၉၁၆-ခု၊ ဇန်နဝါရီ ၃၀-
က်နေ့တွင် မစ္စစ်ပက် သေဆုံး
သွာ ရသည်။မိခင်သေဆုံး၍ ဝမ်း
ည်း ကြေကွဲရသော ဇနီး ကလဲ
ာကို ဝိတ်က နှစ်သိမ့် ရသည်။
ကကယ်လည်း အားထား ရသူ
ဖြစ်သည်။
ယောက္ခမကြီး၏ အလောင်း
ကို မစ်ချီဂန်ပြည်နယ် ဂရင်းရက်
ပစ်သို့ ပို့ပေးရန် ဝိတ်ကပင်စီစဉ်
ဆောင်ရွက်ရသည်။
အဒေါ်ကက်သရင်းနှင့် ဝိတ်
တို့ ဇနီးမောင်နှံကပါ အသုဘ
တင်သော မီးရထားနှင့်အတူ ပြန်
လည်လိုက်ပါ သွားကြသည်။
တဖန်-
ဂရင်းရက်ပစ်သို့ ရောက်လျှင်
ရောက်ခြင်းမစ္စစ်ပက်၏အလောင်း
ကို မီးသဂြိုဟ်ရန် ဒေါက်တာဝိတ်
ကပင် စီစဉ် ဆောင် ရွက် ရ ပြန်
သည်။
မစ္စက်ပက်မသေမီနှင့် မိမိအား
မီးသဂြိုဟ်ရန် မှာကြားခဲ့သည်ဟု
ဒေါက်တာ ဝိတ်က ပြောသည်၊
မစ္စစ်ပက်၏ ဆန္ဒအတိုင်း ဆောင်
ရွက်ရခြင်းဖြစ်သည်ဟု ဆိုသည်။
သို့သော် ဆရာတော်စစ်ဟတ်
အဖို့မူ မစ္စစ်ပက်က မိမိ သေလျှင်
မီး သဂြိုဟ်ရန် မှာခဲ့သည် ဆိုခြင်းကို
အ ထူး အ ဆန်း ဖြစ် နေ သည်။
တချိန်က မစ္စစ်ပက်ကိုယ်တိုင် မိမိ
သေလျှင် မိသားစုသင်းချိုင်းတွင်
မြှုပ်နှံစေချင်ကြောင်း မှာခဲ့ဖူး၍
ဖြစ်သည်။
ခင်ပွန်း မစ္စတာ ဂျွန်ပက်ကမူ
အသက်အရွယ်ကလည်း ကြီးပြီမို့
ဇနီး ပြော ခဲ့ ဖူး သည့် စကားကို
မမှတ်မိတော့။ ထို့ပြင် ဇနီးက
ရုတ်တရက် သေဆုံးခြင်း ဖြစ်၍
လည်း ခြေမကိုင်မိ လက်မကိုင်မိ
အောင် တုန်လှုပ် ချောက်ချားနေ

ပြန်သည်။ သို့ပေမင့် သားမက်ဖြစ်သူ ဒေါက်တာဝိတ်ပြောသည့်အတိုင်း လက်ခံ ဆောင်ရွက်ရန် ဆန္ဒရှိနေသည်။

မိသားစုလက်စွဲ သမားတော်ကြီး ဒေါက်တာပါစီရစ်ကမူ မစ္စစ်ပက်၏ ဆန္ဒနှင့် ပတ်သက်လို့ စိုးစဉ်းမျှ မသိခဲ့။ သို့ပေမင့် နယူးယောက်သို့ မ သွား မီ က မစ္စစ်ပက်၏ ကျောက်ကပ်သည် ၁၀-နှစ် အရွယ် က လေး တ ဦး ၏ ကျောက်ကပ်တမျှ ကောင်းသည်ကိုမူ ကျိန် ပြောဝံ့သည်။ နယူးယောက်တွင် မစ္စစ်ပက်သည် မည်သို့သော အရည်မျိုးကို သောက်သုံးမိပါလိမ့်ဟုသာ မတွေးတတ်အောင် ဖြစ်နေမိသည်။

မည်သို့ ဆိုစေ မစ္စစ် ပက်၏ အလောင်းကို မီး သ ဂြိုဟ် ဖြစ် ခဲ့သည်။

ဒေါက်တာဝိတ်တို့ဇနီးမောင်နှံ ကအသုဘကိစ္စပြီးသည့်နောက် သီတင်းပတ်အတန်ကြာမျှ ဂရင်းရက်ပစ်တွင် နေသေးသည်။ ပြီးမှ နယူး ယောက်သို့ ပြန်ကြသည်။ ကလဲရာ၏ ဖခင် ဥန်ပက်လည်း စိတ်ပြေ လက်ပျောက် လိုက်လည်သည်။

ဂရင်းရက်ပစ်တွင်ရှိသောပက် မိသားစုပိုင် အိမ်ကြီးသည်လည်း ခြောက်ကပ်သွားတော့သည်။

အိမ်ကြီးရှင် သဌေးကြီး ဥန် ပက်က သမီးနှင့် သားမက်အိမ်မှ ကမ်းနားဘက်ကို မျက်နှာ မူရာ ဝရံတာတွင် ပက်လက် ကုလားထိုင်တလုံးနှင့် ငြိမ့်နေတတ်သည်။ ဟဒ်ဆင်မြစ်၏ နေဝင်ချိန် ဆည်းဆာအလှကိုကြည့်လျက် ပီတိဖြစ်နေသည်။

သမီးနှင့် သားမက်ကလည်း အဖိုးကြီး ကြိုက်သော ဟင်းလျာများကို ချက် ကျွေး တတ် သည်။ ဥန် ပက် က . အ စား ကောင်း အသောက်ကောင်း။

တညတွင် အဆမတန် စားခဲ့ခြင်းကြောင့် ရုတ်တရက် အစာမကျေ ဖြစ်လာသည်။

သည် တကြိမ်တွင် ဆရာဝန်တဦးကို ပင့်ဖိတ်၍ကုသပြန်သည်။ သို့ပေမင့်သက်လာရာမရပဲ အခြေအနေမှာ နေ့ချင်းညချင်း ဆိုးရွားလာသည်။

၁၉၁၆- ခုနှစ် မတ်လ ၁၂ ရက်နေ့တွင် ဥန်ပက်သေဆုံးသွားခဲ့သည်။

'အစာမကျေ ရောဂါ ဖြစ်ပြီး





## သည်ဥပဒေ သင်သိပါသလား .

၁။ မဖြူသည် ရေတွင်းထဲ ခုန်ချသတ်သေမည်ဟု ဆိုကာ ရေတွင်းဆီသို့ ပြေးသွားသဖြင့် ဘေးလူချ၊ ကဒိုင်းဝန်းဆွဲထားလိုက်ရသည်၊ ထိုမိန်းမအားမိမိကိုယ်မိမိ သေကြောင်းကြံစည်ရန်အားထုတ်မှုဖြင့် အပြစ်ပေးနိုင် မပေးနိုင် သင်သိပါသလား။

o o o

၂။ မြို့လည်ခေါင် လမ်းမများပေါ်တွင်လည်းကောင်း၊ လူစည်ကားရာ ဈေးအတွင်း၌သော်လည်းကောင်း၊ မိမိ၏ဒဏ်ရာအနာများကို လှစ်ပြ၍သော်လည်းကောင်း၊ မြင်ရသူ သနားကြင်နာစေရန်သော်လည်းကောင်း လီဆယ်တောင်းရမ်းနေသူများကို တွေ့ဘူးပါလိမ့်မည်။

ထိုသူများကို အရေးယူသည့် ဥပဒေပုဒ်မရှိပါသည်၊ ဘယ်လိုပုဒ်မနှင့် ဘယ်လိုအရေးယူ၍ ရနိုင်သည်ကို သင်သိပါသလား။

o o o

၃။ မောင်ဖြူသည် မရိုးဖြောင့်သောသဘောဖြင့် မောင်မဲပိုင် ခြံထဲမှသစ်ပင်ကို မောင်မဲသဘောမတူပဲ ယူရန်အကြံဖြင့် ခုတ်လှဲခဲ့သည်။ မောင်ဖြူသည် သူတပါး ပိုင်ဆိုင်သောသစ်ပင်ကို မရိုးဖြောင့်သောသဘောဖြင့် ခုတ်လှဲခြင်းမှာ ဥပဒေကျူးလွန်ခြင်းပင် ဖြစ်ပါသည်။ ဘယ်လိုဥပဒေနှင့် ညိစွန်းနေသည်ကို သင်သိပါသလား။

o o o

★ **အဖြေများကို စာမျက်နှာ(၉၆) တွင်ကြည့်ပါ**

နှလုံးသွေး ရပ်သွားခြင်းကြောင့် သေဆုံးရခြင်းဖြစ်သည်’ဟု လက်မှတ်တွင် ဆရာဝန်က မှတ်ချက်ပေးထားသည်။

ထုံးစံအတိုင်း ဒေါက်တာဝိတ်က ယောကျ်ားမထီးကြီး အလောင်းကို မစ်ချီဂန်သို့ ပို့ပေးရန် အစီအစဉ်များ လုပ်လျက် အလုပ်ရှုပ်နေသည်။

သည်စဉ်အခိုက်-

မိမိတို့တိုက်ခန်းသို့ ဧည့်သည်နှစ်ဦး ရောက်လာသည်။ ဒေါက်တာ ကော်နိုင်နှင့် တူမ အယ်လီဇဗက်တို့ ဖြစ်သည်။ ကလဲရာ၏ဆွေမျိုးများဖြစ်သည်။ဦးလေးဥျွန် တယောက် ဖျားနေသည် ဆို၍ သတင်းမေးရန်ရောက်လာကြခြင်းဖြစ်သည်။အခုတော့ ဦးလေးဥျွန် သေဆုံးသွားပြီကိုသိရသောအခါ တအံ့တသြဖြစ်ကြရပြန်သည်။

အယ်လီဇဗက်က စပ်စပ်စုစု ရှိခြင်းကြောင့် ဒေါက်တာဝိတ်က သာမက ကလဲရာနှင့် အခေါ်ကက်သရင်းတို့ကပါ သူ့ကို ကြည့်မရကြ။ အယ်လီဇဗက်ကလည်း စိတ်ထဲရှိသည့်အတိုင်း ပွင့်ပွင့်လင်းလင်း ဟောဟော ဒိုင်းဒိုင်း ပြောတတ်သူဖြစ်သည်၊

ဦးလေးဥျွန် သေဆုံးလျှင်
ဆုံးချင်း မစ်ချီဂန်သို့ ပို့ရန်
ခြင်းမှာ အမြင်မကောင်းဟု
လီဇဗက်က ပြောသည်၊

ပြီး- ဦးလေးဥျွန်က မိမိ
မကောင်းကြောင်း တကြိမ်
မျှ မပြောစဖူးဟု စောဒက
သည်။

ဒေါက်တာဝိတ် ပင့်သည့်
ရာဝန် ဆိုသူ ကိုလည်း မိမိ
မကြားစဖူးဟု ဆိုသည်။

နောက်ဆုံးတွင်အယ်လီဇဗ
က၊ ဒေါက်တာ ဝိတ် တို့
မောင်နှံပိုင် တိုက်ခန်းမှ မ
မနပ်ဖြင့် ထွက်ခွာ သွား သ
အယ်လီဇဗက်က အနီးဆုံး
နန်းရုံးဆီသို့ တန်းတန်းမတ်မ
လျှောက်သွားသည်။

ထိုညမှာပင်။ ဒေါက်တာဝိ
တို့ ဇနီးမောင်နှံအပြင် အခေ
ကက်သရင်းပါ မစ်ချီဂန်သို့
ပက်၏ အလောင်းကို တင်သော
ရထားနှင့် အတူ လိုက်ပါသွ
ကြသည်။

ဂရင်းရက်ဘူဘာရုံသို့ ရော
လျှင် ကလဲရား၏မောင် ပါစီ
စောင့်ကြိုသည်။ ပါစီနှင့် အ
ဆရာတော် စစ်ဟတ်၊ မိသား

လက်စွဲဆရာဝန် ဒေါက်တာရစ်ကိုလည်း စောင့်ကြိုနေကြသည်။

သည် တကြိမ် တွင် လည်း ဒေါက်တာဝိတ်က ဥျွန်ပက် မသေမီက မိမိသေလျှင် မီးသဂြိုလ်ရန် မှာကြားသွားကြောင်း ပြောပြန်သည်။

သို့ပေမင့်....သည်တကြိမ်တွင်၊ ပါစီက လက်မခံတော့....

ရထားမစိုက်မီကပင်၊ ပါစီထံသို့ နယူးယောက်မှ ပေးပို့သော ကြေးနန်းစာတစောင် ရောက်လာသည်။ ဥျွန်ပက်၏ အလောင်းကို ရင်ခွဲမစစ်ဆေးမီ၊ မီးသဂြိုဟ်ခြင်း မပြုရန် တိုက်တွန်း ထား သည့် သံကြိုးစာတွင် ‘ကေအဒမ်’ ဟု လက်မှတ်ထိုးထားသည်။ ‘ကေ— အဒမ်ဆိုသူမှာ မည်သူမည်ဝါမှန်း ပါစီမသိ....

သို့ပေမင့်....သံကြိုးစာပါ အကြောင်းအရာအရ ပါစီက သံသယ ရှိနေသည်။

ဆရာတော် စစ်ဟတ်က ဝတ်ပြုစည်းဝေး ကျင်းပပြီးလျှင်၊ ပါစီက ဖခင်အလောင်းကို မီးသဂြိုဟ်ရာ စက်သို့ မပို့တော့....ပါစီက ဖခင်အလောင်းကို ခွဲစိတ်စစ်ဆေးရန် ဒေါက်တာရစ်ကို တာဝန်ပေးသည်။ သို့ပေမင့် သို့ကလိုဆောင်ရွက်ခြင်းကို ဒေါက်တာဝိတ်အား အသိမပေးခဲ့....

အလောင်းကို ခွဲစိတ်စစ်ဆေးသောအခါ ပက်၏နှလုံးမှာ အခြေအနေကောင်းကြောင်း တွေ့ရှိရသည်။ အစာအိမ်နှင့် အူတွင် ဖြစ်သော ဒဏ်ရာလက္ခဏာများကိုမူ တွေ့ရသည်။ ထို့ကြောင့် ဒေါက်တာရစ်က ကိုယ်တွင်အင်္ဂါများကို စစ်ဆေးပေးရန်၊ မစ်ချီဂန် တက္ကသိုလ်မှ ဒေါက်တာဖြစ်သူထံ ပေးပို့သည်။

ဒေါက်တာဗစ်ကာစစ်ဆေးခြင်း အလုပ်ကို တပည့်ကျောင်းသားများအား လွှဲပေး လိုက်သည်။ ဓါတုဗေဒဖြင့် မဟာသိပ္ပံဘွဲ့ သင်တန်းတက်သော ကျောင်းသား ဂျာမိန်းနှင့် စမစ်တို့က တာဝန်ယူ စစ်ဆေးပေးရသည်။

စမစ်သည် နောင်သောအခါတွင် နာမည်ကြီး အာရုံကြောခွဲစိတ်ကု ဆရာဝန်ကြီး ဖြစ်လာသည်။ ရိန်းချ် စစ်ဆေးနည်း **Reinich Test** ဖြင့် ပဏာမ စစ်ဆေးမှုများ ပြုလုပ်သောအခါ ဥျွန်ပက်၏ ကိုယ်တွင်းအင်္ဂါအစိတ်အပိုင်းများတွင် စိန်ခါတ် (**ars-**

enic) များရှိနေသည်ကို တွေ့ရှိရသည်။

တဖန်....

'မတ်စမ်းသပ်ချက်'(March Test) ဖြင့် စစ်ဆေးပြန်သောအခါ၊ အခြေအနေက ပိုမိုရှုပ်ထွေးလာသည်။ မတ်စမ်းသပ်နည်းမှာ နှလုံးကစိတ်ဓာတ်များ မည်မျှစုပ်ယူ ထား ခြင်း ဖြင့် သေ စေ နိုင်လောက်သည့်ပမာနရှိမရှိစစ်ဆေးရန်ဖြစ်သည်။

သို့ကလို စစ်ဆေးစမ်းသပ်မှုများကို ပိုမိုသေချာစေရန် သုံးကြိမ်သုံးခါ ပြုလုပ်ခဲ့သည်။ အဘယ်ကြောင့်ဆိုသော် လူတယောက်၏ အသက်သည် စမ်းသပ်မှုမှထွက်ပေါ်လာမည့် ရလာဒ် ပေါ်တွင် လုံးလုံးလျားလျား တည်မှီသည် မဟုတ်ပါလား....

သည်စစ်ဆေး စမ်းသပ်မှုများကို နေ့စဉ် ရက်ဆက် ပြုလုပ်ခဲ့သည်။

ထိုအခိုက်မှာပင် မထင်မမှတ်သည့် အရပ်ဆီမှ၊ ဒေါက်တာဝိတ်အား ပြစ်တင်ရှုံ့ချခြင်း ပေါ်လာသည်။

ဆရာတော် စစ်ဟတ်က ပါ၊စီအား ခေါ်၍ နှစ်ကိုယ်ကြား ပြောသည်။

ယွန် ပက် သေ ဆုံး ရ ခြင်း ၏ အဖြစ်မှန်ကို နယူးယောက်မြို့တွင်းမှ အကြောင်းစုံ သိ ရှိနိုင်မည် ဟု ပြောသည်။

ဆရာတော်စစ်ဟတ်ကိုယ်တိုင်ပင်၊ နယူးယောက်မြို့သို့ ထွက်ခွာသွား သည်။ နယူး ယောက် သို့ ရောက်လျှင် ရောက်ခြင်း ဆရာတော်စစ်ဟတ်က 'ရေမွှန်' ဆိုသူ အ လွှတ် စုံ ထောက်တဦးကို ငှားရမ်းလိုက်သည်။

တဖန်....

ကလဲရာ၏ ညီမဝမ်းကွဲ အယ်လီဇဗက်နှင့် အဆက်အသွယ်ရရန် စီစဉ်ရသည်။

ထိုအခါမှ အယ်လီဇဗက်က ပါစီထံ သံကြိုး ရိုက် ပို့ ရာတွင် 'ကေ—အဒမ်'ဟု လက်မှတ်ထိုးခဲ့သူမှာ မိမိပင်ဖြစ်ကြောင်း ဝန်ခံသည်။

ဒေါက်တာဝိတ်ကို မိန်းမချောကလေးတဦးနှင့် တတွဲတွဲ တွေ့နေရသည်ဟု အယ်လီဇဗက်က သတင်းပို့သည်။

ဒေါက်တာဝိတ်ကလည်း မိန်းမ ချော လေး မှာ မိမိ၏ သူနာပြုဆရာမလေးဖြစ်ပါသည်ဟု တွေ့သည့်လူတိုင်းနှင့် မိတ်ဆက်ပေးတတ်သည်။

သည်ကိစ္စကို ပြည်နယ်လက်ထောက် ဥပဒေအရာရှိကပါ စိတ်ဝင်စား လာ စေ ရန် စုံထောက်ရေမွှန်တွင် အကြောင်းအရာ အချက်အလက်များက အတော်အတန် စုံနေပေပြီ။ ထို့ကြောင့်လည်း ပြည်နယ်လက်ထောက် ဥပဒေအရာရှိက သည်အမှုကို နိုက်နိုက်ချွတ်ချွတ် စစ်ဆေးဖော်ထုတ်နိုင်ရန် မှုခင်းအရာရှိများကိုပင် တာဝန်ပေးခဲ့သည်။

သ တင်း စာ များ က လည်း သည်သတင်းကို အ နံ့ ခံ မိကြသည်ထင့် .... မှု ခင်း သ တင်း ထောက် များ ကလည်း အမှုမှန်ဖော်ထုတ်ရေး တရားခံဖော်ထုတ်ရေးအတွက် ဝိုင်း ဝန်း ကူ ညီ ကြသည်။

ထို့ကြောင့်လည်း မတ်လတွင် ဒေါက်တာဝိတ်တို့ ဇနီးမောင်နှံက ကမ်းနားလမ်း တိုက်ခန်းသို့ ပြန်ရောက်လာချိန်တွင်၊ ဒေါက်တာဝိတ်နောက်၊နောက်ယောင်ခံ လိုက်နေကြသော စုံတောက်များက တ သီ ကြီး ဖြစ်နေ သည်။ အလွှတ် စုံထောက် များ ရော၊ အပျော်တမ်း စုံတောက်များပါစုံလို့ ခြေချင်းလိမ်နေကြသည်။

သည်တော့လည်း ဒေါက်တာဝိဘ်နှင့်ပတ်သက်ပြီး စုံစမ်းတွေ့ရှိခဲ့သော အချက်အလက် များကလည်း စုံသည်။

ဒေါက်တာ ဝိတ်သည် နယူးယောက်မြို့ သွား ဆရာဝန်အဖြစ် ကုသခွင့် ရရန်အတွက် ပြည်နယ်မှ ဦးစီးကျင်းပသော စာမေးပွဲကို မဖြေခဲ့စဖူး၊ ပြီး ဒေါက်တာဝိတ်အား ဆေးရုံ အများ အပြားတွင် သွား ခွဲစိပ်ကု အတိုင်ပင်ခံအဖြစ် ဆောင်ရွက်ပါသည်ဟု ဆိုသော်လည်း ထိုဆေးရုံများက၊ ဒေါက်တာဝိတ်ကိုပင် မကြားစဖူး....

ဒေါက်ဘာ ဝိတ်သည် မာဂရက်ဆိုသူ အဆိုတော် မိန်းကလေးချော တဦးနှင့် ရည်ငံ နေသည်။ အမျိုး သမီး က လေး အတွက် ငွေကုန် ကြေးကျ ခံပြီး ပလာဇာ ဟိုတယ်ဘွင် စတီဒီယိုတခုဘည်ထောင်ပေးသည်။သို့ပေမင့် မာ ဂ ရက် က မူ မိ မိ သည် ဒေါက်ဘာဝိဘ်နှင့် မည်သို့မျှပတ်သက်ပဲ အနုပညာ တေးဂီဘနှင့် နိုင်ငံခြား ဘာသာစကားများတွင်

ဝါသနာထုံခြင်းကြောင့် ပေါင်းမိခြင်း ဖြစ်သည်ဟု ထွက်ဆိုသည်။

မတ်လ(၉)ရက်နေ့ (ဌါန်ပက်မသေမီ)က ဒေါက်တာဝိတ်သည် အရှေ့ ၅၇ လမ်း၊ အမှတ်(၁၀)နေ ဒေါက်တာ ရစ်ချတ်မူးလားထံတွင် စိန်ရည် ရောင်းမည့် ဆေးစပ်သမားတဦး၏အမည်ကို ပြောပြရန် မေတ္တာရပ်ခံလာသည်။ စိန်ရည်ဖြင့် ကြောင် တကောင်ကို ဖျောက်ရန် ဖြစ် သည် ဟု လည်း အကြောင်းပြခဲ့သေးသည်။ဒေါက်တာ မူးလားက ဒေါက်တာ ဝိတ်အား စိန်ဖြူ ဂရမ်(၉၀) ရောင်းချပေးရန် ဆေး ဆိုင် တ ဆိုင် နှင့် စီစဉ်ပေးသည်။

ဒေါက်တာ ဝိတ်သည် ကော်နယ်လ်ဆေးသိပ္ပံ၏ဝန်ထမ်းတဦးဖြစ်သူ ဝီလျံဝက်ဗာထံမှ အူရောင်ငန်းဖျား (တိုက်ဖွိုက်)၊ ဆုံဆို့နာ၊ အဆုပ်အအေးမိ ရောဂါနှင့် တုပ်ကွေး ရောဂါပိုးများ မွေးမြူရေးဌာနမှ ပိုးမွှား များကိုလည်း ရယူခဲ့သည်။

ဒေါက်တာဝိတ်သည် ဇနီး၏အဒေါ် ကက်သရင်းထံမှ ရင်းနှီးမြှုပ် နှံ ရန် အ တွက် ဆို ကာ ဒေါ်လာ ၄- သောင်း ရယူခဲ့ပြီး ကက်သရင်း၏အကျိုးအမြတ်များအတွက် ဆောင်ရွက်ရန်ကိုယ်စားလှယ်လွှဲစာလည်းရယူထားသည်။

နယူးယောက်မြို့သို့ ပြန်ရောက်ပြီးသည့် အချိန်မှစ၍ ဒေါက်ဘာဝိတ်နောက်သို့ ဥပဒေဘက်တော်သားများက နောက် ယောင် ခံလိုက်နေသည်ဆိုပေမင့် ကြိုးရှည်ရှည်နှင့် လွှတ်ထားဆဲပင်ရှိသည်။ တချိန်ချိန်တွင် ကိုယ့် လည်ပင်းကိုယ် ကြိုးကွင်းစွပ်မည်ကို စောင့်ကြည့်နေကြသည်။

တနေ့တွင် ဒေါက်ဘာဝိတ်က ယူဂျင်းကိန်း ဆိုသူနှင့် ချိန်းတွေ့သည်။ ယူဂျင်းသည် ဌါန်ပက်၏အလောင်းကို မစ်ချီဂန်သို့ပို့ပေးရန် စီစဉ်ဆောင်ရွက်ခဲ့သော သုဘာရာဇာဖြစ်သည်။

သို့ကလို ချိန်းတွေ့ခြင်းမှာ ယူဂျင်းအား 'ဖြောင်'ရန် ဖြစ်သည်။ ဒေါက်တာဝိတ်က ယူဂျင်းအား ဒေါ်လာ—၉၀၀၀ပေးပြီး၊ စိန်ရေပါသော အလောင်းစီရင် ဆေးရည်ပုလင်း တပုလင်းကို ပြည်နယ်လက်ထောက် ဥပဒေအရာရှိသို့ပို့ပေးရန် စေခိုင်းသည်။ ကေ... ဒေါက်တာဝိတ် သည် မိမိဂုတ်တွင် ဥပဒေ၏ဓားက ဝဲနေသည် ...ခံစားရပြီး၊ ဂဏှာမငြိမ် ဖြစ်...ာန်တူသည်။ ယူဂျင်းက ငွေ... ဒေါက်တာဝိတ် စေခိုင်း...ည်ကို မလုပ်ပဲနေသည်။ နယူး...ာက်ပြည်နယ်က အလောင်း...ဆေးရည်တွင် ရေသုံးစွဲခြင်း ...ဥပဒေပြဋ္ဌာန်းလျက် ပိတ်ပင်...ဖြစ် ထား သော ကြောင့် ...င်းက မ ပို့ ပေး ရဲခြင်း ဖြစ်...ည်။

မကြာပါ....

...စ်ချီဂန် တက္ကသိုလ် အဆိပ်...ာ ဓာတ်ခွဲခန်းမှ စစ်ဆေးချက်...သောအခါတွင်၊ အမှုမှန် ပေါ်...တော့သည်။ ဌါန်ပက်သည် ...ကြိမ်ပေါင်းများစွာ စိန်ရည်များ... သောက်ခဲ့သည်။ သည်ပမာ...မှုဖြင့် လူဘဦးကိုသေစေနိုင်...သည်ဟု စစ်ဆေးတွေ့ရှိသည်။

ဒေါက်ဘာဝိတ်အား လူသတ်...ဖြင့် ဖမ်းဆီးခဲ့သည်။

၁၉၁၉ - ခုနှစ် မေ လ တွင် ...က်တာဝိတ်ကို ရုံးတွင် တရား...သည်။

ဒေါက်တာဝိတ် ၏ အကျိုး...ဆောင် ရှေ့နေက မိမိ၏အမှုသည် ...အ မှန် အတိုင်း ထွက် ဆို ရန် ...က်တွန်းသည်။ ဒေါက်တာဝိတ်ကလည်း အပြည့်အစုံ ဖြောင့်ချက်ပေးသည်။

ချမ်းသာချင်လွန်းလို့ လူသတ်မိပါသည်ဟု ဒေါက်တာဝိတ်က ဝန်ခံသည်။

ဒေါက်တာဝိတ်၏ အကြံက၊ ဇနီး ကလဲ့ရာ ရမည့်အမွေစုကို မိမိကရယူရန် ယောက္ခမကြီး ဇနီးမောင်နှံကို သတ်ခဲ့ပြီး နောက် ဇနီး ကလဲ့ရာကိုပါ ဝိဝိယိယိ 'ဖြောင်'ရန် အကြံရှိသည်။

ပြီး....ဇနီး၏အဒေါ် ကက်သရင်း နောက် လိုက် ရန် အကြံရှိသည်။ ဘာကြောင့်ကက်သရင်းနောက် လိုက်ချင်ရသည်ကိုတော့ တိတိပပမသိ....ဒေါက်တာဝိတ်ကို အဒေါ်၏ငွေများကို ထင် သ လို ချယ်လှယ်နိုင်ခွင့်ရထားခဲ့သည်မှာ အမှန်...

သို့သော် .... ကက် သ ရင်း သောက်မည့် လိ မ္မော် ဖျော် ရည်တွင် ဖန်မှုန့်များထည့်၍ သေစေရန် စမ်း သပ် ခဲ့ဖူးသော်လည်း မအောင်မြင်ခဲ့ဟု ဒေါက်တာဝိတ်က ထုတ်ဖော်ပြောသည်။

တကယ်တော့ ... ယောက္ခမကြီးကို သတ်ဖို့ရန်က လွယ်ကူပေလိမ့်မည်။ ဒေါက် တာ ဝိတ် က

ယောက္ခမကြီးအား အဆုပ် အအေးမိရောဂါ၊ ဆုံဆို့နာနှင့် တုပ်ကွေးရောဂါ ဗက်တီးရီးယားပိုးများပါသော အရေကို တိုက်ကျွေးသည်၊ ထိုအခါ အဖွားကြီးမှာ ရုတ်တရက်ဖျားတော့သည်၊ အဖွားကြီးက အိပ်ရာထက်ဘွင် လဲနေသောအခါ ဒေါက်တာဝိတ်က ဆေးတိုက်ရန် စီစဉ်သည်၊ ရွေးစက်သည့် အိပ်ရာထက်ဘွင် ရက်အတန်ကြာ လဲနေပြီး နောက်ဆုံး အိပ်ဆေး ၁၂ ပြားကိုချေပြီး ဖျော်စပ်ကာ တိုက်ကျွေးသော အခါမှ ကိစ္စချောတော့သည်။

ဝွန်ပက်ကမူ အသက်အရွယ်ကြီးပေမင့် သန်ဘုန်း၊ မြန်တုန်း အူရောင်ငန်းဖျားရောဂါ၊ ဆုံဆို့နာနှင့် တုပ်ကွေးရောဂါဗက်ဘီးရီးယားပိုးများပါသောအရည်ကို တိုက် ကျွေး ပေ မင့် ကိုယ် ခံ ကောင်း၍ အကျိုး မသက်ရောက်ခဲ့။ ဝွန်ပက်အသုံးပြုသော နှာရှူဆေးတွင် အဆုပ် ရောဂါပိုး များ ကို သုံး ခဲ့ သော် လည်း အကြောင်း မထူးခဲ့။ နောက်ဆုံးတွင် ကြက်ဥပြုတ်ထဲတွင် စိန်ရည်ထည့်ကျွေးသော အခါမှ အနိစ္စ သဘောနှင့် ကိစ္စ ချောလေ[illegible] သည်။

တဖန် ဝွန်ပက် က အ[illegible] အကျယ် ဖိုက်နာပြီး သက်သ[illegible] ရရန် ဆေး တောင်းသော [illegible] ဒေါက်တာဝိတ်က ကလိုရိုဖော[illegible] (Chloroform)အနည်းငယ်[illegible] တိုက် ကျွေး သည်။ အ ဘိုး[illegible] လည်း ရုတ်ချည်း အိပ်ပျော်[illegible] သည်။ထိုအခါ ဒေါက်တာဝိ[illegible] ဝွန်ပက်၏ မျက် နှာ ပေါ[illegible] ခေါင်းအုံး တင်၍ ဖိထား[illegible] သည်။သို့မှသာ ဝွန်ပက်က [illegible] ရှိဖောင်း များကို ရှူပြီး အ[illegible] ပျောက်ပေလိမ့်မည်။

တရားခံ အကျိုးဆောင် [illegible] နေကာ မိမိ တ ရား ခံ အား [illegible] တိုင်း မှန်ရာကို ထွက်ဆို [illegible] ချက်ပေးဖို့ တိုက်တွန်း ရခြ[illegible] အကြောင်းရင်း ရှိသည်။ သ[illegible] ရက် ရက် စက် စက် ကြော[illegible] တုန်လှုပ်စရာကောင်းသော [illegible] အမှုကို စိတ်မမှန်သူတဦးသာ[illegible] လုပ်နေလိမ့်မည်ဟု ဂျူရီ လ[illegible] များက ယူဆစေရန် ဖန်တီး[illegible] ဖြစ်သည်။

သို့သော်....

ဂျူရီ လူကြီးများက တရားခံ [illegible]ကျိုးဆောင် ရှေ့နေကြီး ထင်[illegible] မယူဆခဲ့ကြ။

ဂျူရီလူကြီးများက မိနစ် ၂၀ [illegible]မျှ တိုင်ပင် ဆွေး နွေး ပြီး [illegible]က်တာ ဝိတ်တွင် အပြစ် ရှိ[illegible]ကြောင်း တ ညီ တ ညွတ် တည်း [illegible]ဖြတ်ကြသည်။

၁၉၁၇-ခု မေလ ၂၄-ရက် [illegible]...

အသက် (၂၉)နှစ် သာ ရှိ[illegible]သည့် ဒေါက် တာ ဝိတ် ကို [illegible]အကျဉ်းစခန်းတွင် လျှပ်စစ်[illegible]ထိုင်ဖြင့် သေဒဏ် ပေးခဲ့[illegible]။

(Lawrance G. Blochman ရေး Murder on River side Drive ကို [illegible]ပါသည်။)

ဝင်းလွှင်ထွန်း



☆

## အပြောင်းမတော်

## ထောင်ဒဏ် ၂နှစ်

ဂျပန်ပြည် တိုကျိုမြို့ရှိဟော်တယ်တခုတွင် အလုပ် လုပ်နေသည့် လူငယ်တဦးကိုအင်္ဂါပြောင်းပြီး မိန်းကလေးအဖြစ် ဖန်တီးပေးလိုက်သော ဆရာဝန် မာအိုအုံကီဆို သူအား ဂျပန် အစိုးရက တော်လွန်းဘွဲ့ထူးတခုခု ချီးမြှင့်သည် ဟု ထင်ပါသလား။

မဟုတ်ပါ။

အမိန့် မရှိပဲ လိင် အင်္ဂါပြောင်းလဲမှုဖြင့် ထို ဆရာဝန်ကို အလုပ်ကြမ်းဖြင့် ထောင်ဒဏ် ၂နှစ်၊ ဒဏ်ငွေဒေါ်လာ ၁၁၀၀ချမှတ်လိုက်ပါလေ၏။

❀ဦးဝင်းမြင့် [ကျောက်ဆည်]




# လင်ရှိမယား

‘ချစ်တယ်ဆိုတာ နှလုံးသား ချင်းဖလှယ်တာ၊ ဘဝချင်းပေါင်း တာ။ သစ္စာ တရားချင်း ပေါင်း စည်းတာလို့ အတာတော့ နား လည်တယ်။ ငတ်မွတ်နေတဲ့ နှလုံး သားကို အစာ ကျွေးတာ ဟာ အချစ်မဟုတ်ဘူး နိုင်နိုင်။ အဲဒါ ဟာ ညစ်ညမ်းတဲ့ တဏှာရာဂ တပ်မက်မှုပဲ၊ အပေး အယူ မရှိပဲ ယူတဲ့ တဖက် သတ် အချစ်ဟာ ဘာမှ တန်ဖိုးမရှိဘူး၊ အချစ် ဆို တာ ပန်းချီ ကား တ ချပ် မှာ အမှောင်ရှိယင် အလင်းရောင် သလို၊ အပေး ရှိသလို အယူ မယ်နိုင်နိုင်’

အတာသည် ချစ်ခြင်းမေ ကို ပန်းချီကားတချပ်ဖြင့် တင် နှိုင်းနှိုင်း၍ နက်နဲ ထူး ဆန်း ပြောပြဘတ်သည်။

‘ပြီးတော့.... မင်္ဂလာ ဆော တယ်ဆိုပြီး သတင်းစာထဲမှာ သိရှင်ကြား ကြေငြာတဲ့ အ အတာ သိပ်မုန်းတယ် ဒီအ ဟာ ရှက်ကမ်းကုန်တဲ့ ဂုဏ်ပ

လင်ရှိမယားကို ကျူးလွန်ပါက မုဒိမ်းမှုမမြောက်လျှင်၊ မယား မှု ကျူးလွန်ခြင်းဖြစ်၍ ထိုသူကို ၅ နှစ်ထိ ထောင်ဒဏ်တမျိုး မျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် ဟု ပုဒ်မ ၄၉၇ တွင် ပြဋ္ဌာန်းချက် ရှိပေသည်။

သန အလုပ်တခုပဲ၊ သတို့သားနဲ့ သတို့သမီးကို သံဝါသ ပိုက်ကွန်ထဲမှာ ထည့်ပြီး လူ အများ သိအောင် အရှက်ခွဲတဲ့အလုပ်ပဲ၊ ဆန့်ကျင်တဲ့ လိင်နှစ်ဦး ဖြစ်တဲ့ ဖိုနဲ့မဟာ သူတို့ချင်း နား လည် ပြီး အပေး အယူ ရှိယင် ဘာချင်းလဲနိုင်ကြယင် တယောက် သစ္စာတရားကို တယောက် ခံယူနိုင်ကြယင် ချစ်ခြင်း မေတ္တာဟာ ဘယ်တော့မှ ဖြိုဖျက်လို့မရတဲ့ ထာဝရနှလုံးသားပစ္စည်း ဖြစ်လာရမယ်လို့ အဘာတော့ယုံကြည်တယ်'

အဘာ့ထံမှ ထူး ဆန်း သော စကားတို့ကို နိုင်နိုင် အရမ်းကာရော အကြွင်းမဲ့ မယုံကြည်ခဲ့ချေ။ လက်မခံသည့်ဘက်မှ ပြင်း ပြင်းထန်ထန် ရပ်တည်ယင်း ကြိုးစားခဲ့ရာမှ နောက်ဆုံးတွင် အဘာ၏ အယူအဆများကသာ နိုင်နိုင့်ကို လွှမ်းမိုးလာခဲ့ရတော့သည်။

'ကြည့်စမ်း နိုင်နိုင် အတွေ့ဆီ လိုက်လာတယ်'

'လိုက်လာတာမဟုတ်ပါဘူး'

'ဒါဖြင့် အာအိုင်တီကိုဘာဖြစ်လို့လာရတာလဲ ပြောစမ်း မခြေတန်ရှည်ကလေး'

'လိုက်လာတာ မဟုတ်ပါဘူး လို့ အပြောသားပဲ၊ အတာ မလာနိုင်လို့ လိုက်ရှာတာ လိုက်ရှာတာ'

ပြိုင်တူ နှစ်ယောက်သား အူလိုက် အသည်းလှိုက် ရယ်မောလိုက်သံ မည်မျှကျယ်လောင်သွားသည်ကိုပင် သူတို့ နှစ်ဦး သတိမထားမိကြတော့ပေ၊

နောက် ဆုံး တွင် အဘာ ၏ ထာဝရနှလုံးသားပစ္စည်းအယူအဆ ကိုလက်ခံခဲ့ရုံသာမက အတာ၏ရင်ခွင်ပိုက် ပစ္စည်းဘဝသို့ နိုင်နိုင် ရောက်ရှိ လာခဲ့ရတော့သည်၊ အသဲချင်းဖလှယ် ဘဝချင်း ပေးအပ်၍ သမုဒ္ဒသ နှောင်ကြိုးတွေ တိုး၍တိုး၍ ရစ်ပတ်သိုင်းဖွဲ့ လာကြတော့၏၊

တနှစ် ကျော်ကျော် နှစ်နှစ်နီးပါး အချစ်ဝဲသြဃဲတွင် မျောချင်တိုင်း မျောခဲ့သည့်အချိန်တွင်မှ နိုင်နိုင့်အမေ မေမေမြိုင် နှလုံးရောဂါဖြင့် ရုတ်တရက်ကွယ်လွန်သည့် ပြဿနာကြီး တချပ် ပေါ်ပေါက်လာခဲ့ကာ၊ မေမေ့ကို ဂ နောက်ဆုံးတွင် တူလေး ပိုက်ပိုက် ၏ အကြောင်း ပြပြီး ခဲ့အို ဖြစ်သူ ဦးကျော့မောင်နှင့် ပြန်လည်လက်ဆက်ရန် ဇွတ်အတင်း နားချလာကြတော့သည်။

'နိုင်နိုင် ဘာလုပ်ရမလဲ ဟင် အတာ နိုင်နိုင်ဘာလုပ်ရမလဲ'

'ဘာလုပ်ရမလဲ နိုင်နိုင် ရယ် လက်ထပ်လိုက်ရုံပဲရှိတာပေါ့'

'ဟင် အတာ ဘာယ်လိုပြောလိုက်တာလဲ'

'အကောင်းဆုံး ဖြစ် နိုင် တဲ့ နည်းကို အတာပြောတာ'

'အို အတာရယ် နိုင်နိုင့်ကို ကိုယ်ထက်အသက်ကြီးတဲ့ လူအိုသူမင်း တယောက်ရဲ့ လက်ထဲကို အတာ ထည့် လိုက် တော့မှာလား'

'နားထောင်စမ်းပါအုံး နိုင်နိုင်'

'အို နား မ ထောင် နိုင် ဘူး၊ နားမထောင်နိုင်ဘူး၊ အတာပြောတာကို နိုင်နိုင်နားမထောင်နိုင်ဘူး နိုင်နိုင် ပြောတာကို အတာ နားထောင်'

'နိုင်နိုင်စိတ်တွေကို အေးအေးကလေး ထားစမ်းပါ နိုင်နိုင်ရယ်၊ မိန်းကလေး တ ယောက် ဟာ ဘာဘဝမှာပဲဖြစ်ဖြစ်၊ ဆယ်ဘဝမှာပဲဖြစ်ဖြစ် လူတယောက်ကိုပဲ ချစ်ချစ်၊ လူတရာတထောင်ကိုပဲ ချစ်ချစ်၊ လူတသောင်း တသန်းကိုပဲ ချစ်ချစ် သူ့နှလုံးသားကို တကယ်တမ်း ပိုင်ဆိုင်တဲ့လူ ဘယ်သူလဲဆိုတာ သိဖို့အရေးကြီးတယ်နိုင်နိုင်'

စကားထူး စကားဆန်း တို့ ကြားလိုက်ရသောကြောင့် နိုင်နိုင် ရင်ခုန်သံ ရပ်တော့လို မြင်သွားခဲ့ရသည်။

'ပြီးတော့ လက်ထပ်ထားနဲ့ ချင်တာက တခြားစီပဲ နိုင်နိုင်ရယ် တချို့တွေက များ လက်ထပ်ကြပြီး သားတွေ သမီးတွေ မြေးတွေ မြစ်တွေ ရတဲ့ ထိ တယောက်နဲ့အ တယောက် ချစ်လို့ပေါင်းကြပေမဲ့ လူဘဝကို စွန့်ခွာသွားရတဲ့ လူတွေပြည့်လို့၊ အချစ်ဆိုတဲ့နေရာမှာ မြင်ဆိုတာဟာ သူနဲ့ထိုက်တန်တဲ့ လူရဲ့ ရင်ခွင်ထဲမှာသာ ရှင်သန်ကြီးထွားနိုင်ပါတယ်'

'အတာ ဘယ်သူ့ဘက်ကရှေ့နေလိုက်တာလဲ'

'သစ္စာ တရားနဲ့ ချစ် ခြင်း မေတ္တာဘက်က ရှေ့နေ လိုက်နေတာနိုင်နိုင်၊ဦးကျော့မောင်နဲ့ နိုင်နိုင် လက်ထပ်လိုက်ပြီ ဆိုပါစို့၊ ကောင်းပြီ၊ နိုင်နိုင့် အသဲနှလုံးကို သူရသွားတယ်လို့ နိုင်နိုင် ပြောမလား'

'အို ဒါတော့ ရှင်းနေတာပဲ'

'ဘာရှင်းနေတာလဲ နိုင်နိုင်'

'သူနဲ့ လက်ထပ် လိုက်ယင် သူ့မယားပဲပေါ့ အို ပိုင်ဆိုင်မှုကို နိုင်နိုင် လုံးဝလက်မခံနိုင်ဘူး'

အတာက ဝါးလုံးကွဲကို လေ တိုးသံဖြင့် မပွင့်တပွင့် ရယ်မော လိုက်သည်။

'နိုင်နိုင့် အယူအဆတွေ သိပ် မှားနေပြီ၊ အတာ မေးတာကိုလဲ နိုင်နိုင် ဘာတခုမှ မဖြေနိုင် ဘူး၊ ပြော တာ ကို လဲ ဘာ တ ခု မှ သဘော မပေါက်ဘူး၊ ဦးကျော့ မောင်က နိုင်နိုင့်ကို လက်ထပ်ရင် နိုင် နိုင့် ခန္ဓာ ကိုယ် ကိုပဲ ရမယ်၊ နိုင်နိုင့် အချစ်နဲ့ မေတ္တာ အသ နှလုံးကိုသူရမှာမဟုတ်ဘူး၊ ဒါဖြင့် နိုင်နိုင့် အချစ်နဲ့ မေတ္တာ အသ နှလုံးကို ဘယ်သူရမလဲ၊ ဟောဒီ မောင်မောင် အတာက လွဲလို့ ဒီ ကမ္ဘာမှာ ဘယ်သူမှမရဘူး၊ နိုင် နိုင့်ဟာ နိုင်နိုင် လက်ထပ်ချင်ထပ်၊ အိမ်ထောင်ကျချင်ကျ နိုင်နိုင်ဘယ် ကမ္ဘာရောက်နေနေ အတာ ချစ် နေမှာပဲ အတာ သေတဲ့အထိလဲ နိုင်နိုင့်ကို အတာ ချစ် နေ မှာပဲ၊ နိုင်နိုင်ကလဲ အတာ့ကိုဒီလိုပဲ သေ တပန် သက်တဆုံး ချစ်နေမှာပဲလို့ အတာ ယုံကြည်တယ်နိုင်နိုင်'

မျက်ရည်များ ပေါက် ပေါက် ယိုအောင် ကျယင်း နိုင်နိုင်သည် ဘာဘာခွန်းမှ ငြင်းချက် မထုတ်နိုင် တော့ပဲအတာပြောသမျှကိုရှိုက် သိမ့်သိမ့်ဖြင့် နား ထောင် နေ တော့သည်၊

'အတာ့ကို ချစ်ယင် အတာ့ စကားကို နားထောင်ပါ နိုင်နိုင် ရယ်၊ နိုင်နိုင့်ဘဝ နိုင်နိုင့်အချစ်နဲ့ နိုင်နိုင့်မေတ္တာ အ သဲ နှ လုံး ဟာ အတာ့ဆီမှာ ကျန် ခဲ့ တယ် လို့ မှတ်ပါ ကိုယ်ဘို့နှစ်ယောက် ဘယ် အချိန် ဘယ်အခါဘယ်ကမ္ဘာမှာ ဖြစ်ဖြစ် ပြန်ပြီးမဆုံတွေ့နိုင်ကြတာ မှ မဟုတ်ဘာ၊ မျက်ရည်တွေသုတ် လိုက်စမ်းပါနိုင်နိုင်၊ ဘဝကို အရှုံး ပေးတဲ့မျက်ရည်တွေနဲ့ အတာ့ကို လမ်းမခွဲချင်ပါနဲ့၊ ဘဝကို အနိုင် ယူတဲ့ အပြုံးနဲ့ လမ်းခွဲကြရယ် မကောင်းဘူးလား'

မဆည်နိုင် မ တန့် နိုင် သော မျက်ရည်နှင့် ရှိုက်သံကို နိုင် နိုင် သည် ဖွတ်အဘင်း ရပ် တန့် ခဲ့ တော့ သည်၊

အတာ့စကားကို ခင်ဝယ်ပို ကာ နိုင်နိုင့်မိဘများကို ဦးကျော့ မောင်နှင့် လက်ထပ်ရန် ခေါင်း ညိတ်၍ လက်ခံခဲ့ရပြီး အတာနှင့် ဘပတ်လုံးလုံး ပျော်ပျော်ကြီးနေခဲ့ သေးသည်။

သူတို့နှစ်ဦး၏ မေတ္တာ ဇာတ် သိမ်း သည် ဆန်း တော့ လည်း ဆန်း၏။

မင်္ဂလာ ဆောင်ပြီး ရက်သတ္တ သုံးပတ်ကြာသောအခါ ဦးကျော့ မောင်ကိုမြစ်ကြီးနားသို့ပြောင်းရန် အမိန့်ကျလာသည်။

ဝေးကြပြီ။

ဘယ်သောအခါမှ ပြန်လည် ဆုံတွေ့နိုင်အောင် ဝေးကြပြီဟု နိုင်နိုင်စိတ်ဒုန်းဒုန်းချရသည့် ဘဝ သို့ ရောက်ခဲ့ရတော့သည်။

သုံးနှစ်။

ဤ သုံးနှစ်သော ကာလသည် နိုင်နိုင့် အတွက် နှစ် တ ကု ဋေ ကျော်က် ကြာ သည် ဟု ထင်ခဲ့ရ သည်။

ဦးကျော့မောင်၏ ဇနီး ဖြစ်ခဲ့ သော်လည်း နိုင်နိုင့် ဘ ဝ သည် ဝိညာဉ်မဲ့ စက်ရုပ်တရုပ် အတား အဆီးမဲ့ လေ ဟာ ပြင် ထဲ တွင် လျှောက်နေရသလိုသာ ခံစားခဲ့ရ သည်။

အ တာ ပြော ခဲ့ သ လို ပင် ဦးကျော့မောင်သည် သူ့ ခန္ဓာ ကိုယ် ကိုသာ ရရှိ သော်လည်း သူ့အချစ်နှင့် မေတ္တာ အသဲနှလုံး သည် အတာထံတွင်သာ ကျန်ရစ် ခဲ့သည်ဟု နိုင်နိုင် မှတ် မိ တော့ သည်။ ထင်မှတ်နေမိတော့သည်။

အတာ ဘယ်ကမ္ဘာကိုရောက် နေပြီလဲ၊

ထိုမေးခွန်း၏အဖြေမှာ နိုင်နိုင့် အတွက် မျက်ရည်သာ ဖြစ်ခဲ့ရ သည်။

သို့သော် ကံ ကြ မ္မာ သည် အတိုင် အဖော်ဖြင့် နိုင်နိုင့်ကို လှည့်စားနှိပ်စက်ရာမှ မျက်နှာချို သွေးသာခဲ့ပြန်သည်။

သုံးနှစ်ကြာ မြစ်ကြီးနားတွင် အခြေတကျရှိရာမှ ဦးကျော့မောင် ကို ရန်ကုန်သို့ ပြန် ပြောင်း ရန် အမိန့်ကျလာခဲ့ပြန်သည်။

နောက်ဆုံးတွင်မူ အတာ့အယူ အဆ မှန် ကန် သွား လေ တော့ သည်။

ချစ်သူရှိရာ ချစ်သူရောက်စမြဲ၊ လာစမြဲ။ အနမ်းမိုးပြန်သည်ရွာစမြဲ ပင်။

ရန်ကုန် ပြန် ရောက်၍ တလ ကျော်ကျော် ကြာသည့် အခါတွင်

ပုင် အတာနှင့်ပြန်လည်၍အဆက်
အသွယ်ရလာသည်။
'ကိုယ်တို့ နှစ်ယောက် ဘယ်
အချိန် ဘယ် က မ္ဘာ မှာ ဖြစ်ဖြစ်
ပြန် ပြီး မဆုံတွေ့ နိုင် ကြ တာ မှ
မဟုတ်တာ'ဟု ဆိုခဲ့သောအတာ့
စကားလုံးများသည် ပြန်လည်၍
အ ကောင် အ ထည် ပေါ်လာခဲ့
သည်။
အနှစ်တရာလုံးလုံး အိပ်ပျော်

ခနေခဲ့ရာမှ ပြန်နိုးလာခဲ့သောပုံပြင်
ဒဏ္ဍာရီထဲမှ နှင်းပြုနတ်မိမယ်
မင်းသမီးကလေး သူ့ ချစ်သူနှင့်
ပြန်လည်ဆုံတွေ့ရသကဲ့သို့ နိုင်နိုင်
သည်လည်း အတာနှင့်ပြန်လည်
ဆုံတွေ့ခဲ့ရပြန်တော့သည်။အတာ
ရင်ခွင်ထဲသို့ ပြန်လည် ခိုနားခွင့်
ရခဲ့ပြန်သည်။

ဝ ဝ ဝ

စာရေးဆရာ ဒေါင်းနွယ်ဆွေ၏ 'ငှက်ခါးမလေး ပျံလေပြီး'
ဝတ္ထုစာအုပ်ကို ဤနေရာတွင် ခေတ္တပိတ်ထားလိုက်ပါသည်။

သားရေဖုံးရွှေစာလုံးနှိပ် ဥပဒေစာအုပ်ထူထူကြီးများကို ဖတ်
ရာမှ ခေါင်းနောက်ကျိလာလျှင် ကျွန်တော့် အကြိုက် စာရေးဆရာ
များ၏ခေတ်ပေါ်ဝတ္ထုများကိုခေါင်းရှင်းသောသဘောဖြင့် ကျွန်တော်
ဖတ်လေ့ရှိပါသည်။သို့ဖြစ်၍လည်း ဆရာဒေါင်းနွယ်ဆွေ၏ 'ငှက်ခါး
မလေး ပျံလေပြီး' ဝတ္ထုကို ကောက်လှန်မိခြင်းဖြစ်သည်။

ခေါင်းရှင်းလို၍ဖတ်ပါမှ ကျွန်တော့်ခေါင်းမှာအတွေးငက်ပါ
လှည့်ပြန်ပါတော့သည်။

ဆရာ၏ဇာတ်ကောင်ဖြစ်သူအတာခေါ် ကျော်သန်းအောင်က
ကျွန်တော့်အတွေးထဲမှ ထွက်မသွား။

ဆရာမြသန်းတင့်၏ 'ကျွန်တော် ဆက်၍ ရေးချင်သောဝတ္ထု
များ' မျိုးလည်း ကျွန်တော်က မရေးတတ်၊ မရေးနိုင်။

သို့သော် ကျွန်တော့်အတွေးထဲတွင် ပေါ်လာသည့် အတာ
မှာမူ လက်ထိပ်ကလေးတန်းလန်းနှင့်။

ဝ ၄ ဝ



**ဥပဒေပြဿနာ။**

ကာမပိုင်ရှိသည့်မိန်းမကို လင်ဖြစ်သူထံမှ ခိုးယူသွားမှ မယား
ခိုးမှုမြောက်သည်မဟုတ်ပါ။ ဥပဒေသဘောတွင် ကာမပိုင် ရှိသည့်
မိန်းမကို ကာမပိုင်ရှိမှန်းသိလျက် လင်ဖြစ်သူအလိုမတူပဲ ကာမဆက်
ဆံခြင်း ပြုလျှင်ပင် မယားခိုးမှု မြောက်ပါသည်။ သို့ဖြစ်၍ 'ငှက်ခါး
မလေး ပျံလေပြီး' ဝတ္ထုထဲမှ ဇာတ်ကောင်အတာသည် မယား ခိုး
မှုကို ကျူးလွန်နေခြင်းဖြစ်ပါသည်။

**မယားခိုးမှု။**

ပြစ်မှုဆိုင်ရာဥပဒေကိုစတင်ရေးဆွဲပြုစုသူများက မယားခိုးမှုကို
ပြစ်မှုအဖြစ် ထည့်သွင်းရေးဆွဲခဲ့ခြင်းမရှိပေ၊ သို့ဖြစ်၍ အင်္ဂလန်နိုင်ငံတွင်
မယားခိုးမှုသည် ပြစ်မှုမဟုတ်ပေ။

အိန္ဒိယနိုင်ငံအတွက်ပြစ်မှုဆိုင်ရာဥပဒေကိုရေးဆွဲခဲ့သည့်အိန္ဒိယ
ပထမ ဥပဒေကော်မရှင်က နိုင်ငံအလိုက် အမျိုးသမီးများ၏ အခြေ
အနေ၊ အိမ်ထောင်မှုဓလေ့ကွာခြားမှုများကို အသေးစိတ်လေ့လာ
သုံးသပ်ကာ မယားခိုးမှုကို ပြစ်မှုတခုအဖြစ် သတ်မှတ် ထည့်သွင်း
ရေးဆွဲခဲ့သည်။ ဒုတိယ ဥပဒေ ကော်မရှင် ကလည်း ဤပြဿနာ
အပေါ်တွင် အလေးအနက်စဉ်းစားကာ မယားခိုးမှုကို ပြစ်မှုအဖြစ်
သတ်မှတ်ထားခြင်းကို ပယ်ဖျက်ရန်မလိုကြောင်း ဖော်ပြခဲ့ပေသည်။
အိန္ဒိယ ရာဇသတ်ကြီးကို ၁၈၆၁ ခုနှစ်၊ မေလ ၁-ရက် နေ့တွင်
မြန်မာနိုင်ငံ၌ အင်္ဂလိပ်တို့က အတည်ပြုပြဋ္ဌာန်းခဲ့ရာ အိန္ဒိယရာဇသတ်
ကြီး ဘဝမှ ယခုတည်ဆဲ ပြစ်မှုဆိုင်ရာ ဥ ပ ဒေ ဘ ဝ တလျှောက်လုံး
မယားခိုးမှုသည် ပြစ်မှုအဖြစ်တည်ရှိနေပါသည်။

အခြားသောနိုင်ငံများတွင်လည်း မယားခိုးမှုကို ပြစ်မှုအဖြစ်
ထည့်သွင်းပြဋ္ဌာန်းထားကြပါသည်။ အင်္ဂလန်နိုင်ငံ၏ ထင်ရှား ကျော်
ကြားသော ရှေ့နေကြီးများကပင်လျှင် အင်္ဂလိပ်ဥပဒေ၌မယားခိုးမှုကို
ပြစ်မှုအဖြစ် သတ်မှတ် မထားခြင်းသည် ချို့ယွင်းချက် တခု ဖြစ်နေ
သည်ဟု ထင်မြင်ယူဆကြပါသည်။

**ပြစ်မှုဆိုင်ရာဥပဒေပြဋ္ဌာန်းချက်တွင် ဖွင့်ဆိုထားသည်မှာ —**

ပုဒ်မ- ၄၉၇။ ။မည်သူမဆို လင်ရှိမယားလည်းဖြစ်၍ လင်ရှိမယား ဖြစ်ကြောင်း မိမိသိသည်လည်းဖြစ်သော၊ သို့တည်းမဟုတ် ထိုသို့ဖြစ်ကြောင်း မိမိယုံကြည်ရန် အကြောင်းရှိသည်လည်းဖြစ်သော မိန်းမကို လင်ဖြစ်သူ သဘောမတူပဲသော်လည်းကောင်း၊ အလိုတူရာရောက်ခြင်း မရှိပဲသော်လည်းကောင်း ကာမစပ်ယှက်ခြင်းပြုရာ၌ မုဒိမ်းမှု မမြောက်လျှင် မယားခိုးမှုကို ကျူးလွန်ခြင်းဖြစ်၍ ထိုသူကို ငါးနှစ်ထိ ထောင်ဒဏ်တမျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ထို အမှု မျိုး တွင် မယား ဖြစ်သူကို အားပေးကူညီသူအဖြစ်ဖြင့် ပြစ်ဒဏ်မထိုက်စေရ။

**ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပါ လုပ်ထုံးလုပ်နည်း။**

(၁) ဝရမ်းမပါပဲ ရဲကဖမ်းဆီးခွင့်မရှိ။
(၂) ဝရမ်းစာ ရှေးဦးစွာထုတ်ရမည်။
(၃) အာမခံ ပေးခွင့်ရှိသည်။
(၄) ကျေအေးခွင့်ရှိသည်။

**ပြစ်မှုမြောက်ရန် လိုအပ်သည့်အင်္ဂါရပ်များ။**

(၁) လင်ရှိမယားဖြစ်၍၊ လင်ရှိမယား ဖြစ်ကြောင်း မိမိသိသည်လည်း ဖြစ်သော၊ သို့တည်းမဟုတ် ထိုသို့ဖြစ်ကြောင်း မိမိယုံကြည်ရန်အကြောင်း ရှိသည်လည်း ဖြစ်သော မိန်းမနှင့် တရားခံတို့ ကာမစပ်ယှက်ခြင်း ရှိရမည်။

(၂) ထိုသို့ ကာမ စပ်ယှက်ခြင်းသည် ထိုမိန်းမ၏ လင်က သဘောမတူသော် လည်းကောင်း၊အလိုတူရာရောက်ခြင်း မရှိပဲသော် လည်းကောင်း စပ်ယှက်ခြင်းဖြစ်ရမည်။

(၃) ထိုသို့ ကာမစပ်ယှက်ခြင်းကြောင့် မုဒိမ်းမှု မမြောက်စေရ။



**သံက်သေပြရန်။**

(၁) တရားခံသည် ပြဿနာဖြစ်ပွားသော မိန်းမနှင့် ကာမစပ်ယှက်ခြင်း ရှိရမည်။
(၂) စပ်ယှက်ချိန်တွင် ထိုမိန်းမသည် လင်ရှိမယား ဖြစ်ရမည်။
(၃) ထိုမိန်းမသည် လင်ရှိမယား ဖြစ်ကြောင်းကို တရားခံက သိရမည်။ သို့မဟုတ် ယုံကြည်ရန် အကြောင်းရှိရမည်။
(၄) ထိုသို့ ကာမ စပ်ယှက်ခြင်းကို ထို မိန်းမ၏ လင်က သဘောမတူရ၊ သို့သော် အလိုတူရာရောက်ခြင်း မရှိရ။
(၅) ထိုသို့ ကာမစပ်ယှက်ခြင်းသည် မုဒိမ်းမှု မမြောက်စေရ။

**တရားစွဲဆိုနိုင်သူ။**

ပြစ်မှုများကို ယေဘုယျအားဖြင့် မည်သူကမဆို တရားစွဲဆိုနိုင်သော်လည်း အချို့ပြစ်မှုများအတွက် မည်သူကသာ တရားလို ပြုလုပ်၍ တရားစွဲဆိုရမည်ဟု ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေတွင် သီးခြား ပြဋ္ဌာန်းထားချက်များ ရှိပါသည်။ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၉၇ နှင့် ၄၉၈ တို့အရ စွဲဆိုသောအမှုများတွင်မည်သူက တရားစွဲဆိုနိုင်သည်ကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၁၉၉ တွင် ပြဋ္ဌာန်း ကန့်သတ်ထားပါသည်း

ပုဒ်မ-၁၉၉။ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၉၇(သို့) ၄၉၈ အရ စွဲဆိုသော အမှုများတွင်မိန်းမ၏ လင် ယောကျ်ား ဖြစ်သူတိုင် လျှောက် ခြင်း မဟုတ်လျှင် မည်သည့်တရားရုံးကမျှ အရေးမယူရ၊ လင်ယောကျ်ား မရှိခိုက်ဖြစ်လျှင်၊ ပြစ်မှုကျူးလွန်ချိန်က ထိုလင်ယောကျ်ား၏ ကိုယ်စား ထိုမိန်းမကို ကြည့်ရှုစောင့်ရှောက်သူက ရုံး၏ ခွင့်ပြုမိန့်ဖြင့် တိုင်လျှောက်ခြင်းမဟုတ်လျှင် မည်သည့်တရားရုံးက အရေးမယူရ။

ခြွင်းချက်။ ။လင်ယောကျ်ားသည် အသက်(၁၈)နှစ် အောက် ဖြစ်လျှင်၊ထုံထိုင်း အ န,သူ သို့မဟုတ် စိတ်မန့်သူဖြစ်လျှင် မကျန်းမာခြင်း၊ အနာရောဂါ စွဲကပ်ခြင်းကြောင့် မတိုင်လျှောက်နိုင်လျှင် ရုံး၏

ခွင့်ပြုမိန့်ကို ရယူ၍ ထို လင်ယောကျ်ား၏ ကိုယ်စား အခြားလူတဦးဦးက တိုင်လျှောက်နိုင်သည်။

တရားစွဲဆိုခြင်းနှင့်ပတ်သက်၍ လေ့လာသင့်သည့် စီရင်ထုံးများကို ဆက်လက်ဖော်ပြလိုပေသည်။

(က) အမှုတခု၌ တရားခံ မောင်ဖိုးသော်ကို အောက်ရုံးက မုဒိမ်းမှုဖြင့် အပြစ်ပေးခဲ့ရာ၊ အယူခံမှု၌ သက်သေထွက်ချက်များ အရ မုဒိမ်းမှုမဟုတ်ပဲ မိန်းမ၏ သဘောတူညီချက်အရ စပ်ယှက် ကြောင်း ကောက်ယူသည်။ ထိုမိန်းမသည် လင်ရှိမိန်းမဖြစ်၍ မယား ခိုးမှုဖြင့် ပြောင်းလဲအပြစ်ပေးနိုင်ခြင်း ရှိမရှိသုံးသပ်ရာတွင် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၁၉၉ အရ မယားခိုးမှုကို လင်ယောကျ်ား၏ တိုင်လျှောက်ချက်ရှိမှသာ အရေးယူနိုင်သည်။ တိုင်လျှောက်ချက်ဟူသည် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ-၄ အရ တရားသူကြီးက အရေးယူပေးရန် နှုတ်ဖြင့်ဖြစ်စေ တိုင်လျှောက်ခြင်း ဖြစ်ရမည်။အမှု၌ လင်ယောကျ်ား၏ တိုင်လျှောက်ချက် မရှိသဖြင့် ပုဒ်မ-၄၉၇ အရ အရေး မယူနိုင်ဟု သုံးသပ်ပြီး တရားခံကို တရားသေ လွှတ်ခဲ့ကြောင်း တွေ့ရပါသည်။ (မောင်ဖိုးသော်နှင့် အစိုးရမှု၊ အတွဲ-၁၊ အထက် မြန်မာပြည် စီရင်ထုံး ၁၉၁၀-၁၉၁၃ စာ-၁၅၅)

(ခ) မယားခိုးမှုကျူးလွန်သူကို ထိုမယား၏ လင်ကသာ တရားစွဲဆိုရမည် ဖြစ်သော်လည်း၊ ထိုသူအား မယားခိုးမှုကျူးလွန်ရန် အကြံဖြင့် အိမ်ကျော်နင်းမှု ကျူးလွန်ခြင်း ပြစ်မှု အတွက်မူ လင်ဖြစ်သူက သဘောတူခြင်း အလိုတူရာရောက်ခြင်း မရှိလျှင်၊ လင်ဖြစ်သူကိုယ်တိုင် တရားမစွဲသော်လည်း တရားခံအပေါ် စစ်ဆေးအပြစ်ပေးနိုင်ပါသည်။ (1868, 3.Mar. Jur. 285)

(ဂ) လင်ယောကျ်ား၏ အခွင့်အရေးကို ချိုး ဖောက်ခြင်းဖြစ်သည့်အတွက် လင်ယောကျ်ားကသာ တရားစွဲခွင့်ရှိသည်။သူကိုယ်တိုင်၏ တိုင်လျှောက်ချက်သည် ဥပဒေအရ စတင် အရေးယူခြင်းအတွက်သာ လိုအပ်ခြင်းဖြစ်သည်။တရားရုံးက စတင်အရေးယူပြီးသည့်နောက်တွင် ထိုလင်ယောကျ်ား သေဆုံးသွားသော်လည်း အမှုသည် ရပ်ဆိုင်း



သွားမည်မဟုတ်ပေ။ သို့သော် ထိုဖြစ်ရပ်မျိုးတွင် တရားလို ဘက်မှ အမှုကို ရုပ်သိမ်းပေးသင့်ပေသည်။
(ANON, 4 M. H. C. R. App., 55)

**ထပ်မံတရားစွဲဆိုနိုင်ခွင့် ရှိ-မရှိပြဿနာ**

မယားခိုးမှု ကျူးလွန်၍ တရားရုံးမှ တရားခံအား ပြစ်ဒဏ်ချမှတ်ပြီးသည့် နောက်တွင် ထိုမိန်းမနှင့်ပင် ထပ်မံ ကာမစပ်ယှက်ပါက နောက်ထပ်မယား ခိုးမှုကျူးလွန်ခြင်းဖြစ်၍ ထပ်မံ တရားစွဲဆိုနိုင်ကြောင်း တွေ့ရပါသည် ... ပြဿနာနှင့်ပတ်သက်၍ စီရင်ချက်တခုတွင် —

မယားခိုးမှုဖြင့် ပြစ်ဒဏ် ခံပြီးနောက် ထို ... မိန်းမနှင့် ဆက်လက်၍ ကာမစပ်ယှက်လျှင် ထိုမိန်းမသည် ... ပြန်မသွားပဲနေသည့်တိုင် မယားခိုးမှုဖြင့် ထပ်မံ၍ ပြစ်ဒဏ် ... သည်ဟု ဆုံးဖြတ်ခဲ့ကြောင်းတွေ့ရပါသည်။ (EMJI, 1880, Cr. R. Oct. 28, 1880, Unrep Cr. C 150) ဥပဒေပညာရှင် မစ္စတာမေနီက မယားခိုးမှုဖြင့် တကြိမ်အပြစ်ကျပြီးနောက် ထိုမိန်းမသည် ၎င်း၏လင်ယောကျ်ားထံ ပြန်မသွားပါက ထိုမိန်းမနှင့် ထပ်မံ ကျူးလွန်မှုအတွက် တရားခံကို ထပ်မံ တရားစွဲဆိုခွင့် မပြုသင့်ဟု ယူဆ ထင်မြင်ခဲ့ပါသည်။ မစ္စတာ မေနီ၏ အယူအဆကို ဥပဒေက ထောက်ခံခြင်းမရှိဟု အခြားဥပဒေပညာရှင်များကဖော်ပြကြပါသည်။
(The Law of Crimes- RATANLAL RANCHHODDAS- 22nd Ed. P. 1297)

**ပြစ်မှုမြောက်စေမည့်အင်္ဂါရပ်များရှင်းလင်းချက်။**

လင်ရှိမယား။ ။လင်ရှိ မယားနှင့် ကာမ စပ်ယှက်၍ ထို မိန်းမ၏ လင်က သဘောမတူ၊ခွင့်ပြုရာမရောက်မှသာ မယားခိုးမှု မြောက်မည်ဖြစ်ပါသည်။ လက်မထပ်ရသေးသောမိန်းမ၊ မုဆိုးမတို့နှင့် ကာမစပ်ယှက်ခြင်းမှာ မယားခိုးမှုမမြောက်နိုင်ပါ။လင်ရှိမယားဖြစ်သည့်တိုင် ၎င်း၏လင်က သဘောတူလျှင် မယားခိုးမှု မမြောက်

နိုင်ပါ။မယားခိုးမှုနှင့်စွဲဆိုရာတွင် စပ်ယှက်ခံရသည့်မိန်းမသည် လင်ရှိမယားဖြစ်ကြောင်းကို ထင်ရှားအောင် သက်သေ ပြနိုင်ရမည် ဖြစ်ပါသည်။

အမှုတခုတွင် တရားလိုမောင်ထွန်းကြည်က မိမိ၏ဇနီးဖြစ်သူ မငွေစိန်အား တရားခံက ပေါင်းသင်း စပ်ယှက်မှု အတွက် မယားခိုးမှုဖြင့် တရားစွဲဆိုရာ အမှုတွင် မောင်ထွန်းကြည်နှင့် မငွေစိန်တို့ တရားဝင် ကွာရှင်းပြီး မပြီး ပြဿနာ ပေါ်ပေါက်ခဲ့သည်။ မူလရုံးက လင်မယား ပြတ်စဲပြီး ဖြစ်မဖြစ်မှာ တရားမမှုတွင် အပြီးသတ်ဆုံးဖြတ်ရှင်းလင်းရမည်ဆိုပြီး တရားခံကိုတရားသေလွှတ်ခဲ့သည်။၎င်းအမိန့်ကို ရုံးချုပ်သို့ ပြင်ဆင်မှု လျှောက်ထားရာ ရုံးချုပ်က မယားစရိတ် အမှုများတွင် လင်မယား ဖြစ် မဖြစ်ကို ရာဇဝတ်ရုံးကပင် ဆုံးဖြတ်ကာ မယားစရိတ် ပေးသင့် မပေးသင့် ဆုံးဖြတ်ပေးရသည့်နည်းတူ မယားခိုးမှုတွင်လည်း လင်ခန်းမယားခန်း ပြတ်စဲပြီး ဖြစ် မဖြစ်ကို ရာဇဝတ်ရုံးကပင် အဆုံးအဖြတ်ပြုရမည်ဟု မှတ်ချက်ပြုပြီး တရားသေ လွှတ်မိန့်ကို ပယ်ဖျက်ကာ အမှုကိုအစမှပြန်စစ်ရန် အမိန့်ချမှတ်ခဲ့ကြောင်း တွေ့ရပါသည်။(မောင်တင်သန်းနှင့် မောင်ထွန်းကြည်အမှု၊၁၉၆၆၊ မ တ စ ရုံးချုပ်၊ ၁၃၄)

**မယားသည် အားပေးကူညီသူအဖြစ် အပြစ်မရှိခြင်း။**

မယားခိုးမှုဟူသည် မိန်းမ၏သဘောတူညီချက်ဖြင့် ကာမဆက်ဆံသောအမှုဖြစ်သည်။ မိန်းမအလိုမတူ ခွင့်မပြုပါက မယားခိုးမှုမဖြစ်တော့ပဲ မုဒိမ်းမှုသာဖြစ်ပေသည်။ တနည်းအားဖြင့် မယားခိုးမှုဟူသည် လင်ရှိမိန်းမရော တရားခံပါ ဖောက်ပြန်ကြခြင်း ဖြစ်သည်။ သို့သော် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၉၇-၏ ပြဋ္ဌာန်းချက်အရ၊ တရားခံမယားခိုးမှုကျူးလွန်ရာတွင် တရားခံနှင့် ကာမဆက်ဆံသည့် လင်ရှိမယားသည်၊ တရားခံ ပြစ်မှုကျူးလွန်ရာတွင် အားပေးကူညီသူအဖြစ် ပြစ်ဒဏ်မထိုက်သင့်ကြောင်း အတိအလင်း ကန့်သတ်ပြဋ္ဌာန်းထားပါသည်။ မယားခိုးမှုမြောက်ရန်အတွက် တရားခံ အိမ်ထောင်သည်ဟုတ်မဟုတ်သည် ပြဿနာမဟုတ်၊ မိန်းမသည်လင်ရှိမိန်းမဖြစ်ရမည်။ လင်ရှိမိန်းမ မဟုတ်ပါက ဥပဒေနှင့်အညီ ဖြစ်လျှင် ကာမ ဆက်ဆံမှုကြောင့် မည်သည့်ပြစ်မှုမျှမဖြစ်နိုင်။ သို့ဖြစ်၍ မယားခိုးမှုဟူသည် ကာမဆက်ဆံမှုအတွက် အပြစ်ပေးခြင်းမဟုတ်ပဲ အိမ်ထောင်မိသားစု၏ ဘဝ ငြိမ်းချမ်းတည်မြဲရေးကို ဖော်ဆောင်ပေးရန် အထောက်အကူ ရည်ရွယ်ချက်ဖြင့် ပြဋ္ဌာန်းထားခြင်း ဖြစ်ပါသည်။

မယားသည် အားပေးကူညီသူအဖြစ် ပြစ်ဒဏ်ခံထိုက်သင့်နိုင်သော်လည်း၊ အခြားလူတဦးက မယားခိုးမှုကျူးလွန်စေရန် အားပေးကူညီပါက ထိုသူမှာ အားပေးကူညီသူအဖြစ် ပြစ်ဒဏ်ထိုက်သင့်နိုင်ပါသည်။ မောင်ဘိုကေပါ-၂ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ အမှု (၁၉၆၅-မတစ၊ စစ်ဘက်၊ ၅၈) အမှုတွင် မောင်ဘိုကေသည် လင်ရှိမယားဖြစ်သူ မတင်ရွှေနှင့် ကာမဆက်ဆံရာတွင်၊ မောင်စိန်ဝင်းက ၎င်းတို့နှစ်ဦး တွေ့ဆုံရန် ချိန်းပေးခြင်း၊ တွေ့ဆုံပြီးသောအခါ အိမ်သို့ ခေါ်ဆောင်စီစဉ်ပေးခြင်း၊အပေါ်ထပ်၌ ဆက်ဆံကြသောအခါ မောင်စိန်ဝင်းက အောက်ထပ်မှစောင့်ပေးခြင်း၊ လှမ်း၍မေးခြင်းတို့ကြောင့် မောင်စိန်ဝင်းအား မယားခိုးမှုကျူးလွန်ရန် အားပေးကူညီမှု(ပုဒ်မ-၄၉၇/၁၀၉) အရ ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း တွေ့ရပါသည်။

**လင်ရှိမယားဖြစ်ကြောင်းသိခြင်း၊ယုံကြည်ရန်အကြောင်းရှိခြင်း။**

လင်ရှိမိန်းမကို ကာမဆက်ဆံရုံမျှနှင့် မယားခိုးမှု မြောက်ရန် မပြည့်စုံသေးပေ။ ကာမဆက်ဆံသူက ထိုမိန်းမသည် လင်ရှိမယားဖြစ်ကြောင်းသိမှု၊သို့မဟုတ် လင်ရှိမယားဖြစ်သည်ဟု ထိုသူကယုံကြည်ရန် အကြောင်းရှိမှသာ မယားခိုးမှုမြောက်မည် ဖြစ်ပါသည်။ ထိုသို့သိကြောင်း၊ ယုံကြည်ရန်အကြောင်းရှိကြောင်းကို တရားလိုဘက်က ထင်ရှားအောင် သက်သေပြနိုင်ရမည်ဖြစ်ပါသည်။ တရားခံသည် ၎င်းဆက်ဆံသည့် မိန်းမ၊ ထိုမိန်းမ၏လင်နှင့် ရင်းနှီးသောမိတ်ဆွေဖြစ်ခြင်း၊ သို့မဟုတ် ထိုမိသားစုနှင့် အိမ်နီးချင်းဖြစ်ခြင်း၊ တရပ်ထဲနေသူများဖြစ်ခြင်း စသောအချက်များသည် ထိုမိန်းမမှာ လင်ရှိမယားဖြစ်ကြောင်း တရားခံသိသည်ဟု ကောက်ယူနိုင်သည့်အချက်များ ဖြစ်ပါ

**★ စာမျက်နှာ(၇၃)မှအဖြေ**

၁။ မဖြူသည် သေကြောင်းကြံစည်၍ ကြံရွယ်ခဲ့ကြောင်းမှာ ယုံမှားဖွယ်မရှိ။ ထိုကြံရွယ်ချက်ကို အကောင်အထည်ဖော်ရန်ရေတွင်းသို့ ပြေးသွားခဲ့ကြောင်းလည်းယုံမှားဖွယ်မရှိ။ သို့သော် တကယ်ခုန်မချမီအချိန်ကလေးတွင် သူ့စိတ်ကို ပြောင်းမည်ဆိုက ပြောင်းနိုင်ပေသေးသည်။

ပြစ်မှုကျူးလွန်ခြင်းသို့ ရှေးရှုသော ပြုလုပ်မှု တခုခုကို မပြုလုပ်ရသေးမီ အခြားလူများက ဝိုင်းဆွဲသားလိုက်ခြင်းဖြစ်သည်။ အားထုတ်မှုမမြောက်။ သူမကို သေကြောင်းကြံစည်မှုဖြင့် အပြစ်မပေးနိုင်။

(Ramakka, 1884-8 Mad 5, 6)

○ ○ ○

၂။ ထိုသူများကို ဒဏ်ငွေ ကျပ် ၅၀ သော်လည်းကောင်း၊ ထောင်ဒဏ် တလသော်သည်းကောင်း၊ နှစ်ရပ်စလုံးကို သော်လည်းကောင်း အပြစ်ဒဏ်ချမှတ်နိုင်သည်။

(ရဲဥပဒေ ပုဒ်မ—၃၀)

○ ○ ○

၃။ မောင်ဖြူသည် မောင်မဲ၏ သစ်ပင်ကို ယူရန်အလို့ငှာ သစ်ပင်ကို ဖြတ်ပစ်သည်နှင့်တပြိုင်နက် ခိုးမှုကျူးလွန်ရာရောက်သည်။

(ပုဒ်မ—၃၇၈)

သည်။ သို့သော် တရားခံသည် တစိမ်းတရံစာ ဖြစ်နေပါက အခြား အချက်များပေါ်တွင် အခြေတည်ပြုရမည် ဖြစ်ပါသည်။

လင်ရှိမယားဖြစ်ကြောင်း သိသည်။ ယုံကြည်ရန်အကြောင်းရှိသည်ဆိုရာတွင် ထိုမိန်းမ၏လင်မှာ မည်သူမည်ဝါဖြစ်ကြောင်း အတိအကျ သိရန် လိုသည်မဟုတ်ပါ။ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၆ တွင် 'ယုံကြည်ရန် လုံလောက်သော အချက်အလက် ရှိသောအခါမှတပါး မည်သည့်အရာကိုမျှ 'ယုံကြည်ရန် အကြောင်း' ရှိသည် မမည်ဟု ပြဋ္ဌာန်းထားပါသည်။ သို့ဖြစ်၍ ယုံကြည်ရန် အကြောင်း ရှိသည်ဟု ကောက်ယူနိုင်ရန် လုံလောက်သော အချက်အလက်ရှိကြောင်း ထင်ရှားအောင် ပြသနိုင်ရမည်ဖြစ်ပါသည်။

**ကာမစပ်ယှက်ခြင်း။**

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၉၇ ကို မယားခိုးမှုဟုခေါ်သော်သည်း လင်ရှိမိန်းမကို ခိုးယူပေါင်းသင်းမှ ပြစ်မှုမြောက်သည် မဟုတ်ပါ။ ထိုမိန်းမကို ခိုးယူ မသွားသော်လည်း ထိုမိန်းမနှင့် ကာမစပ်ယှက်လျှင်ပင် ပြစ်မှုမြောက်ပါသည်။ ကာမစပ်ယှက်ခြင်းနှင့် ပတ်သက်၍ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၆ မုဒိမ်းမှုတွင် ယောကျ်ား၏ အင်္ဂါဇာတ်သည် မိန်းမ၏ အင်္ဂါဇာတ်တွင် သွင်းဝင်မိလျှင် မုဒိမ်းမှုကျူးလွန်ခြင်းအတွက် လိုအပ်သော ကာမစပ်ယှက်မှုမြောက်ရန် လုံလောက်သည်ဟု ပြဋ္ဌာန်းချက်ရှိရာ မယားခိုးမှုတွင်လည်း အလားတူ ကောက်ယူရမည်ဖြစ်ပါသည်။

မယားခိုးမှုမြောက်ရန်အတွက် လင်ရှိမိန်းမနှင့် တရားခံတို့ ကာမစပ်ယှက်မှုရှိရန် လိုသည် ဆိုသော်လည်း ၎င်းတို့ ကာမစပ်ယှက်ခဲ့ကြောင်း တိုက်ရိုက် သက်သေခံချက်ရရှိရန် မလွယ်ကူလှပေ။၎င်းအမှုကို လူမြင်သူမြင် ပြုလေ့မရှိသည့်အပြင်၊ နှစ်ဦးသဘောတူ ဖြစ်သဖြင့် သဘာဝအရပင် ပုန်းလျှိုးကွယ်လျှိုးပြုကြမည်သာ ဖြစ်သည်။မိန်းမအနေနှင့်လည်း လူသိခံမည်မဟုတ်။ သို့ဖြစ်၍ မယားခိုးမှုများ၌ ကာမသက်ခံခဲ့ခြင်းရှိမရှိကို များသောအားဖြင့် ပတ်ဝန်းကျင် အခြေအနေ

များမှ ကောက်ယူကြရသည်သာ များ၏။ လက်ပူးလက်ကြပ် မိသ
အမှုမျိုး အလွန်နည်းပါးသည်။

သို့ဖြစ်၍လည်းတရားရုံးစီရင်ထုံးများဖြစ်သည့် ပထစနှင့် မေ
အောင်သိန်း(၁၉၆၆၊ မတစ၊ရုံးချုပ်၊ ၃၆၈)၊ မောင်အောင်တ
နှင့် ပထစ( ၁၉၆၆၊ မတစ၊ စစ်ဘက်၊ ၂၇) ပထစနှင့် မောင်ထွန်း
(၁၉၆၅၊မတစ၊ ရုံးချုပ် ၆၄၃)အမှုများ၌ မယားခိုးမှုတွင် တိုက်ရို
သက်သေခံချက်ရရန် မလွယ်သဖြင့် ပတ်ဝန်းကျင် အခြေအနေများ
ကြည့်၍ ဆုံးဖြတ်ကြရကြောင်း စီရင် ထုံးဖွဲ့ထားသည်ကို တွေ့နိုင
သည်၊(HUNTER, 62, I. C. (A) 238, 22 Cr. L. J.32
အမှု၌ ကာမစပ်ယှက်ခြင်းကို ထင်ရှားအောင်သက်သေပြရမည်ဆိုသေ
လည်း၊ တရားခံအား လက်ပူး လက်ကြပ် (flagrante delict
မမိလျှင် အပြစ် မပေးနိုင်ဟု ယူဆ၍မဖြစ်ပါ၊ အမှန် အား ဖြင့်လည
မဖြစ်နိုင်၊ လိုလည်းမလိုအပ်ပေ၊ ပြစ်မှု၏သဘောသဘာဝအရ တိုး
တိတ်တိတ် ကျူးလွန်ကြခြင်းသာ ဖြစ်သည်။ မိန်းမကလည်း လူသိ
ကြားအဖြစ် ခံရုံမည်မဟုတ် အတူနေသည့် ပတ်ဝန်းကျင် အခြေအ
များမှသာ ကောက်ယူရပေမည် ဟု ဆုံးဖြတ်ခဲ့ကြောင်း တွေ့ရပါသ

**ယောကျ်ားက သဘောမတူခြင်း၊ အလိုတူရာမရောက်ခြင်း။**

လင်ရှိမိန်းမနှင့် ကာမစပ်ယှက်သော်လည်း၊ ထိုမိန်းမ၏လင
သဘောတူပါက (သို့မဟုတ်) အလိုတူရာရောက်ပါက မယား
မဖြစ်ပါ။ 'Volenti non fit injuria'ဟူသောဥပဒေဆောင်
ရှိပါသည်။ ထိုဆောင်ပုဒ်၏သဘောမှာ ထိခိုက်နစ်နာခံသူကိုယ်
က ထိုသို့ အနစ်နာခံရန် သဘောတူလျှင်၊ နစ်နာအောင်လုပ်သည
မဆိုနိုင်ဟု အဓိပ္ပာယ်ရပါသည်။ သဘောတူသည် (CONSEN
ဟူသောစကားရပ်ကို ကျယ်ဝန်းစွာ အဓိပ္ပာယ်ကောက်ရပါမူ
အတိအလင်း သဘောတူခြင်းဖြစ်နိုင်သလို၊ သဘောသက်ရောက်



သဘောတူခြင်းလည်း ဖြစ်နိုင်ပါသည်။ သဘောတူခြင်းဟူသည် လင်
သည်အား မိမိမယားနှင့်နေရန် ခွင့်ပြုခြင်းဟု အဓိပ္ပာယ် ရပါသည်။
မှာ ပြည့်တန်ဆာဖြစ်သော မိမိမယားနှင့် ငွေယူပြီး အိပ်ခွင့်ပြုခြင်း၊
လေ့ထုံးစံအရ ပန်းဦးဆက်ခြင်း စသည်မျိုးဖြစ်သည်။ သို့သော်
မှုဆိုင်ရာဥပဒေပုဒ်မ ၉၀ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း သဘော
ညီချက်ဟူသည် လွတ်လပ်သော သဘောတူညီချက်ဖြစ်ရန် လိုပါ
သည်။

'အလိုတူရာရောက်သည်' (CONNIVANCE) ဆိုသည့်
ကားရပ်၏ အဓိပ္ပာယ်ကို တိကျစွာဖွင့်ဆိုရန်မလွယ်ပါ။ ၎င်းသည်
ပိုင်းဆိုင်ရာအလုပ်ဖြစ်သည်။ ဖြစ်ရပ်ကိုသိလျက်နှင့် ဆိတ်ငြိမ်နေပြီး
သဘောတူခြင်းဖြစ်သည်။ သို့သော် လျစ်လျူရှုခြင်း၊ အာရုံမထားခြင်း
သောက်နှင့် အလိုတူရာရောက်သည်ဟု မဆိုနိုင်ပါ။

**မိန်းမှုမမြောက်ခြင်း။**

မုဒိမ်းမှုတွင် မိန်းမက အလိုတူခြင်းမရှိပေ။ မယားခိုးမှုတွင်မူ
က အလိုတူသော်လည်း ပြစ်မှုမြောက်သည်။ မုဒိမ်းမှုတွင် ဆက်
ရသည့်မိန်းမသည် လင်ရှိမိန်းမလည်းဖြစ်နိုင်သည်၊ လင်မရှိသူ
လည်း ဖြစ်နိုင်သည်။ မယားခိုးမှုတွင်မူ၊ မိန်းမသည် လင်ရှိမိန်းမ
ဖြစ်ပေမည်။

အထက်တွင် တင်ပြခဲ့ချက်များအရ၊ ဆရာ၏ 'ငှက်ခါးမလေး
သဦး' ဝတ္ထုမှ ဇာတ်ကောင်အတာသည် ပြစ်မှုဆိုင်ရာ ဥပဒေ
၄၉၇ကို ပြစ်မှုမြောက်ရန်လိုအပ်သည့် အင်္ဂါရပ်များ ပြည့်စုံစွာပင်
လွန်နေခြင်းဖြစ်ကြောင်း တွေ့မြင်နိုင်ပါသည်။


သို့ဖြစ်၍ သူ့အား လက်ထိပ်ကလေးတန်းလန်းနှင့် ကျွန်တော်
ခြင်း ဖြစ်ပါသည်။

ဦးဝင်းမြင့် (ကျောက်ဆည်)

ပြဿနာတရပ်ကို
ဒေါ်သတာရား ရှေ့တန်းတင်ကာ
ဓားဖြင့်ဖြေရှင်းသောအခါ

ဘယ်သူတွေအမြတ်ရလို့
ဘယ်သူတွေအကျိုးရှိပါသလဲတဲ့၊ ဒေါ
နှင့်မောဟအရေးအခင်းကိုသတိသံဝေ
ရယူစရာ ဖတ်ရှုရမည်။







(၁)

'ကိုကျော်မြရေ၊ ကယ်ပါအုံး ဗျ၊ ကျွန်တော့်ကို ဓားနဲ့ထိုးတယ် ဗျ၊ ဓားနဲ့ထိုးတယ်ဗျ'

'ဟုတ်တယ်၊ ထိုးတယ်-ထိုး တယ်၊ ကိုကျော်မြ၊အဲဒီကောင်ကို ကျုပ် ဟောဒီဓားနဲ့ ထိုးတယ်၊ ကျုပ်ရဲစခန်းသွားပြီး အဖမ်းခံမယ် ဗျ'

'အဲဒီကောင်ကျုပ်ကို နှားရင် အုပ် သွား တယ် ဗျ၊ ဒါကြောင့် အဖေက ဓားနဲ့ထိုးဘာ'

အို...ဘာတွေ ဖြစ်ကြပါလိ ဘာတွေ ဘယ်လိုဖြစ်ကြပါလိ

ကျွန်တော်က အသံတွေ လ ရာဆီသို့ အလန့်တကြား ကြ သည်၊မြင်ရသည့်မြင်ကွင်းက ဆိ ပါဘိ။

လူငယ် တယောက် လျှပ်စ မီးရောင်ထဲမှာ ပြေး လာ သည် အသက်လု၍ပြေးလာသည်။သူ ကျွန်တော့် အနီးရှိ မော်တော် ကား စက်ပြင်ဆရာကိုကျော်မြကို ပြေးဖက်ထားသည်။

နောက် လူ တ ယောက် က လျှပ်စစ်မီးရောင်ထဲမှာပဲနောက်က ပြေးလိုက်လာ၏၊ ကျွန်တော်တို့ အနားရောက်လာတော့ ထိုလူက သူ့ လက်ထဲက အသွား ဆယ် လက်မခန့်ရှိ ဓားကို မီးရောင်မှာ ထောင်ပြသည်။

ဓား သွား က မီး ရောင် မှာ ပြောင်လက်လက်။

ဓားကိုင်ထားသူဘေးက ၁၂ နှစ်ခန့် ကောင်ကလေး ကလည်း တစုံတရာအော်ပြီး ပြောနေသည်။

သွေး ဆာ နေ သော ဓား သမားက ဓားချိုးကိုကိုင်၍မြှောက် ပြယင်း ကြိမ်းမောင်းနေပြန်သည်။

'ခွေးမသား၊ လာခဲ့၊ မင်းကို ါအသေသတ်မယ်၊ မင်းကိုသတ် ပြီးမှ ရဲစခန်းသွားမယ်'

မကြားဝံ့ မနာ သာ ပါလား။ ဖက်သားခမြာ ဓားထိုးခံထား ၍ ခွေလဲကျတော့မည်။ ဓားထိုး က မကျေနပ် သေး ဟန်ဖြင့် ကြိမ်းမောင်း၍ ရှေ့သို့တိုးလာနေ ည်။

'ဟော့ကောင်၊ မော်သိန်း၊ နဲမယ်- လွှန်မယ်၊ရှေ့တိုးနဲ့'

ကားစက်ပြင်ဆရာ ကိုကျော် က လှမ်းအော်နေ၏။

'ကိုကျော်မြရေ့ ကယ်ပါအုံး ကျွန်တော့်ကို ဓားနဲ့ ထိုးသွား တယ်ဗျ၊သေတော့မယ်ဗျ'

စောစောက ဓားထိုးခံရသော ငယ်က ကိုကျော်မြကို ဖက် င်း အော် နေ ပြန် သည်။ သူ့ အော်သံကျ တဖြည်းဖြည်း တိမ်၍ ခ၍သွားနေ၏။

သည်အချိန်မှာ ကျွန်တော်ကံ က် ကား က လေး ၏ ယာဉ် င်းထိုင်ခုံမှာ ထိုင်လျက်။

ကျွန်တော့် ဖိ ယက် ကား လေး အောက် ပိုင်း ပ စ္စည်း ချို့ပြင်ဖို့ ကား စက်ပြင်ဆရာ ကျော် မြထံ နံနက်က အပ်ခဲ့

သည်၊ ယခုပြီးစီး၍ စက်နှိုးပြီး အိမ် ပြန် မောင်းဖို့ပြင်ဆင်နေ ဆဲ။

ကားစက်ခေါင်းအဖုံးကို ဖွင့်၍ ကို ကျော် မြ က ခေတ်ဆီ ပေး တ်ရိုယာကာဘာရိုက်တာကို လက် ဝါးဖြင့်အုပ်နေခိုက်-

အချိန်က ဝါခေါင်လရဲ့ မှိုင်း ပျပျမိုးတညနေ၊ ည ၇ နာရီခန့်၊ မိုးကလေး တဖွဲဖွဲက ရွာ လိုက် တိတ် လိုက်။

နေ ရာ က ကြို့ကုန်း စက်မှု တက္ကသိုလ်ဝင်းနှင့် လှမ်းတေမ်း ကျိုက္ကလား၊ ခင်ခြံ ရပ်ကွက် ရှိ ကိုကျော်မြ၏မော်တော်ကားစက် ပြင်အလုပ်ရုံမှာ....။

ကားစက်နှိုးမည် ပြုနေသော ကျွန်တော်မှာ ကားထဲ၌ထိုင်ယင်း ကြောင်ပြီး ကြောက် နေ သည်။ မြတ်စွာဘုရား ကယ်တော်မူပါ။ သွေးသံရဲရဲ ဓားကြီး ကိုင် နေ တဲ့ လူက ကျွန်တော့် လက် ဝဲ ဖက် ကားမှန်တံခါး ဘေးမှာ ရပ်လို့။

ဓား ထိုး ခံထားရတဲ့ လူငယ် ကလေးကကားညာဘက်ဘေးက ရှိ့ကာဖုံးကို မှီပြီး ခွေလဲ တော့ မယောင်။

'ကိုကျော်မြရယ် ဒီအတိုင်း ကြည့်နေတော့မှာလား'

သည်တော့မှ ကိုကျော်မြအသံ ပေါ်လာ၏။

'မောင်သိန်း၊ သွား မင်း အိမ် ပြန်တော့၊ ဟော့ သုံးဘီး တစီး လှမ်းတားစမ်းကွာ၊ သူ့ကိုဆေးရုံ ပို့ရအောင်၊ အော်.... အရင်ဆုံး မရမ်းကုန်းရဲစခန်းပို့ပြီး တိုင်ချက် ဖွင့်ရမယ်၊ တိုင်ချက်ဖွင့်ပြီးမှ ဆေးရုံ ပို့နိုင်မယ်၊ ဟော့ လေး ဘီး၊ လေးဘီး၊ ရပ်စမ်းပါ၊ ရပ် - ရပ်'

ကိုကျော်မြဆိုသူက ပုပုဝဝ၊ တောင့် တောင့် ဖြောင့် ဖြောင့်၊ အသံသြဇာကလည်းရှိသည်။

သူ လှမ်း အော် လိုက် တော့ အင်းစိန် လမ်းမကြီးပေါ်မှာ ပြေး နေသော အငှားလေးဘီး နှစ်စီး တပြိုင်နက် ရပ် လိုက် ၏။ သည် တော့မှ ကိုကျော်မြက ဓားထိုး ခံရသောလူငယ်ကို အသာအယာ ပွေ့ပြီး အနီးဆုံး လာရပ်သော လေးဘီး အ ငှား ကား ပေါ် သို့ တင်၏။

'ဟော့ - မရမ်းကုန်း ရဲစခန်း မောင်းကွာ၊ ကဲ-ငါနဲ့ သုံးလေး ယောက်လိုက်ခဲ့စမ်းဟော့'

ကိုကျော်မြ ခေါ်သံ အဆုံးမှာ ရပ်ကွက်ထဲမှ လူငယ် သုံး လေး ယောက် သူနှင့် အတူ လေး... ပေါ် ပြေးတက်သွားကြ၏။

ခဏကြာတော့....

လေး ဘီး ကား ကလေးသ... နက်မှောင်နေသော အင်းစိန်... ကတ္တရာ မျက် နှာ ပြင် ပေါ်... တရှိန်ထိုး မောင်းထွက်သွားပ...

သည်အချိန်မှာ ကျွန်တော်... ရွှေဓားရှင် 'ကိုဒေါ်သ'ကို ... ကြည့်၏။

ဓားကိုကိုင်ပြီး ဓာတ်တိုင် ... ရောင်အောက်မှာ သူကရပ်လျ...

'ဟော့-မောင်သိန်း၊ ပေး... မင်းလက်ထဲက ဓား'

ဓား ကိုင် ထား သော 'ကို... ရမ်း'က အသံ လာရာသို့ ... ကြည့်၏။

အသက် ၆၀ အရွယ် လူ... တယောက်။ ဂတုံး ဆံတော... ဘိုကေ ဆံပင် ခပ်တိုတို၊ ဥပဓိ... ကောင်းကောင်း၊ အရပ်ပုပု၊ ... အင်္ကျီ လက်ဘိုနှင့် ပ လေ ... လုံချည် ဝတ်လျက်၊ လှမ်း ... ပြောနေ၏။

သူကား စက် ပြင် ဆရာ... ကျော်မြ၏ဖခင် ရပ်ကွက်... လူကြီး ဦးကျော်၊ သို့မဟုတ် ... ဆရာကြီး ဆရာကျော်။

'ဟော့ကောင်၊ငါပြောနေတာ ကြားလား၊ မင်းလက်ထဲက ဓား ငါ့ကိုပေးစမ်း'

ဆ ရာ ကျော် က ထပ် ပြော သည်။ တည်လိုက်တဲ့သြဇာ၊ ထက် လိုက်တဲ့အာဏာ၊ ပြတ်သားလိုက် ပါတဲ့ အမိန့်သံ။

လူတယောက် အ သက် ကို ဖက်ရှက်မှုသဘောမထားပဲ သတ် မည် တကဲကဲလုပ်နေသော ထိုလူ ဆိုးသည် သူ့ လက်ထဲက ဓား မြှောင်ရှည်ကို ဆ ရာ ကျော် ထံ လှမ်းပေး၏။

ပေးပုံလည်းကြည့်အုံး။

သွေးစွန်းနေသော ဓားသွား ကို သူ့လက်ဖြင့် ကိုင်သည်။ ပြီး တော့ ဓားရိုးဖက်မှနေ၍ ကိုင်နိုင် ရန် လှမ်းပေးနေသည်။

ဆရာကျော်က ဓားမြှောင်ကို လှမ်းယူ၏။

'ဟော့- သုံးဘီးတစင်း ခေါ် ဟော့၊ ဒီကောင်ကို ရဲစခန်း ပို့ရ မယ်၊ မြန်မြန်လုပ်ကွာ'

ကောင်းပါ၏။ ဆရာ့ကျော် သား ကိုကျော်မြက ဓားထိုးခံရ သော လူနာကို ဆေးရုံပို့သည်။

ဆရာကျော်က ဓားထိုးသည့် ဘရားခံကို ရဲစခန်းသို့ ပို့ပြီ။

သည်နေရာမှာ၊ မေးစရာရှိပါ ၏။ ဖြေစရာလည်း ရှိပါလိမ့်မည်။

သည်လိုဓားဖြင့် ထိုးသူလူရမ်း ကားသည်၊ ဘာဖြစ်လို့များ လူ တယောက်ကို၊ ရက်ရက်စက်စက် သတ်ရန် ကြံစည် ရက်သနည်း။

မေးပြီဆိုပါစို့....။

အဖြေကတော့....။

(၂)

ဓားဖြင့် ထိုးသူ တရားခံ က၊ ကိုမောင်သိန်းတဲ့၊ ကျူကွလားခဲ ခြံ၊ ဘတ်စ်ကားမှတ်တိုင်မှာ ကြံ ရောင်းသော လက်လုပ်လက်စား ဆင်းရဲသား ဈေးသည်။

သား သမီး ဘွေ တပြုံကြီးရှိ သည်။ သည်မိသားစုကို ကိုမောင် သိန်းက ကြံ ပိုင်းရောင်း၍ လုပ် ကျွေးနေ၏။ ဘတ်စ်ကားဆိပ်မှာ ဖွင့်လှစ်ထားသော သူ့ကြံဆိုင်မှာ ကြံဘပိုင်းကို တမတ်၊ ငါးမူး နှင့် ရောင်းသည်။ ကြံပိုင်းဖြတ်ရန် ကြံ ကိုအခွံနွှာရန် သူ ကိုင်သောဓား မြှောင်ရှည်ကို သွေးထားသည်မှာ အရောင် တလက်လက်။

ကိုမောင်သိန်းက ဒေါသကြီး သည်။ စိတ်လည်းတိုသည်၊ သို့ပေ မယ့် လူဖြောင့်၊ လူမှန်၊ သူ့ကို

မတရား မစော်ကားသမျှ သူက၊ ရန်မပြု၊ သူ့ကို ထိလာလျှင် သူ့မိသားစုကို ထိပါးလာလျှင်တော့ သူက ဘယ်တော့မှမခံ။

ကြည့်....။

သည်ကနေ့ ညနေ ဖြစ်သည့် အမှုကိုပဲ ကြည့်။ သူ့သား နှစ်ယောက်အား ရိုက် လွှတ် သော လူတယောက်ကို ကိုမောင်သိန်းက ဈေးသအမျက် ခြောင်းခြောင်း ထွက်လျက် ကြံဖြတ်သော ဓားနှင့် ထိုးသည်လေ။

ကိုမောင်သိန်းသားကို ရိုက်သူ ဘယ်သူလဲ ဘယ်ကလဲ၊ ဘာဖြစ်လို့ရိုက်ရတာလဲ။

(၃)

'ကိုကျော်မြကြီး လက် ဖက်ရည်ဆိုင် သွားရအောင်ဗျ'

'တော်ပါပြီ သူငယ်ချင်းရာ ဒီမှာ ကားပြင်တာ လက်စသတ်ရအုံးမယ် သွားကြတော့'

အသက် ၂၅ နှစ်ရွယ် လူငယ်နှစ်ယောက် စောစောကပဲ ကျွန်တော်တို့ ကားပြင်နေသော ဝပ်ရှော့သို့ ရောက်လာကြ၏။ ညနေ ၆-နာရီခွဲခန့်ရှိမည်။

ကားပြင်နေသည့် ဝပ်ရှော့သို့ သူတို့ဝင်လာစဉ်မှာ ကျွန်တော် ကားက ပြင်လို့မပြီးသေး။ကိုယ့် ကားပြင်လို့ မပြီးသေးမီ စက်ပြင်ဆရာကို သူတို့ခေါ်လာ၍ ကျွန်တော်က သဘောမကျ ဖြစ်မိ၏။ သူတို့ခေါ်လို့ ကိုကျော်မြ လိုက်သွားလျှင် ကား ပြင် သည့် ကိစ္စသည်ကနေ့ည မပြီးပဲနေမှာ စိုးရိမ်၏။

သို့သော် တော်ပါ သေးရဲ့ ကိုကျော်မြကမလိုက်။

'သွားကြပါကွာ....ဒီမှာ ကားအုံနာ (ကား ပိုင် ရှင်) စိတ်မကောင်း ဖြစ် နေ မယ် မလိုက်တော့ပါဘူး'

သည်တွင် လူငယ်နှစ်ယောက် အနက် တယောက်ကပြောသည်။

'အဘက မယ်ဇလီဖူး သုတ်စားချင်လို့တဲ့၊ အဲဒါ သွားဝယ်ပေးမလို့ဗျ'

အဘဆိုသူမှာ ကိုကျော်မြ၏ ဖခင် ပြည်သူ့ကောင်စီဝင် ဆရာကျော်ကို ပြောခြင်း ဖြစ်သည်။ သည်လူငယ်နှစ်ဦးမှာ ကျိုက္ကလားရှိ ဘုန်း တော် ကြီး ကျောင်း တကျောင်းတွင် တာဝန်အရ လာစောင့်နေကြသူ နှစ်ဦး ဖြစ်သည်။ ဘုန်းတော်ကြီး ကျောင်းမှာ ပြည်သူ့ကောင်စီဝင် ဆရာကျော်နှင့်



တွဲ တာဝန် ကျနေကြ ခြင်းဖြစ်သည်။သူတို့နှစ်ယောက် ကိုကျော်မြကို နှောက်လိုက် ပြောင်လိုက်ယ်ရော စကားတွေ ခဏကြာပြောပြီးနောက် ဘတ်စ်ကား ဂိတ်က်ထွက်သွားကြသည်။

ဘတ်စ်ကား ဂိတ် မရောက်မီတ်တိုင်အနီးမှာ အသက်ဆယ်ၚ်၊ ဆယ့်နှစ်နှစ်ခန့် လူငယ်ကလေး သုံးယောက် စုစု ဝေးဝေးစားနေကြ၏။

သည် ကောင် ကလေး သုံးယောက်က အမှိုက်ပုံမှ ကြံပင်ထိပ်ျားပိုင်းဟွေကိုယူပြီးတော့ လျှပ်ံ ကြေးနန်းကြိုးတွေဆီ လှမ်းပစ်နေကြ၏။

ကြံပင် ထိပ်ဖျားပိုင်းက လျှပ်ံ ကြိုးများကို သွားမှန်၏။ ကြိုးံ ချောင်း ပူးသွားသည့် အခိုက်ံရောင်တွေက တဖြတ်ဖြတ် ပွင့်ာသည်။ညဉ့်အချိန်မှာ မီးရောင်လင်းလက် ပွင့်သည်ကို သူတို့ကြည့်ယင်း ပျော်ကြသည်။ပစ်ကြည်၊ ဆော့ကြသည်။

'ဟေ့ကောင်လေးတွေ မလုပ်ဲ့ကွ အန္တရာယ်ရှိတယ်၊ကြိုးပြတ်ကျလာယင် ဓာတ်လိုက်ပြီးအကုန်သေကုန်လိမ့်မယ်'

မယ်ဇလီဖူးသုတ်သွားဝယ်သူ ၂-ဦးအနက် တဦးက လှမ်းအော်၏။ သူ့နာမည်က မောင်ဘငွေ။

သူ အော်ပြီးတားပေမယ့် ဟိုကောင်ကလေးတွေက ဂရုမစိုက် လျှပ်စစ်မီးကြိုးတွေကို ကြံပိုင်းနှင့် ပစ်ယင်း တဝါးဝါး တဟားဟား ပျော် နေကြ သည်။ ရယ် နေကြသည်။ သူတို့ကြံပိုင်းနှင့် ပစ်လိုက်တိုင်း လျှပ်စစ်ကြိုးချင်းပူးလို့ မီးပွင့်တဖွားဖွားလွင့် ကျလာသည်။

ဟေ့ကောင်တွေ ဒီလိုမလုပ်နဲ့လေ လျှပ်စစ်ကြိုး ပြတ်ကျလာယင် မင်းတို့ အကုန်လုံး ဓာတ်လိုက်ပြီး သေကုန်မှာ'

မောင်ဘငွေက ထပ်ပြောနေပြန်၏။

'ဘာဖြစ်လဲဗျ.... ခင်ဗျားအပူပါလို့လား'

ကောင်လေး တယောက် က ပြန်အော်၏။

'အောင်မယ် .... လူပါးဝလို့ မင်းက....'

'ခင်ဗျားကကော... ဘာ လူပါးဝတာလဲ....ဟင်'

အသက် ၁၂ နှစ်ခန့် ကောင်ငယ်လေးက ရိုင်းရိုင်းစိုင်းစိုင်း ပြန်ပြောသည်။

'[illegible]ကိုပြောရယင် ငါ [illegible] ပြည်သူ့တောင်စီရုံး ပို့[illegible] လာခဲ့'

[illegible]ဘငွေက၊ သူ့ကို ပြန် [illegible]သော ကောင်ကလေးကို၊ [illegible]ဖြင့်ဖမ်းချုပ်သည်။ ကောင် ကလေးကရုန်း၏။ သည်တော့ တစ်ချက်၊နှစ်ချက် ရိုက်ပြီး ကောင် ကလေးရဲ့ လက်နှစ်ဘက်ကို နောက်ပြန်လှန်ပြီး ချုပ်ကိုင်လိုက် သည်။

ထိုအချိန်မှာ...

ကောင်ကလေးရဲ့ ညီငယ်ဖြစ် ဟန်တူသော အဖော်လူငယ်ခလေး က၊ အနီးဆုံး ကြံခိုင်သို့ ပြေး၍ သူ့အဖေကို ခေါ်၏။

'အဖေရေ....အကို့ကို လူကြီး နှစ်ယောက်ကပိုင်းဖမ်းပြီး နားရင်း အုပ်နေတယ်....ဟိုမှာ.... ဟိုမှာ'

ကြံခိုင်မှ ကြံပိုင်းတွေဖြတ်နေ သော ကိုမောင်သိန်းက လှမ်း ကြည့်၏။ မြင်ပါပြီ။ မှုံရီဝိုးတဝါး မီးရောင်အောက်မှာ သူ့သား အကြီးကို လူတယောက်က လက် နောက်ပြန် ချုပ်လို့၊ ပြီးတော့၊ သားက ရုန်းကန်နေသည်မို့ ထို လူက နားရင်းကိုနှစ်ချက်၊သုံးချက် ရိုက်နေသည်။

'အောင်မလေးဗျ....အဖေ[illegible] ကျွန်တော့်ကို ....ဟောဒီမှာ — ရိုက်နေတယ်'

အရိုက်ခံရသော လူငယ်က အသံကုန် ဟစ်၍ အော်နေပြီး သည်တော့....

ကိုမောင်သိန်းသည်သားဇော နှင့် ဒေါသထွက်ပြီး၊ဒေါသနောက် မှာ ပါလာသော မောဟအရ[illegible] က အမှားကိုမသိ၊ အမှန် [illegible] မမြင်။

သို့နှင့် ကိုမောင်သိန်းက [illegible] ပိုင်းဖြတ်သော ဓားဦးချွန်ကို [illegible] ယူပြီး ပြေးထွက်သွားသည်၊ သူ့ သားကို ချုပ်ကိုင်ထားသော မောင်ဘငွေကို ကိုအောင်သိန်းက နောက်ကနေ သွား၍ဖက်၏။ ပြီး တော့ လက်ထဲကဓားဦးချွန်နှင့် ထိုလူ၏နောက်ကျောကို ရိုက်[illegible] လိုက်တော့သည်။

'အောင်မလေး....သေပါပြီ ကျွန်တော့်ကို ဓားနှင့်ထိုးတယ် — ဓားနဲ့ထိုးတယ်ဗျ'

ဓားထိုးခံရသော မောင်ဘငွေ က ချုပ်ကိုင်ထားသော လူငယ် ကို လွှတ်လိုက်၏။ ပြီးတော့ ထို နေရာမှ အော်ဟစ်ကာ ထွက်ပြေး လာပါပြီ။



'ကိုကျော်ရေ...ကယ်ပါအုံး၊ ကျွန်တော့်ကို ဓားနဲ့ထိုးတယ်ဗျ၊ ဓားနဲ့ထိုးတယ်....'

သို့နှင့် သည် ဝတ္ထု အစတွင် ဖြစ်ပေါ်ခဲ့သလို ဓားနှင့်အထိုးခံရ သည့် မောင်ဘငွေကို သွေး အလူးလူးနှင့် ဆေးရုံသို့တင်ပို့ လိုက်ရ၏။ သူ့ခမြာ ပြင်းထန် သော ဓားဒဏ်ရာကြောင့် သတိ မရတချက်၊ ရတချက်။

ဓားဖြင့်ထိုးသူ ကိုလူရမ်းကို လည်း ချက်ချင်းပဲ မရမ်းကုန်း ရဲစခန်းသို့ ပြည်သူ့တောင်စီဝင် ဆရာကျော်က သွားပို့လိုက်၏။ ဓားကိုင်ပြီးရမ်းသူ ကိုမောင်သိန်း မှာ မိသားစုနှင့် တကွဲတပြား ဖြစ်လို့ အချုပ်ခန်းသို့ မြန်းရပြီ။

ကိုမောင်သိန်း၏ဇနီး မရွှေ စောမှာ မီးယပ်ရောဂါဖြင့် အိပ် ယာထဲက မထနိုင်ပဲဖြစ်နေသည်။ နာတာရှည် ရောဂါသည် မို့ အိမ်ထောင်တာဝန်ကို ပြန်မကြည့် နိုင်၊ မထိမ်းနိုင်။ ခုလို လင်ဖြစ်သူ အဖမ်းခံရတော့ သူတို့ မိသားစု ပြဿနာတွေပွားရပြီ။

သည်မှာ၊ မေးစရာရှိပါ၏။

အဲသည်လို ပြဿနာတရပ်ကို ဒေါသတရား ရှေ့တမ်းတင်၍ ဓား ဖြင့် ဖြေရှင်းလိုက်တော့ ဘယ်သူ တွေ အမြတ်ရလို့၊ ဘယ်သူတွေ အကျိုးရှိပါသတဲ့လဲ....'

အဖြေက....၊

ဘယ်သူတွေမှ အကျိုး မရှိ၊ သက်ဆိုင်သူ တရားခံ၊ တရားလို တို့ ကိုယ်တိုင် ဒုက္ခကြီးစွာရောက် ပြီး၊ သူတို့နှင့်ပတ်သက်သူတွေဟာ သော တပင် လယ် ဝေ ရ သည် မဟုတ်ပါလား....

ဝန်ခံချက်။

(၁၉၁၈-ခု၊ ဇူလိုင်လအတွင်း က ကိုယ်တွေ့ကြုံရသည့် မြင်ကွင်း ကို အပိုအလိုမရှိပြန်ရေးပါသည်)

တက္ကသိုလ်—စိန်တင်

★



# လက်နက်မှူ

**သင်သာတရားသူကြီးဖြစ်လျှင်** -

မှုခင်းကို အစဥ်တစိုက်ဖတ်ရှုခဲ့သော စာဖတ်သူအဖို့ ဥပဒေရေးရာ ဗဟုသုတနှင့် တရားစီရင်ရေး သဘောတရား ပြည့်ဝနေပြီဟု ယူဆပါသည်။

ယခု တင်ပြသောအမှုကို စာရှုသူကိုယ်တိုင် ကြားနာ၍ ဆုံးဖြတ်ကြည့်ပါ



မျက်စေ့စုံမှိတ်ကာ မေတ္တာသုတ်ကို ရွတ်ဖတ်သရဇ္ဈာယ်နေသော ကျွန်ုပ်သည် တရားခွင်စားပွဲ ငြိမ့်ကနဲ လှုပ်သွားသဖြင့် မျက်စေ့အစုံကို ဖွင့်ကြည့်လိုက်မိသည်။ တရားရေး ဦးစီးမှူး ဦးသော်အား တရားခွင်စားပွဲ လက်ထောက်လျက်သား ရှိသည်ကို မြင်ရတော့သည်။

'နာယကကြီး ညကအိပ်ပျက်ခဲ့ပြီနဲ့တူတယ်'

ကျွန်ုပ်သည် မရယ်ချင်ချယ် ချက်၊ ဘာစာရွက်တွေလဲဗျ၊ ဟု ဦးသော်အား မေးလိုက်သည်၊

'ဟော....နာယကကြီးတို့ကပဲ ဖုတ်ပူမီးတိုက်တောင်းပြီး မေ့နေဘယ်ပေါ့လေ၊ လေသေနတ်အတွက် အကြံပေးလေဗျာ။

ဦးသော်လက်မှ ဥပဒေအကြံပေး စာရွက်ကို ကျွန်ုပ်ကလှမ်းယူလျက် တရားခွင်စားပွဲပေါ်သို့ ချသားလိုက်သည်။

'သောကြာနေ့က ထဲ့က ဆုံးဖြတ်ချက် ချချင်တာ။ စီပီအိုကြီး လျှောက်လဲတာ ရော၊ တရားခံအကျိုးဆောင်ဦးဘိုကြီး လျှောက်လဲ့တာရော ဥပဒေအချက်အလက်တွေပါကြတယ်။ တရားစီရင်ရေး

အဖွဲ့ ခေါင်း ချောက် သွားတော့တာပေါ့။ ဒါကြောင့်မို့ အန်ကယ်သော်ကို အကြံပေး တနင်းလာနေ့ ပေးဖြစ်အောင် ပေး စမ်း ပါ လို့ အပူကပ်ခဲ့ရတာ။ ဒီနေ့ပဲ ဆုံးဖြတ်မှာ'

'ဒါထက် နာယကကြီးတို့ရဲ့ အဖွဲ့ဝင်တွေလဲ မလာကြသေးပါလား'

'လာမှာပါ၊ ယူနစ်မှာ အစည်းအဝေး မပြီးကြသေးလို့'

ဦးသော်ပေးသည့် ဥပဒေ အကြံပေးကို ကျွန်ုပ် ကောက် ကိုင်လိုက်သည်။ ဦးသော်လည်း ကျွန်ုပ်ရှေ့မှ ထွက်ခွာသွားပြီ။ အကြံပေးကို ကိုင်ထားသော်လည်း ကျွန်ုပ်သည် အကြံပေးကိုမဖတ်ပဲ အချင်းဖြစ် အမှုကို နောက်ကြောင်းပြန်၍ စဉ်းစားကြည့်ရာ...

o o o

၁၃၄၂-ခုနှစ် သီတင်းကျွတ်လဆန်း(၆)ရက် နေ့ည သန်းခေါင်ကျော်လောက်တွင် ကြာနီကန်ကျေးရွာ ဦးတင်ဝင်း နေအိမ်၌ လူဆိုးငါးဦးဝင်ရောက်ပြီး ရွှေ၊ ငွေ ရှစ်ထောင်ကျော်ဖိုး လုယက်ယူဆောင်သွားကြသည်။ လူဆိုးငါးဦးအနက် သုံး ဦး လက် တွင် သေနတ်များပါရှိရာ သေနတ်သုံးလက်အနက် တလက်မှာ လေသေနတ်နှင့်တူပြီး ဒင်မှာဖြူ၍ ပြောင်းမှာဝင်းနေကြောင်း ဦးတင်ဝင်း၏ဇနီး ဒေါ်မြင့်မြင့်စိန်က သိလိုက်သည်။

ရဲစခန်းမှူး ဦးဝင်းစိန်သည် ခားပြမှုပေါ်ရေးအတွက် ကြာနီကန်ကျေးရွာ ပတ်ဝန်းကျင်ရှိ လေသေနတ်များကို လိုက်လံရှာဖွေစစ်ဆေးကြည့်ရှုရာ လေသေနတ်လေးလက်ကို တွေ့ရှိရသည်။ ထိုလေသေနတ် လေးလက်ကို လက်ဝယ်ထားရှိသူများ၏ အစစ်ခံချက်အရ လေသေနတ်ပိုင်ရှင်အသီးသီးမှာ မန္တလေးမြို့တွင် နေထိုင်ကြသော ဦး မောင် မောင် ထွန်း၊ ဦးတင်မောင်ဝင်း၊ ဦးညိုမောင်နှင့် မြို့နယ် ဖောင်တော်ဦးတောင်ခြေနေ ဒေါ်ဂျယ်နီတို့ဖြစ်ကြောင်း သိရသည်။

စခန်းမှူးဦးဝင်းစိန်သည် လေသေနတ်ပိုင်ရှင် လေး ဦး အားသွားရောက်မေးမြန်းရာ ထိုလေးဦးသည် လေသေနတ်ပိုင်ရှင်များဖြစ်ကြောင်း ထိုလေသေနတ် အသီးသီးအတွက် လိုင်စင်များမရှိကြောင်း သိရှိခဲ့သည်။



ထို့နောက် စခန်းမှူး သည် လိုင်စင်မရှိပဲ လေသေနတ်ကိုင်ဆောင် လက်ဝယ် ထားသူများအား လက်နက်မှုဖြင့် အရေးယူနိုင် မယူနိုင်ကို မြို့နယ် ဥပဒေဝန်ထမ်းထံ ဥပဒေ အကြံဉာဏ်တောင်းခံရာ လက်နက်မှုဖြင့် အရေးယူနိုင်သည်ဟုဥပဒေဝန်ထမ်းက အကြံပေးသောကြောင့် မြို့နယ်ပြည်သူ့ကောင်စီ အလုပ် အမှုဆောင် အဖွဲ့ထံ တင်ပြပြီး တရားစွဲဆိုမိန့် တောင်းခံခဲ့သည်။

အဆိုပါလေးဦးအား လက်နက်ဥပဒေပုဒ်မ ၁၉ (စ)ဖြင့် အရေးယူရန်ဟု မြို့နယ် ပြည် သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့အဆင့်ဆင့်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ ဥပဒေပုဒ်မ ၁၉(စ)နှင့် လက်နက်ဥပဒေပုဒ်မ ၂၉ အရ၊ မြို့နယ်ကောင်စီအလုပ်အမှုဆောင်အဖွဲ့သည် တရားစွဲဆိုခွင့် အမိန့်ကို ထုတ်ပေးလိုက်သည်။

တ ရား စွဲ ဆို မိန့်များ ရရှိပြီးသောအခါ စခန်းမှူး ဦးဝင်းစိန်သည် အဆိုပါလေးဦးအား လက်နက်ဥပဒေပုဒ်မ ၁၉ (စ) ဖြင့် အမှုတမှုစီ ခွဲခြား၍ တရားစွဲဆိုလေတော့သည်။

o o o

ယခု ကျွန်ုပ်၏ရှေ့မှောက် သို့ ရောက်နေသော အမှုကား...

ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၅၆၇/၈၀။ လက် နက် ဥ ပဒေ ပုဒ်မ ၁၉(စ)အရ စွဲဆိုမှု။ တရားလို စခန်းမှူးဦးဝင်းစိန်နှင့် တရားခံ ဒေါ်ဂျယ်နီကျော်ဇော်၊ တရားလို အ ကျိုး ဆောင် ရဲ အ မှု လိုက် ဒု-ရဲအုပ် ဦးပြုး၊ တရားခံအကျိုးဆောင် အထက်တန်းရှေ့နေကြီး ဦးဘိုကြီး။

ဒေါ်ဂျယ်နီ၏ ခင် ပွန်း မှာ ဗိုလ်ကြီးတဦးဖြစ်သည်။ ဖြစ်ချိန်တွင် ဗိုလ် ကြီး သည် ရှေ့ တန်းထွက်နေသည်။

ဗိုလ်ကြီးသည် တချိန်က ရှေ့တန်းအပြန်တွင် သက်သေခံ လေသေနတ်စာလက်ပါလာသည်။ ရှေ့တန်းသို့ ပြန်ထွက်သွားသည့်အခါ လေသေနတ်ကို ဖောင်တော်ဦးတောင်ခြေရှိ ဇီးခြံတွင် ထားခဲ့သည်။ အဆိုပါလေသေနတ်ကို မှန်ပင်ရွာနေ ကိုထွန်းစိက အမဲပစ်ရန်ဆိုပြီး ဒေါ်ဂျယ်နီထံမှ ငှားရမ်းသွားသည်။ ကြာ နီ ကန် ရွာ



းပြုမှုအတွက် လေသေနတ်များ ခမ်းရှာဖွေရာ ကို ထွန်း စံ ထံ မှ ါဂျယ်နီပိုင် လေ သေ နတ် ကို ရှိဖမ်းဆီးပြီး တရားစွဲဆိုခဲ့ခြင်း သည်။

တရားခံ ဒေါ်ဂျယ်နီအတွက် ပါဆောင်ရွက်သော ရှေ့နေ ဦးဘိုကြီးက လိုင်စင်မဲ့ လေ သေနတ် ကိုင် ဆောင် သည် ကို ငြင်း မပွားပေ။ လေ သေနတ် ဘွက် လိုင်စင် မလိုကြောင်း ျာက်လဲ့ သွား ခြင်းသာ ဖြစ် ည်။

ရှေ့ နေ များ က အ ဘယ် ကြောင့်ဟူ၍ ကျွန်ုပ်မသိ၊ လျှောက် ချက်ကို နှုတ်ဖြင့်လဲရုံဖြင့် အား ကြ၊ စာဖြင့်ပါ လျှောက်လဲချက် းကြသည်။ ယခုအမှုတွင်လည်း သောကြာနေ့က ဦးဘိုကြီးသည် ဖြင့် လျှောက် လဲ ပြီးနောက် ဖြင့် လျှောက်လဲချက် တင်သွား ည်။ ဦးဘိုကြီးက စာဖြင့် တင် ဖြင့် ရဲအမှုလိုက်ကြီးဦးပြုံးအား ဖြင့်ပါတင်ရန် ကျွန်ုပ်က ညွှန် ကြားရတော့သည်။

နှစ် ဘက် အ ကျိုး ဆောင် များ၏ နှုတ်ဖြင့် လျှောက်လဲ့ချက် းကြပြီး နောက်တွင် ကျွန်ုပ်တို့ အဖွဲ့ဝင်သုံးဦးသည် သဘော သုံး မျိုး ပေါ်ပေါက် လာတော့သည်။ အဖွဲ့ဝင် ဦးကျော်ငွေးက သက် သေခံ လေသေနတ်ကို အင်းစိန် မှုခင်းတပ်ဖွဲ့သို့ ပစ်ခတ်စစ်ဆေးရန် ပေးပို့ လိုသည်။ အဖွဲ့ဝင် ဦးမြ သောင်းက တရားခံအားလွှတ်ပစ် လိုသည်။ ကျွန်ုပ်၏သဘောထား ကမူ တရားခံအားအပြစ်ဒဏ်ပေး လိုသည်။

အဘယ် အ ကြောင်း များ ကြောင့် ကျွန်ုပ်တို့ သဘောထား ကွဲလွဲကြသနည်း။

ဝ ဝ ဝ

ကျွန်ုပ်။ ။ 'ဦးမြသောင်းက ဘာ ဖြစ်လို့ လွှတ်ချင်တာ လဲ'

ဦးမြသောင်း။ ။ 'လက်နက် ဥပဒေ ပုဒ်မ ၄ (၄) မှာလက်နက်ရဲ့အဓိပ္ပာယ် ပါတယ်လေဗျာ၊ အဲဒီ ပုဒ်မမှာ FIRE ARMSလို့သာဆိုတာ လေသေနတ်လို့ မပါဘူးဗျ၊ ဒါ ကြောင့် လေသေနတ်ဟာလိုင်စင် မလိုဘူး၊ လိုင်စင် မလိုတဲ့ လေ သေနတ်အတွက် ၁၉ (စ) နဲ့ တရားစွဲလို့ကို မရဘူး။ တရားခံ

အကျိုး ဆောင်ကြီး ချောက်လဲ တာကို ကျွန်တော်လက်ခံတယ်။ လေသေနတ်တွေ စည်း ကမ်း မဲ့ မကိုင်ဆောင်စေချင်ယင် ဥပဒေမှာ ထည့်သွင်း ပြ ဋ္ဌာန်း ပေး ဘို့ လိုတယ်’

ဦးကျော်ငွေ။ ။‘ဦး မြသောင်း က လုံ ခြုံ ရေး ကိစ္စကို သတိမေ့နေတယ် ထင် တယ်’

ဦးမြသောင်း။ ။‘လုံခြုံရေးကိစ္စ ဟာ သာ မ ည ပါ၊တရားစီရင်ရေးအဖွဲ့က အဓိက စဉ်းစားရမှာကတော့ ဥပဒေနဲ့ အညီ တရားစီရင်ရမယ် ဆိုတဲ့ မူ မဟုတ်လား’

ကျွန်ုပ်။ ။‘ဥပဒေနဲ့ အညီ ဆို တာ ဟုတ် ပါ တယ်။ ၁၉၇၇-ခုနှစ်၊ပြည်ထဲရေး ဝန်ကြီး ဌာနက ထုတ်ပြန်တဲ့ လက်နက် ကိုင် ဆောင် ရေး မူ အခန်း ၂ အပိုဒ် ၃(က)၊အမှတ်စဉ်(၅၊)မှာ လိုင်စင်နဲ့ ကိုင် ဆောင် ရ မယ့် လက်နက်အမျိုးအစားထဲမှာ လေ သေနတ်ပါတယ်လေဗျာ’

ဦးမြသောင်း။ ။ ‘ ကျွန် တော့် သဘောထားက ဒီလိုပါ၊ ဥပဒေကို ဥပဒေပြုနိုင်တဲ့ အဖွဲ့အစည်းကပြုလိုက်တာ၊ အဲဒီ ဥပဒေကို ညွှန်ကြားချက်တို့၊နည်း ဥပဒေတို့ကလွှမ်းမိုးကျော်လွှန်လို့ မရပေဘူး၊ဒီလိုသာလွှမ်းမိုးကျော် လွှန်လို့ ရစတမ်းဆိုယင် လူတိုင်း ဟာ အာဏာရှိသူတွေ ဖြစ်ကုန် တော့မှာပေါ့။ နောက် တ ချက် ကလဲ လေသေနတ်ဟာ လိုင်စင် မရှိပဲ ခေတ် အဆက်ဆက် ကိုင် ဆောင်ခဲ့ကြတာ၊ ကျွန်တော့်မှာ တောင် တလက် ရှိသေး၊ ဟုတ် လေလားတော့မသိဘူး မန္တလေး တိုင်းအတွင်း လေသေနတ်တွေကို လိုင်စင်လုပ်ကြဖို့ အခုမှ နှိုးဆော် တုန်းပဲတဲ့၊ လာမယ့် အောက်တို ဘာတရက်နေ့နောက်ဆုံးထား ပြီး လိုင်စင်လုပ်ရမည်ဆိုပဲ၊ အဲဒီတော့ လေသေနတ် လိုင်စင်မဲ့ ကိုင်တာ မလေ့ကြီးတခု ဖြစ်နေတာရယ်၊ မူရင်းဥပဒေကိုမှာပဲ လေသေနတ် ကို လိုင်စင်နဲ့ ကိုင်ဆောင်ရမယ် လို့ ပြဋ္ဌာန်းမထားတာရယ် ဒီနှစ် ချက် အရကိုပဲ အပြစ် မပေးထိုက် တော့ ပါ ဘူး၊ နာ ယ က ကြီး ကကော ဘာကြောင့် အပြစ်ပေး ချင်လဲ ဆိုပါအုံး’

ကျွန်ုပ်။ ။‘ဥပဒေ အမည်ကိုက လက်နက်ဥပဒေတဲ့ဗျ။ လက်နက်ဆိုတာက သက်ရှိသတ္တ ါတွေအတွက်အန္တရာယ်ပဲ၊လက် က် ဥပဒေမှာ အကျုံး ဝင်တဲ့ လက်နက်တွေထဲမှာ လေသေနတ် ပါဘူးဆိုတာ မှန်တယ်။ ဒါပေ ယ့် လက်နက်ဥပဒေနဲ့ အကျုံး ဝင်တဲ့ လက်နက်အမျိုးအစားတွေ ထဲမှာ သတ္တဝါကို သတ်ဖို့ ထား က်ပါ၊ လူပဲပြောရမှာပါ၊ လက် က် ဥပဒေမှာ အကျုံး ဝင်တဲ့ က်နက် အမျိုးတစားတွေဟာ ့ကိုယ်ခန္ဓာကို ပေါက်မြဲ စုတ် ဒဏ်ရာ၊စူးဝင်ဒဏ်ရာ ရစေ တဲ့ လက်နက်မျိုးတွေပဲ၊ သက် သေခံ လေ သေနတ်ဟာ ငှက် ကို ာင် ပစ်သတ်နိုင်တာ၊ ကိုင်ဘူး ဘူးသူတိုင်း သိပါတယ်၊လူကို ယင်လဲအသက်မသေတောင်မှ ာရာ ရမှာ သေချာပါတယ်။ သွား သုံးလက်မရှိ မောင်းချ ့ သို လက် နက် မျိုး တောင် မှ က် နက် ဥ ပ ဒေ နဲ့ အရေးယူ ပြစ်ပေးရတာကိုး၊ အဲဒီအသွား သက်မရှိ မောင်း ချ ဓား နဲ့ ထိုးခံရတဲ့ဒဏ်ရာနဲ့ လေသေ နဲ့ ပစ်လို့ရတဲ့ဒဏ်ရာနှစ်ခုကို ယှဉ် ယင် လေ သေ နတ် ကြောင့် ရ တဲ့ ဒဏ် ရာ က လူ့ အသက်ကို ပိုမို စိုးရိမ်ရပါတယ်။ လေသေနတ်ကို စည်းမဲ့ ကမ်းမဲ့ ကိုင်ဆောင်ခွင့်ပြုယင် လူ့အသက် လူ့ကိုယ်ခန္ဓာကို ထိခိုက်မှာစိုးရိမ် ရပါတယ်၊လေသေနတ်နဲ့ ခားပြ တိုက်နိုင်တယ်၊ လုံခြုံရေးကိုထိပါး နိုင်တယ်၊အခုအမှုမှာ လက်နက် ဥပဒေနဲ့ တရားစွဲဖို့ မြို့နယ်ကောင် စီရဲ့ ခွင့်ပြုမိန့်ပါတယ်လေ။ ခွင့်ပြု မိန့် ဘာကြောင့်လိုလဲ စဉ်းစား ကြည့်၊ ကျွန်တော့် အ ထင် က တော့ ရပ်ရွာ ငြိမ်ဝပ် ပိပြားရေး၊ လုံခြုံရေးကိုထိခိုက်မယ့်လက်နက် မျိုး ဟုတ် မဟုတ်ကို ယခင်က တော့ ခရိုင်ရာဇဝတ်တရားသူကြီး ယခုတော့ မြို့နယ် ကောင်စီပေါ့ ဗျာ၊ မြို့နယ် ကောင်စီက ဝေဖန် စိစစ်ပြီး ကြည့် ရ တယ်။ ငြိမ်ဝပ် ပိပြားရေး၊ လုံခြုံရေး ထိခိုက်တဲ့ လက်နက်မျိုးပဲလို့ မြို့နယ် ကောင် စီက ယုံကြည်လို့သာ တရားစွဲ ဆိုခွင့်ပြုလိုက်တာပဲလေ’

ဦးမြသောင်း။ ။‘မြို့နယ်ကောင် စီက လုံခြုံရေး ကို စဉ်းစားတဲ့အခါမှာ လေသေ နတ်ချည့် မကြည့်သင့်ပါဘူးဗျာ။ လေသေနတ် ကိုင် ဆောင် သူလဲ ကြည့်သင့်ပါတယ်။ ဒီလူ့လက်

မှာရှိယင် လုံခြုံရေးကို ထိခိုက်နိုင်တယ်၊ ဟိုလူ့လက်မှာရှိယင် လုံခြုံရေးကို မထိခိုက်နိုင်ဘူးလို့ ထည့်သွင်းစဉ်းစားရမယ်ဗျ’

ဦးကျော်ငွေး။ ။‘ဟုတ်ပါတယ်၊ လက်နက်ကိုချည်းမကြည့်သင့်ပါဘူး။ လူကိုလဲ ကြည့်သင့်တာပေါ့၊ အဲဒါတွေထားပါတော့၊ မြို့နယ်ခကောင်စီက တရားစွဲခွင့်ပြုထားတဲ့ အမှုမို့ အပြစ်ပေးရမယ်လို့ ယူဆယင် မမှန်ဘူးဗျို့။ ဥပဒေအရ အပြစ်ပေးထိုက်မှ ပေးရမယ်ဗျ’

ဦးမြသောင်း။ ။‘အနို့နေပါအုံး ဦးကျော်ငွေးက သက်သေခံလေသေနတ်ကို မှုခင်းတပ်ဖွဲ့ကို ဘာလုပ်ဖို့ ပို့ချင်ရတာလဲ’

ဦးကျော်ငွေး။ ။‘အမှုလိုက်ကြီးရဲ့ လျှောက်လဲချက်မှာလား၊ ဟာ မဟုတ်ဘူးဗျို့၊ တရားခံရှေ့နေကြီးရဲ့ လျှောက်လဲချက်မှာထင်တယ်’

ကျွန်ုပ်။ ။‘ထားပါလေ ခင်ဗျား သဘောသာပြောစမ်းပါ’

ဦးကျော်ငွေး။ ။‘ကျွန်တော့် သဘောက မဟုတ်ဘူးဗျ၊ လက်နက်နည်းဥပဒေအရ သဘောပါ’

ကျွန်ုပ်။ ။‘ကျွန်တော်မှားသွားပါတယ် ဆိုပါဆို့ဗျာ နည်းဥပဒေက ဘာတဲ့တုံး’

ဦးကျော်ငွေး။ ။‘ခင်ဗျား မှားသွားတယ် ဆိုပါစို့လို့ကို မဆိုနိုင်ဘူး၊ ခင်ဗျားမှားကိုမှားသွားတယ်’

ကျွန်ုပ်။ ။‘ဝန်ခံပါတယ်ဗျာ၊ ကျွန်တော် မှားသွားပါတယ်၊ ခင်ဗျားသိတဲ့နည်းဥပဒေကိုသာ အမိန့်ရှိပါ၊ ကိုယ်ဘိုင်မဖတ်ရသဲနဲ့ သိသွားရတာပေါ့’

ဦးကျော်ငွေး။ ။‘လက်နက်နည်းဥပဒေ ၃ မှ အဲ...နေအုံး ကြိုပြောထားမှရအုံးမယ်၊ ကျွန်တော် နားလည်ထားတာကိုက အကြမ်းဖျင်းနားလည်ထားတာနော်၊ ကျွန်တော်နားလည်သလောက်ပဲ ကျွန်တော်ပြောရမှာ’

ကျွန်ုပ်။ ။‘အေးပေါ့သေ၊ ခင်ဗျားသေသလောက်ပဲ ရမှာပါ’

ဦးကျော်ငွေး။ ။‘နည်းဥပဒေ ၃-မှာ ဇယား ၁ မှ ၄ အထိပါ နယ်ခမြ၊ လက်နက်နဲ့လူကို လက်နက်ဥပဒေမှ ကင်းလွတ်ခွင့် ပေးနိုင်တယ်တဲ့’

ဦးမြသောင်း။ ။‘ဘာတွေကင်းလွတ်ခွင့်ပေးပြီး၊ ဘာတွေကို ကင်းလွတ်ခွင့် မပေးတာလဲ’

ဦးကျော်ငွေး။ ။‘လာမယ်လေ၊ ဆန္ဒစောရန်ကော။ ကျွန်တော်လဲစာအုပ်ကြည့်ပြောရမှာ။ ဒီစာအုပ်ပဲ လက်နက်စွဲဆိုတာ၊ ဇယား (၁) အမှတ်စဉ် (၁)(ဂ) မှာ AIR GUNS ကို မြို့တော်သူပိုင် အိန္ဒိယနယ်များတွင် လက်နက်ဥပဒေနဲ့ အကျုံးဝင်တဲ့။ ဆိုလိုတာက လေသေနတ်ကို လိုင်စင်မရှိပဲ ကိုင်ဆောင်နိုင်တဲ့ သဘောပေါ့။ မြို့တော်သူပိုင် အိန္ဒိယနယ်များဆိုတာက ပန်ဂျပ်မာနဲ့ဒေလီပြည်နယ်တို့မပါဘူး’

ကျွန်ုပ်။ ။‘ရှုပ်နေတာပဲဗျာ။ အိန္ဒိယတွေထည့်ပြောနေနဲ့ဗျာ၊ ဗမာပဲ ရွေးပြော’

ဦးကျော်ငွေး။ ။‘အဲ...သမိုင်းနောက်ခံက ရှိခဲ့တော့ ဒီစာအုပ်ထဲမှာကိုပဲ၊ အဲဒီလိုတွေ ပါနေတာကိုးဗျ၊ အဲဒီတော့ မြန်မာနိုင်ငံအတွက် ကွက်ပြောယင်၊ စောစောက ပြောတဲ့ ဇယားအမှတ်စဉ် (၂) တတိယ အပိုဒ်မှာ တချပ်လျှင်တလက်မ ၆ ပုံ ၄ ပုံ ထုတဲ့ ဂျပ်စက္ကူငါးချပ်မပေါက်တဲ့ လေသေနတ်က လိုင်စင်မရှိပဲကိုင်ဆောင်နိုင်တယ်၊ ဒီတော့ သက်သေခံလေသေနတ်ကို ပစ်ကြည့်ဖို့လိုတယ်။ လေသေနတ်ကညတာ နည်းဥပဒေ အတိုင်း ဂျပ်စက္ကူငါးချပ်ပေါက်ယင် လိုင်စင်ရှိမှ ကိုင်ဆောင်ခွင့် ရှိတယ်လေ။ ဒါကြောင့်ကျွန်တော်က မှုခင်းတပ်ဖွဲ့ အင်းစိန်ကို လေသေနတ် ပို့ချင်တာ။

ကျွန်ုပ်။ ။‘ဂျပ်စက္ကူ ငါးချပ်ကတော့ ပေါက်မှာပါဗျာ၊ လေးဝနဲ့ ပစ်ယင်တောင် ခင်ဗျားရဲ့ ဂျပ်စက္ကူတွေပေါက်အုံးမယ်။ ဦးကျော်ငွေးရဲ့ သဘောထားနဲ့ နည်းဥပဒေကိုတော့ ရှင်းပါပြီ။ ဦးမြသောင်း သဘောထားကို ကျွန်တော်မရှင်းသေးဘူးဗျ’

ဦးမြသောင်း။ ။‘ကိစ္စရပ် တခုအတွက် ပထမဆုံး ဥပဒေရှိတယ်၊ နောက်နည်းဥပဒေရှိချင်ရှိမယ်။ နောက် လုပ်ထုံးလုပ်နည်း ရှိချင်ရှိမယ်။ ဥပဒေဟာ အဖေနဲ့တူတယ်။ နည်းဥပဒေဟာ

## ဒေါက်တာကြီး ပေါ့ဆလို့ ဖြန်ချပ်ရ ၂-ခါ



ထိုင်းနိုင်ငံ ဘန်ကောက်မြို့မှ ဆုအန်ယေဆိုသူ၏ ဇနီးမှာ ဗိုက်ခွဲ၍ မြက်နှာမြင်သည်။ ဆရာဝန်က ဝမ်းကို ပြန်ချုပ်ပေးလိုက်သော်လည်း အိမ်ရောက်သောအခါ မကြာခဏ ဗိုက်နာကာ မခံမရပ်နိုင် ဖြစ်နေသဖြင့်၊ ဆေးရုံသွား၍ ဗိုက်ကို ထပ်ခွဲရသည်။ သည်တော့ဗိုက်ထဲတွင် ပတ္တီးတလိပ်ကို တွေ့ကြရသည်။ ဖြစ်ပုံက ပထမ ဆရာဝန် မေ့ကျန်ခဲ့လို့ပါတဲ့၊ ကံဆိုးရှာသော အမျိုးသမီးမှာ ၂-ခါခွဲရသဖြင့် သေခဲ့ရသလို၊ ထိုဆရာဝန်ပေါ့ဆမှုကိုလည်း အရေးယူပေးရန် သေသူ၏ ခင်ပွန်းက ရဲတိုင်ထားသည်ဟူ၏။

အမေမနဲ့တူတယ်။ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်တွေက အကို အမနဲ့တူတယ်။ အကိုအမစကားကို နားမထောင်ယင်၊ အကိုအမက မရိုက်နှက်နိုင်ဘူး၊ အဖေကသာရိုက်မယ်၊ အမေကသာရိုက်နိုင်တယ်လို့ နည်းဥပဒေမှာ သီးခြား ပြဌာန်းထားမှ အမေကရိုက်နိုင်တယ်'

ကျွန်ုပ်။ ။'တော်တော်၊ ဦးမြသောင်း၊အဖေစကားပဲဖြစ်ဖြစ် အမေ့စကားပဲဖြစ်ဖြစ်၊ အကိုအမစကားပဲဖြစ်ဖြစ် လိုက်နာရမှာပဲ မဟုတ်လားဗျ'

ဦးမြသောင်း။ ။'ဟုတ်သေးဘူးလေ နာယကကြီး၊ အခုကျွန်တော်တို့ တရားစီရင်ရေး အဖွဲ့ဟာ၊ ဥပဒေနှင့်အညီ တရားမစီရင်ယင်၊ ဥပဒေက ကျွန်တော်တို့ကို အပြစ်ပေးလိမ့်မယ်မဟုတ်လား။ တရားရေးဝန်ထမ်း ဆီက အကြံပေးတောင်းပါလို့ ကျွန်တော်တို့ကိုပြည်သူ့ တရားသူကြီး အဖွဲ့က ညွှန်ကြားချက်ထုတ်ထားတယ်၊ အဲဒီ ညွှန်ကြားချက်က ကျွန်တော်တို့ကို မရိုက်နိုင်ဘူး မဟုတ်လား'

ဦးကျော်ငွေး။ ။'ကဲ-ကဲ တော်ကြပါတော့ဗျာ၊ ကျွန်တော်တို့ သုံးဦး ညှိကြတာ အချိန်ကုန်ပြီ။သြောင်းလဲ သြောင်းလှပြီ။ အသြောင်းပြေ လက်ဖက်ရည်ဆိုင် သွားကြစို့၊ ကျွန်တော် တကာပေါ့'

o o o

ကျွန်ုပ်တို့သုံးဦးသည်တရားရုံးဝင်းအတွင်းရှိ စစ်ပြန် သက်သာဆိုင်သို့ သွား ကြ သည်။ ဦးရွှေဖျော်ပေးသည့် လက်ဖက်ရည် ချိုဆိမ့်ဆိမ့်ကို သောက်လိုက်၊ ဦးဘငွေး၏ လက်ရာဖြစ်သော စမူစာကိုက်လိုက်ဖြင့် နေ့တနာရီ ထိုးပြီ။

လက်နက်မှုကို ယနေ့ဆုံးဖြတ်ချက်ချရန်ရှိနေသဖြင့် ကျွန်ုပ်ကစ၍ လက်ဖက်ရည်ဆိုင်မှထွက်ခဲ့သည်။ ဦးကျော်ငွေးနှင့် ဦးမြသောင်းသည် ကျွန်ုပ် နောက်မှ လိုက်ပါလာကြသည်။

o o o

တရားခွင်သို့ ပြန် ရောက် ရှိသောအခါ နံနက်က တရားရေးဝန်ထမ်း တင်ပို့သွားသောအကြံပေး ၄(ပ)ကို ဦးကျော်ငွေးနှင့် ဦးမြသောင်းတို့က ဖတ်ကြသည်။ ကျွန်ုပ်မှာမူ ဦးမြသောင်းဆွဲနွေး

သည့် အချက်များ၊ ဦးကျော်ငွေး ဆွေးနွေးသည့် အချက် များ နှင့် ကျွန်ုပ်၏ ပင်ကိုယ်အယူအဆများ တို့၏အလယ်၌ ဦးနှောက် ချာချာ လည်နေမိတော့သည်။

ဦးမြသောင်း။ ။'နာယကကြီး၊ ကျွန် တော် တို့ နှစ်ယောက်ကတော့ သဘောတူ ကြပြီ'

ကျွန်ုပ်။ ။' ဟုတ် ရဲ့ လား၊ ဦးကျော်ငွေး'

ဦးကျော်ငွေး။ ။ 'ဟုတ်ပါ့မျာ'

ကျွန်ုပ်။ ။'ခင် ဗျား တို့ နှစ်ဦး သဘောတူပြီ ဆိုယင် ဆုံးဖြတ်လို့ ရပြီလေဗျာ၊ ကျွန် တော် သဘောမတူလဲ တရားဝင် တာပဲ'

ဦးကျော်ငွေး။ ။ 'တရား စီရင် ရေးအဖွဲ့ သုံးဦး အနက် နှစ်ဦး သ ဘော တူ တဲ့ အတိုင်း ဆုံးဖြတ်ချက် ချနိုင်တာ လူတိုင်း သိသားပဲဗျ၊ နာယက ကြီးရဲ့ သဘောထားဟာ ပထမ အတိုင်းပဲလား၊ သ ဘော ထား ပြောင်းသွားပြီလား'

ကျွန်ုပ်။ ။'ကျွန်တော့်သဘော ကတော့....'

ဦးကျော်ငွေး။ ။ 'နေအုံး... များ၊ အကြံ... ၄(ပ)ကို ဖတ်ပြီးမှပြော၊ ... လိုက်ပါအုံး'

ကျွန်ုပ်သည် တရားရေး ... ထမ်း၏ အကြံပေးကို ဖတ်ကြ... လိုက်သည်။ ထို့နောက် ဦးကျော်... ငွေး ဘက်သို့ ငဲ့ ကြည့် လို... သည်။ ဦးကျော်ငွေးသည်ဆုံးဖြ... ချက် လုံးစုံကို ရေး သွင်း နေ... သို့သော် ပုံစံ ရေးသွင်း၍ မ... သေးချေ။

. စာရှုသူများခင်ဗျား....

အမှုသွားအမှုလာကို စာဖတ်... သူတို့ ကြားနာခဲ့ပြီး ဖြစ်ပါသည်... အကယ်၍ သင်သည်သာ တရား... သူကြီးအဖွဲ့ဝင်ဖြစ်လျှင် ဘယ်လို... ဆုံးဖြတ်မည်လဲ။ တရားခံကို လွှတ်... မည်လား! အပြစ်ပေး မည်လား... စာမျက်နှာ(၁၂၆) တွင် ဖော်... ပြထားသော တရားသူကြီးအဖွဲ့... အဆုံးအဖြတ်နှင့် သင့် အ ဆုံး... အဖြတ်ကို တိုက်ဆိုင် ကြည့်နိုင်ပါ... သည်။

○ ○ ○

တရားသူကြီးအဖွဲ့၏အဆုံးအဖြတ်ကိုစာမျက်နှာ ၁၂၆ ၌ကြည့်ပါ





စာရေးသူဟာ မကွေးမြို့ကို မရောက်ဖြစ်ဘူးဆိုယင် ဒီအဖြစ်အပျက်ကလေးကို စာဖတ်သူများထံသို့ တင်ပြနိုင်မယ် မဟုတ်ပါဘူး။

အကြောင်းကတော့ ဒီအဖြစ်အပျက်မှာ ပါဝင်တဲ့ ပုဂ္ဂိုလ်များဟာ အဲဒီ မကွေး အချုပ်ခန်းထဲမှာ ရှိနေခဲ့ကြလို့ပါပဲ။ (အဲဒီ အဖြစ်အပျက်ကိုလည်း ကမျာဆရာ ဇော်ပုလဲက သတင်းစာဖြတ်ပိုင်းလေးတခုနဲ့ ကျေးဇူးပြုထားတာပါ)

ဒါ့ကြောင့် မကွေးမြို့ကိုသွားဖို့ အခွင့်အခါကို စောင့်နေခဲ့ပါတယ်။ တလောကတော့ သရက်မြို့ကို သွားဖို့ အကြောင်းပေါ်လာလို့ မကွေးကိုလည်း ရောက်ဖြစ်သွားပါတယ်။

မကွေးမြို့ကို ရောက်တယ် ဆိုယင်ပဲ စာရေးသူဟာ မိမိအလေ့အထအတိုင်း အလွန်တန်ခိုးကြီးတဲ့ မြသလွန် ဘုရားကြီးကို မြင်းလှည်းလေးငှားပြီး အရင်ဆုံး သွားဖူးပြီး လိုက်ပို့တဲ့မြင်းလှည်းဆရာလေးကို မကွေးမြို့ရဲ့ အချုပ်ခန်းဆီသို့ ပို့ပေးဖို့ မေတ္တာရပ်ခံလိုက်ပါတယ်။



အုတ်တံတိုင်းကာ၊ သံဇကာ ခြားထားသည့်ကြားမှ မျက်လုံးချင်းဆုံ၊ အသည်းနှလုံးချင်း ထိတွေ့ကာ ချစ်ခြင်းမေတ္တာကို ဝံ့ဝံ့စားစား အဆောင်အထည် ဖော်ခဲ့သည့် အချုပ်သားနှင့် အချုပ်သူတို့၏ ထူးထူးဆန်းဆန်း မေတ္တာ၏ ဇာတ်လမ်းကလေးကတော့....

'ဘယ်သူနဲ့များ တွေ့စရာ ရှိလို့လဲ' လို့ မြင်းလှည်းဆရာလေးက စူးစမ်းလာပါတယ်။

'ကို တွေ့ချင်တဲ့ပုဂ္ဂိုလ်များရဲ့ ကိုယ်စား တယောက်ယောက်ကို ပေါ့ကွ'လို့ ပြောလိုက်တော့ သူလဲ နဝေတိမ်တောင်ဖြစ်သွားပုံ ရပါတယ်။ဒါနဲ့ ဖြစ်ရပ်ကလေးရဲ့ အကျဉ်းချုပ်ကို ပြောပြလိုက်ရပါတယ်။အဲဒီအခါ သူရဲ့ အလျင်အမြန် တုံ့ပြန်ချက်ကလေးက-

'ဟာ- ခင်များ တို့လဲ ဒီအကြောင်းကို သိတယ် နော်၊ ကျုပ်တို့တနယ်လုံး အခုထက်ထိ ဒီအဖြစ်ကလေးကိုပြောမဆုံးဗျ။ ကျွန်တော်ဆို သူတို့ကို လူကိုယ်တိုင် တရားရုံးမှာ မြင်ဖူးခဲ့တာပေါ့'တဲ့။

'အား.... တယ်ဟုတ်ပါလား၊ ပြီးတော့ ပြောပြအုံးဟ၊ အခုတော့ ရဲအချုပ်ခန်း ထိပ်မှာ ရပ်ပေးကွာ'

'ကောင်းပါပြီ အစ်ကိုရေ၊ ကောင်းပြီ'

○ ○ ○

'အဲဒါသူတို့နေသွားတဲ့အချုပ်ခန်းတွေပဲ'

အချုပ်စာရေး (ဂါတ်စာရေးကြီး)က စာရေးသူအား စိတ်ရှည်လက်ရှည် လိုက်ပြရှာသည်။ အချုပ်ခန်းမှာ ကျယ်ကျယ် လွင့်လွင့် ဖြစ်သည်။အဲချုပ်ခန်းကြီးနှင့် အတူ ရဲစခန်း၏ ရုံးခန်းကိုလည်း တွဲထား၏။ အချုပ်ခန်းမှာ အဆောင်တွဲကြီးများဖြစ်၍ လေးငှပေခန့် အုတ်နံရံ အမြင့်ပေါ်တွင် သံဇကာ ကွက်များကို တပ်ဆင်ထားသည်။အနီးပတ်ဝန်းကျင်နှင့် အပြင်အပကို ထိုင်ရာမှ ထကြည့်ပါက သံဇကာပေါက် များမှ တဆင့် မြင်နိုင်သည်။

'အမျိုးသမီး တွေက ဘယ်အခန်းမှာပါလဲ'ဟု စာရေးသူက အတိအကျသိလိုသဖြင့် ဂါတ်စာရေးကြီးကိုမေးလိုက်သည်၊

'ဟောဒီအခန်းမှာ'

'ဒါဖြင့် သူတို့နဲ့မျက်နှာချင်းဆိုင် အခန်းက သူတို့အမျိုးသားတွေနေမှာပေါ့နော် စာရေးကြီး'

ဂါတ်စာရေးကြီး အပြုံးစွက်၍ ခေါင်းဆတ်ပြသည်။ သူ့အပြုံး၏ အဓိပ္ပာယ်ကို စာရေးသူ သိသည်ဟုယူဆမိသည်။ စာရေးသူ သိသူသမျှကို သူ့အား ဆက်မေးခဲ့ရသည်။ ထို့နောက်-

'အားလုံးကို သိခွင့်၊ မြင်ခွင့်ရတဲ့အတွက်ကျေးဇူးပဲ စာရေးကြီး' ဟု ဆိုလိုက်သည်။

'ဟုတ်ကဲ့၊ ကျွန်တော်တို့ကလဲ သူတို့ကိုယ်စား ကျေးဇူးတင်မယ် ဆိုယင် တင်နိုင်ပါတယ် ဗျာ' ဟု သူက ပြုံးချိစွာဆိုလေ၏။

၀ ၀ ၀

'မင်းနာမည်ပေါ့'

'ကျွန်မနာမည် အာသာဝတီ ကျော်'

'အပါး ... ကောင်းလိုက်တဲ့ နာမည်နှယ်၊ဟဲ-ဟဲ-ဟဲ' ဂါတ်စာရေးကြီးက ရယ်တော့သည်။

'ကျွန်မတို့ဘ၀မှာ နာမည် လှလှလေးတွေကိုသာ အကောင်းဆုံး ပိုင်ဆိုင်တာရှင့်' ဟု စာရေးကြီးရှေ့တွင် ထိုင်နေသော မိန်းကလေးက ခပ်ပိုင်ပိုင် ပြန်ပြောသည်။

'အလယ်....လယ်၊ မင်းစကားတကယ်'မိ' ပါလား' ဂါတ်စာရေးကြီးက တချက် စိုက်ကြည့်ယင်း ဆိုလိုက်သည်။

'ဒီမှာ မင်း နာမည် ရင်းကို ပြောစမ်းပါကွာ၊ ငါတို့မှတ်တမ်းမှာ မင်းရဲ့နာမည်ရင်းတွေကိုပဲလိုချင်တယ်'

'ဒါဖြင့် မေဘယ်လ်ဝင်း'

'ဟာ.... လုပ်ပြန်ပြီ၊ တောကလေးမ မင်းအဖေ နာမည်ကို အရင်ပြောစမ်း၊ ဘယ်သူလဲ'

'ဦးပြုံး'

'ဒါဖြင့် မင်းနာမည် အရင်းကရော'

'မကျေးပါလို့ ဆိုနေ' မိန်းကလေးက ခပ်တည်တည် ပြောချလိုက်၏။

'ဘုရားရေ၊ မင်းငါ့ကို ဘယ်တုံးက မကျေးလို့ ပြောလိုက်လို့လဲ ကလေးမရယ်' စာရေးကြီး၏ မျက်နှာမှာ ခေါက်တွန့်တွန့် ဖြစ်သွားရှာ၏။

'အဟိ - ဟိ—ဟက်—ဟက်ဟက်' မိန်းကလေးက ရယ်တော့၏။

'အဲဒီလို လုပ်စမ်းပါ၊ တော်တော်နောက်တဲ့ ဟာတွေပဲ၊ နေစမ်း မင်းမိဖတွေ ဘာလုပ်စားသလဲ၊အလုပ်အကိုင်ကို မေးတာ'

'မြောက်သူရှင့်၊ ကဲ'

'အင်း မင်းဘာဖြစ်လို့ ဒီဘ၀ကို ရောက်ရတာလဲ၊ ရုပ်ကလေးက လှရက်နဲ့ဟာ ပြောစမ်းပါအုံး'

မိန်းကလေးက ရုတ်တရက်



သူ့မျက်လုံးလှလှ မျက်ဝန်းနက်ကြီးများနှင့် ကန့်ကွက် နေသည်။ ဂါတ်စာရေးကြီးက သူ့မျက်လုံးဒိုင်းကြီးများကို ဂရုမစိုက်ပဲ ဆက်သည်။

'ပြောစမ်းပါအုံး'

'ကျွန်မ မပြောချင်ဘူး'

'မင်းမှာ အဲဒီ အခွင့်အရေး မရှိဘူး'

ထို့နောက် မိန်းကလေးက မပြောချင် ပြောချင်နှင့် သူ့ဘဝ သို့ ဖြစ်ကြောင်းကို ပြောပြရှာသည်။ ယခု နောက်ဆုံး အကြိမ် အဖမ်းခံရသည်အထိပင် ပြောပြသည်။

'နောက်တယောက်'

မိန်းကလေး တယောက် ဝင်လာသည်။

သူမမှာ စောစောက မိန်းကလေးထက် အသက် ငယ်မှန်း စာရေးကြီး သိလိုက်သည်။အလွန်ဆုံး (၁၈) နှစ်ပေါ့။ ရုပ်ရည်မှာ သာမန် မျှသာတည်း။ နှုတ်ခမ်းလေးတခုပဲ လှသည်။

နှုတ်ခမ်းပါးကလေး၊ ပန်းနုရောင် ပြေးခနေ၏။

'မင်းနာမည်'

'ကျွန်မ နာမည်လား ဝင်းခက်ခက်'

'ဟာ လာပြန်ပြီ'

'မသက်သက် ခေါ် မေဇွန် ခေါ် စိန်မြဝင်း ခေါ် အေးမြရှင့်'

'အမယ်လေး တခါတည်း အေးမြလို့ ပြောလိုက်ပါတော့ လားကွာ ငါနှယ်'

စာရေးကြီးက ဆေးပေါ့လိပ်ကြီးတလိပ်ကို မီးညှိပြီး တဖွာ ရှိုက်လိုက်ပြီး....

'မိဘတွေက'ဟု မေးလိုက်သည်။

'ကိုဘုမင်း၊ မအေးဆင်'

'သူတို့အလုပ်အကိုင်'

'ကျဘမ်းပဲရှင့်'

စာရေးကြီးက ဆေးပေါ့လိပ်ကို ရှိုက်ဖွာပြီး စားပွဲအစွန်းတွင် တင်ထားလိုက်သည်။ ထို့နောက်

'ကဲ မင်းဘယ်တုန်းက ဒီအလုပ် စလုပ်သလဲ မှန်မှန်နော်'

'စိတ်ချပါရှင့်' မိန်းကလေးက ဆက်ပြောသည်။

'မကြာသေးပါဘူး၊ အကုန်ပြောရမှာလား'

'ရှက်စရာတွေချန်ပြီး အကုန်ပြောကွာ၊ ခုနောက်ဆုံး အဖမ်းခံရသည်အထိ'



'ဟုတ်ကဲ့ပါရှင်'

'အေး ပြောတော့'

ထို့ နောက် တွင် သူမ သည်လည်း မကျေးကဲ့သို့ပင် ဆက်ပြောရှာသည်။

o o

'ကဲ–ကဲ၊ သူတို့ကို ခေါ်သွားပေတော့၊ အချုပ်ခန်းထဲကို'

တာဝန်ကျရဲသားက သူမတို့အား အမျိုးသမီး အချုပ်ခန်းသို့ ခေါ်သွားသည်။ သူတို့နေရသောအခန်းမှာအမျိုးသားအချုပ်သားများနှင့် မျက်နှာချင်းဆိုင်ဖြစ်၏။

အချုပ်ခန်းထဲသို့ ဝင်လိုက်ပြီးသည်နှင့် သူတို့ အနီးပတ်ဝန်းကျင်ကို စဘင် အကဲခတ်မိလိုက်ကြသည်။

သူတို့သည် အခြားတဘက်၏အချုပ်ခန်းထဲရှိ သူတို့ကို စတင်တွေ့မြင်ကြသေတော့၏။

o o

တွေ့စကတော့ ထုံးစံအတိုင်းသာမန်မျှသာ သူတို့ သတိထားမိကြသည်။

တရက် နှစ်ရက် လောက်၊ နောက် သုံး လေး ရက်လောက်ကြာတော့ အသိနှင့် သတိနှင့် သူတို့ချင်း ကြည့်မိကြသည်။နောက်တော့ တယောက်နှင့် တယောက် စိတ်ဝင်တစား ရှိလာကြသည်။

မကျေးက စတင် ပွင့်အန်လာသည်။ခေါင်း၊လောင်းစထိုးသည်။ မျက်နှာချင်းဆိုင် အချုပ်သားကို လှမ်းကြည့်ကာ မေးသည်၊

'ရှင်တို့ ဘာအမှုလဲ'

တဘက်ရှိ နှစ်ယောက်သားက ငြိမ်ခနေသည်။

'ဘာလဲ၊ တိတ် တိတ် နေထောင်တန်နေကြဘာလား၊ပြောစမ်းပါအုံး'

မကျေးတို့ သူတို့က တချက်ပြန်ကြည့်သည်၊

'ငါတို့မပြောချင်ဘူးဟာ' အရွယ်ကြီးကြီး အချုပ်သားက ပြန်ဖြေသည်။

'ဘာလဲ့ ဂုဏ်ယူစရာ မဟုတ်လို့မှတ်လား ဒီက ကျွန်မတို့လဲ အတူတူပါပဲရှင့်။ ပြောစမ်းပါအုံး၊ ဘာအမှုလဲ'

'အချောင်စားလိုမှုပဲ' အကြီးလူက ခပ်တည်တည် ပြောလိုက်၏။

'အလိုလေး ရှင်က အဘိဓမ္မာဆန်ဆန်၊ ကဲ လူလို ပြောစမ်းပါအုံးရှင့်'

'ဟုတ်သားပဲ ရှင့် ····ဟို၊ ဟို

**☆ စာမျက်နှာ ၁၂၀ မှ အဖြေ**

တရားခံ မဂျယ်နီသည် အပြစ်မရှိ။ ထို့ကြောင့် ၎င်းအား ကျင့်ထုံးဥပဒေပုဒ်မ-၂၅၀ အရ လွတ်သည်။

သက်သေခံလေသေနတ်ကို အယူခံရက်ကျော်လွန်က တရားခံအား ပြန်ပေးစေ....။

၀ ၀ ၀

လက်နက် ဥပဒေ ပုဒ်မ-၁၄ အရ ပြဋ္ဌာန်းချက်ကို ကျူးလွန်သူအား လက်နက်ဥပဒေပုဒ်မ ၁၉(စ)ဖြင့် အပြစ်ပေးရမည်ဖြစ်သည်။ လက်နက်ဥပဒေပုဒ်မ-၁၄ တွင် 'လက်နက်တစုံတရာကို လိုင်စင်မရှိပဲ မိမိလက်ဝယ် မထားရ။ သို့မဟုတ် လိုင်စင် မရှိပဲ မိမိ၏ စီမံခန့်ခွဲမှု အောက်တွင် မထားရ'ဟု ပြဋ္ဌာန်းထားပါသည်။

ယခုအမှုတွင် တရားခံ၏ ခင်ပွန်းဖြစ်သူ၏ နေအိမ်တွင် သက်သေခံ လက်နက်ကို တွေ့ရခြင်းဖြစ်သည်။ ထိုလက်နက်ကို ဇနီးဖြစ်သူ တရားခံ၏လက်ဝယ်၌ တွေ့ရသည်ဟု သုံးသပ်ခြင်းထက် ထိုလက်နက်သည် တရားခံ၏ ခင်ပွန်း၏ စီမံ ခန့်ခွဲမှုအောက်တွင် ထားရှိသည့် လက်နက်ဟု သုံးသပ်ခြင်းက တရားမျှတရာ ရောက်ပေလိမ့်မည် ဟု တရားစီရင်ရေးအဖွဲ့က သဘောတူရှိသည်။

ယောက် သူ...သူကကော'

အေးမြက ရှုတ်ချည်း စကား
ိုင်း ဝင်လာသည်။

'ညည်း ကလဲ အသာနေစမ်း
အေ ငါမှ သူ့ကိုမမေးရ သေး
မကျေးကစူသည်။

'မကျေးကလဲ ကဲ...ကဲ ရှင်ပဲ
မေး ရှင်ပဲမေး'

'သိပ်မေးမနေပါနဲ့ဗျာ ကျုပ်
က ဒမြမှု'

'ဒါဖြင့် လက်နက်မှုရော ပေါ့'
ကျေးက မျက်လုံး ဝိုင်းကြီးများ
သူ့ကိုစိုက်ကြည့်ပြီး.မေးလိုက်
၏။

'ဒါပေါ့ ဒါပေါ့'

'သူနဲ့အတူတူပဲလား ရှင့်ဟို
... သူနဲ့လေ' မအေးမြ က
ောင်ထိန်နှင့် အတူ တွဲနေသော
ိုင်ကို လှမ်း မေးငေါ့ကာ
ိုက်သည်။

'အကြီတူပါပဲဗျာ'

'အော်...အော်'

သည်လိုနှင့် သူတို့ချင်း တစစ
မ်း လာခဲ့ကြသည်။ အစက
သူတို့ချင်း မသိမသာ အကဲ
ယုံမျှသာ နောက်တော့ မျက်
ချင်း အချုပ် သံဇကာပေါက်
ကြားမှ ဆက်သွယ် မိကြ၏။

တဦးက တဦးကို ဟိုတဦးက ဟိုတဦးကို။

ထခါတရံ တော့လည်း မျက်လုံးချင်းစိုက်လို့၊ နောက်တော့ အသံများပင် စိုက်လို့၊ အချစ်၊ သိပ်ဆန်းကြယ်သည်။ အချစ်သိမ်သိမ်မွေ့ သည်။ ဟော— သည် အချစ် အုတ်တံတိုင်းများကို ဖြတ်စီးဝင်သွားလေပြီ။


၀

နေထိုင်စားသောက်၊အိပ်စက်ရာမှာ တခြားစီ။

တခန်းစီ။ တံတိုင်း များ သံဇကာများဖြင့်ခြားထားသည်။ အဲ တရားရုံးထုတ်သော(အမှုချိန်းဆိုသော) နေ့များမှာတော့ သူတို့ရဲ့ ကားပြာကြီး ပေါ်တွင် အတူတူ၊ သွားအတူ၊ လာအတူ၊ အပြန်မှာလည်းအတူတူ ။ တရားခွင်မှာမူ ထုံးစံအတိုင်းအမှုတွဲမို့ ခြားနားသည်။

သို့နှင့် အမှုရုံး ထုတ်တိုင်း အနီးကပ် ဆုံဆည်းခိုက်၊ တဦးက တဦးကို အနီးကပ် ချစ်ရေးဆိုခွင့် ပနံကြားခွင့်ရခဲ့ကြသည်။

သူတို့နှစ်ဦးတွဲမှာလည်း လိုက်ဖက်ကြပါပေသည်။ အထူးသဖြင့် မကျေးနှင့် မောင်ထိန်တို့ စုံတွဲမှာ



ပို၍ အတွဲအစပ်ညီသည်ဟု ဆိုနိုင်ကောင်းပါသည်။

'ရှင်က ကျွန်မကို တရားဝင်လက် ထပ် ယူ မယ် ဆို တာတကော့ ဟုတ်ပါ ပြီ။ ရွှေရေးအတွက် ဘာ ဝ အာမခံချက်ကဘာလဲ၊ ပြောအုံးလေ'

'အို... ဒီ အတွက် များ ဖြင့်ပူနေစမ်းပါနဲ့ ကွာ၊ ကျုပ်ကသေနတ်တလက်နဲ့ ဟဲ....ဟဲ....ဟဲ'

မကျေးက ရုတ်တရက် ဒေါသပုန်ထတော့၏။

'ရှင် ဟင် ရှင်ဘာပြောလိုက်တာလဲ ရှင် ပြောင်သလို လိုနဲ့အတည်ပြော'

မောင်ထိန်က သူ မှားသွားမှန်းသိ၏။ သူက လက်တဘက်ကိုကာပြီး

'မှတ်ရပါဘူးကွာ ဘုရားစူးစေဘိက မြသလွန်ဘုရားကြီးစူးစေရဲ့ တကယ် မိုးကြိုးပစ်၊ ငါကောင်း သော အလုပ်နဲ့ လုပ်ကျွေးပါ့မယ်ကွာ၊ ဘုရားမကြိုက်လူထုမကြိုက် အစိုးရ မကြိုက်တဲ့အလုပ်တွေကို ငါ ဘယ်တော့မှလုပ်ပါဘူးလို့'

'ရှင် ကတိ ပေးတယ် ပေါ့ဟုတ်လား'

'ဟုတ်တာပေါ့ကွာ'

'ဒါဆို ကျွန်မ လက်ခံတယ်၊ တခုကိုပိုင်ချင်ယင် အခြား တခုခုကို စွန့်လွှတ်ကြရမှာပဲ'

'ဒါနဲ့ မကျေးကကောကွယ်'

မောင် ထိန်က သူ့ စကား ကို မဆက်နိုင်ပဲရှိနေ၏။ သို့ပေမင့်

'ဟို—ဟို အလုပ်၊ အို—ပြောမထွက်ဘူးကွယ်'

'ပြော မထွက်ယင်လဲ ပြောမနေနဲ့ ရှင် ဒီစကားကို စပ်လာတာတောင် လွန်လွန်းလှပြီ'

'မကျေး တကယ်'

'နှစ်ကယ် ကဲရှင် တရားကယ်တော်'

'အား....ကျုပ်လောက် ဘယ်သူဝမ်းသာ နိုင်အုံးမလဲ'

o o

နောက် တတွဲကတော့ သိကြသည့် အတိုင်း ငယ် ကြ သေးသည်။

လူငယ်ချင်းပေမင့် အေးမြကဦးဆောင်သွားနိုင်လောက်သည်။

'ကျွန်မ တော့ ရှင် နဲ့ ရယင်ပျော် မှာ ပဲ၊ ရှင်က သဘောကောင်းပုံပဲ'ဟု အေးမြက ဆိုလိုက်သည်။

'ဟဲ…ဟဲ… ဟဲ' စောပိုင်က ရယ်လေ၏။

'ဘာရယ်တာလဲ မှတ်ဖူးလား ပြောလေ'

'ဟုတ်ပါရဲ့'

'ဘာဟုတ်ပါရဲ့လဲ ဟုတ်ယင် ဟုတ်တယ်လို့ တခွန်းတည်းပြော လိုက်ပါလား'

'ဟုတ် ကဲ့ ဟုတ် ပါ တယ်၊ ဒါပေမယ့် ဒမြဆိုတာ အိမ်က ထွက်ကတည်းက တကယ် စိတ် မဆိုးပဲနဲ့ စိတ်ဆိုးပြီး ထွက်လာရ တာမို့ တခါတလေ ဟန်ဆောင် လိမ့်မယ်ထင်တယ်ဟ'

'ဒါဖြင့် ရှင် အခုဟန်ဆောင် နေတယ်ပေါ့ ဟုတ်လား ပြော၊ ဒါ ရှပ်ရှင်ရိုက်နေတာ မှတ်ဘူး'

'ဟဲ…ဟဲ…ဟဲ… ဟား…ဟား ဟား'

'အမယ် မယ် ဗိုလ်အောင်ဒင် လို ရယ်နေပြန်ပါပြီ'

'တ က ယ် ပါ ဗျာ ငါ ဟန် ဆောင်နေတာမှတ်ပါဘူးဟ မှတ် ရပါဘူး'

အေးမြက ကျေနပ်သွားသည်။

'ဒီလိုတော့လဲ ရှင်က ပြာပြာ သလဲပါပဲလား'

'အေးမြ ကို့ကိုတကယ်နော်'

'ချစ်ပါသတဲ့တော်'အေးမြ… သူ့ နှုတ်ခမ်းပါးလေး အကြား… တီးတိုးဆိုလိုက်သည်။

'အလုပ်သဘောနဲ့ ပြောတာ… တော့ ဟုတ်ပါဖူးနော်'

'ထွ ရှင်မယုံဘူးလား'

'ဘယ်လိုမှ အောင်း မမေ့… နဲ့ ယုံမရဘူးဖြစ်နေတယ်'

'ဒါဆိုလဲ ရှင့်သဘောပဲ၊ ရှ… ထိုက်နဲ့ ရှင့်ကံပဲ'

'အာ အဲဒီ လို တော့ မလ… လိုက်ပါနဲ့'

'ဒါဖြင့် ကျွန်မ နောက်ထွမ်းယ… ပြန့်အုံးမှာလား'

'ကဲပါဗျာ၊ ဒါဆိုယုံပါပြီ'

အေးမြက သူမ နှုတ်ခမ်း… လေးကို တချက် တွန့်ပစ် လို… သည်။

'ဟွန်း… ရှင် နောက် တော… တရားခံ ပိုပို ထွက် ပေါက် ရှာ… တော့ စိတ်မကူးနဲ့နော် ဒါပဲ'

'အို…တို့ထောင်က လွတ်ယ… သာ အမြန်ဆုံး အတူတူ ရာသ… ပန် နေကြတာပေါ့ရှင်ရယ်'

o o

အထက်ပါ ဖြစ်ရပ် နှင့် ပတ်… သက်၍ ကြေး မုံ သ တင်း စာ … ဤသို့ဆိုပါသည်။

**အ ချုပ် တရား ခံ**
**တရားခံ မများ**
**လက် ထပ် ခြင်း**

**မကွေး၊ ဒီဇင်ဘာ—၈။**

မကွေးမြို့နယ် ပြည်သူ့ တရား သူကြီးအဖွဲ့ရုံး နာယက ဦးကျော် လှ၊ အဖွဲ့ဝင် ဦးကြီးရှိန်၊ ဦးထွန်း ကြည် တို့ ပါဝင် သော အဖွဲ့က အချုပ်တရားခံ နှစ်ဦးနှင့် အချုပ် တရားခံ မ ၂ ဦး စုံတွဲ နှစ်တွဲကို လက်ထပ်ပေးလိုက်၏။


ရေနံချောင်းမြို့နယ်၊ ဖန် ခါး စမ်းရွာသား မောင်ထိန် (၃၀) နှစ်သည် မကွေးမြို့နယ် ယင်းမ တောရွာအနီး ခရီးသည်ကားဒမြ တိုက်မှု ဖြင့် ပုဒ်မ- ၃၉၅၊ အရ မကွေးအမှတ် (၁)ရဲစခန်းအချုပ် တွင် အချုပ်ကျနေ၏။ အလားတူ ပင် မကွေးမြို့နယ်၊ကန်သာကြီးရွာ သား မောင်စောပိုင် (၂၅) နှစ် သည်လည်း အဆိုပါ ဒမြမှုနှင့်ပင် အချုပ်ကျနေ၏။

ယင်း အမှတ် (၁) ရဲစခန်း ချုပ်ခန်းတွင်လည်း တောင်တွင်း ကြီးမြို့၊… … … ရပ်မှ မအေးမြင့် (၁၈)နှစ်နှစ် မကွေးမြို့နယ်၊… … ကျွေးရွာမှ မကျေး(၂၄) နှစ်တို့ သည် ပြည်တန်ဆာပုဒ်မ(၇)(၁) (က)ဖြင့်အချုပ်ကျနေကြ၏။

ထို အချုပ်သူ အချုပ်သားတို့ သည် နံရံခြား၊ အုတ်တံတိုင်း များ အကြားမှ တဦးနှင့် တဦး ချစ် ကြိုက် ရည်ငံကြပြီး ဒီဇင်ဘာလ (၆)ရက်နေ့က ၎င်းတို့ အမှုရုံး ထုတ် အမှုစစ်မည့် တရားသူကြီး များထံ လက်ထပ်ခွင့် တောင်းကြ ၍ တရားသူကြီး များက အပျို လူပျို လွတ်လပ်သူများ ဖြစ်သော ကြောင့် တရားခွင်၌ပင် လက်ထုပ် တန်းလန်းနှင့် လက်ထပ်ပေးလိုက် ကြ၏။ (၂၃၄)

(၁၉၇၅ ခု ဒီဇင်ဘာ လ (၁၆) ရက်နေ့ ထုတ် ကြေးမုံ သတင်းစာပါ ဖြစ်ရပ်မှန်သတင်း။ အမည်များကို ပြောင်းလဲထားပါ သည်။ စာရေးသူ)

မုံရွာ တင်ထွန်း




မျှာပုံစီး

**တပက်သား၏ မတရား ကျူးကျော် စော်ကားမှုများအတွက် နိုင်ငံတော် အစိုးရသည် နေရာတိုင်း ရဲအဖွဲ့၊ လုံခြုံရေးအဖွဲ့များကို ထားမပေးနိုင်သဖြင့် မိမိကိုယ်ကိုခုခံကာကွယ်ပိုင်ခွင့်ဟူသည့် ဥပဒေကို ပြဋ္ဌာန်းပေးခဲ့သည်။**

**ယခုဆောင်းပါးတွင် ခုခံပိုင်ခွင့် ဥပဒေကို ပြည့်ပြည့်စုံစုံ တင်ပြထားပါသည်။**

★

**ဥပဒေရေးရာ ဆောင်းပါး**

သက်ရှိသတ္တဝါများ၌ လူကိုမဆိုထားနှင့် တိရစ္ဆာန်ဖြစ်သော ခွေးတကောင်ကိုပင် အခန်းထဲတွင်ပိတ်ပြီး ကန်ကျောက်ပါက မာန်ဖီကာ ပြန်၍ကိုက်တတ်လေရာ လူတို့တွင် ဘေးအန္တရာယ် တစုံတခု ကျရောက်ရန်ဖြစ်ပေါ်လာပါက မိမိ၏ အသက်ဘေး၊ ထိခိုက်နာကျင်စေမှုဘေးမှ ခုခံကာကွယ်မည်မှာ မုချဖြစ်သည်။ လူတဦးက လူတဦးအား မတရားစော်ကားခြင်း၊ ရန်ပြုခြင်း၊ ကျူးကျော်စော်ကားခြင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာသို့ ကာကွယ်မှုပေးပါရန်၊ အစောင့်အရှောက်ပြုပါရန် တိုင်တန်းနိုင်သည့် အခွင့်အရေးများ အချိန်မီရရှိပါမှ ဦးစွာတိုင်တန်းရမည်ဖြစ်ပါသည်။

ထိုသို့ တိုင်တန်းရန် အချိန်ရရှိပါလျက် အခွင့်အရေး ရရှိပါလျက်နှင့် တိုင်တန်းခြင်းမပြုပါက ကာကွယ်ခုခံပိုင်ခွင့်မရှိချေ။ သို့ရာတွင် မတရား ကျူးကျော်လာပါက ပစ္စည်းလက်ရှိ ဖြစ်သူသည် ပစ္စည်းကို

လက်လွှတ်ထားခဲ့ပြီးမှ သက်ဆိုင်ရာသို့ သွားရောက်တိုင်တန်းရမည်ဟု မဆိုလိုပါ။ တိုင်ကြားရန် အချိန်မရှိလျှင် သွားရောက်တိုင်ရန် အခွင့် အရေး မရနိုင်လျှင် ကာကွယ် ခုခံပိုင်ခွင့်ကို တိုက်ရိုက် အသုံးပြုနိုင် ပေသည်။

မိမိကိုယ်ကို ဘေးအန္တရာယ် ကျရောက်တော့မည်ဟု စိုးရိမ် ဖွယ်ရာ အကြောင်းရှိလာသည်နှင့် တပြိုင်နက် ကာကွယ် ပိုင်ခွင့်ကို အသုံးပြုခွင့်ရမည် ဖြစ်သည်။ မိမိကိုယ်ကို ကျရောက်လာမည့် ဘေး ကာကွယ်ရာတွင် ကိုယ်ထိလက်ရောက် အစော်ကားခံရသည့်အချိန်ထိ စောင့်ဆိုင်းနေရန် မလိုပါ။ သို့ရာတွင် စော်ကားလိမ့်မည် အထင်နှင့် ကြိုတင်၍ ကာကွယ်ခုခံပိုင်ခွင့်ကိုလည်း အသုံးမပြုနိုင်ပါ။ထိုကဲ့သို့သာ အသုံးပြုနိုင်ပါက 'ကျုပ်ကို စော်ကားမယ်ထင်တာနဲ့ ကိုယ်ကအရင် ဆော်လိုက်တာပဲ' ဟူသော ဖြစ်ရပ် အတော် များများ ပေါ်လာ နိုင်သည်။

ထို့ကြောင့် ကာကွယ်ခုခံပိုင်ခွင့်သည် လိုအပ်သည်ထက်ပို၍ အသုံးပြုခွင့်မရှိကြောင်း သိထားရန် ဖြစ်သည်။ အထူးသဖြင့် သတိ ပြုပြီး စဉ်းစားရမည့်အချက် ဖြစ်သေသည်။

ကာကွယ်ခုခံပိုင်ခွင့်ကို မည်မျှ မည်မျှ အသုံးပြုရမည်ဆိုသော ကိစ္စတွင် စော်ကားခြင်းခံရသူသည် သာမန်ဖြင့် ဘေးမှနေပြီး ပွဲကြည့် သူတဦးပမာ ခေါင်းအေးအေးထားပြီး စဉ်းစားနိုင်သည့် အခြေအနေ မျိုးတွင် မရှိသည် ဆိုသည့်အချက်ကို သတိချပ်ရပါသည်၊ ကာကွယ် ခုခံပိုင်ခွင့်ကို အကြောင်း ပြုပြီးတော့ လက်စား ချေသည့် သဘော ပေါက်ရောက်သည့် ပြုလုပ်မှုမျိုးကိုလည်း မပြုနိုင်ပေ။

ကာကွယ်ခုခံပိုင်ခွင့်သည် ကာကွယ်ခုခံပိုင်ခွင့်အတွင်း ပြုလုပ် သည့်ကိစ္စ၊ ကြိုးနိုင်ငယ်ညှဉ်း သဘောသက်ရောက်သည့် မတရား နှိပ် စက်ခြင်း၊ ကျူးကျော်ခြင်းတို့ကို တားဆီးရန် အတွက် ဥပဒေက ကာကွယ်ခုခံပိုင်ခွင့်ကို ပေးထားခြင်းဖြစ်သည်။ မတရားနှိပ်စက်ခြင်း၊ မတရာ ကျူးကျော်ခြင်း ပြုမူဆောင်ရွက်သော ကိစ္စများကို တားဆီး ပေး၍ နိုင်ငံတော်အစိုးရသည် နေရာတိုင်း နေရာတိုင်း၌ ရဲအဖွဲ့၊ ထို



ခြံရေးအဖွဲ့များကို ထားပေးနိုင်မည်မဟုတ်သဖြင့် သွားယင်း လာယင်း စားယင်း သောက်ယင်း မိမိကိုယ်သာ မိမိ ကိုးကွယ် ရာ ဖြစ် သည် ဆိုသော စကားအတိုင်း ပြုလုပ်ဆောင်ရွက်နိုင်ရန်နှင့် လွတ်လပ်သည့် နိုင်ငံသားပီပီ သတ္တိရှိစွာဖြင့် မတရားနှိပ်စက်မှုများ၊မတရားကျူးကျော် မှုများကို တုန့်ပြန် ကာကွယ်နိုင်ရန်သာ ရည်ရွယ်ချက်ဖြင့် ဥပဒေက ခွင့်ပြုပေသည်။

ထိုဥပဒေက ခွင့်ပြုသည့် ကာကွယ်ခုခံပိုင်ခွင့်သည် မိမိ၏ကိုယ် ကိုသာမက ပစ္စည်းကိုပါ ကာကွယ်ခုခံနိုင်သည့် အခွင့်အရေးရှိသည်။ လူတဦးအနေဖြင့် မိမိကိုယ်သာမက မိမိ ဆွေမျိုး၊ မိမိ အသိမိတ်ဆွေ များအပြင် တစိမ်းတရံစာ၏ကိုယ်ကိုလည်း ကာကွယ်ခုခံပိုင်ခွင့် ရှိပေ သည်။အလားတူပင် ပစ္စည်းကာကွယ်ခုခံပိုင်ခွင့်တွင်လည်းမိမိ၏ပစ္စည်း သာမက သူတပါး၏ ပစ္စည်းကို ကျူးကျော်လာလျှင် ကျူးကျော် သူအား ကာကွယ်ခုခံပိုင်ခွင့်ရှိပေသည်။ အောက်ပါအချက်များသည် မိမိကိုယ်ကို ဖြစ်စေ၊ သူတပါးကို ဖြစ်စေ ကာကွယ်ခုခံပိုင်ခွင့်၌ လူကို သေစေသည်ထိ ကာကွယ်ခုခံပိုင်ခွင့်ရှိကြောင်း ဆိုထားပါသည်။

(၁) မကာကွယ်မခုခံလျှင် သေစေမည်ဟု စိုးရိမ်ဖွယ် ဖြစ် အောင် အကြောင်းရှိသည့် လက်ရောက်မှု ကျူးလွန် ခြင်း။

(၂) မကာကွယ်မခုခံလျှင်အပြင်းအထန်နာကျင်စေမည်ဟု စိုးရိမ်ဖွယ် အကြောင်းရှိသည့် လက်ရောက်မှု ကျူး လွန်ခြင်း။

(၃) မုဒိမ်းကျင့်ရန်အကြံဖြင့် လက်ရောက် ကျူးလွန်ခြင်း။

(၄) ကာမရာဂစိတ်ကို မမှတ်နှင့်ဆန့်ကျင်၍ ရောင့်ရဲရန် အကြံဖြင့် ပြုသည့် လက်ရောက်ကျူးလွန်ခြင်း။

(၅) လူကို ခိုးရန် (သို့မဟုတ်) သွေးဆောင်ခေါ်ငင်ရန် အကြံဖြင့် ပြုသည့် လက်ရောက်မှုကျူးလွန်ခြင်း။

(၆) သက်ဆိုင်ရာ အာဏာပိုင်ထံသို့ လွတ် မြောက်
အတွက် တိုင်တန်းခွင့်မရအောင် မတရား ချုပ်နှော
ထားရန်အကြံနှင့်ပြုသည့်လက်ရောက်မှုကျူးလွန်ခြ

သေစေသည်အထိ ခုခံကာကွယ်ရန် တရားခံသည် အခ
ဖြစ်ပွားရသည့် ကိစ္စတွင် အပြစ်ကင်းရန်လိုသည်။ထို့ပြင် အထ
ကိစ္စရပ်တခုခုဖြစ်ပေါ်နေပြီး ကာကွယ်ခုခံခြင်းမပြုက မဖြစ်ဘော့သ
အခြေအနေဆိုက်ရောက်နေရမည်။ ထို့ပြင် သေစေသည်အထိ ပြ
လိုအပ်သည့် အခြေအနေလည်း ဖြစ်ရမည်။ လူကို သေစေသည်
ကာကွယ်ခုခံပိုင်ခွင့်ကို ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ- ၁၀၀ တွင် ပြဋ္ဌာ
ထားပါသည်။

အထက်ဖော်ပြပါပြစ်မှုများမှအပ အခြားပြစ်မှုတခုခုကို ကျ
လွန်ခံရသူသည် အန္တရာယ်ပြုသူအား သေစေခြင်းမှတပါး လူကိုယ
ကာကွယ်ခုခံပိုင်ခွင့်ရှိသည်။ ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ- ၁၀၁ တွ
ပြဋ္ဌာန်းထားသည့် ကင်းလွတ်ခွင့်ဖြစ်သည်။

လူ၏ကိုယ်နှင့်ပတ်သက်၍ ကာကွယ်ခုခံပိုင်ခွင့်သည် လူ
ကိုယ်ကို ဘေးအန္တရာယ်ဖြစ်စေရန် ခြိမ်းခြောက်ခံရသည်နှင့်တပြိုင်
ရရှိလာသည်။ သို့ရာတွင် ဘေးအန္တရာယ်ပေါ်စေလိမ့်မည်ဟု 
ရှိသော စိုးရိမ်ဖွယ်အကြောင်းရှိရန် လိုပါသည်။ စိတ်ကူးယဉ်စိုး
ခြင်းမျိုး မဖြစ်စေရပေ။ ထိုအခွင့်အရေးသည် ဘေးအန္တရာယ် 
ပေါ်စေလိမ့်မည်ဟု စိုးရိမ်စရာအကြောင်းရှိနေသရွေ့တည်ရှိနေသ

ပစ္စည်းနှင့်ပတ်သက်၍လည်း အောက်ပါပြစ်မှုတခုခုကို 
လွန်လျှင် သေစေသည်အထိ ခုခံကာကွယ်ခွင့်ရှိကြောင်း ဖော်ပြ
လေသည်။

(၁) လုယက်မှုကျူးလွန်ခြင်း။
(၂) ညဥ့်အခါ အိမ်ဖောက်ထွင်းမှု ကျူးလွန်ခြင်း။
(၃) တဲ၊ အိမ်၊ အဆောက်အဦ၊ ရေယာဉ်တွင် မီး
အကျိုးဖျက်ဆီးမှု ကျူးလွန်ခြင်း။



(၄) ကာကွယ်ခုခံခြင်းမရှိက သေဘေး သို့မဟုတ် အပြင်း
အထန် နာကျင်မှုဖြစ်စေမည်ဟု စိုးရိမ်ရန်အကြောင်း
ရှိသော ခိုးမှု၊ အကျိုးဖျက်ဆီးမှု၊ သို့မဟုတ် အိမ်
ကျော်နင်းမှု ကျူးလွန်ခြင်း။


ယင်းကင်းလွတ်ခွင့်ကို ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ -၁၀၃ တွင် ပြဋ္ဌာန်းထားပါသည်။ သာမန်ခိုးမှု-အကျိုးဖျက်ဆီးမှု၊ ရာဇဝတ်မကင်းသော ကျော်နင်းမှုတခုခုကို ကျူးလွန်လျှင် သို့မဟုတ် ကျူးလွန်ရန်အားထုတ်လျှင် သေခြင်းမှအပ အခြားဘေးအန္တရာယ်ကို ပြုနိုင်သည်။ ကာကွယ်ခုခံပိုင်ခွင့် ရှိသည်။

ပစ္စည်းနှင့်ပတ်သက်၍ ကာကွယ်ခုခံပိုင်ခွင့်သည် ပစ္စည်းကို ဘေးအန္တရာယ်ဖြစ်စေမည့် စိုးရိမ်ဖွယ်အကြောင်း ဖြစ်ပေါ်လာသည့်အချိန်မှစ၍ ရရှိသည်။ ထိုအခွင့်အရေး တည်ရှိသော ကာလမှ ပြစ်မှုကိုလိုက်၍ တခုနှင့်တခုတူညီခြင်း မရှိပါ။

**ခိုးမှုတွင်** (၁) သူခိုးအား ပစ္စည်းနှင့်အတူ လွတ်မြောက်သွားသည်
အထိ (သို့မဟုတ်)
(၂) ပြည်သူ့ဝန်ထမ်းအာဏာပိုင် အကူအညီကို ရသည်
အထိ (သို့မဟုတ်)
(၃) ပစ္စည်းကိုပြန်ရသည်အထိ ကာ ကွယ် ခုခံ ပိုင် ခွင့်
တည်ရှိပါသည်။

**လုယက်မှုတွင်** (၁) လုယက်မှုသည် အကြမ်းဖက်သည့် ခိုးမှုဖြစ်၍
အကြမ်းဖက်မှုရပ်စဲသည်အထိ (သို့မဟုတ်)
(၂) အကြမ်းဖက်မှု မရှိစေကာမူ တမဟုတ်ခြင်း သေ
စေမည့်၊ နာကျင်စေမည့် ချုပ်နှောင်ခြင်းခံရမည်ဟု
ကြောက်ရွံ့စိုးရိမ်ရမည့်အခြေအနေရှိသည်အထိကာ
ကွယ်ခုခံပိုင်ခွင့်ရှိသည်။

အကျိုးဖျက်ဆီးမှု—ရာဇဝတ်မကင်းသော ကျော်နင်းမှု—ညဥ့်အခါ အိမ်ဖောက်ထွင်းမှုများတွင် ပြစ်မှုကိုစတင်ကျူးလွန်သည့်အချိန်မှ ဆက်လက်ကျူးလွန်နေသရွေ့ ကာကွယ်ခုခံပိုင်ခွင့်ရှိတည်သည်။



သေစေမည်ဟု စိုးရိမ်ဖွယ်ရာအကြောင်းရှိသော လက်ရောက်ကျူးလွန်ခြင်းကို ကာကွယ်ခုခံရာ၌ အခြားနည်းလမ်းမရှိလျှင် အပြစ်ရှိသူတဦးအား ဘေးအန္တရာယ်ဖြစ်စေသည်ထိ ကာကွယ်ခုခံပိုင်ခွင့်ရှိသည်။ ဥပမာ—မောင်မဲသည် လူတစုက သတ်ရန်အားထုတ်ခြင်းခံနေရရာ ထိုလူစုကို သေနတ်နှင့်မပစ်ခတ်ပဲ မလွတ်နိုင်သည့်အခြေဆိုက်နေသည်။ ထိုလူစုထဲမှာလည်း ကလေးတယောက်ရောနှောပါဝင်နေသည်။ ယင်းအခြေအနေတွင် တရားခံသည် သေနတ်ဖြင့် ပစ်ခတ်သဖြင့် ကလေးကို ထိမှန်စေကာမူ ပြစ်မှုမမြောက်ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ—၁၀၆ အရ ကင်းလွတ်ခွင့်ရသည်၊

လူကိုဖြစ်စေ ပစ္စည်းကိုဖြစ်စေ တစုံတယောက်က ရန်မူလျှင် ရန်ပြုသော်လည်း ရန်ပြေးခြင်းမပြုပဲ ရန်မမူနိုင်သည်အထိ ခုခံပိုင်ခွင့်ရှိသည်၊ သို့ရာတွင် ထိုသည်ထက်ပို၍ ကလဲ့စားချေသည့်သဘော သက်ရောက်စေသော မပြုလုပ်နိုင်ပါ။ လက်သီးနှင့်ထိုးသူကို ဓားနှင့်ပြန်၍ ခုတ်ခြင်းသည် ကာကွယ်ခုခံပိုင်ခွင့်အတွင်း ကျရောက်သည်ဟု မဆိုနိုင်ပါ၊ ကာကွယ်ခုခံပိုင်ခွင့်သည် မိမိကိုယ်တိုင်က ရန်မူသူဖြစ်လျှင်လည်းကောင်း၊ စတင်စော်ကားသူဖြစ်လျှင်လည်းကောင်း အသုံးချခွင့်မရှိ။ ထို့ပြင် နှစ်ဦးသဘောတူ စိမ်ခေါ်ပြီး သတ်ပုတ်သည့်ကိစ္စများ၌ နှစ်ဦးစလုံးတွင် ကာကွယ်ခုခံပိုင်ခွင့်မရှိ။ တဘက်ကရန်မူလာသဖြင့် မလွှဲမရှောင်သာပဲ ပြန်လုပ်ရသည့် ကိစ္စမျိုးတွင်သာ ကာကွယ်ခုခံပိုင်ခွင့် ရှိပေသည်။

တဘက်မှ ရန်ပြုလာသော ရန်သူသည် စိတ်ဓာတ်အားဖြင့် ချို့ယွင်းနေသူဖြစ်စေကာမူ ကာကွယ်ခုခံပိုင်ခွင့်ရှိသည်။

အတိုချုပ်ဘင်ပြရသော် ကာကွယ် ခုခံပိုင်ခွင့် ဆိုသည်မှာ အတိုင်းအတာမရှိသော အခွင့်အရေးတရပ် မဟုတ်ပေ။ ထို့ကြောင့် မိမိကိုယ်ကိုခုခံကာကွယ်ပိုင်ခွင့်ကို အသုံးပြုရာတွင် လိုအပ်သည်ထက်ပို၍အသုံးမပြုနိုင်ကြောင်း သတိချပ်ဖို့လိုအပ်လှပေသည်။

➡ဖျာပုံစိုး



ရဲစခန်း၊ တရားရုံး၊ ဆေးရုံများသို့နေ့စဉ် ရောက်ရှိလာသော အမှုအခင်းများတွင် မဖြစ်သင့်ပဲ ဖြစ်ခဲ့ရသည့် မှုခင်းများ မည်သည့်အတိုင်းအတာအထိ ပါဝင်နေသည်ကို သိပါသလား။

ကျွန်တော်သည် ‘မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့် ရာဇဝတ်မှုများ ပပျောက်လျော့နည်းရေးဟူသည့် ဦးတည်ချက်ဖြင့် မှုခင်း စာအုပ်များကို စီစဉ်ထုတ်ဝေလျက် ရှိရာမှ ရံဖန် ရံခါ၊ မှုခင်း ဝတ္ထုဆောင်းပါးများနှင့် မှုခင်းရှည်လုံးချင်းဝတ္ထုများကိုလည်း ရေးသား’ ခဲ့ပါသည်။

ဤကဲ့သို့ စာ ဖတ် သူ အား အကျိုးပြုနိုင်မည့် မှုခင်း ဝတ္ထုရေးသားနိုင်ရေးအတွက် ကြိုးတိုက်၊ ထောင်၊ အချုပ်ခန်း၊ တရားရုံး၊ ရဲဘက်စခန်း များသို့ ကွင်းဆင်း လေ့လာခဲ့ရ ပါသည်၊ မှုခင်း၏

# မဖြစ်သင့်သောမှုခင်းများ

## နီလေးမောင်



ဇာတ်ကောင်များ နှင့်လည်း တွေ့ဆုံဆွေးနွေး လေ့လာရပါသည်။

မှုခင်း စီ စဉ်မှု တာဝန်များကြောင့် ဝတ္ထု များကို အဆက်မပြတ် ရေးသား ထုတ် ဝေ ခြင်း မပြုနိုင်လင့်ကစား စုဆောင်းလေ့လာထားခဲ့လည်း။ 'မှုခင်းမှတ်စု' များကတော့ ကျွန်တော့ ထံတွင် ရုံပုံလျက် ရှိနေပါသည်။

တနေ့....

မှုခင်း မှတ်စုများကို ပြန်လည်ဖတ်ရှုမိရာမှ အချက် တချက်ကို အမှတ် မထင် သ တိ ပြု မိလိုက်သည်။

မဖြစ်ပွားသင့်သော မှုခင်းများ

လောဘ ဒေါသမောဟတရားသည် မှုခင်းတခု စတင် ဖြစ်ပွားရေးကို ဦးဆောင် စေစားမြဲဖြစ်ပါသည်။

ယေဘုယျအားဖြင့် မြန်မာနိုင်ငံတွင် ဖြစ်ပွားသော ရာဇဝတ်မှုများကိုလေ့လာကြည့်လျှင် လောဘ ဒေါသ မောဟ တရားတို့နှင့် တနည်းနည်းဖြင့် ဆက်နွယ်လျက်ရှိသည်ကို တွေ့ရမည်ဖြစ်ပါမည်။

သို့သော်....

ရေရာသော အကြောင်းရင်းခံ မရှိပါပဲလျက်၊ ထိတ်လန့်တုန်[illegible] စရာ၊ ဝမ်းနည်းကြေကွဲစရာ[illegible] သ ဖြစ်စရာ၊ သတိ သံဝေဂ [illegible] စရာကောင်းသည့် ဖြစ်ရပ်များ[illegible] ကျွန်တော်၏ မှုခင်းမှတ်စုများ[illegible] အမှတ် မထင် သတိ ပြု လို[illegible] သည်။

ဤသို့ဖြင့် မဖြစ်ပွားသင့်ပဲ [illegible] ပွားခဲ့ရသည့် မှုခင်း ဖြစ်စဉ်မျာ[illegible] ရေးသားတင်ပြရပါလျှင် စာ[illegible] သူများအတွက် တနည်း တ[illegible] အကျိုး ပွား များဖွယ် ဖြစ်မည်[illegible] ယုံကြည်မိပါသောကြောင့်....

ဝ ဝ

**လေးလောင်းပြိုင်သေပွဲ**

တံခွန်တိုင် ရွာ သားများ [illegible] သည့် မာတာလာကွန်း(၂၁) [illegible] မှုဒူကင်း (၁၇) နှစ်၊ ကျွန်[illegible] (၂၅) နှစ် နှင့် ဝင်းမြင့် (၁[illegible] နှစ်တို့သည် တည ငါးရှာရန် [illegible] ထွက်ခဲ့သည်။ ၎င်းတို့ ငါးရှာသ[illegible] နေရာက မုဒုံမြို့၏ တောင်[illegible] မော်လမြိုင်ရေး-ရထားလမ်း[illegible] ရှိ ရေကန်တွင်ဖြစ်သည်။

ငါး အတော် အသင့် ရ[illegible] အခါ ငါးဖမ်းပစ္စည်းများကို[illegible] ဆီး၍ လေးဦးသား ပြန်လာ [illegible] သည်။

'ခဏလောက် နားရအောင်ကွာ'

အမှောင်ထဲတွင် လျှောက်လာယင်းက တ-ယောက် ပြောသည်။ သည်တော့ ပါလာသော ပစ္စည်းများကို ချ၍နားကြသည်။ တုံးလုံးပက်လက် လှဲကြသည်။ ငါး ဖမ်းယင်း ပင်ပမ်းလာသည်မို့ လေးယောက် လုံး အိပ် ပျော် သွားသည်၊

သူတို့ နားသည့်နေရာက မီးရထားလမ်းပေါ် ခေါင်းအုံး အိပ်သည်က သံလမ်း။

စဉ်းစားသာ ကြည့်ပါတော့....

ထိုနေ့ညက ရေးမှ မော်လမြိုင်သို့ ရှေ့ဆင့် နောက်ဆင့်ထွက်လာသော အမှတ်(၉၄)လူစီးရထားနှင့် လမ်းပြင်ရထား၊နောက် ရှေ့ပြေး တိုက်ကင်းရထား။

ဘယ်ရထား ကြိတ်သွားသည်သိလိုက်ရ သော်လည်း ရထားလမ်းကို ပန်းမွေ့ရာ ထင်လေသူလေးဦး အဖြစ်ကတော့ မမြင်ဝံ့၊ [illegible]ဝံ့စရာ....။

ဆင်ခြင် စဉ်းစားမှု နည်းပါးသသူတို့အတွက် သေခြင်းတရားသည် လက်တကမ်း အကွာတွင် နေပုံကို ဆင်ခြင်စရာ ဖြစ်ရပ်ပဲဖြစ်ပါသည်။ အလားတူ ဖြစ်ရပ် တခုကိုကြည့်ပါဦး။

ဝ ဝ ဝ

**ယားနာမပျောက်**

**သေရွာရောက်**

ဦးကျော်မရ စိတ် ပျက်နေသည်။

သူတို့မိသားစုမှာ လွန်ခဲ့သော တလခန့်က စ၍ ကိုယ်ပေါ်တွင် ယားနာများပေါက်ခဲ့သည်။ဆေးမီးတိုလဲ ပုံပြီ။ လူပြော သူပြောများသည့် ဆေး များ ကို လည်း သုံးသည်။ ယားနာက မသက်သာ။

တနေ့. ဦးကျော်မရ စစ်တွေ ဈေးထဲလျှောက်ယင်း သူ့ စိတ်ကူးနှင့် သူ ဆေးတပုလင်း ဝယ်လာသည်။ အိမ် ရောက်တော့ သူ့ကိုယ်မှ ယား နာ များ ကို လိမ်းသည်။ နောက်ပြီး အသက်(၁၈) နှစ်ရှိ သားကြီး မောင်ဦးထွန်းနှင့် သားငယ် မောင်ကျော်ထွန်း ကိုလည်း လိမ်းပေးသည်။

ဦးကျော်မရ ဝယ်လာသည့် ဆေးက ကြွမ်းပိုးသတ်ဆေးပါတဲ့။

သည်တော့ သားအဖသုံးဦး စလုံး သွေး အန် ကာ ဆေး ရုံ ရောက်သည်။ ဆေးရုံတွင် သား

ငယ် ပထမ သေသည်။ ဒုတိယ ဦးကျော်မရ သေသည်။သားကြီး ကတော့ သတိ မ ရ တ ချက်၊ ရတချက်ဖြင့်....။

သည်လိုကြေကွဲစရာ ဖြစ်ရပ်၏ တရားခံသည် ဘယ်သူပါနည်း။

၀ ၀ ၀

**လောင်းကစားမက်**

**သေချက်ကယ်နာ**

'ဘုလားသုံးကောင်ကွ'

'လက်ကြီး ခင်ဗျ'

'ဘောက် - 'ဘူ' တဲ့ကွာ စားတော့'

သည်အသံတွေ ကြား ရုံ ဖြင့် ကိုးမီးဖဲဝိုင်းတခုဖြစ်ကြောင်း စာဖတ်သူ ခန့် မှန်း နိုင် လောက် ပါ သည်။သို့သော် ဘယ်လိုနေရာမှာ မူဝိုင်း ဖြစ်နေသည်ကိုတော့ စာဖတ် သူ ခန့် မှန်း နိုင် လိမ့် မည် မဟုတ်ပါ။

ရန်ကုန်မှ မော်လမြိုင်သို့ထွက်ခွာလာသော အဆန် ၃၁ စာပို့ ရထားကြီး၏ အမိုးပေါ်မှာ ချိမ့်ချိမ့်သဲ ဖဲကစားနေကြခြင်းပဲ ဖြစ်ပါသည်။ရထားကြီးက အရှိန်နှင့် ပြေးနေသည်။ ဖဲဝိုင်းက အရှိန်ရနေသည်။ ကစားသူများက သည်

လိုင်းတွင် မှောင်ခို ကူးသန်း နေ သည့် မှောင်ခိုသမားများ။

ရထား ခေါင်မိုး ပေါ်မှာ ဆို တော့ ရဲလဲမကြောက်ရ အနှောင့် အယှက်လဲမရှိ၊ ဒါပေမဲ့ သတ်စွန့် ဆံဖျား ကစားရသည် ကတော့ အမှန်။

'တံတားဟေ့.... တံတားဟေ့'

တ ယောက်က အချက် ပေး လျှင်....ဖဲရိုက်နေသူများ ဝပ်လိုက် ကြရသည်။ သည်လိုမှ ပြားပြား မဝပ်လျှင်လည်း သံ ဘောင် နှင့် တိုက်၍ သေပွဲဝင်ရမည်သာ ဖြစ် သည်။

သည်နေ့ ဖဲဝိုင်းကို ဦးဆောင် သည် က ကို လှ မောင်၊ သူက 'ကြာအင်း' သား၊ မှောင်ခိုကုန် ကူးနေသူ၊ မော်လမြိုင်မှအသွား တွင်တော့....ရှာဖွေရေးကိုကြည့်ရ သည့်မို့....တထိတ်ထိတ်၊ရန်ကုန် တွင်....ကုန်တွေရောင်းပြီး မော်လ မြိုင်ပြန်တော့ ပစ္စည်း မပါသဖြင့် ရှာဖွေရေး ဂ ရု စိုက် စရာမလို၊ ဒီတော့ ရထား အမိုးပေါ်တွင် ဖဲဝိုင်း ဆင်လာမြဲ....

'လက်ရှောင်....လက်ရှောင်'

ကိုလှမောင်က အော်ရင်းဖဲကို စဝေသည်။ သည်ဝိုင်းကို ဂရုစိုက်



မည်။ ငါးအိမ်လုံး အောထား ည်၊ ဝိုင်းကဆက်တိုက် ဖဲသေ သည်မဟုတ်လား၊ တဝိုင်းလုံး င် ထိုးထားသောငွေ ၁၀၀ ကျော်နေသည်။

ကို လှ မောင် က သူ့ ဖဲ ကို ကြည့်သေးပဲ၊ ထိုးသားများကို ပြောသည်။

ထိုးသားများ၏ဖဲက အကြီး ၅ ပေါက်မှ ၂ ပေါက်အထိ သာ ရှိသည်။

သည်ဖဲလောက်တော့ မှုချနိုင် ည်။

ကိုလှမောင်က သူ၏ဖဲကိုမချ ပွတ်ဆွဲနေသည်။ထိုးသားများ မျက်လုံးက သူ့ဆီကို ရောက် သည်။ အားလုံးဖဲထဲတွင် နစ် မျောနေသည်။

ထိုစဉ်....

သံဘောင် တံတားမဲမဲကြီးက သူတို့ဆီ ပြေး ဝင် လာ သည် ကို ဘော့ သူတို့သတိမပြုနိုင်ခဲ့ လေ ည် တကား။

အဲဒီလို....အဲဒီလို....

လူတွေကြောင့် ရန်ကုန်မှထွက် ပြေးဆွဲခနသော မီးရထားလမ်း င်၊ ၁၉၆၂ ခုမှ ၁၉၇၁ ခုနှစ် ၊ ရထားကြိတ်၊ခေါင်မိုးပေါ် မှ လိမ့်ကျ၊ တံတားဘောင်နှင့် တိုက် ၍ လူ ပေါင်း ၂၂၅ ဦး သေဆုံးရကြောင်း၊ သက်ဆိုင်ရာ မှ ထုတ်ပြန်မှုသည် လွန်သည်ဟု ဆိုလေမည်လား....။

၀ ၀ ၀

**အစသန်သူနှင့်အရှက်သန်သူ**

မကွေးတိုင်း၊ ရေ စကြို မြို့ ၏ မြောက်ဘက်၊ ရွှေလှဲ့ကျေးရွာတွင် ဖြစ်သည်။

ရွာလယ်ရှိ ဦး လှ အောင် ၏ အလှူအိမ်တွင် ပရိသတ်များဖြင့် စည်ကားနေသည်။

ကျေးရွာကာလသားကျော်မြင့် နှင့် သူငယ်ချင်းများကထမင်းစား ပြီး သော် လည်း မ ပြန် သေး ပဲ ပဲကြီးလှော်နှင့် ရေနွေးကြမ်းဝိုင်း တွင် ဆက်ထိုင်ကြသည်။

ထိုအချိန်တွင် တရွာထဲသား အောင်ဘု အလှူအိမ် ပေါ်ကို တက်လာသည်။

'ဟာ....ဟေ့' အောင်ဘု .... မင်း ထမင်းစားတာနှစ်ခါရှိ နေပြီ ကွ....။ ငါမှတ်ထားတယ်။ ကျော် မြင့်က လှမ်း၍နောက်ပြောင်လိုက် သည်။ အော်ကျယ် ဟစ်ကျက်

ပြောလိုက်သောသူ့အသံကြောင့် ဟင်းလိုက်ပွဲရှုနေသောအပျိုချော များက တသောသော ရယ်မော လိုက်ကြသည်။

အောင်ဘုမျက်နှာ အကြီးအကျယ် ပျက်သွားသည်။ သူ့မျက်နှာသည် နှက်သွေးဖြင့် ရဲရဲနီသွားသည်။ ခုတ်ချင်း အလှူအိမ်ပေါ်မှ ဆင်းသွားသည်။ ရယ်မောသံများကို နောက်ခိုင်းလိုက်သည်။ အိမ်ကိုတန်းပြန်သည်။ သူ့အိမ်ရောက်တော့ ပြန်ထွက် လာ ပြန်သည်။ သည်တခါတော့ သူ့ခါးကြားထဲတွင်ခေါးမြှောင်တချောင်း ပါလာပြီ။

အလှူအိမ်ပေါ်မှာ လူသတ်မှု ဖြစ်သည်။

အနောက်သန်သူ ကျော်မြင့် သေ၍၊ အရှက်လွန်သူ အောင်ဘု လူသတ်မှုဖြင့် အရေးယူခံရသည်။

ချစ် ခင် ကျည် ဆယ် ခြင်း ၏ နောက်ကွယ်တွင် အဆင် မသင့် လျှင် ကြောက်မက်ဖွယ်အန္တရာယ် များ ရှိနေတတ်ပုံကို အောင်ဘုက ထောင် ကျ ခံ ၍၊ ကျော် မြင့် က အသေခံ၍ သင်္ခန်းစာ ပြခဲ့သည် ဟု ဆိုရမည်သာ။

○ ○ ○

**မီးတောက်ချက်အသက်ပါ**

'သောက် ကြ စမ်းပကွါ၊ ဒါ ကိုယ်တိုင်ချက်တဲ့ အရက်ပါ။

ကိုဘိုးထွားက....ပြောယင်း ပုလင်းထဲမှအရက်ကို ရွှေမှ လ ဖက်ရည် ပုဂံလုံးထဲသို့ လို ဘည့်သည်။

နေရာက ပွင့်ဖြူမြို့နယ်၊ နွေ ကျင်းကျေးရွာ ကိုဘိုးထွား၏ နေ အိမ်တွင်ဖြစ်သည်။ကိုဘိုးထွား သူကိုယ်တိုင်ချက်သည့် အရက်ကို သောက်ဖော်များကို ဧည့်ခံ နေ ခြင်းဖြစ်သည်။

'အား....မင်းအရက်က သိပ် မကောင်းသေးဘူးကွ၊ လိုသေး တယ်'

ကိုခွေးကြီးက အ ရက် ကို သောက်ကြည့်ကာ ပြော သည်။

'အာ....ဒီလောက်ကောင်းတဲ့ အရက်ကများ လိုသေးတယ်လို့ ကွာ....

မင်းအရက် ကောင်းသော ဘူးလို့လား'

ကိုဘိုးထွားက သူ့အရက်ကို အပြစ်တင်သဖြင့် မခံချင်စိတ်ဖြင့် ဆိုသည်။ ကိုခွေးကြီးက နှုတ်ထွက် ထိုးသည်။ ငြင်းခုံရင်း အရက်ကိစ္စ က ဆူဆူပူပူ ဖြစ်လာသည်။

'ကြည့် ကြ ဟေ့.... အရက် ကောင်း မကောင်း သိချင်ယင် ...ရှို့ကြည့်ရတယ် ဟောတာဟာ ...တောက်အရက်ကွ'

ကိုဘိုးထွားက ပြောပြောဆို ဆို....မီးချစ်၍ လက်ဖက်ရည်ပုဂံ ထဲရှိ အရက်ကိုရှို့လိုက်သည်။

ကောင်းလိုက်သည့်အရက်....

မီးတောက်ရှူးသာမဟုတ်၊ မီး ... ထလောင်ပါလေတော့သည်။ ...ဘလုံးမှတလုံး၊နောက်ပုလင်း၊ နောက်အိမ်၊ နောက်တရွာလုံး၊ ...မြှမနေ နွှေကျင်းရွာ အနီးရှိ ...သံတောရွာပါ ကူးစက်လောင် ...ဘာသည်။

စပါး တင်းပေါင်း ၁၀၀၀၊ ...မျိုးစုံတင်း ၅၀၀ ခန့်၊ ကျပ်ငွေ ...သိန်းဘိုးခန့် ဆုံးရှုံးရသည့်ပြင် ...လေးငယ်တဦးပါ မီး လောင် ...သေဆုံးခဲ့ရပါလေသတည်း။

မရည်ရွယ်ပါပဲလျက် ဖြစ်ပွား သည့် အမှုမျိုးကို အမှိုက်ကစ ...သဒ်မီးလောင်သည်ဟု ဆိုနိုင် လေမည်သာ။

○ ○ ○

**နိုးထလာသောဧသမင်း**

ကျိုက်လတ်နယ် သရက်ငုရွာ တဖက်ကမ်း ဘိုကလေး ချောင် ကျေးရွာတွင် ဖြစ်သည်။

'အမေ့ရေ—အမေ'

'ဟောဒီမှာဗျ— ကွန်တော့် လယ်ကွင်းထဲက တောက်ရလာ တာဘာကြီးလဲ မသိဘူး'

နွားကျောင်းရာမှ ပြန် လာ သော မောင်အောင်ကြည်က သူ ကောက်ရလာသော ပစ္စည်းတခု ကို ဖခင်ဦးစိန်အား ထုတ်ပြသည်။

အရှည် တပေခန့်ရှည်၍ လုံး ပတ်ထွာဆိုင်ခန့်ရှိကာ တစ်တစ် ရစ်ရစ် အလေးချိန်ရှိသော သံတုံး ကို ဦးစိန်က ယူကြည့်သည်။

'ဟာ....မင်းဟာ ဘာ မှန်း၊ ညာမှန်းမသိပဲနဲ့ တော်ကြာ ဗုံး ဟောင်းတွေ ဘာတွေ ဖြစ်နေအုံး မယ်....သွား ရေထဲချလိုက်'

မောင်အောင်ကြည် စိတ်ပျက် သွားသည်။ စူး စမ်း တတ်သည့် အရွယ်မို့ ထိုပစ္စည်းကိုလေ့လာ ချင်သည်။ လွှင့်ပစ်ရမှာ နှမြော နေသည်။ သို့သော် ဖခင်ကို ကြောက်ရသည်မို့ စွန့်ပစ်ရတော့ မည်။

'ကျွန်တော် မနက်ဖန် နွား

ကျောင်းသွားရင်း ယူသွား ပစ်လိုက်မယ်'

မောင်အောင်ကြည်က ပြောတာ ထိုပစ္စည်းကို အိမ်အောက် သွား ဖွက် ထား သည်၊ နောက် တနေ့ ဖခင် ဦးစိန် လယ်ထဲ ဆင်း သွားသော အခါ မောင်အောင် ကြည်က ထိုပစ္စည်းကို ထုတ်ယူ၍ အုတ်ခဲဖြင့် ထုကြည့်သည်။

တချက်၊ နှစ်ချက်၊ သုံးချက်....၊

ထိုအထဲတွင် ဘာ ရှိသည်ကို သိလို မြင်လိုနေသည်။

သို့သော်....သို့သော်။

မောင်အောင်ကြည် တစ်ယောက် ထိုပစ္စည်းထဲတွင် ဘာ ရှိသည်ကို မသိနိုင်တော့ပါ။ ပြင်းထန်သော ပေါက်ကွဲသံကြီး ထွက်ပေါ်လာသည်။ စစ်တွင်းက ကျန်ခဲ့သည့် အမြောက်ဆံကို ထုကြည့်မိသော မောင်အောင်ကြည် အပါအဝင် သူ၏မိသားစု ငါးဦး စလုံးကို တရေးနိုး ထလာသည့် သေမင်းက ခေါ်ဆောင် သွားခဲ့လေပြီတည်း။

သည်လိုအဖြစ်ဆိုးများ မကြာခဏ သတင်းစာ များတွင် တွေ့မြင် ဖတ် ရှု နေခဲ့ ရသည်။ သို့ပါလျက် ဒီလိုဖြစ်ရပ်မျိုးများ ထပ်၍ ထပ်၍ ကြားနေရသည်မှာ....။

○ ○ ○

**သူနိုးတာနဲ့**
**ဓာတ်အားလွှတ်တော့**

ဝေါမြို့ ဈေး အရှေ့ဘက်ကမ်း ရပ်ကွက် သမ အသင်း ဆိုင်ကို သူခိုးမခိုးစေနိုင်ရန်အတွက် သက်ဆိုင်ရာ ဥက္ကဋ္ဌကြီးရှင်တွေက ဆိုင် နောက် ဖေး ကို သံကြိုး သွယ်၍ လျှပ်စစ်ဓာတ်အား လွှတ်ထားပါလေသည်တဲ့....။

ကံဆိုးချင်တော့-

မောင်သီဟစိုးအမည်ရှိ (၇) နှစ်အရွယ် သားငယ် ကလေးက ဆော့ကစားယင်းဓာတ်ကြိုးလွှတ်ထားသော သံကြိုးကို ထိကိုင်မိသဖြင့် ဓာတ်လိုက်ခံသေဆုံးသွားခဲ့ ရရှာသည်။ အခင်း ဖြစ် ချိန် က ညနေ (၄) နာရီကျော်လောက်ဟု သိရသဖြင့် ဘယ် အ ချိန် က စ၍ ဓာတ် လွှ တ် ထား သ ည် မသိရသော်လည်း မသိတတ်သူ လူကြီး များကြောင့် ကလေး သေဆုံးရသည့်အဖြစ်ကို ကြား ရ သူ တိုင်း ရင်နာခဲ့ရသည်။ ဝေါ ပြည်သူ့ရဲစခန်းမှ ပုဒ်မ-၃၀၄ နှင့် အရေးယူ စုံစမ်းလျက်ရှိသည်။



ကြားရသူတို့ ဒေါသ ဖြစ်ရ၊ ရင် နာ ရ မည့် သတင်းပဲ ဖြစ်ပါသည်။ မိမိ အိမ်သာကို သူများ တက်စေလို၍ ဓာတ်အား လွှတ်ထားသူ၊ မိမိဝါးဖောင်ကို သူများ ယူနိုင်အောင် ဓာတ်လွှတ်ထား သူ၊ မဆီမဆိုင် ကြားက သေကြရသူ....။ ဒီလို သတင်း တွေ ကို ဖတ်မိ၊ သင်ခန်းစာရမိကြပါလျှင် ကောင်းလေစွ။

○ ○ ○

**ဥပဒေကိစ္စ**
**ပေါ့ပေါ့ဆဆ လုပ်မိလို့**

မင်္ဂလာ တောင်ညွန့် မြို့နယ်၊ ပြည်သူ့တရားရုံး ဖြစ်သည်။

ကိုခင်မောင်က မောပန်းစွာ သက်ပြင်းချမိသည်။ ယခု ၁၁ နာရီ ထိုးပြီ ညီဖြစ်သူ ထွန်းခင်က ခုထိ ရောက်မလာသေး၊ လွန်ခဲ့သော အပတ်က ထွန်းခင် ပုဒ်မ-၁၈၂/ ၁၄၄ အရ အဖမ်းခံရသဖြင့် ကိုခင်မောင်က အာမခံဖြင့် ထုတ်ခဲ့သည်။ ယနေ့ ရုံးချိန်းနေ့ ဖြစ်သည်။ ထွန်းခင် ဘာလို့ နောက်ကျနေပါလိမ့်၊ ရုံးတော်မှ ခေါ်၍ ထွန်းခင် မရောက်လျှင် မလွယ်၊ လမ်းမဘက်ကိုမျှော်၍ ကိုခင်မောင် ငြီးစားနေမိသည်။

'ထွန်းခင် ထွန်းခင်ရှိသလား'

ထိုစဉ်တွင် ရုံးလုလင်က အော်ခေါ်နေပြီ။

ကိုခင်မောင်ခြေမကိုင်မိ၊ လက်ကိုင်မိဖြစ်သွားရသည်။ အကယ်၍ ထွန်းခင် လာခဲ့လျှင် အာမခံရုပ်သိမ်း ကာ ငွေနှင့် အဖမ်း ခံရတော့မည်။

နောက်ဆုံး ကို ခင်မောင် က ထွန်းခင်အစား ဝင်မည်။ ယနေ့ စစ်မည်မဟုတ် ရုံ ချိန်း ပေးမှာပဲ ဘယ်သူက သိမှာလဲ ဒီတော့-

'ထွန်းခင် လော ဘူး လား၊ ထွန်းခင်'

ဒီတခါ တော့ ကို ခင်မောင် ထိုင်ရာမှ ထလိုက်သည်။

'လာပါတယ်ခင်ဗျ'

ကိုခင်မောင် တရားခွင်သို့ ဝင် သွားသည်။

ပေါ့ပေါ့တွေး၊ ပေါ့ပေါ့ စဉ်းစား၊ လွယ်လွယ် ထင်ခဲ့ သည့် ကိုခင်မောင်တယောက် ထင်သလို ဖြစ်မလာပဲ၊ ရုံးတော်မှ သူ့အား ပုဒ်မ ၂၀၅ တရားခံ အစားလုပ်မှု ဖြင့်တရားစွဲကာ-

ထောင်ဒဏ် ၆လ ကျခံစေရန် အမိန့် ချမှတ် လိုက်ပါသတည်း။

ဥပဒေ အရေးအခင်းကိုပေါ့

ဆေးညွှန်းကိုယ်တိုင်အတွက် သတိပြု ရှင်း ဖြစ်နေပါ ဖြစ်ပါသည်။

ဝ ဝ ဝ

အမြဲရှာပါ

တရားရုံး၊ ရဲစခန်း၊ ဆေးရုံ စသော ဌာနများသို့နေ့စဉ်ရောက်ရှိလာသည့် အမှု အခင်းများတွင် ဖြေရှင်းသင့်ပဲ ဖြစ် ပွား ခဲ့ရ သည့် မှုခင်းများ ဘယ်အတိုင်းအတာထိ ပါရှိ နေသည်ကို လေ့လာသင့်၊ အဖြေရှာသင့်၊ သင်ခန်းစာယူသင့်ပါသည်။

နောက်ဆုံး နိဂုံးချုပ်အနေဖြင့် ရန်ကုန်တိုင်းအတွင်း၌ ဖြစ်ပွားခဲ့ရသည့် ရင်နင့်ဖွယ် ဖြစ်ရပ်တခုကို တင်ပြ လိုပါသည်။ မခင်အေးက အိမ်တွင် ကိုယ်ပိုင် အပ်ချုပ်စက်ရှိသည်။ အပ်ထည်များကိုလက်ခံသည်။ နေ့ခင်းနေ့လည်တွင် သုံးလရွယ် သမီးလေးကို သိပ်ကာ၊ စက်ချုပ်သည်။ တနေ့ သမီးလေးကို ပေါင်ပေါ် တင်၍ ထမင်းခွံ့သည်။ ထိုစဉ်တွင် မခင်အေးက စောစောက ဖတ်လက်စ ရုပ်ပြစာအုပ်ကို သွား သတိရ သည်။ ထို့ကြောင့် ကြမ်းပေါ်တွင် ထိုင်နေရာမှ စက်ပေါ်တွင် တင်ထားသော ရုပ်ပြစာအုပ်ကို မမှီမကမ်းနှင့် လှမ်းဆွဲယူလိုက်သည်။

စာအုပ် ပေါ်တွင် တင် သော ဦးချွန်ကပ်ကျေးကို သတိမရခဲ့။ သမီးငယ်၏ နဲ့အော်လိုက်သံနှင့် အတူ ပေါင်ပေါ်တွင် သွေးများ သည်။ ဦးချွန် ကပ်ကျေး သမီးငယ်၏ မျက်လုံး ပေါ် စိုက်လျက်ရှိပါလေပြီတည်း။

ဝ ဝ

သည်လို မရည်ရွယ်ပါပဲ ဖြစ်ရသည့် မှုခင်းများတွင် သမီးကို ရွှေဆင်မိ၍ ချစ် မရောက် သေလမ်းပို့ရာရောက် ပုံတွေရေနွေးအိုးခေါက်ဖူးစ များကို ပေါ့ပေါ့ထား၍ က ငယ်များ ဒုက္ခ ရောက်ရမှု အန္တရာယ်ရှိသော ဆေးဝါး လွယ်လွယ်ထား၍ ဆေးမှား သေပွဲဝင်ရတာတွေ၊ ခေါက်ကြီး အလောင်း အစားလုပ်၍ ကို ရာမှအသေဆိုးရသည့်အကြော တွေ-

စသည် စသည် ဖြစ်ရပ် သည် နေ့စဉ် မြင်တွေ့ ကြား နေရသော မဖြစ်သင့်သည့် မှု များပင် မဟုတ်ပါလား။

☆ နီလေးမော



## ဆေးပညာနယ်မှ


## သေကြောင်းကြံမှုများ

'ဗိသျှ ဂါစီးယား' ဆိုသူ မေ့ဆေး ဆရာဝန် တဦးသည် အိမ်ထောင်ရေးအဆင်မပြေမှု၊ စီးပွားရေးမအောင်မြင်မှုတို့ကြောင့် စိတ်ထောင်းကိုယ်ကြေဖြစ်ကာ မူးယစ်ဆေးဝါး စွဲသွား၏၊ ဤအတွင်း ကားတိုက်မှုဖြစ်၏။ သူ့ဘာသာ နစ်သထဘာ နစ်သွား၏။ မကြာမီ ဘ မူးယစ်ဆေးဝါးများ အလွန်အကျွံသုံး၍ သူ့ကိုယ်သူ သေကြောင်းကြံခဲ့၏။ သို့သော် မသေပဲအဖမ်းခံလိုက်ရသည်။

ဆေးပညာနယ်တွင် သူကဲ့သို့ သေကြောင်း ကြံစည်သော ဆရာဝန်များ တနေ့တခြား တိုးပွားနေသဖြင့် ယခုအခါ အမေရိကန် ဆရာဝန်များအသင်းကြီးက အရေးယူတားဆီးရန် လေ့လာလျက်ရှိသည်။ ကျွမ်းကျင်သူတို့ခန့်မှန်းချက်အရ အမေရိကတွင် တနှစ်လျှင် ဆရာဝန်တသိန်းအနက် ၃၆ယောက်မှ ၇၇ ယောက်တို့မှာ သူတို့ကိုယ်သူတို့ ဆေးထိုး၍သေဆုံးကြောင်း တွေ့ရသည်။

ဆရာဝန်တို့ကဲ့သို့ပင် သွားဆရာဝန်၊ ဥပဒေပညာရှင်နှင့် ရဲဝန်ထမ်းတို့မှာလည်း သေကြောင်းကြံသူများလှသည်ဟုသိရ၏။

'(Time 16-2-81.)



မယားအမှု

ပြစ်မပြုက

အောင်ဆုကျော်သဲ

စစ်အောင်ပွဲထက်

ထူးကဲသာလွန်

အောင်ပွဲမွန်ဟု

ဉာဏဝန်ပေါင်း

ရှေးသူကောင်းတို့

ချီးသောင်းသြဘာ

ထောပကာ၏။ ။

ကျွန်ုပ်သည် အထက်ပါ မန်လည် ဆရာတော် ဘုရားကြီး၏ ဆုံးမစကားကို ဖတ်ရှုယင်း မန္တလေး ပြည်သူ့ရဲတပ်ဖွဲ့ ကျွမ်းကျင်မှုဆိုင်ရာ အတင်သင်ကျောင်းမှ ရဲအုပ်ကြီး ဦးခင်ဦး ပြောပြဖူးသော ငြင်းရင်မှန် မှုခင်းတပုဒ်ကို သတိရမိလာသည်။

ရဲအုပ်ကြီး ဦးခင်ဦး သည် ၁၉၈၀ ပြည့်နှစ်အတွင်းက ပြည်သူ့ရဲတပ်ဖွဲ့ ဌာနချုပ်မှ ဖွင့်လှစ်သော ဦး- ရေး- ထောက် သင်တန်းသို့ ကျွန်ုပ်နှင့် အတူ တက်ရောက်ခဲ့သူဖြစ်ပါသည်။

ကျွန်ုပ်တို့သည် သင်တန်း ပြီးဆုံး၍ လက်တွေ့ လေ့လာရေး ထွက်ကြရာတွင် ရဲအုပ်ကြီး ဦးခင်ဦးက အဖွဲ့ခေါင်းဆောင် ဖြစ်ပြီး ကျွန်ုပ်နှင့် အတူ ဗဟို ဝန်ထမ်းတက္ကသိုလ်မှ ရဲအုပ်ဦးငြိမ်းမောင်၊ ရဲအုပ် ဦးသိန်းဟန်နှင့် ပြည်သူ့ရဲတပ်ဖွဲ့ဌာနချုပ်မှ ရဲအုပ် ဦးဟန်စိန်တို့က အဖွဲ့ဝင်များ ဖြစ်ကြပါသည်။

ကျွန်ုပ်တို့အဖွဲ့သည် ပဲခူးတိုင်း ကဝမြို့နယ်သို့ လက်တွေ့ လေ့လာရေးခရီးထွက်ကြရာတွင် ကဝမြို့နယ် ပြည်သူ့ရဲတပ်ဖွဲ့မှူး ဦးခင်သန်း(ယခု ရဲအုပ်ကြီး၊ ကချင်...နယ်)နှင့် အဖွဲ့က များစွာ အ... အညီပေးခဲ့ကြလေသည်။ ကျွ... တို့သည် မြို့နယ်မှူးဦးခင်သန်း... ထားသော ပြည်သူ့ ရဲစခ... နေအိမ်ခန်းတွင် ( ၃ ) ရက်... တည်းခိုနေကြစဉ် အားလပ်... အချိန်များ၌ မိမိတို့ရဲ့ လုပ်... အတွေ့ အကြုံများ ကို နှီး... ဖလှယ် ကြလေသည်။ ယခု ... လည် သတိရသော ဖြစ် ရပ်... မှုခင်းမှာ ထိုစဉ်က ရဲအုပ်... ဦးခင်ဦး ပြောပြခဲ့သည့် မှု... တပုဒ် ဖြစ်ပါသည်။

○ ○ ○

တည။

လကွယ်နေ့ည။

ထို ထက် မိုး မှောင် ကျ... သော ည ဟုဆိုလျှင် ပို၍ မှန်... မည်။

ခက်ခက်သည် လက်တ... မှ သမီးငယ်ကို ဆွဲလျက် လ... တဘက်မှ လက်နှိပ် ဓာတ်မီး... ကိုင်ကာ ဇေယျာ ကွက်သစ်... ဦးလေး တော်သူ ဦးစိန် အိမ်... ရောက်ရှိလာ၏။



ဦးစိန်သည် တူမဖြစ်သူ ခက်ခက်ကိုကြည့်ယင်း-

'ဟေ့ ခက်ခက် ဘယ်လို ဖြစ်လာပြန်တာလဲ၊ ဘာလဲ မောင်ဖေသောင်းကို စိတ်ကောက်လာပြန်ပြီလား'

'မဟုတ်ပါဘူး ဦး လေး ရယ် အစ်ကိုကြီး အရက်မူးပြီး အအေးပတ်သွားလို့ ဦးလေးကိုလာပြောတာပါ'

'အ မယ် လေး ခက် ခက် ရာ အအေးပတ်တာများ ငါ့လာပြောနေရသလားဟ'

'မဟုတ်ဘူး ဦးလေး အစ်ကိုကြီး အ သ က် မ ရှိ တော့ ဘူး ဦးလေးရယ် ကြည့်ပါအုံး'

'ဟေ... အသက်ရှိတော့ဘူး'

ဦး စိန် သည် ဘာ မျှ မပြောတော့ပဲ ခက်ခက်တို့အိမ်သို့ လိုက်ကြည့်သည်။ ဦးစိန်နှင့် ခက်ခက်တို့အိမ်မှာ သိပ်မဝေးလှ၊ တရပ်ကွက်တည်းဖြစ်သည်။ ဦးစိန်၏ အကူအညီ တောင်းချက်အရ မကြာမီပင် ခက်ခက်တို့ အိမ်၌ ရပ်ကွက်လူကြီးများရောက်ရှိလာကြသည်။

အတွေ့အကြုံ ရှိသော လူကြီးတယောက်က ကိုဖေသောင်း၏ အ လောင်း ကို ကြည့် ရှု ကာ မသင်္ကာသဖြင့် စစ်ကိုင်း မြို့မ ရဲစခန်းသို့ သွားရောက်အကြောင်းကြားသည်။

'ကျွန် တေ ာ် မောင် ဖေ သောင်းရဲ့ အလောင်းကို သွားကြည့် တော့ ရှုန်း ကန် ထား တဲ့ လ က္ခ ဏာ ကို တွေ့ ရ ပါ တယ် ဆရာ၊ ဒါ ပေ မယ့် သူ့ မိန်းမ ခက်ခက်က ပြော တာ က တော့ အရက်မူးလွန် အအေးပတ် သေတာလို့ ပြောတာပဲ'

ထိုအချိန်တွင် စခန်းမှူး ခရီးထွက် နေ သ ဖြင့် ရဲ စ ခန်း တွင် ဒုရဲအုပ် ဦးတင်ကြိုင်က အခင်းဖြစ်နေရာကို လိုက်လံ စစ်ဆေးကြည့်ရှုပြီး မသင်္ကာ ဖွယ် ရာများ တွေ့ရှိသဖြင့် ကို ဖေ သောင်း ၏ အလောင်းကို ဆေးရုံသို့ ပို့ပြီး စစ်ဆေးလေသည်။

'ဦးတင်ကြိုင် ထင်တာ မမှားပါဘူး၊ ကိုဖေသောင်းဟာ လည်ပင်းကို ညှစ်အသတ်ခံရတာ ဖြစ်ပါတယ်။ ပြီးတော့ သူ့ရဲ့ မအားကိုလဲ အညှစ် ခံရတာ တွေ့ရပါတယ်'

ဆရာဝန်၏ ထင်မြင်ချက် အရ ဒုရဲအုပ် ဦး တင် ကြိုင် သည် လူ

SDE WINNAING FURNITURE

သတ်မှုဖွင့်၍ အမှုကို ပထမဆုံး စစ်ဆေးလေသည်။

ဝ ဝ ဝ

နောက်တနေ့စခန်းမှူးဦးခင်ဦး (ယခု ရဲအုပ်ကြီး၊မန္တလေး ကျွမ်းကျင်မှု ဆိုင်ရာ အတတ်သင် ကျောင်း) ခရီးထွက်ရာမှပြန်လည် ရောက်ရှိသော အခါ ဒု ရဲအုပ် ဦးတင်ကြိုင်ထံမှ အမှုတွဲကို လက်ခံပြီး ဆက်လက်စစ်ဆေးတော့၏။

'ကို ဇေ သောင်း ဟာ သူ့မယားခက်ခက်ကို အလွန်ချစ်တဲ့ လူကြီးပါဆရာ၊ပြီးတော့ အလိုလိုက်တာ၊ သူ့မယား ဘာ လုပ်လုပ် သိပ်ဂရုစိုက်တာမဟုတ် ဘူး၊ ခက်ခက် ဟာ တင်မောင် ထွေး ဆိုတဲ့ လူတယောက်နဲ့ ရှုပ်နေတယ်လို့ သတင်းရပါတယ်။ ဒါပေမယ့် ကိုဇေ သောင်း က သဘောထား ကြီးကြီးနဲ့ သူ့မယား ကို ခွင့်လွှတ်ထားတဲ့ လူဆိုတော့ ဘယ်နည်းနဲ့မှ သူ့ကို သတ်ဖို့ ကြံရွယ်မှာမဟုတ်ဘူးလို့ ကျွန်တော်ထင်တယ်'

နယ်ထိန်းရဲတပ်ကြပ် လှခင်က သူရရှိခဲ့သောသတင်းနှင့် ထင်မြင်ချက်ကို စခန်းမှူး ဦးခင်ဦးအား တင်ပြနေခြင်းဖြစ်လေသည်၊

'အေးကွာ မင်းပြောတာလဲ စဉ်းစားစရာပဲ၊ ဒါပေမယ့် ကာယကံရှင်က ခက်ခက်ပဲ ဖြစ်တယ်။ခက်ခက်ကို စစ်ကြည့်ဖို့ လိုတာပေါ့။နက်ဖြန်မနက် (၈)နာရီမှာ ခက်ခက်ကိုသာ ငါ့ဆီခေါ်ခဲ့'

'ဟုတ်ကဲ့ဆရာ၊ကောင်းပါပြီ'

နယ်ထိန်း ရဲတပ်ကြပ် လှဝေ အလေးပြုပြီး ထွက် သွား သော အခါ စခန်းမှူး ဦး ခင် ဦး သည် ဒု ရဲအုပ် ဦးတင်ကြိုင် လွှဲအပ်ပေး သော အမှုတွဲကို လေ့လာဖတ်ရှု နေလေသည်။

ဝ ဝ ဝ

နောက်တနေ့နံနက်(၈)နာရီ။

'ဆရာ၊ ခက်ခက် ရောက်နေပါပြီ'

'အေး-အေး၊ ခေါ်ခဲ့'

စခန်းမှူး ဦး ခင် ဦး သည် ရဲစခန်းသို့ ရောက်လာသည် နှင့် နယ်ထိန်းတပ်ကြပ်က သတင်းပို့လိုက်သဖြင့် ခက်ခက်အား ၎င်း၏ ရုံးခန်းထဲသို့ ခေါ်လာရန် ညွှန်ကြားခြင်း ဖြစ်ပါသည်။

စခန်းမှူး စားပွဲရှေ့ ကုလားထိုင်တွင် ခက်ခက် ထိုင်မိသော အခါ ဦးခင်ဦးက ခက်ခက် ကို

အဲ့ဆဲခက် သော မျက်လုံး ဖြင့် မျှော်ကြည့်လိုက်သည်။

ခက်ခက်၏ မျက်လုံးများသည် ငိုထားသ ဖြင့် မို့ မောက် နေ ကြောင်း စခန်းမှူးဦးခင်ဦး သတိပြုမိလိုက်၏။

'ကိုဖေသောင်း ကိစ္စနဲ့ ပတ်သက်ပြီး စိတ် မ ကောင်း ပါ ဘူး ခက်ခက်၊ ဒီလို ရက်ရက်စက်စက် သတ် လောက် အောင် ကိုဖေသောင်းမှာ ဘာအပြစ်ရှိလို့လဲ'

စခန်းမှူးဦးခင်ဦး၏ မေးခွန်းသည် ခက်ခက်ကို တိုက်ရိုက်မေးခြင်းလဲ ဖြစ်နိုင်သည်။ ခက်ခက်က ပြောပြနိုင်မည်လား ဟူသော မေးခွန်းမျိုးလည်း ဖြစ်နိုင်သည်။

ဒီမေးခွန်းကို ခက်ခက်သည် မည်သို့ပင်ယူဆစေကာမူ စကားပြန် မပြောနိုင်ပဲ မျက်ရည်များကသာ တွေတွေ စီးကျ လာသည်။ ပူကြိုးမရသေးသော ခက်ခက်။

'ဝမ်းနည်းပါတယ် ခက်ခက်၊ ကျွန်တော်တို့က တာဝန် အရမို့သာ ခေါ် စစ် ရ တာ ပါ။ အမှန်တော့ ခက်ခက်လို အပူတွေ့နေတဲ့ သူကို ခေါ် မ စစ် သင့် ပါ ဘူး။ အေး အေး ဆေး ဆေး အ ချိန် မှ စစ်ယင် ဖြစ်နိုင်ပါတယ်၊ ဒါပေမယ့် အမှု ဆိုတာက ကြာယင် လိုက် ရ ခက် တတ် ပါ တယ်၊ ဒါကြောင့် အခုလို ပူပူ နွေးနွေး ခေါ်စစ်ရတာကို စိတ် မရှိပါနဲ့'

'စိတ်မရှိပါဘူး စခန်းမှူးကြီးရယ် စိတ်မကောင်းလို့ပါ'

ခက်ခက်မှာ ဤမျှသာပြန်ပြောပြီး ရှိုက်ကာ ရှိုက်ကာ ငိုနေသဖြင့် စ ခန်း မှူး ဦးခင်ဦးသည် ဆက် မ မေး သေး ပဲ စီးကရက်တလိပ်ကိုထုတ်၍ မီးညှိသောက် နေလေသည်။

'ကဲ ခက်ခက် ကျွန် တော် မေးစရာ ရှိတာ ကလေး တွေကို မေးပါရစေ'

'မေးပါ စခန်းမှူး ကြီးရယ် ကျွန်မ သိသလောက် ပြော ပြပါမယ်'

အတန်ကြာမှ စခန်းမှူးဦးခင်ဦးက စကားစလိုက်သဖြင့် ခက်ခက်က ပြောပြလေသည်။

'ခက်ခက် တောင်ညိုလေးရွာက တင် မောင် ထွေးနဲ့ သိတာ ဘယ်လောက်ကြာပြီလဲ'

စခန်းမှူး ဦးခင်ဦး၏ မေးခွန်းကို ကြားလိုက်သောအခါ ခက်ခက်၏ ရင်ထဲ တွင် ဗုံး တလုံး ပေါက်ကွဲ သွားသလို ဖြစ်သွားလေသည်။ မျက်နှာ မှာလည်း မသိ မသာ ပျက် သွား ကြောင်း ဦးခင်ဦးက အကဲခတ်မိ လိုက်၏။

ဦးခင်ဦး သည် ခက်ခက် နှင့် တင်မောင်ထွေးတို့ အကြောင်းကို စုံစမ်းထားပြီးဖြစ်သေသည်။

တောင်ညို လေး ရွာနေ တင် မောင် ထွေး သည် ခက်ခက်၏ ဘခင် အိမ်သို့ ဝင်ထွက် နေရာမှ ခက်ခက်နှင့် စတင် သိကျွမ်းခဲ့ပုံ၊ ခက်ခက်၏ အလှ ကွန်ယက်တွင် ပွဲမက်ခဲ့ပုံ၊ ထိုမှတဆင့် ခက်ခက်၏ အချစ်ကို တိတ် တခိုး လေး ရယူခဲ့ပုံများကို ဦးခင်ဦး သိပြီးဖြစ်၏။

နောက်ဆုံး စခန်းမှူးဦးခင်ဦးက သူသိသမျှအချက်အလက်များကို စုစည်း၍ စုံထောက်အတတ်ပညာဖြင့် ပေါင်းစပ်ပြီး မေးခွန်းပေါင်း မြောက်များစွာကို အသုံးချလိုက် သောအခါ ခက်ခက်မှာ ဆင်သေကို ဆိတ်ရေဖြင့် ဖုံးကွယ်နိုင်စွမ်း မရှိနိုင်တော့ ပါချေ။

ဝ ဝ ဝ

ညနေဆည်းဆာသည်စစ်ကိုင်းတောင်၏ သဘာဝအလှကို ပိုမိုပဏ္ဏာရအောင် ဖန် တီး ထား သကဲ့သို့ ရှိနေသည်။ လွမ်းစေတီဘုရားပေါ်မှ တင်မောင်ထွေး နှင့် ခက်ခက် တို့သည် မန္တလေး တောင်သို့ လှမ်း မျှော် ကြည့်ရှုကြည်နူး နေကြလေသည်။ လေညှင်းကလေးက တသွင်သွင်တိုက်ခတ် နေသဖြင့် ခက်ခက်၏ ဆံစကလေးများက တလူးလူး တလွင့်လွင့်ရှိနေ၏။

တင် မောင် ထွေးက စပို့ရှပ် အင်္ကျီ အဝါနု ရောင်နှင့် အညိုရောင် ရနိုင်လုံချည် အကွက်ကို ဝတ်ဆင်ထားသည်။ တင်မောင် ထွေးသည် လူချော လူလှတဦး မဆိုသော်လည်း ယောကျ်ားပီသသော ကိုယ်လုံး ကိုယ်ပေါက်နှင့် အသား လပ်သူ တယောက် ဖြစ်သော ကြောင့် လူ ခန့် ချော တယောက် ဖြစ်သည်ဟုတော့ ဆိုနိုင်ပါသည်။

ခက်ခက်မှာ အ ပြာ နု ရောင် ဝမ်းဆက်နှင့် စွဲ မက် ဖွယ် ဟန် အမူအရာ ကျော့ကျော့ မော့မော့ ကလေးပင်။ တင်မောင်ထွေး၏ ဘဝင်ကို အပျိုစင်ထက်ပင် ဆွဲငင်ဖမ်းစားနိုင်လောက်သည်ဟု ထင်ရ၏။

သက်တူ ရွယ်တူ ချစ်သူနှစ်ဦးတို့သည် တဦးကို တဦး စကား

ပြောသံ နှေးလေးတောင် ဆီသို့ အတွေး ကိုယ်စီဖြင့် ငေးမောနေကြလေသည်။

တင်မောင်ထွေး၏အတွေးနှင့် ခက်ခက်၏အတွေးတို့က မည်သို့ ခြားနားကြသည်ကိုတော့ သူတို့ ကိုယ်တိုင်မှပင် သိရှိနိုင်ပေသည်။

'မောင်'

'ဘာ ပြော ချင် လို့ တုန်း ခက်ရဲ့'

'ဒီ ဟုရားက လွမ်းစေတီလို့ ခေါ်တယ်နော်'

'ဟုတ်တယ်လေ၊ အဲဒါ ဘာဖြစ်သလဲ'

'အော်- ခက်နဲ့ မောင်တို့ဟာ လွမ်းစေတီမှာလာပြီး ပျော်နေကြသလို လွမ်းစေတီမှာ လွမ်းနေရသင်တော့....'

'ခက်ခက်ကလဲကွယ် နာမည်နဲ့ လိုက်အောင် မဖြစ်နိုင်တာတွေ ခက်ခက်ခဲခဲ တွေးမနေစမ်းပါနဲ့'

'ရှို့ နေ ပါ အုံး၊ မောင်က ခက်ကိုတကယ်ကောချစ်ရဲ့လား'

**သူခိုး-သူခိုး**

**တော်တော်ဆိုး**

ထိုင်းစစ်တပ်မှ ဗိုလ်ကြီး 'ဖအိုပန့်ပန်နာဟိဒဒွန်ဒါး' က ဗန်ကောက် ဆင်ခြေဖုံးရှိ ၎င်း၏အိမ် သူခိုး ခိုးခံရသည်ဟု ပုလိပ်အားတိုင်သည်။

အခင်းဖြစ်ပွားရာသို့ ပုလိပ်များ ရောက်သွားသောအခါ ရင်သပ်ရှုမော တအံ့တသြ ဖြစ်ကုန်ကြရသည်။

ဖြစ်ပုံမှာ သူခိုးကအိမ်ထဲဝင်၍ ပစ္စည်းခိုးသည်မဟုတ်ပဲ အိမ်ဘိုင်ကိုပါ ချွတ်၍ တအိမ်လုံးခိုးသွားခြင်း ဖြစ်သည်။ အိမ်ဆင့်လည်း ပျောက်နေသည်ဟူ၏။

☆

'မချစ်ပဲနေပါ့မလားခက်ရယ်'

'ဒါပေမယ့်'

'ဘာဖြစ်သလဲ'

'ခက်က အပျို မဟုတ်တော့'

'အမလေးဗျာ၊ ခက်က အပျိုထက်တောင် ပိုလှနေသေးတာပဲ'

'အ ပျို ထက် လှတာ အရေး မကြီးဘူးမောင်ရဲ့'

'ရှို့ ဘာများ အရေးကြီးနေလို့လဲ'

'ခက်နဲ့ မောင်တို့အတူနေဖို့က အရေးကြီးတာပေါ့'

ခက် ရဲ့ စ ကား သည် တင်မောင်ထွေး၏ နှလုံးသားကို ကိုင်လှုပ် လိုက် သ လို ဖြစ် သွား လေသည်။

'အ တူ နေ ရ တော့ မှာ ပေါ့ ခက်ရယ်' တဲ့။

အ နောက် မိုး ကုတ်စက်ဝိုင်းသည် နေမင်း ကြီး အား ဆီးကြိုသွားလေပြီ။

o o o

မိန်းမ ဆို တာ ဟာ ဖောက်ပြန်တဲ့အမျိုးပါဗျာ၊ ကျုပ် မိန်းမ ခက်ခက်က အခုမှအသက်(၃၀) ရှိသေးတာ သူ့ကို အပြစ်ပှုစရာ မလိုပါဘူး'

ကို ဖေ သော င်း သည် သူ့ ယော အကြောင်း ပြောလာသူ များကို ဒီလိုပဲ ပြန်ပြောဘတ်လေသည်။

ကို ဖေ သော င်း က အသက် (၄၀) အရွယ် ခက်ခက်ထက် ဆယ်နှစ်ခန့်ကြီးသည်။ သူတို့မှာ သုံးနှစ်အရွယ်သမီးကလေး တယောက်သာရှိ၏။

ခက် ခက် က ဘ သ ား မွေး ဟ သွေး လှ ဆို သ လို လှသည်၊ ချောသည်။မြင်သူတိုင်းကအပျိုဟု ထင်ရလောက်အောင် လှနေသေးသည်။ခက်ခက်သည် အပျိုတုန်းက ဆိုလျှင် စစ်ကိုင်းမြို့၌ ကွမ်းတောင်ကိုင် တယောက် ဖြစ်ခဲ့၏။

ဒါ ကြော င့် လ ည်း ကိုဖေသောင်းက ခက် ခက် ကို ချစ်ခဲ့သည်။မြတ်နိုးခဲ့သည်။

ကိုဖေသောင်းသည် ခက်ခက်နှင့် အိမ်ထောင်ကျပြီးသော အခါ အလုပ်အကိုင် အဆင်မပြေ၍ ဘိလိယက်ခုံဘခုံကို ထောင်ထားခဲ့ရာမှ စီးပွားရေး အဆင်ပြေလာခဲ့လေသည်။

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ
မြန်မာနိုင်ငံတော်
နိုင်ငံလုံးကျွတ် ကျန်းမာစေရမည်

တောင်သာဆေးပညာ

# အဘိဓမ္မာတောင်သာဆေးပညာ
# တက္ကသိုလ်

ပထမနှစ်
ဒုတိယနှစ်
တတိယနှစ်

ကျောင်းသားများလက်ခံပြီ၊

ဆရာကြီး
ဦးကျော်

မြန်မာနိုင်ငံလုံးဆိုင်ရာ အဘိဓမ္မာတောင်သာ
ဆေးပညာအဖွဲ့ချုပ်
ဗုဒ္ဓဝါဒြူဟ၊ စေတီတော် ကိုင်းတန်းလမ်းထိပ်
လမ်းမတော်မြို့နယ်၊
ရန်ကုန်တိုင်း။


လူဆိုသည်က အခက် သား။ ...ပွားရေး အဆင်ပြေပြန်တော့ ...ည်း အရက်ကလေး တမြမြနဲ့ ...ာ် လာ သည်။ အ စ တုန်း က ...ရားစကား၊ တရားစကားပြော ...တ်သော ကို ဖေ သောင်း မှာ ...ရက် စကား ပြောတတ် လာ ...ည်၊ ဘယ်အရက်က ချိုသည်။ ...ဘယ်အရက်က ခါးသည်၊ ဘယ် ...ရက်ကပြင်းသည်၊ဘယ်အရက် ...က မူးပြန်သည်။ ဒါကြောင့် ဘယ် ...ရက်ကို ဘာနှင့် စပ် သောက် ...င် ကောင်း ကြောင်း ကိုဖေ ...သောင်း ကို မေး လျှင် အ ကုန် ...သိသည်။

နောက် ဆုံး တော့ ကိုဖေ ...သောင်း တယောက် ခက် ခက် ...က် အရက်ကို စွဲမက်လာသည် ...ဆိုလျှင် မမှားပါချေ။

o o

ကို ဖေ သောင်း သည် ဇနီး ...ယားပြုသမျှအမှုကိစ္စအားလုံးကို ...အကြွင်းမဲ့ အပြစ်မယူခဲ့။ မယား ...အမှု လျစ်လျူရှု ထားခြင်း သည် ...စ်အောင်ပွဲကြီးတခုထက် ကူးကဲ ...သာလွန် သော အောင်ပွဲမွန် ဟု ...ရှေးပညာရှိများက စာဆို ထားခဲ့ ...သည်။ ကိုဖေသောင်းသည် ယင်း စာဆိုအရ ဘဝစိတ်ချမ်းသာမှုကို ဖြည့်တင်းနိုင်ခဲ့သော်လည်းမရဏ တရားရဲ့ သွား လမ်း ကို တော့ ပိတ်ပင်တားဆီးလို့ မရနိုင်ခဲ့ပေ။

တည ကို ဖေ သော င်း တယောက် အရက် သောက် ပြီး အိမ်ပြန်လာခဲ့သည်။

'ဟေ့ ခက်ခက် ခက်ခက် ရေ သမီးလေးအိမ်ပြီလားကွ'

အိမ်ပေါ်သို့ လှမ်းတက် သည့် နှင့် အရက်သံ နှော၍ ခက်ခက် အား မေးသည်။ သို့သော် ခက် ခက်ကိုမတွေ့ရ။ လက် တဘက်မှ ဆွဲလာသော ခေါက်ဆွဲထုပ်ကို စား ပွဲပေါ်အသာတင်၍ [အိပ်ခန်း အ တွင်းသို့ ဝင်လိုက်သည်။

ကုတင်ပေါ်တွင်သမီးကလေး နီနီတယောက် အိပ်ပျော်နေသည် ကို တွေ့ရသည်။ ကိုဖေသောင်း သည် နီနီအား မွှေး မွှေး ပေး လိုက်ပြီး နှိုး၍ ခေါက်ဆွဲ ကျွေး သည်။

'သမီး မေ မေ ဘယ် သွား သလဲ'

'မသိဘူးဖေဖေ၊သမီး မအိပ် ခင်ကတော့ ဦးဦးနဲ့ စကားပြော နေကြတာပဲ'

ဦးဦးဆိုသည်မှာ တင်မောင်

ထွေးဖြစ်ကြောင်း ကိုဖေသောင်း သိသည်။ တင်မောင်ထွေး နှင့် ခက်ခက်တို့ အကြောင်းကိုလည်း မကြာခဏ ဘေးစကားများ ကြားရသည်။ ကိုဖေသောင်းက အမှုမထားပေ။ သူ့နှလုံးသားက သစ္စာနှလုံးသား။ သူများ သား သမီးကို ယူထားလျှင် ကျိုးကျိုး ပဲ့ပဲ့၊ ကန်းကန်း ဆန်းဆန်း အိုမှအောင်မင်းအောင် ပေါင်းမည့် လူစား။ မယားအမှုကို အပြစ်မပြု ဂရုမထားသူ မဟုတ်ပါလား။

'ကဲ-သမီး စားပြီးယင် အိပ်တော့'

နို့နို့ ခေါက်ဆွဲ စားပြီးသော အခါ ကို ဖေသောင်း က သမီး လေးကို ကုတင်ပေါ်တွင် ပြန်၍ သိပ်သည်။ သူကိုယ်တိုင်လည်း သမီးဘေးတွင် တင်ပါးကလေးကို ပုတ်သိပ်နေလေသည်။

ကိုဖေသောင်းသည် ရေချိန် ကိုက်လာသူ ဖြစ်သဖြင့် သမီးနှင့် အတူ အိပ်ပျော်သွား၏။

တရေးနိုးလာသော အခါ လည်ပင်းမှာ တင်းကြပ်နေသည်။ မျက်စိ ဖွင့်ကြည့် လိုက်ရာ ၎င်း ကိုယ်ပေါ်တွင် ခွစီးထားသော ချစ်ဇနီး ခက်ခက်၏ မျက်နှာကို မီးရောင်ဖြင့် ခေတ္တမျှတွေ့မြင်လိုက် ရသည်။ ကိုဖေသောင်းသည် အင်အားရှိသမျှ ရုန်းကန်သည်။ သို့သော် အပေါ်စီး ရနေသော ယောကျ်ားတယောက်နှင့် မိန်းမ တယောက်၏ကိုယ်အလေးချိန်တို့ ကိုဖေသောင်းက ရုန်းကန်နိုင်စွမ်း မရှိပါချေ။ ၎င်း၏ ပါးစပ်ကိုဝါ အဝတ်ဖြင့် ဆို့ပိတ်ထားသော ကြောင့်ဝူးဝူးဝါးဝါး အသံများ ထွက်လာသည်။

ကိုဖေသောင်းသည် မကြာလှသော အချိန် တွင်းမှာပင် သမီး ကလေး၏ ရူးရူးဝါးဝါး အော်ဟိုလိုက်သော အသံကို နောက်ဆုံး ကြားသွားရှာလေသည်၊

ဝ ဝ ဝ

'ကျွန်မတို့နှစ်ယောက် အစ်ကိုကြီးရဲ့အလောင်းကို ဂုန်နီအိတ်နဲ့ ထည့်ပြီး မီးရထားလမ်းပေါ်သွား ပစ်ချထားဖို့ ကြံစည်ခဲ့ပါတယ်၊ ဒါပေမယ့် သမီးကလေးငို၊ အစ်ကိုကြီးရဲ့စူးစူးဝါးဝါး အသံကိုလဲ အိမ်နီးနားချင်းများက ကြားပြီး ဘာဖြစ်သလဲလို့ လှမ်းမေး ကြတာကြောင့် ကျွန်မက အစ်ကိုကြီး အအေး ပတ်သွားဘယ်လို့ ပြန်ပြောပြီး ဦးလေး အိမ်ကို ထွက်သွားခဲ့ပါတယ်။ ဒီအချိန်မှာကို တင်မောင်ထွေး ဟာ အိမ်နောက်ဘေးကဆင်းပြီး သူနေတဲ့ တောင်ညိုလေးရွာကို ပြန်သွားပါတယ်၊ ကျွန်မ အစ်ကိုကြီးအပေါ်မှာ မကြိုက်ကောင်း မကြံအပ်တာတွေကို ကြံစည်မိခဲ့တဲ့ အတွက် ကျွန်မမှာ အပြစ်ရှိပါတယ်ရှင်'

ခက်ခက်သည် မျက်ရည် စက်လက်ဖြင့် တရားသူကြီး ရှေ့တွင် ဖြောင့်ချက်ပေးခဲ့လေသည်။

စခန်းမှူး ဦးခင်ဦးသည် ခက်ခက်၏ဖြောင့်ချက်အရ တောင်ညိုလေးရွာသား တင်မောင်ထွေး အား လိုက်လံ ရှာဖွေဖမ်းဆီးပြီး သက်သေ အထောက်အထားများကို စုဆောင်းကာ ခက်ခက်ကိုပါ စစ်ကိုင်း မြို့နယ် တရားရုံးသို့ တရားစွဲတင်ခဲ့လေသည်။

ဝ ဝ

ကိုဖေသောင်းသည် ခက်ခက်ကိုချစ်သည်၊သူ့အချစ်က သူများ နှင့်မတူ အရာရာကို ခွင့်လွှတ်နိုင်သော၊ နှလုံးသား နှင့် အချစ်အပြစ် ဟူသမျှကို လျစ်လျူရှုနိုင်သော နှလုံးသားနှင့် အချစ်ပင် ဖြစ်သည်။

သို့သော်....သို့သော် သစ္စာနှလုံးသားရှိသော ကိုဖေသောင်း တယောက် ဘဝကို အရှုံးပေးသွားရသလို မေတ္တာရှင် မလေး ခက်ခက် မှာလည်း အရှုံးသမား ဖြစ်ခဲ့ရရှာလေပြီ-

အကြောင်းမူကား

ခက်ခက်က ကြိုးဒဏ်။

တင်မောင်ထွေး ထောင်ဒဏ် (၁၀)နှစ်။

သက်လွင်ဦး

★

## ရေအဆုံး

## ကုန်းတဝက်ဆိုပေမယ့်

လေးအိမ်စုရွာရှိ စက်သူဌေး ဦးမြ၏အိမ်သို့ ညဖက် တွင်ဒမြဝင်တိုက်သည်။ သူကြီးက သံချောင်းခေါက် ချက် ပေးသဖြင့် ရွာသားများဝင်လာသည်။ ဒမြများ သေနတ် ပစ်ဖောက်၍ ပည်စွေးများသယ်ကာ လှေဖြင့် ထွက်ပြေးကြ သည်။ ရေစပ်တွင် တိုင်ကပ်နာရီတလုံးနှင့် ငွေအချို့ ကျ ကျန်ခဲ့သည်။

မိုးလင်းသောအခါ ရွာသားဖြစ်သူလှမြင့်က ရေထဲမှ နာရီနှင့် ငွေအချို့ကိုကောက်ရသည်။ ရေအဆုံးကုန်းတဝက် ဟူသော စကားအရ လှမြင့်က ငွေကိုသုံး၍ နာရီကိုခရောင်း လိုက်သည်။

ဥပဒေ သဘောအရဆိုပါလျှင် လှမြင့်သည် ပုဒ်မ ၄၀၃ ရာဇဝတ်မကင်းသောပစ္စည်းအလွဲသုံးစားမှုကို ကျူး လွန်လိုက်ခြင်းပင် ဖြစ်သည်။

# ကြိုးတိုက်မှအပြန်

ကျော်မြသန်း



ကြီးကျယ်ပသော ရာဇဝတ်မှုခင်းကို ကျူးလွန်မိကာ ကြိုးစင်ကို တက်ရအံ့ဆဲဆဲ လူတစုနှင့်

ကံကြမ္မာ၏ အလှည့် အပြောင်းကို ရင်ခုန်စရာ တင်ပြထားသော ဇာတ်လမ်းကို သံဝေဂယူရော ဖတ်ရှုနိုင်ပါမည်။

တစ်

ရန်ကုန်ထောင်မှာ ကျွန်တော်တို့ ပျော်နေကြသည်။

မရောက် ဖူးသော နေရာ၏ အတွေ့ အမြင်သစ် များ ကြောင့် တကြောင်း၊ အပူအပင် သောက နှင့် နောက်ဆံတင်းစရာ မရှိသော ကျောင်းသားအရွယ်တွင် ပုဒ်မ-၅ နှင့် အဖမ်းခံရ သည်ကို ဂုဏ်ယူဝင့်ကြွား လိုသော လူငယ်ဘာဝ စိတ်ဓာတ် ကြောင့် တကြောင်း ရိုက်နှက်ညှင်းပန်း နှိပ်စက်ခြင်းမရှိပဲ၊ အစား အသောက် အလျှံပယ် စားသောက် နေရသည်က တကြောင်း၊ နှစ်ဆယ် ပတ်ဝန်းကျင် သက်တူရွယ်တူ လူငယ်များ စုစုဝေးဝေး စားလိုက် သောက်လိုက် ရောက်တတ်ရာရာများပြောကြဆိုကြ၊ ရယ်ကြမောကြ၊ ဆော့ကစား လိုက် နေ ရ သည် က တကြောင်း တို့ကြောင့် ထောင်ထဲရောက်နေပေသည့် ကျွန်တော်တို့ နေကြသည်။

အိပ်ဆောင် ပိတ်ပြီး သည်နှင့် ဝိုင်းဖွဲ့ ကြသည်။ စကားဝိုင်း မှ ထွက်လာသည့် တဝေါဝေါ ရယ်သံများမှာ၊ အ ချိန် အ ကန့် အ သ တ်



အချိန်အကန့်အသတ်မရှိ အိပ်ချင်သည့်အချိန်ကျမှ အိပ် ကြ သည်၊

ကျွန်တော်တို့မှာ အဖမ်းခံရပြီး ထောင်ထဲ ရောက်နေ သူများ နှင့် မတူ ရက် ရှည် ခရီး ပျော်ပွဲစား ထွက်လာသူများ သို့နှယ်ရှိကြချေ၏။

အချိန်မှာ ၁၉၄၀ ခုမတ်လ။

လွတ်လပ်ရေးပြီးချိန် ခါသမယ။

ကျွန်တော်တို့ကို ထ.. သည့်

အဆင့်မှာ စပယ်ရှယ်ကလပ်(စ်) ဒါပေသည့် ထောင်ကျေဓး သည့် အစားအသောက်ကို လုံးဝ ဂရုမစိုက်၊ မိဘများက ထောင်ဝင်စာ ပို့သည့် အစား အသောက်များမှာအလျှံပယ်။ တခေါက် ပို့ထားသည့် အစား အသောက် တွေ ကောင်မကုန်သေး၊ နောက်ထပ် အသွစ်၊ အသစ်တွေ ရောက်လာသည်။

ကောင်း ကောင်း စား ပြီး ပျော်ပျော်ပါးပါး နေခဲ့ ကြသည်။

ရန်ကုန်ထောင်မှာ ကျွန်တော်တို့ပျော်နေကြသည်။

နှစ်

ထောင် ပိုင် ကြီးက ဦးဆိတ်။

ထောင် မှူး ကြီး က မစ္စတာ ဘားဂီး။

နှစ် ယောက် စလုံး သ ဘော ကောင်းသည်။ ထောင် ပိုင် ကြီး ဦးဆိတ်မှာ ဆရာစံကို ကြိုးပေးစဉ်က ထောင်မှူးလေးအဖြစ် ပါဝင်ခဲ့ရသူဖြစ်သည်။

ကျွန်တော် တို့ကို ထောင်ထဲမှာ ဆူဆူပူပူ မလုပ်ကြဖို့ ပြောပြီး အလွန် အကျွံ အချုပ် အချယ် မလုပ်ပဲ လွတ်လွတ်လပ်လပ် နေထိုင်ခွင့်ပေးခဲ့သည်။

အ ချုပ် ဆောင် သွား လည် လိုက်၊ ထောင်ကျများ အဆောင်သွား လည် လိုက်နှင့် သူတို့အမှုကြောင်းတွေ မေးပြီး စိတ်ဝင်စားရှိရသမို့ တရက်၊ တရက်ဘာမှနေလိုက် ရသည် မထင်ရအောင် ပင် အချိန်ကုန်လွယ်ခဲ့၏။

ထောင်ကျ လူဆိုးများကို သီးခြားခွဲထားသည့် မိုးကြိုးတိုက် ကိုလည်း ရောက် လာ သည်။ ကြိုးသမားများကို ထား သည့် ကြိုးတိုက် ကိုလည်း ရောက် သည်။ ထောင် ကျများ အလုပ် ဆင်းရသည့် အလုပ် ဘက် ကိုလည်း ရောက်သည်။

ကျွန်တော်တို့ မသွားရသည်မှာ နှစ်နေရာပဲရှိသည်။

မိန်းမထောင်နှင့် အမှတ်(၈)ဆောင်။

မိန်းမထောင်မသွားရသည်ကိုတော့ ဘာကြောင့်ဟု အထူးဖော်ပြရန် လိုမည် မဟုတ်သော်လည်း အ မှ တ် (၈) ဆောင်မသွား ရသည်ကိုမူ ဖော်ပြရပေမည်။

အမှတ် (၈) အဆောင်မှာ ဂျပန်ပြည်ကို ပြန်ပို့နေသည့် စစ်သုံ့ပန်း များ ထဲမှ သဘော်ရက်ပတ်စောင့်နေရသည့်၊ သုံ့ပန်းများကို ထား သော ကြောင့် ဖြစ်၏။ သုံ့ပန်း များနှင့် အဆက် အဆံမလုပ်ရန် ကြပ်တည်းစွာ တားမြစ်ထားသည်။ ဂျပန် သုံ့ပန်းများကို ကြည့်၍ ကျွန်တော်တို့ စိတ်ဝင်စားအားကျ ခဲ့တာ တခုရှိသည်။

မနက် နေထွက်တပြုတွင် သူတို့ တန်းစီကြသည်။ ရရာအဝတ်အတို အစများနှင့် ဖာထေး ထားသည့် သူတို့ ယူနီဖောင်း များကို ဝတ်ဆင်ကြပြီး၊ တန်းစီကြသည်။ ကာနယ် အဆင့်ရှိသည့် သူတို့၏ ခစ် ဗိုလ် ကြီး ကို ညီ ညာ ဖျ ဖျ အလေး ပြုကြသည့် အခါ အားမာန်ပါပါ အော်လိုက်သည့် အသံမှာ ဟိန်း၍ ဟိန်း၍ ထွက် လာသည်။ ဝတ္တရားအရ လုပ်ရသည့် ပုံစံမျိုးမဟုတ်ပဲ စိတ်ပါ လက်ပါ လုပ် ကြ သည့် ဟန်မှာ ပေါ်လွင်လွန်းလှ၏။

ကာ နယ် ကြီး က လ ည်း နေ့တိုင်း မိန့်ခွန်းပြောသည်။

ဓားမပါပေသိ သူ၏လက်နှစ်ဘက်မှာ ထောက်ထားသည့် ဓားရှိုးပေါ်တွင် တင်ထားသည့် ဟန် အပြည့်၊ ကိုယ်နေဟန်ကို ပြင်ပြီးမှ မိန့်ခွန်းပေးသည်။

မိန့်ခွန်းပေးတိုင်းသူ၏အသံမှာ ကျယ်သလောက် ဒေါသ ဟန် ပါသည်။

ကာနယ်ကြီး၏မိန့်ခွန်း ပြီးဆုံးသွားသည်နှင့်နေထွက်ရာ ဘက်သို့ အားလုံး မျက်နှာမူပြီး 'တင်နော် ဟေကာ ဘန်ဇိုင်း' ဟူ၍သုံးကြိမ် သုံးခါအော်သံမှာ အထက်ဘဝင် သို့တိုင်ပျံ့လွင့် သွားလေ မည်လား ဟု ထင်ရအောင် ကျယ် လောင်လှ၏။

ဘုရင်မင်းမြတ်ကို အ လေး ပြုပြီးသည်နှင့်ကာနယ်ကြီးကဟန်ပါပါလှည့်ထွက်သွားသည်။ ပြီးတော့ တန်းဖြုတ် လိုက်ကြ သည်။

ဂျပန် စစ်သုံ့ ပန်းများ ရှိနေသည့်အဆောင်ကိုမူ လုံးဝ သွားခွင့်မပြုပေ။

ဂျပန်စစ်သုံ့ပန်းများကို စိတ်ဝင်စားခဲ့ရသလို၊ သေမိန့် ချမှတ်ခံရပြီး သေမည့်ရက်ကိုစောင့်မျှော်နေကြသည့်၊ စိတ် ဝင် စား စရာ လူသား လေးဦးလည်း ရှိနေကြပြန်သည်။

သူတို့လေးဦးမှာ၊ နိုင်ငံတော်

လုပ်ကြံမှု တရားခံများ ဖြစ်ကြသော....

စိန်ကြီး

ရန်ကြီးအောင်

မောင်နီ

တင်မောင်ရင် တို့ပါတည်း။

(၁သုံး)

နိုင်ငံတော်လုပ်ကြံမှု တရားခံများကို၊ ကြိုးပေးရန် ရက်သတ်မှတ်လိုက်ပြီ။

၁၉၄၈-ခု မေလ(၈)ရက်။

ရန်ကုန်ထောင် ကြိုးတိုက် ထဲတွင်ရှိသော၊ အခြားတရားခံများကို မိုးကြိုး တိုက် သို့ ခေတ္တ ရွှေ့ပြောင်းထားလိုက်ပြီး၊ သူတို့လေးယောက်ကိုသာ ရန်ကုန် ထောင်ကြိုးတိုက်ထဲတွင်. သီးသန့်ထားရှိခဲ့၏။

သူတို့စောင့်ကြပ် ရန် ချထားသည့် ဝါဒါများမှာ၊ မူလထောင်မှူထမ်း ဝါဒါများ မဟုတ် ပေ။ ပြည်သူ့ရဲဘော်တပ်ဖွဲ့ ဌာနချုပ်မှ ရွေးချယ် လွှတ်ပေးပြီး အရေးပေါ် ခန့်အပ်လိုက်သည့်၊ အထူးဝါဒါ ဖြစ်ကြ၏။

သူတို့လေးယောက်အား ရန်ကုန် ထောင်ကြီးတိုက် အခန်းအမှတ် (၇)(၈)(၉)(၁၀) တို့တွင် ထားရှိပြီး 'ကြိုးတိုက်ပတ်ဝန်းကျင်တွင် အသွားအလာမရှိစေရန် အမိန့်ထုတ်ပြီး အစောင့်များ တင်းကြပ်စွာ ချထားခဲ့သည်။

အခန်းအမှတ် (၇) တွင် မောင်နီ။

အခန်းအမှတ် (၈) တွင် ရန်ကြီးအောင်။

အခန်းအမှတ် (၉) တွင် ခင်မောင်ရင်။

အခန်းအမှတ် (၁၀) တွင် စိန်ကြီး။

သူတို့လေးယောက်ကို အခြားလူသားများထက် ထူးခြားသူများဟု ဆိုရမည်။ ကိုယ့်ကိုယ်ကို ဘယ်နေ့၊ ဘယ်အချိန် သေရမည်ကို သိနေကြသူများ ဖြစ်သောကြောင့်ပါတည်း။

မေလ (၇) ရက်။

နောက်တနေ့မနက် အာရုဏ်အချိန်တွင်သူတို့သေရတော့မည်။

မေလ (၇)ရက်၊ မနက်(၆)နာရီမှတွက်လျှင် သူတို့ လူ့လောကတွင် ဆက်လက် အသက်ရှင်နေရမည့်အချိန်မှာ နာရီပေါင်း နှစ်ဆယ်ကျော် လေး မျှသာ ရှိတော့သည်။



မေလ(၇)ရက်နေ့မနက် မျက်နှာသစ်ရန် ကြိုး တိုက် ခန်း ထဲ မှ တယောက်စီထုတ်လာသည့်အခါ စိန်ကြီး တယောက်မှ လွဲ၍ ကျန်သုံးယောက်စလုံး၏ မျက်နှာများမှာ ညှိုး ငယ် လွန်း နေ သည်။ ညဥ့်က အိပ်စက်ခြင်းကို စွန့်လွှတ်ခဲ့ ရ ကြောင်း သူတို့၏ မျက်လုံးအနေ အထားများက ဖော်ပြနေသည်။

ရန်ကြီးအောင်က တနေ့လုံး ဘုရား ဆီ မီး ပူဇော်၍ ပုတီးစိပ်ဝတ်ပြုနေသည်။

ခင်မောင်ရင်ကအိပ်ယာထဲမှာ ပက်လက်လှန်ပြီး နဖူးပေါ် လက်တင်၍ စဥ်းစားနေသည်။

မောင်နီက သံ တိုင် နား မှာ ထိုင်ပြီး ဂဠုန် ဦးစောကို ဆဲဆိုကြိမ်းမောင်းနေသည်။

စိန်ကြီးကကြိုးတိုက်ခန်းထဲမှာ စီးကရက် သောက်ယင်း ခေါက်တုံ့ ခေါက် ပြန် လမ်း လျှောက်နေသည်။

သူ တို့ လေး ယောက် စ လုံး မနက်အာရုဏ်တက်တွင် ကြိုးစင်ပေါ် တက်ရတော့မည်မှာသေချာနေပြီ။

သို့သော် ကံကြမ္မာ ဆိုသည်မှာ....

လေး

ညနေ (၄)နာရီ။

ထောင်ပိုင်ကြီးနှင့် ထောင်မှူးကြီးတို့ ကြိုးတိုက်ထဲ ဝင်လာကြသည်။ သူတို့၏ ခြေလှမ်းများမှာ အခန်းအမှတ် (၇) ရှေ့တွင် ရပ်တန့်သွားသည်။

မောင်နီကို ကြိုးမိန့်လွှတ်သည့် အမိန့်ရောက်လာကြောင်း ပြောပြသည်။

မောင်နီက ထောင်ပိုင်ကြီးကို ကြောင်တောင်ကြီးငေးပြီး ကြည့်နေသည်။ သံတိုင်ကိုကိုင်ပြီး မတ်တတ်ရပ်နေသည့် မောင် နီ မှာ မလှုပ်မရှက် တောင့်တောင့်ကြီး။ ထောင်ပိုင်ကြီးက သူ၏ ပခုံးကို ပုတ်လိုက်တော့မှ တုန်လှုပ် ထိတ်လန့်သွားသလိုဖြစ်ပြီး ထောင်ပိုင်ကြီး ဘာပြောလိုက်သည်ကို ပြန်မေးခဲ့ရသည်။

မှင်သက်မိသွားသည်။ ကြက်သေ သေသွားသည်။ ကိုယ့်နားကိုယ်မယုံ ဆိုသော ပမာ စကားများကို ထို စဥ် က မောင် နီ ဖြစ်

သွားပုံနှင့် တင်စား ပြောရ မည် ထင်သည်။

ခင်ခေါင်ရင်မှာ ထောင်ပိုင်ကြီး စကားကို ကြားလိုက်စဉ်က တော့နံမလှုပ်ကျောက်ရုပ်၊ မျက်ရည်များ စီးကျလာပြီး ထောင်ပိုင်ကြီးကို ထိုင်ကန်တော့ခဲ့သည်။

သူတို့ပစ္စည်းများကို သိမ်းခိုင်းလိုက်သည်နှင့် နှစ်ယောက်စလုံး ကြိုးတိုက်ခန်း ကျဉ်းကျဉ်းကလေးထဲမှာ ခုန်ပေါက်မြူးတူးသွားကြသည်။

သူတို့နှစ်ယောက်ကြိုးတိုက်က အထွက်ဘွင် အပြုံး ဘယ်သို့ ရှိမည်ကို စာရေးသူဘယ်သို့ဖော်ပြရမှာပါ။

ဒါး

လွယ် အိတ် ကလေး များ လက် က ဆွဲ လျက် အဆောင် အမှတ် (၅)ဝင်းထဲသို့ ဝင်လာသူ နှစ်ယောက်ကို စောင့်ကြို ကြည့်နေကြသည်။ ကျွန် တော် တို့ မှာ သူတို့ကျူးလွန်ခဲ့သည့် အပြစ်များကိုမေ့ပျောက်သွားပြီးသေတွင်းမှ လက်မတင်ကလေး လွတ်လာသူ နှစ်ယောက်ကို ဖေးမကူညီဖို့စိတ်စောလျက် ရှိနေကြ၏။

သူတို့ နှစ် ယောက် စ လုံး မှာ ခေါင်းကလေးများ ငုံ့ ထား ကြသည်။

သူတို့မျက်နှာပေါ်တွင် ကျူးလွန် မိ သော ပြစ် မှု အ တွက် နောင်တရသည့် အရိပ်မှာ ထင်းထင်း ပပ ပေါ်လွင်နေသည်။

သူတို့၏ မျက်လုံးအိမ်ထဲတွင် မျက်ရည်များ ရစ်သိုင်းလျက်။

လူသားအချင်းချင်းပေါ် ထားရှိအပ်သော နှလုံးသားမှ ဖြစ်ပေါ်လာသည့် ကြင်နာမှု၊ စာနာမှု တရားများသည် အပြစ်ဟူသမျှကို မမြင်သာအောင် ဖုံးကွယ် လိုက်လေပြီ။

နှလုံးသားမှ ပေါက်ဖွားလာသော ကြင်နာမှု၊ စာနာမှုတရားများသည် ဟန်ဆောင်မှု ကင်းပသော လောက၏ မပြောင်းလဲ တတ်သည့်အလှတရားများဟု ဆိုရမည်ပါတည်း။

ကျော်မြသန်း



# ဥပဒေရေးရာ သိမှတ်ဖွယ်များ

## ဖြစ်မှုဥပဒေနှင့် တရားမ ဥပဒေ ခြားနားချက်

[မောင်သိန်းညွန့် ☆ ကော့ကရိတ်]

လူ့ဘဝတွင် လူမှုပြဿနာများရင်ဆိုင်ရတတ်တိုင်း အသက်တရာ မနေရသော်လည်း အမှုတရာ တွေ့ရတတ်သည်ဟု ကျွန်တော်တို့ တင်စား၍ ဆိုတတ်ကြသည်။ မှန်ပါသည်။ ရှောင်လွှဲ၍မရသောအခါ ကျွန်တော်တို့သည် အမှုအမျိုးမျိုးကိုရင်ဆိုင်ဖြေရှင်းရပါသည်။

တိုရင်ဆိုင်ရသော အမှုများကို ဥပဒေရေးရာအမြင်အရ ခွဲခြားကြည့်လျှင် ပြစ်မှု၊ အမှုနှင့် တရားမမှုဟူ၍သာ ရှိပါသည်။ ပြစ်မှုအမှုကို ပြစ်မှုဆိုင်ရာ ဥပဒေအရ ဆုံးဖြတ်သကဲ့သို့ တရားမမှုများကို တရားဥပဒေအရ စီရင်ဆုံးဖြတ်ပေးရပါသည်။ ထိုသို့ စီရင်ဆုံးဖြတ်ပေးနိုင်ရန် ဥပဒေက တရားမျှတမှုကို လမ်းကြောင်း ထိန်းကွပ်ပေးထားပါသည်။

ဥပဒေ၏ ရည်မှန်းချက်ဖြစ်သောတရားမျှတမှုကို ပြစ်မှုကြောင်းအရ အမှုဖြစ်ပွားသည့် အခါ၌လည်းကောင်း၊ တရားမကြောင်း အရ အမှုရင်ဆိုင်ရသည့် အခါ၌လည်းကောင်း ခံစားနိုင်ရန် လူတိုင်းတရားဥပဒေကို အခြေခံအားဖြင့် တတ်သိနားလည် ထားသင့်ပေသည်။ အထူးသဖြင့် ပြစ်မှုဥပဒေနှင့် တရားမဥပဒေ၏ ခွဲခြားမှုကို အကြမ်းအားဖြင့် သိထားရန်လိုအပ်ပေသည်။

ပြစ်မှုဆိုသည်မှာ နိုင်ငံဥပဒေပြု အဖွဲ့အစည်းက ပြည်သူများလိုက်နာရန်၊ ရှောင်ကြဉ်ရန် သတ်မှတ်ထားသောဥပဒေကိုမလိုက်နာသဖြင့် နိုင်ငံက ပြစ်ဒဏ်ချမှတ်သော အမှုအခင်းများကို ခေါ်ဆိုပေသည်။ ပြည်သူ့တရားသူကြီးအဖွဲ့ ဥက္ကဋ္ဌ သူရဦးအောင်ဖေက 'ပြစ်မှုဆိုသည်မှာ ဥပဒေကတားမြစ်ထားသော အချက်ကို ကာယကံ မနောကံ အပြစ်များဖြင့် ကျူးလွန်ခြင်းဟု ဆိုရမည်ဖြစ်ကြောင်း' ဖွင့်ဆို ထောက်ပြခဲ့ပါသည်။

ယခင် ရာဇသတ်ကြီးဟု ခေါ်ဆိုခဲ့သော ပြစ်မှုဆိုင်ရာဥပဒေနှင့် ပတ်သက်၍ ဥပဒေပညာရှင် နိုင်ငံတော်ကောင်စီဝင် ဒေါက်တာမောင်မောင်က တရားဥပဒေ အထွေထွေ ဗဟုသုတစာအုပ်တွင် အောက်ပါအတိုင်း ဖွင့်ဆိုထောက်ပြခဲ့ပါသည်။

'ပြစ်မှုဆိုင်ရာဥပဒေဆိုသည်မှာ မည်သို့ပြုလုပ်လျှင်၊ မည်သို့ပြုလုပ်ရန် ပျက်ကွက်လျှင် ပြစ်မှုမြောက်လိမ့်မည်၊ မည်သည့်ပြစ်ဒဏ် သင့်လိမ့်မည်ဟု ပြဋ္ဌာန်းသည့် ဥပဒေမျိုးဖြစ်သည်။ ပြစ်ဒဏ်သည် ပြစ်မှု၏ အခြေခံအင်္ဂါရပ်ဖြစ်သည်။'

ဆိုလိုသည်မှာ ပြစ်မှုဟူသည် အများပြည်သူကို ပြစ်မှားခြင်းဖြစ်သဖြင့် အများပြည်သူကိုယ်စား နိုင်ငံတော်က တရားစွဲဆိုပြီး တရားရုံးက ထောင်ဒဏ်၊ ကျွန်းဒဏ်၊ သေဒဏ်၊ ငွေဒဏ်စသော ပြစ်ဒဏ်များဖြင့် အဆုံးအဖြတ်ပေးရသည်။ သို့ကလို အဆုံးအဖြတ် ပေးရခြင်းမှာ ပြစ်မှုဖြစ်ပွားလျှင် နစ်နာသူ ကာယကံရှင်သာမက နိုင်ငံတော်၏ လုံခြုံရေး၊ အများပြည်သူ အေးချမ်းသာယာရေးကို ထိပါးခြင်း ဖြစ်၍ ဥပဒေကို ဆန့်ကျင်ချိုးဖောက်ရာ ရောက်သည်။ တရားမမှုသည် ပြစ်မှုနှင့် ခြားနားပါသည်။ တရားမမှု ဆိုသည်မှာ လူ့အဖွဲ့အစည်းအတွင်း (သို့မဟုတ်)နိုင်ငံအတွင်း လူပုဂ္ဂိုလ် တဦးချင်းတို့နှင့်သာ သက်ဆိုင်သော အခွင့်အရေးနှင့် တာဝန်များ၊ ပစ္စည်းဥစ္စာနှင့် ပတ်သက်သော ကိစ္စရပ်များတွင် နစ်နာဆုံးရှုံးမှုရှိလျှင် ယင်းဆုံးရှုံးမှုနစ်နာမှုအတွက် သက်သာမှုရစေရန် ဆောင်ရွက်ပေးခြင်းဖြစ်သည်။

ဥပဒေပညာရှင်နိုင်ငံတော်ကောင်စီဝင်ဒေါက်တာမောင်မောင်က တရားမမှုဟူသည် "ပြစ်မှုဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေများကို တရားမဥပဒေဟု ခွဲခြားခေါ်ဝေါ်တတ်သည်။ တရားမဆိုသည့် စကား အဓိပ္ပာယ် မပြည့်စုံပါ။ တရားမ ကိစ္စများသည် များသောအားဖြင့် ကတိပျက်မှု၊ ကြွေးမြီမှု၊ ပစ္စည်းရလိုမှု၊ လျော်ကြေးရလိုမှု၊ ကတိအတိုင်းဆောင်ရွက်ရန် ပျက်ကွက်သဖြင့် တရားရုံးမှဆောင်ရွက်စေ အမိန့်ရလိုမှု စသည်တို့ဖြစ်သည်၊ ခိုင်းသည့်အတိုင်း ဆောင်ရွက်နိုင်ခြေမရှိတော့လျှင် လျော်စေရသည်။ ထို့ကြောင့် တရားမမှု ခေါ်ခြင်းထက် ငွေမှုခေါ်ခြင်းက အများစု တရားမမှုများ အတွက် ပိုမိုလျော်ကန်ပေလိမ့်မည်"ဟု ရေးသားခဲ့ပါသည်။

ဆိုလိုသည်မှာ တရားမမှုသည် နိုင်ငံတော်နှင့်မဆိုင်။ ကာယကံရှင် ပြည်သူအချင်းချင်းသာ သက်ဆိုင်သည်။ ပြည်သူတဦး၏ ဥပဒေအရ ရရန်ရှိသော အခွင့်အရေး ပိုင်ဆိုင်ခွင့် တခုခုကို အခြား ပြည်သူ

တဦး သို့မဟုတ် အဖွဲ့အစည်း တခုက ထိပါးလာလျှင် သို့မဟုတ် တာဝန်ပျက်ကွက်လာလျှင် လျော်ကြေးငွေပစ္စည်း အစရှိသည်တို့ကို ပြန်လည်ရရှိရန် တရားရုံးသို့ တရားမကြောင်း စွဲဆိုခွင့်ရှိပေသည်။

ပြစ်မှုတွင် ပြစ်မှု၏ အခြေခံအင်္ဂါရပ်သည် ပြစ်ဒဏ်ဖြစ်သော်လည်း တရားမမှုတွင် တရားဥပဒေကို ချိုးဖောက်သူသည်ပြစ်ဒဏ်မခံရပေ။ လျော်ကြေးပေးခြင်း၊ ပစ္စည်းပေးအပ်ခြင်းနှင့် တာဝန်ယူသည့်အတိုင်းဆောင်ရွက်ခြင်းစသည်တို့ကိုပြုလုပ်ရန်သာ တာဝန်ရှိသည်။ ပြစ်မှုနှင့် တရားမမှုတို့၏ ခြားနားချက်ကို တရားစီရင်ရေး၏ ရည်ရွယ်ချက်တွင်လည်း တွေ့ရှိရပါသည်။ ပြစ်မှုဆိုင်ရာ တရားစီရင်ရေးတွင် ပြဒဏ်ချမှတ်ရာ၌ (၁) ဟန့်တားစေသောပြစ်ဒဏ်ပေးခြင်း၊ (၂) ခဆာင်ရွက်နိုင်စွမ်းမရှိသော ပြစ်ဒဏ်ပေးခြင်း၊ (၃) အမူအကျင့်ပြုပြင်လိုသော ပြစ်ဒဏ်ပေးခြင်း၊ (၄) ထိုက်သင့်သော ပြစ်ဒဏ်ပေးခြင်းတို့ကို ဦးတည်သည်။

တရားမမှုများတွင် တရားစီရင် စစ်ဆေးပြီးပါက ဆုံးဖြတ်ချက်များမှာ လျော်ကြေး၊ အကြွေးပြန်လည်ပေးဆပ်ရေး၊ တားမြစ်အမိန့်၊ သီးခြားဆောင်ရွက်ခြင်းဆိုင်ရာ အမိန့်ဒီဂရီ၊ မြေလက်ဝယ်ရှိမှုကို လွှဲပြောင်းပေးသောအမိန့်၊ လင်မယားကွာရှင်းခွင့် အမိန့်ဒီဂရီ စသောသက်သာခွင့်များဖြစ်ပါသည်၊ ယင်းသက်သာခွင့်များကို နစ်နာသူရရှိအောင် တရားရုံးက ဆောင်ရွက်ပေးခြင်းဖြစ်ပါသည်။

သို့ရာတွင်အချို့အမှုများတွင် ယေဘုယျအားဖြင့်တရားမမှုတွင်ရော ပြစ်မှုတွင်ပါ ပြစ်ဒဏ် ပေးပုံချင်း တူညီနေသည်ကို တွေ့ရပါသည်။ ပုံစံအားဖြင့် တရားမရုံးအနေဖြင့် သူတပါး၏ အသရေဖျက်သူကို ဒဏ်ငွေပေးရန်စီရင်ဆုံးဖြတ်ခြင်း၊ တားမြစ်အမိန့်ကို ချိုးဖောက်သူအား တရားမ ထောင်ဒဏ်ချမှတ်ခြင်း စသော ပြစ်ဒဏ်ချမှတ်ခြင်းများသည် ပြစ်မှုဆိုင်ရာ စီရင်ဆုံးဖြတ်ချက်များနှင့် တူညီကြပေသည်။

မည်သို့ပင်ဖြစ်စေ၊ပြစ်မှုဆိုင်ရာ မှုခင်းများတွင် နစ်နာသူ မည်သူပင်ဖြစ်စေ၊ တရားလိုသည် နိုင်ငံတော် (အစိုးရ) ဖြစ်သည်။ တရားမအမှုတွင် နစ်နာသူက တရားလို အဖြစ် သတ်မှတ်ထားသော ရုံးခွန်ပေး



ဆောင်၍ အဆိုတင်သွင်းခြင်းဖြင့် တရားစွဲဆိုရသည်။ ထို့ပြင် ပြစ်မှုတခုကို တရားရုံးမှ စီရင်ဆုံးဖြတ်ရန် ရဲစခန်းမှ တရားစွဲဆိုခြင်း နည်းလမ်းနှင့် တရားလို ဦးတိုက်လျှောက်သော နည်းလမ်းဟူ၍ ရှိသည်။

ပြစ်မှုဆိုင်ရာ တရားစီရင်ရေးသည် အများပြည်သူအေးချမ်း သာယာ ရေးနှင့် နိုင်ငံတော်လုံခြုံရေးအရ နိုင်ငံတော်က တရားလိုလုပ်၍ စွဲဆိုခြင်းဖြစ်သဖြင့် နစ်နာသူမှာ မည်သည့်သက်သာခွင့်မျှ မခံစားရ၊ ဥပမာ- မောင်ဖြူက မောင်နီ၏ မျက်နှာကို ရုပ်ဆင်းပျက်အောင် ရိုက်နှက်လျှင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၃၅ အရ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ နှစ်ရပ်စလုံးဖြစ်စေ မောင်ဖြူ ပြစ်ဒဏ်သင့်စေရမည်၊ မောင်နီအနေဖြင့် မည်သည့်သက်သာခွင့်မျှမရနိုင်၊ သို့သော် မောင်ဖြူကြောင့် မောင်နီမျက်နှာ ရုပ်ဆင်းပျက်ရခြင်းကို တရားမကြောင်းအရ မနစ်နာမှုဥပဒေအရ တရားစွဲဆိုလျှင် တရားလို မောင်နီ၏ နစ်နာဆုံးရှုံးမှုအတွက် တရားပြိုင် မောင်ဖြူထံမှ လျော်ကြေးငွေ တောင်းယူရရှိနိုင်သည်၊ တနည်းအားဖြင့် တရားလိုကိုယ်တိုင် တိုက်ရိုက် သက်သာခွင့်ကို ခံစားနိုင်သည်။

ပြစ်မှုနှင့် တရားမမှု ခြားနားချက်တရပ်မှာ ပြစ်မှုတွင် တရားစွဲဆိုမှု အချိန် ကာလ ကန့်သတ်မှုမရှိပါ။ မည်သည့်အချိန်အခါတွင် ဖြစ်ခဲ့သော ပြစ်မှုပင် ဖြစ်လင့်ကစား အထောက်အထား ခိုင်လုံလျှင် အချိန်အခါမရွေး တရားစွဲဆိုနိုင်သည်၊ ဥပမာ- မောင်ဖြူသည် လွန်ခဲ့သောအနှစ် နှစ်ဆယ်က လူသတ်မှု၊ ဓားပြမှု ကျူးလွန်ခဲ့သည်ကို ယခုတွေ့ရှိလျှင် ပြစ်မှုကြောင်းအရ တရားစွဲဆိုပြီး ပြစ်ဒဏ်စီရင်နိုင်သည်။

တရားမအမှုတွင် ဤသို့မဟုတ်ပေ၊ ကာလစည်းကမ်းသတ် အက်ဥပဒေတွင် ဖော်ပြထားသည့်အတိုင်း သတ်မှတ်သော အချိန်အတွင်း တရားစွဲဆိုခြင်းမပြုလျှင် တရားမကျင့်ထုံး ဥပဒေအရ အမှုပလပ်ခြင်း ခံရမည်ဖြစ်သည်၊ ဥပမာ- သဘော်သား မောင်ဖြူသည် ၎င်း၏ သဘော်သားအခ မရလျှင် အခရသည့် ပင်လယ်ခရီးသွားရာ ခရီးဆုံးခန်းရောက်သည့်အခါမှစ၍ သုံးနှစ်အတွင်း တရားစွဲဆိုရမည်၊ ထိုသုံး

# ရောင်းသည်-ဝယ်သည်

နိုင်ငံခြားလုပ် မီးအာမခံသေတ္တာ၊ သံဘီရို၊ ဗိုက်ကယ်ဘိနက်နှင့် ပိုက်ဆံထည့် ကဲစ်ဘော့စ်အမျိုးမျိုးကို ရောင်းချနေပါသည်။

မှတ်ချက်။ ။အစိုးရရုံးများနှင့် သမဝါယမအသင်းများ၊ ပွဲရုံများအတွက် အထူးလျှော့ဈေးဖြင့် ပြုပြင်ရောင်းချပေးနေပါသည်။

သတိ။ " ။(ဆိုင်ခွဲမရှိ)

**ဂစ်(ဖ်)အင်တိတ်ကုမ္ပဏီ**

၁၀၆၊ ၁၀၈၊ ရွှေဘုံသာလမ်း၊ ရန်ကုန်။

(ဖုန်း-၇၅၆၇၅)

---

**ရှေးနှစ်ပေါင်း ခြောက်ဆယ်ကျော်မှ**

ယနေ့တိုင်နာမည်ကျော်ကြား လူသုံးများလျက်ရှိသော

**ဆရာကြီး ဦးလှမောင်၏**





နှင့်ကာလအတွင်း တရားမမှု စွဲဆိုခြင်း မပြုလျှင် ၎င်းအချိန် ကျော်သိန်း ပါက မောင်ဖြူသည် တရားစွဲဆိုခွင့် မရှိတော့ပေ။

ပြစ်မှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံ ဥပဒေအတွဲ (၈) တွင် ဖော်ပြ ထားသော ပြစ်မှုဆိုင်ရာဥပဒေ (ယခင်ရာဇသတ်ကြီး) နှင့် ယင်းပြစ်မှုကျူးလွန်သူကို စစ်ဆေးကြားနာရာ၌ လိုက်နာကျင့်သုံးရမည့် လုပ်ထုံး လုပ်နည်းများကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ (ယခင်ရာဇဝတ်ကျင့်ထုံး ကိုဓ ဥပဒေ) တို့ကို အဓိကထား လေ့လာသင့်ပါသည်။ ပြစ်မှုဆိုင်ရာ ဥပဒေတွင် အခန်း ၂၃- ခန်းပါရှိပြီး၊ ပုဒ်မ ၅၁၁ ခု ပါဝင်သည်။

အမှုသည်များ၏ အဆိုအခြေပေါ်တွင် အနိုင်အရှုံးကို ဆုံးဖြတ်သော တရားမစွဲဆိုခြင်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံ ဥပဒေအတွဲ(၁၂) တွင် တရားမကျင့်ထုံးဥပဒေ ဖော်ပြထားသည့် တရားမကျင့်ထုံး ဥပဒေတွင် ပုဒ်မ၊ အမိန့်- နည်းဥပဒေ စသည့် အပိုင်းများ ပါဝင်သည်။ တရားမကျင့်ထုံးဥပဒေ၏ ပုဒ်မပေါင်း ၁၅၃- ခု၊ အမိန့် ၅၄ နှင့် ယင်းနှင့် ဆိုင်ရာနည်းဥပဒေကို လေ့လာမှသာ တရားမ မှုခင်းများကို ကိုင်တွယ်နိုင်မည် ဖြစ်ပါသည်။ အထူးသဖြင့် တရားမမှုဟူသည် ငွေကြေးတတ်နိုင်သူများသာ စွဲဆိုနိုင်သည်မဟုတ်၊ လုံလောက်သော အကြောင်းရှိလျှင် ဆင်းရဲနွမ်းပါး၍ ရုံးခွန် မထမ်းဆောင်နိုင်သူများလည်း မိမိဆင်းရဲကြောင်း အထောက်အထားပြကာ လူမွဲမှုစွဲဆိုခွင့်ပေး ထားကြောင်းသိရှိနိုင်ပေသည်။

ပြစ်မှုနှင့် တရားမမှုများလေ့လာရာတွင် ထူးခြားသော ဥပဒေ ရေးရာတရပ်မှာ တရားမရှိ၍ ပြစ်မှုကို ဆိုင်းငံ့သင့်သလား ဆိုသည့် ပြဿနာပင်ဖြစ်ပါသည်။ အထူးသဖြင့် အချင်းပွားသည်နှင့်ပတ်သက်၍ တရားမမှုနှင့် ပြစ်မှုအရ တပြိုင်တည်း စွဲဆိုသည်ကို တချို့သော အမှုများတွင် တွေ့ရပါသည်။ တရားလို တရားခံ တူညီပြီး အချိန် ကြာမြင့်

သော တရားမ တွင် အပေါ်စီးရရန် (သို့မဟုတ်) ဖြတ်လမ်းလိုက်ရန် ပြစ်မှုကြောင်းအရ တရားစွဲဆိုခြင်းပြုသကဲ့သို့ ပြစ်မှုကြောင်းမှဖြစ်ရပ်ကို အကြောင်းပြုပြီး တရားမကြောင်းအရ နှင်လိုမှုစွဲဆိုနိုင်ရန် အကြောင်းပြုလေ့ ရှိကြသည်။ ထိုသို့ အပြိုင် အဆိုင် စွဲဆိုမှုများနှင့် ပတ်သက်၍ မိုဟာမက်ယာစင်နှင့် အဗ္ဗဒူရာမန် ၁၉၅၇ လွှတ်တော် ၁၀၂ တွင် 'တရားမမှု မဆုံးဖြတ်မီ ပြစ်မှုကို ဆိုင်းငံ့သင့် မသင့်နှင့် မည်သည့်အခါ ဆိုင်းငံ့ရမည်ဆိုခြင်းကို လေ့နံ့စားထစ် ပုံသေကားချပ် မှတ်ရန် မဖြစ်နိုင်ပေ။ ပြစ်မှုကို ရပ်ဆိုင်းရန် သင့် မသင့်မှာ အမှု အသီးသီး၏ အဖြစ်အပျက်ပေါ် မူတည်၍ နှစ်ဘက် အမှုသည် များ၏ အကျိုးကို စဉ်းစားပြီး တရားရုံးက ဆုံးဖြတ်ရန်ဖြစ်ပေသည်။' ထို့ပြင် ဗဟိုတရားရုံးမှ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၄၃၀(ခ)/၁၉၇၄ ဒေါက်တာခင်မောင်ဝင်းနှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် (ဒေါ်သန်းတင်)အမှုတွင် ဒေါက်တာခင်မောင်ဝင်းအပေါ် ဒေါ်သန်းတင်က အလွဲသုံးစားမှု၊ လိမ်လည်မှု တို့ဖြင့် တရား စွဲထားခြင်းနှင့် ပတ်သက်၍ 'ဤအချက်မှာ သက်သေများနှင့် သက်သေခံအထောက်အထားများကို ကြားနာ စိစစ်ပြီးမှသာ ဆုံးဖြတ် နိုင်ဘွယ်ရာ ရှိပေလိမ့်မည်။ ကျွန်ုပ်တို့အနေဖြင့်လည်း ယခုအချိန်တွင် မည်သို့မျှ ထင်မြင်ချက် ပေးရန် သင့်လျော်မည်မဟုတ်ပေ။ ဗဟိုဥပဒေရုံးအတွက် လိုက်ပါဆောင်ရွက်သော အကျိုးဆောင်က ဤကဲ့သို့ အ ကြောင်း ခြင်း ရာ တခုတည်းပေါ်တွင် မူတည်၍ ပြစ်မှုဆိုင်ရာနှင့် တရားမကြောင်းတို့ကို ပြိုင်တူ တရား စွဲဆိုထားသော ကိစ္စရပ်များတွင် တရားမမှု ကြားနာပြီးဆုံးသည့်တိုင်အောင် ပြစ်မှုဆိုင်ရာ အမှုကို စောင့်ဆိုင်းထားသော သာဓကများ ရှိကြောင်း တင်ပြသည်။ ကျွန်ုပ်တို့လည်း ထိုအတိုင်းဆောင်ရွက်ရန် သဘောရရှိသည်။ ထို့ကြောင့် အချင်းဖြစ်ပွားသော အကြောင်းအချက်နှင့်ပတ်သက်ပြီး မည်သူမှန်သည်၊ မည်သူမှားသည် ဆိုခြင်းကို လုံးဝ ထင်မြင်ချက် မပေးပဲ မူလရုံးတွင် ရေးယူဆောင်ရွက်လျက်ရှိသော အမှုကို တရားမမှု စစ်ဆေး ကြားနာ ပြီးဆုံးသည့်တိုင်အောင် ရပ်စွဲထားရန် အမိန့် ချမှတ်လိုက်သည်'ဟု ဆုံးဖြတ်သည်။



ကိုလည်း လေ့လာနိုင်ပေသည်။ သို့ဖြစ်ရာ ဥပဒေရေးရာနယ်ပယ်တွင် နယ်ခြား သတ်မှတ်ထားသော ပြစ်မှုနှင့် တ ရား မ ကို ခွဲခြားနိုင်ရန် အထူးလိုအပ်သည်။ထို့ကြောင့် ၂၁-၄-၈၁ နေ့က ပြည်သူ့ တရားသူကြီးအဖွဲ့ ဥက္ကဋ္ဌ သူရ ဦးအောင်ဖေနှင့် ကရင်ပြည်နယ် အတွင်းရှိ တရားသူကြီးများ ညှိနှိုင်းဆွေးနွေးပွဲတွင် ပြည်သူ့ တရားသူကြီးအဖွဲ့ ဥက္ကဋ္ဌက ပြစ်မှုဆိုင်ရာဥပဒေနှင့် တရားမ ဥပဒေတို့၏ "အခန်းကဏ္ဍ ခွဲခြားပုံများ၏ အကျဉ်းချုပ်ကို လည်းကောင်း၊ တရား စီရင်ရာတွင် လိုက်နာ ကျင့်သုံးကြရသော ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ၊ တရားမ ကျင့်ထုံးဥပဒေနှင့် သက်သေခံဥပဒေများ၏ရည်ရွယ်ချက်နှင့် ထိုဥပဒေတို့တွင်ပါဝင်သော ပြဋ္ဌာန်းချက်များ၏ အခြေခံ သဘောထားများကို ရှင်းလင်း ပြောကြားခဲ့ပါသည်။ တဆက်တည်းတွင် အထူးအားဖြင့် တရားသူကြီး အဖွဲ့ဝင်များ၊ ဥပဒေကို လေ့လာနေသူတို့က အများပြည်သူများ နားလည်လာအောင် တတ်နိုင်သမျှ ဥပဒေပညာ ဖြန့်ဖြူးလျှင် တိုင်းပြည်အတွက် အမှန် အကျိုးရှိမည် ဖြစ်ကြောင်း လမ်းညွှန်ချက်နှင့်အညီ ပြစ်မှုဥပဒေနှင့် တရားမဥပဒေ ခြားနားမှုများကို ပို၍ နက်နက်ရှိုင်းရှိုင်းလေ့လာသင့်ကြောင်း ဖော်ပြလိုပါသည်။

မောင်သိန်းညွန့်

လူသတ်မှုတခု ဖြစ်ပွားခဲ့သည်။

ထိုအမှု၏ တဦးတည်းသော မျက်မြင်သက်သေမှာ

ဆွံ့အနေသူ ဖြစ်နေလေသောအခါ ...

## စိတ်ဝင်စားဖွယ် တရားစီရင်ရေးတခုကို တင်ပြထားသည့်မှာ-



# မျက်မြင်သက်သေ

‘ရွှေအ’

ဒီနာမည်က သူ့အမည်မှုရင်း အတိုင်း။

‘ရန်အေး’

ဒီနာမည်ကလည်း သူ့အမည် မှုရင်းအတိုင်းပင်။

သို့သော် ‘ရွှေအ’က နာမည်နှင့် လိုက်ဖက်သူ တဦး ဖြစ်ချေသည်။ သူက ဆွံ့အ,နေ သူ တယောက်ပေကိုး....။

‘ရန်အေး’ကတော့ အမည်နှင့် လိုက်ဖက် အောင် အေး ရန် အပေါင်းမှ ကင်းအေး သွားနိုင်ခဲ့သူ တယောက် မဟုတ်ခဲ့ပါလေ။

အကြောင်းဆိုသော် ရန်အေး ကို ရွှေအ က ထောင် (၇)နှစ် ချလိုက်သောကြောင့် ပင်တည်း။

၀ ၀ ၁

လုပ်တုန်း ကတော့ ရန်အေး အနေဖြင့် (ငါလုပ်တာ အားလုံး စိတ်ချရတယ်၊ ဘယ်သူမှ မမြင်ဘူး မသိဘူးပေါ့၊ အေးရန်အပေါင်းက အေးနိုင်ပါလိမ့်မယ်ပေါ့)ဟု ထင် မှတ်ခဲ့ဟန်တူရှာပါလေသည်။

သို့သော် မှုခင်းအဖြစ်အပျက် တွေကို (ရန်အေး ကျူးလွန်ခဲ့သည့် လူသတ်မှု ဖြစ်ပွားရာနှင့်) ကိုက် ၂၀၀ ခန့် ဝေး ကွာ သည့် ရွာ အပြင် တောထဲမှာ တွေ့မြင်ခဲ့သူ

ရွှေအ



တဦးတည်းသော မျက်မြင်သက် သေက ‘ရွှေအ’။

ဒီ အမှု တွင် ကျွန် တော် က တရားခံ ရန်အေး ဘက်မှ အစိုးရ ငှားရမ်းပေးသည့် ရှေ့နေ။ (ရှင်း လင်းချက်။ ၊လူသတ်မှုများတွင် ဆင်းရဲ နွမ်းပါးသဖြင့် ကိုယ်ပိုင် ငွေဖြင့် ရှေ့နေ မ ငှား နိုင်သည့် တရားခံများအား အစိုးရမှ ငှား ရမ်းပေးပါသည်။)

‘ကိုင်း - ဘယ်လို လုပ်ရပါ့၊ ဘယ်လိုကြံရပါ့’

၀ ၀ ၀

ရှေ့နေတို့မည်သည် မိမိ လိုက် ပါ ဆောင်ရွက်ပေးသည့် တရားခံ အား အမှုမှ (ဖြစ်နိုင်လျှင်) ကွင်း လုံးကျွတ်သာ လွတ်စေချင်ကြစမြဲ ဖြစ်ချေသည်။ သည်လို လွတ်နိုင် စေရန်ကိုလည်း မိမိ တတ်ကျွမ်း နားလည်သည့် တရား ဥပဒေ မြောက်မြားစွာတို့ဖြင့် (ဥပဒေ ဘောင် အတွင်းမှ) မမောတမ်း မပမ်းတမ်း စွမ်းစွမ်းတမံ ပြောဆို ဆောင်ရွက် ပေးခဲ့ကြသူ များသာ တည်း။

ကွင်းလုံးကျွတ် (တရားသေ) မှ လွတ်နိုင်ပါ့ မတွေ့မြင်လေသည့် အခါတွင်တော့ မိမိ၏ အမှုသည် (တရားခံအဖို့ အသက် သာဆုံး သေ အပြစ်ဒဏ်ကိုသာ ခံစားနိုင် ရလေ အောင် တတ်သမျှ မှတ် သမျှတို့ဖြင့် လှည့်ပတ်၍ (ဥပဒေ အချက် အလက်၊ အမှုအ ဖြစ် အပျက်တို့ အပေါ် မူတည်ပြီး၊) လျှောက်လဲ တတ်ကြသူများ ဖြစ် ချေသည်။

ဒါကြောင့်ပင် ‘ရှေ့နေလူစား ဥာဏ်အလွန်များ’ ဟူ ထင်မှတ် ခံခြင်း ဖြစ်တန်ရာပေသည်။

အမှန်ကတော့ သူ့ ဆန်စား ယင် သူ့အတွက် ကောင်းကျိုး ကိုသာ ပြုကြရစမြဲပေတည်း။

နွားသတ္တဝါတွေသည် လယ် သမားတွေ၏ ထမင်းရှင်များ ဖြစ် ကြသလို အမှုသည် တွေသည် လည်း ကျွန် တော် တို့ (ရှေ့နေ များ)၏ ထမင်း ရှင် များ ဖြစ်ကြ သည် မဟုတ်ပါလော။

၀ ၀ ၀

ရန်အေး၏အမှုက လူသတ်မှု။ (ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ- ၃၀၂ အရ စွဲဆိုမှု)

အ ် ခံသူက ဇနီး မောင်နှံတုင်။

အခုင်း ဖြစ်ပွားရာ ရက မိတ္ထီလာ မြို့နယ်၊ ကန်တောင်

အုပ်စု၊ ကြာပင်အင်းရွာအနောက် မြောက် တမိုင်ကျော်ခန့် ကွာဝေးသည့် လူချေပြတ်သည့် တောထဲ။

သတ်သည့် လက်နက်က ပေါက်ပြား။

သတ်ပုံက ဦးခေါင်းကိုပေါက်ပြားနှင့် ခုတ်သတ်ပြီး အလောင်းကို မြေမြှုပ်ထားခဲ့မှု။

သဲလွန်စ ပေါ်လာပုံက ဒလဟော ရွာ သွန်း ချ လိုက် တဲ့ မိုးကြောင့် ( မြှုပ်ထားသော ရိုးစနေရာကို ရေ တိုက်စားပြီး) လူသေကောင်ရဲ့ ခြေစ လက်နလေးတွေက ထိုး ထိုး ထောင်ထောင် ပေါ်ထွက်လာသည်ကို ရွာသားတယောက် တွေ့မြင်ရာကအစ....။

'သတ် ရသည့် အ ကြောင်းကတော့'

○ ○ ○

'ကဲ-အစိုးရရှေ့နေကြီး၊သက်သေက ဆွ့အနားမကြားသူဖြစ်နေလေတော့ ကျွန် တော် တို့ က သူ့ကို သက်သေခံ ဥပဒေ ၁၁၉ အရ ခြေ ဟန် လက် ဟန် အမူ အယာတွေ ပြပြီး စစ်ဆေး ကြရမလို ဖြစ်နေတယ်'

'ဟုတ်ပါတယ်အကိုကြီး'

'စာရော ရေးတတ် ဖတ်တတ်သလား'

'အစိုးရရှေ့နေကြီးက ခေါင်းခါပြလေသည်။

'အဲဒီတော့အစိုးရရှေ့နေကြီးကပဲ ဒီ အကြောင်းကို ပြည်သူ့တရားသူကြီးတွေ သဘောပေါက်အောင်ရှင်းပြပြီးအမှုကိုဦးဆောင်စစ်ပေတော့။သက်သေက တရားလို(အစိုးရ) ဘက်က သက်သေဖြစ်နေတယ်မဟုတ်လား'

'မှန်ပါတယ်အကိုကြီး'

မိတ္ထီလာ မြို့ တရား ရုံး အမှတ် (၄)၊ ပြစ်မှုကြီး အမှတ် ၂၀၇/၇၇ တွင် ရန်အေး၏ လူသတ်မှုနှင့် ပတ်သက်၍ ရွှေအအား စစ်ဆေးရန် ချိန်း ဆို ထားသည့် (၉-၃-၇၀)နေ့က (အမှုမစစ်ဆေးမီတွင် ) ကျွန်တော်နှင့် အစိုးရ ရှေ့နေကြီး ဦးသိန်းမြင့် (ဥပဒေဝန်ထမ်းအဆင့်-၄)တို့က အစီအစဉ်ကို တရားခွင် ရှေ့တွင် ပဏာမ အခနဖြင့် ပြောဆို နေခဲ့ခဲ့ကြခြင်းဖြစ်လေသည်။

အမှန်အားဖြင့်ဥပဒေဝန်ထမ်းအဆင့်-၄ ဖြစ်သူဦးသိန်းမြင့်သည် (အသက်အားဖြင့် ၃၀ ခန့်သာရှိသေးသည့် လူငယ် တဦး ဖြစ်သော်လည်း) အမှုများ လိုက်ပါဆောင် ရွက် ရာ တွင် ကျွမ်းကျင်ပ[?]နပ်၍ စေ့စပ်အောင်စစ်ဆေးပေးတတ်သူ တဦး ဖြစ်သည်ကို ကျွန်တော် သိပြီး ဖြစ်ပေသည်။ သို့သော် မိတ္ထီလာမြို့ တရားရုံး အမှတ် (၄)မှ ပြည်သူ့ တရားသူကြီးများ အနေဖြင့် (အခြားအမှု မြောက်မြားစွာကို စစ်ဆေးစီရင်ခဲ့ကြပြီး ဖြစ် သော် လည်း) ယခုကဲ့သို့ ဆွ့အနေသည့် သက်သေကို စစ် ဆေ ခြင်း နှင့် ပတ်သက်၍ အတွေ့ အကြုံ ရှိ မရှိကိုတော့ ကျွန်တော်မသိပဲ ဖြစ်နေခဲ့သဖြင့်သာတရားသူကြီးများအား ဘ နည်း တ လမ်း ကူ ညီ သော သဘောဖြင့် အစိုးရရှေ့နေကြီးနှင့် တိုင်ပင်နှီးနှောနေခဲ့မိခြင်း ဖြစ်ပေသည်။

ထို့နောက် ကျွန်တော်ကထိုင်ရာမှ ထလိုက်ပြီး ဒါနဲ့ 'ရွှေအ' ဆိုဟာ ဘယ်သူလဲ 'ကျွန်တော်လဲ ကြည့်ပရစေဦး' ဟု ဦးသိန်းမြင့်အား ပြောဆိုလိုက်ရာ ဦးသိန်းမြင့်က 'သူပါဘဲ ဟော့ ဟော့' ဟု ပြောပြောဆိုဆို ရုံးပေါက်ဝ လူအုပ်ကြားတွင်ရပ်နေသည့်'ရွှေအ' အား တရားခွင်ရှေ့သို့ ဝင်လာစေရန် လက်ယပ်၍ ခေါ်လိုက်ပါလေသည်။

ကျွန်တော်သည် တ ရား ခွင် ရှေ့တွင်ရပ်လျှက်ရှိယင်းကအမှုတခုလုံး၏ အဓိကသက်သေ(သေ့ချက်) ဖြစ်သည့် 'ရွှေအကို' အကဲခတ်ကြည့်ရှုနေခဲ့မိရာ ရွှေအခမြာ (ကျွန်တော်က ဘယ်သူ့ဘက်က ရှေ့နေ ဦးသိန်းမြင့်က ဘယ်သူ့ဘက်က ရှေ့နေဟူ၍ ခွဲခြားသိဟန်မတူဘဲ) ပြုံးကြောင်ကြောင်ဖြစ်နေခဲ့လေသည်။ သူ့ကိုကြည့်ရသည်ကလည်း ကြောက်လန့်နေသလိုရှိသည်။

'ဟော့ ဟော့ ဒီမှာ ဒီမှာ'

တရားသူကြီး အဖွဲ့ နာယက ဦးစောအောင်က အသံကို ကျယ်လောင်စွာပြု၍ ရွှေအ အား တရားခွင်ကို ကြည့်ရှုရန် စေခိုင်းလေတော့သည်။

ထိုအခါ ရွှေအကပိုမိုကြောက်ရွံ့လာသည့် အသွင်ကို ပြသလာခဲ့သည်။

'အင်း အင်း'

ဦး စောအောင်က တ အင်း အင်း အသံပြုရင်း 'တောက် တောက်' ဟူ ၍လည်း တက်ခေါက်ပြ၍ ညာ လက် ကို

မြောက်ပြယင်း ကြိမ်တကိုင်သည့် အမှုအယာ ပြုလုပ်ပြခါ (မင်းသွား ကျောင်းသွားယင်း ဘာမြင်သလဲ ဟု အဓိပ္ပာယ်ရသော) မေးခွန်းကို မေးတငေါ့ငေါ့ဖြင့် မေးလေသည်။

'အင်း အင်း အင်း' ဟု ရွှေအက အလွန်သွက်လက်စွာ ခေါင်းခါပြလေသည်။ (သူဘာမှမသိဟု ပြောကြောင်း ကျွန်တော်တို့ နားလည်ကြသည်။)

'ရော....ခက် နေ ပြီ၊ ခေါင်းချည်း တအားခါပြနေတော့တာပါဘဲလား'

ဦးစောအောင်က စိတ်ပျက်စွာ ညည်းလိုက်သည်။

သို့သော် မကြေနပ်သေးသည့် အလား ပထမလုပ်ပြသည့် အမူအယာကို ထပ်မံ၍ ပြုလုပ်ပြယင်းက သက်သေ (ရွှေအ) အား မေးတငေါ့ငေါ့ ထိုးပြပြန်လေသည်။

'ရောခက်နေပြီဘဲ ရှေ့နေကြီးတို့ ဘယ်လိုလုပ်ကြမလဲ'

ဦးစောအောင်သည် အမှန်ပင် စိတ်ပျက်သွားချေပြီ၊

လိုရင်းကို ဆိုရလေသော် ထိုနေ့က အစိုးရ ရှေ့နေကြီးက ထိုသက်သေ (ရွှေအ) နှင့် ပတ်သက်၍ (အဘယ်ကဲ့သို့ ပြုလုပ်သင့်ကြောင်း ချိန်ဆစီစဉ်နိုင်ရန် ဟူသော အကြောင်း ပြချက်ဖြင့်) ရွှေအ ကို မစစ်ဆေးဖြစ်ဘဲ ရက်ချိန်း ရွှေ့ဆိုင်း ယူလိုက် ရတော့သည်။

ထိုနေ့က တရားရုံးအမှုတွဲ၏ နေ့စဉ်မှတ်တမ်းကို အောက်ပါ အတိုင်း ရေးသား ဖော်ပြ ထားလေသည်။

၉-၃-၇၀

> တရား ခံအချုပ်နှင့် လာသည်။
> ၎င်း၏ အကျိုးဆောင်ရှိသည်။
> ဥပဒေ ဝန်ထမ်း ရှိသည်။
> သက်သေ ကိုရွှေအနှင့် ဦးမောင်တင့်လာသည်။
> သက်သေ ကို ရွှေအ မှာ ဆွံ့အနား မကြားသူဖြစ်၍ ရုံးမှ သက်သေအား သက် သေ ခံ နိုင် သော အရည် အချင်း ရှိ/မရှိ ပဏာမ စစ်ဆေးချက်များ စစ်ဆေးကြည့်ရာ သက်သေမှာ သက် သေ ခံ နိုင်သော အခြေ အနေမရှိ၍ ဥပဒေ ဝန်ထမ်းမှ တိုင်းရုံးသို့အစီရင်ခံမည်ဟုတင်ပြသည်။ ၁၀-၃-၇၀

စောအောင်
(ဥက္ကဋ္ဌ)

ကျော်မြ (အဖွဲ့ဝင်) ဟန်တင် (အဖွဲ့ဝင်)

ကျွန် တော် သည် တရားခံဘက်မှ ရှေ့နေဖြစ်ပါသည်။ ဆိုခဲ့ပြီးသည့်အတိုင်း ကျွန် တော် ၏ အမှုသည် တရားခံအား အမှုမှ လွတ် မြောက် စေ လို သည့် ဆန္ဒ ကျွန်တော့တွင် ရှိသည်မှာလည်း အမှန်ပင် ဖြစ်ပါသည်။ သို့သော် ကျွန်တော်သည် (ကျွန်တော်လိုက်ပါ ဆောင် ရွက် သည့် အမှုများတွင်) တဘက်စွန်းရောက် ရှေ့နေ တယောက်မဟုတ်ပဲ တရား မျှတမှုကိုတော့ အတတ်နိုင်ဆုံးလိုလားသူ ဖြစ်ပေသည်။ (ထို တရားမျှတမှုဆိုသည်မှာ နှစ်ဦး နှစ်ဘက်ပြည့်စုံ မျှတစွာ တင်ပြစေ ခွင့်ကို ဆိုလိုခြင်း) ဖြစ်ပါသည်။

ရွှေအ က (သူ ဘာမှ မသိကြောင်း ပြောသည့်သဘောဖြင့်) တရားခွင်ရှေ့တွင် ၂ ကြိမ် တိုင်တိုင် ခေါင်းတခါခါ ပြုလုပ် ပြ ခဲ့စဉ်က ကျွန် တော် သည် တရားသူကြီးအဖွဲ့အား ဘာမျှ မပြောပဲ ရှေ့ရှုံ၍သာ နေခဲ့ပေသည်။

တဘက်စွန်း၊ သ မား ဆို လျှင်တော့-'တရားသူကြီးများခင်များ၊ သက်သေက သူ ဘာမှ မသိဘူးလို့ နှစ်ကြိမ် တိုင်တိုင် ခေါင်းခါပြပြီးပါပြီ။ အဲဒီ အတိုင်း တိတိကျကျ မှတ်တမ်းတင်ပေးပါ။ သူ့ထွက်ချက်ကို အဲဒီ အတိုင်းသာ အတည်ပြုပေးပါ။ သူ့ကို နောက်ထပ် စစ်ဆေးဘို့လဲ မလိုတော့ပါဘူး' ဟူ၍ ပေါက်ပေါက် လာသည့် အခွင့်အရေးကိုမလွတ်တမ်း အရဖမ်းယူ လိုက် မည် သာ ဖြစ်ချေသည်။ သို့သော် ကျွန်တော်ကသည်လို မပြုလုပ် တတ် ၍ တော့ မဟုတ်ပါ။ လုပ်တတ်ပါလျက်နှင့်ပင် တမင်မပြုလုပ်ခဲ့ခြင်းသာ ဖြစ်ပေသည်။ အကြောင်း ဆိုသော် သက်သေ(ရွှေအ)သည်တရားခွင်ရှေ့တွင် အမှန်ပင် ကြောက်လန့်နေသည်ကို ကျွန်တော် သိသည်။ သည်လို ကြောက် လန့် နေ၍ ပင်

(သူ့အဖို့ အကောင်းဆုံး နည်းလမ်း ဖြစ်တန် တူသည်) ခေါင်းချည်း ခါပြနေခြင်းကို တွင်တွင် ပြုလုပ်ခဲ့ သည် ဟု ကျွန် တော် က အတတ်သိခဲ့သည်၊

ကျွန် တော် သိသလို တရားသူကြီး အ ဖွဲ့ နာယက ဦးစောအောင်ကလည်း သိပုံရပေသည်။ ထို့အတူအစိုးရရှေ့နေကြီးလည်း ရိပ်စားမိလိမ့်မည်ဟုကျွန်တော်က ထင်မိသည်။

သည်တော့ကာ မှန်ကန်မျှတသော တရားစီရင်ရေး ဖြစ်နိုင်စေရန် တရားခံ၏ ရှေ့နေ (ကျွန်တော်)၊ အစိုးရရှေ့နေကြီး (ဦးသိန်းမြင့်)နှင့် တ ရား စီ ရင် ရေး အဖွဲ့တို့ သုံးဦးသုံးဖလှယ် ညှိနှိုင်းသဘောတူညီချက်အရ (အမှုမှ အဓိက သက်သေ) ရွှေအအား အချင်းဖြစ်ပွားရာ နေရာသို့ သွားရောက် စစ်ဆေးကြရန် စီစဉ်ခဲ့ကြလေတော့သည်။

ဝ ဝ

ထိုသို့ စီစဉ်ခဲ့ကြသည့်အတိုင်း သတ်မှတ်ထားသည့် (၃၁-၅-၇၈)နေ့သို့ ရောက်ခဲ့ ပါလေပြီ။

ထိုနေ့တွင်တော့ ရွှေအ၏အမှုအယာတွေက (ယခင် တရားခွင်ရှေ့တွင် တွေ့မြင်ခဲ့ရသည့် ရွှေအနှင့် နှိုင်းယှဉ်လျှင်)မိုးနဲ့ မြေ ပမာကွာခြားခဲ့လေပြီ။

ကျွန်တော်တို့ အဖွဲ့ ကြာပင်အင်း ရွာသို့ ရောက်သွားသည်ဆို လျှင်ပင် ပကတိ ရွှင်လန်းနေသည့် ရွှေအကို အသင့်တွေ့ရသည်။

'ကဲ- အဲဒီနေရာအထိ ကုန်းကြောင်း လျှောက် သွား ကြ ရ အောင်' ဟု ဦး စော အောင် က ပြောလိုက်သည်ဆိုလျှင်ပင် ကျွန်တော်တို့လူစု၏ ရှေ့ဆုံးမှာ ရွှေအက အလွန်မြူးစွာ ဦးဆောင်သွားပါသည်။

ကျွန်တော်သည် ယ ခု ကဲ့သို့ (အချင်းဖြစ်နေရာသို့သွားရောက်ကြည့်ရှုစစ်ဆေးသည့်) အမှု ကြီးငယ် မြောက်များစွာတို့ကို အခုတွေ့အ ကြုံ ပြည့် ဝ ခဲ့ ပြီ ဖြစ် သည့်အလျောက် ယခု ကိစ္စတွင်လည်း အစစအရာရာ လိုအပ်ချက် ဘာတခုမျှ မ ကျန် ခဲ့ ရ လေ အောင် (ကျွန်တော်တို့အဖွဲ့နှင့်အတူ လိုက်ပါခဲ့သည့် မိတ္ထီလာမြို့ တရားရုံးအမှတ်(၄)မှ ရှေ့ဘတ် စာရေးကြီး) ဒေါ် ဆွေ ဆွေ ဝင်း အား အမှုတွဲမှတ်တမ်းများကိုညွှန်ကြား ပြောဆို၍ ရေးသားစေပါသည်။



ရွှေအအား စစ်ဆေးချက်နှင့် ပတ် သက် ၍ စိတ် ဝင် စား ဖွယ် ကောင်းလှသည့်အမှုတွဲမှတ်တမ်း ရေးသားချက်များကို အောက်ပါ အတိုင်းဖော်ပြလိုက်ပါသည်။

မိတ္ထီလာ မြို့ တရား ရုံး အမှတ်(၄)။

၁၉၇၇ ခုနှစ် ပြစ်မှုကြီး အမှတ်(၂၈၇)။

တရားခံ မောင်ရန်အေး။

ပြစ် မှု ဆိုင် ရာ ဥပဒေ ပုဒ်မ (၃၀၂)အ မှု နှင့် ပတ် သက် ၍ (၁၃-၅-၇၈) နေ့တွင် ဆောင်ရွက်ချက်။

နံနက်(၉/၂၀) တရားရုံး နာယက ဦးစောအောင်၊ အဖွဲ့ဝင် ဦးဟန်တင်၊ဦး ကျော်မြတို့နှင့်အတူ အစိုးရရှေ့နေဦးသိန်းမြင့်၊ တရားခံ၏အကျိုးဆောင် ဦးတွေဆို့ ပါလိုက်ပါလျက် ကြာပင်အင် ရွာသို့ ဂျစ်ကားနှင့်ရောက်ရှိကြပါသည်။ (အိုင်အို ဦး တွမ် ဇာပွတ် လည်း လိုက်ပါခဲ့ပါသည်။)

အမှုမှ တရားခံ ဖြစ်သူ ကိုရန်အေး အား လမ်း ခရီး ရှိ ကန်ဘောင်မှ အတူ ခေါ်ဆောင်လာခဲ့ရာ ၎င်းမှတ်တမ်းစတင်ရေးသားချိန်တွင်တရားခံလည်း ရှိပါသည်။

ကြာ ပင် အင်းရွာ အနောက်မြောက် ဘက် တ မိုင် ကျော် ခန့် အကွာအဝေးသို့ ဆက်လက်ခရီးထွက်ခဲ့ရာ သက်သေ ကိုရွှေအနှင့်အတူ ညီဖြစ်သူ ကိုကြည်ဥကိုပါ ခေါ်ဆောင်ခဲ့ပါသည်။ ကိုရွှေအမှာဆွံ့အသူဖြစ်၍ ညီ ကိုကြည်ဥ အား အမှုအရာစကားပြန် အဖြစ် ခေါ်ဆောင်ခဲ့ပါသည်။

အမှုနှင့် ပတ်သက်၍ သေသူ မစိန်တုပ်၏ အချင်း ဖြစ်ချိန်က အလောင်းမြှုပ်နှံသော နေရာသို့ နံနက်(၁၀)နာရီခန့်တွင် ရောက်ရှိကြပါသည်။

သက်သေအား ၎င်း၏ တွေ့မြင် သိမြင်သမျှကို စတင်မေးမြန်းမှုများ ပြုလုပ်ကြပါသည်။

**အဓိကစစ်မေးချက်။**

အချင်းဖြစ်ချိန် မေးမြန်းသည်။

သက်သေက နေကို ထိုးပြ၍ နံနက်(၉)နာရီခန့်ဟု သိကြရပါသည်။နေထန်းတဖျားခန့်ဟု ခန့်မှန်းကြရသည်။

အလောင်းမြှုပ်သည့်နေရာနှင့် မည်သည့်အကွာအဝေးခန့်မှ မြင်တွေ့သနည်းမေးရာ သက်သေက

ရှေ့မှ ဦးဆောင်၍ အရှေ့ဘက် ကိုက်(၂၀၀) ကျော်ခန့် ဆီသို့ ခေါ်သွားပါသည်။

ဆက်လက်မေးမြန်းရာ တရားခံ အမျိုးသမီးတဦးကို အလောင်း မြှုပ် သည့်နေရာ အနောက်တောင်ဘက်ဆီမှ ခေါ်လာသည်ကို တွေ့မြင်ကြောင်း ဟန်ပြစကားပြန်နှင့် သိရပါသည်။ သို့သော် ထမ်းခေါ်လာသည်၊ ဆွဲခေါ်လာသည် သဲကွဲအောင် မေးမြန်းမသိနိုင်ပါ။

**ဆက် လက် ဆောင် ရွက် ချက်**

ကြာ ပင် အင်း ရွာမှ ယူလာသည့် ပေါက်ပြား ကို သက်သေအား ပေးပြရာ၊ ၎င်းက ကိုင်ပြီး ရပ်နေသည့် နေရာမှ အလောင်း မြှုပ် ရာသို့ ၎င်းကိုယ်တိုင် ပေါက်ပြားကိုင်၍ ဦးဆောင်ခေါ်သွားပါသည်။

အလောင်း မြှုပ်သည့် နေရာတွင် လူသေ အလောင်း လှဲပုံကို မြေကြီးတွင် ဟန်ပြပြီး မြှုပ်ပုံကိုပါ ဟန်လုပ်ပြသည်။

ထို့နောက် အလောင်း မြှုပ်ရာ အနောက်ဘက် ကိုက်(၂၀၀) ခန့်သို့ သက်သေက ဦးဆောင်ခေါ် သွား ပါသည်။ တရား ခံ (ရန်အေး)မှာ ကျွန်ုပ်တို့အားလုံး ရပ်နေရာဆီမှ အနောက်ဘက်သို့ ပေါက်ပြား ထမ်းပြန်သွားသည်ကို ယခင်မူလ ပထမ မမြင်ရသောနေရာဆီမှ သက်သေ (ရွှေအ) က လှမ်း မြင် ရကြောင်း ပြောပါသည်။ (၎င်းနေရာကို ရုံးတော်မှ လှမ်းကြည့်ရာ မြင်နိုင်လောက်သည့် နေရာတွင် ရှိကြောင်း သိရသည်။)

**တရားခံ အကျိုးဆောင် မေး—**

တရားခံအား ယခင်က သိသလားဟုမေးရာ၊ မြင်ဖူးသလားဟု မေးရာ ၎င်းအား သဘောပေါက်အောင် စကားပြန်၏ အကူအညီ မရနိုင်ပါ။

တ ရား ခံ အား တွေ့စဉ် တဘက် ပေါင်းထားသလားဟု မေးမြန်း ရာ ပေါင်း ထား ကြောင်း အားလုံး သိရပါသည်။

၎င်းသိမြင်သမျှ အား လုံး သိနိုင် ကြ စေ ရန် မေး ကြည့် ရာ အလောင်း မြင် သည့် နေ ရာ တောင်ဘက်ဆီမှ သက်သေသည် နွားကျောင်း လာယင်း ၎င်းအရှေ့ဘက် ကိုက် (၂၀၀) ကျော်ခန့်



(မူလပထမ ရောက်ခဲ့ကြသည့်နေရာ)မှ တွေ့မြင်ကြောင်း ဟန်ပြသိရပါသည်။

**ရုံးမေး**

သေသူ မစိန်တုပ်အား တရားခံက ပေါက်ပြားနှင့် ရိုက်နှက်ဟန်ပြသလားဟု ဟန် လုပ် ပြသမေးမြန်းရာ မြင်ကြောင်း ခေါင်းညိတ်ပြပါသည်။ ခေါင်းနှင့် လက်ပြင်ပေါင်တို့တွင် ရိုက်ခံရသည့် ဟန်မျိုး လုပ်ပြပါသည်။ နွားကျောင်းယင်း လှမ်းမြင်ရခြင်း ဖြစ်ကြောင်း ဟန်ပြသိရပါသည်။

(အချင်း ဖြစ် နေရာ တွင် စစ်ဆေးချက်အားလုံး နံနက် (၁၀း၂၅) အချိန်တွင် ပြီးဆုံး၍ တရားစီရင်ရေး အဖွဲ့မှ နေ ရာ တွင် ပင် (ဤမှတ်တမ်း) ကို လက်မှတ်ရေးထိုးခဲ့ပါသည်။)

စောအောင်
ဥက္ကဋ္ဌ
ဟန့်တင် ကျော်မြ
(အဖွဲ့ဝင်)

ကတော့ရှင်းပါပြီ။ အမှုတရားရုံး မှ ပေါ်ထွက် လာမည့် ဆုံးဖြတ် ချက် (အဖြေကိုလည်း ကြိုတင် ခန့် မှန်း ၍ ရနိုင်လောက်ပါပြီ၊)

ဘာဘဲ ဖြစ်ဖြစ် ကျွန်တော်ကတော့ ကျေနပ်သည်။

တရားခံ၏ ရှေ့နေပင် ဖြစ်လင့်ကစား ပြည့်စုံမှုတသည့် စစ်ဆေးချက်များ အမှုတွဲပေါ်တွင် ပေါ်ပေါက်ခဲ့ရလေအောင် ကျွန်တော်ကိုယ်တိုင်က အားတက် သရောပါဝင် ဆောင်ရွက် ပေးခဲ့ပြီး ဖြစ်လေသည်။

အချင်း ဖြစ် နေရာ သို့ သွားရောက် စစ်ဆေးခဲ့ကြသည့် ၃၁-၅-၇၈ နေ့က ပါဆိုလျှင် ကျွန်တော်တို့ လူသိုက်သည် (သူကတရားသူကြီး၊ ငါက အစိုးရ ရှေ့နေ၊ သူကတော့ တရားခံ၏ ရှေ့နေ ဟူ၍)ခွဲခြား သဘော မထားပဲ အလွန်ခင်မင် ရင်းနှီးသည့် မိတ်ဆွေ များ ပမာ လ မ်း ခ ရီး တ လျှောက် လုံး တ သောသော တမောမောဖြင့် ရယ်စရာ မောစရာတွေ ပြောဆို သွားခဲ့ကြပေသည်။ အစိုးရရှေ့နေကြီး ဦးသိန်းမြင့်က ဆိုပါလျှင်၊ 'ဒီအကြောင်းလူအများ ဗဟုသုတ ရအောင် တနေ့ ဝတ္တုရေးရယင်ကောင်းမှာ

ပဲ'ဟူ၍ သူ၏ ဆန္ဒကိုပင် ဖွင့်ဟ ပြောဆိုခဲ့သေးသည်။

သည်လိုနှင့် အပြီး သတ်လျှောက်လဲခွင့် ပေး ချိန် သို့ ရောက်ရှိ လာသော အခါ၊ ကျွန်တော်သည် (အမှုတွဲတွင် ပေါ်ပေါက်သည့် ပြည့်စုံ မျှတသော) အချက်အလက် တွေပေါ် မူတည်၍ ကျွန်တော် ၏ အမှု သည် (တရားခံ ရန်အေး) အား အသက်ညှာဆုံး သော အပြစ်ဒဏ်ကိုသာ ခံစား ရလေအောင် စွမ်းစွမ်း တမံ လျှောက်လဲချက် ပေးခဲ့သည်။

သည့် နောက်တော့ အပြီး သတ် အမိန့် ချမှတ်ရန် ချိန်းဆိုထားသည့် (၂၀-၁၁-၇၈) နေ့သို့ ရောက်သောအခါ-

မိတ္ထီလာမြို့ တရားရုံး အမှတ် (၄) တရားစီရင်ရေး အဖွဲ့မှ တရားခံ ရန်အေး အား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ-၃၀၂ (၂) အရ အလုပ်နှင့် ထောင်(၇) နှစ်ကျခံစေရန် အမိန့် ချမှတ် လိုက်လေသည်။

အမှန် ကတော့ ရန်အေး ကို ထောင် ချ လိုက် သူ များ သည် တရား စီရင်ရေး အဖွဲ့ဝင် သုံးဦး မဟုတ်ကြပေ။ သက်သေ 'ရွှေအ' က ချလိုက်ခြင်းသာ ဖြစ်ပါတော့သတည်း။

○ ○ ○

'ကဲ....'ရန်အေး 'ကသူ့ဇနီး မစိန်တုပ်ကို ဘာကြောင့်သတ်ရပါသလဲ'

အမှုတွဲပါ သက်သေခံချက်တို့အရ ပေါ်ပေါက်သည့် အတိုင်းကတော့....

မောင်ရန်အေးနှင့်မစိန်တုပ်တို့၏အိမ်ထောင်သက်သည်(အချင်းဖြစ်ချိန်ထိ) ၁၅ နှစ်ခန့် ကြာမြင့်ခဲ့ပြီဖြစ်လေသည်။

ယောကျာ်းသားနှင့်မိန်းမသားတို့ ညားကြပြီ ဆိုလျှင် ကလေးတွေ မွေးဖွားကြရသည်မှာဓမ္မတာပင်ဖြစ်သည်။ သည့် တော့ လည်း မောင်ရန်အေးနှင့်မစိန်တုပ်တို့တွင် (အိမ်ထောင်သက် ၅ နှစ်ခန့်ရပြီးချိန်လောက်တွင်) ကလေး နှစ်ယောက် မွေးဖွား ရရှိခဲ့ ကြ လေသည်။

မောင်ရန်အေး ၏ ရုပ် ဆင်းသဏ္ဍာန်ကတော့ (ကျွန်တော်က မျက်မြင် ကိုယ်တွေ့ ဖြစ် ခဲ့ သည့် အလျောက်) သူသည် အသားမဲမဲ အရပ်ပုပု ပြတ်ပြတ်နှင့် မျက်နှာ ညား မှုန်တေတေ နေတတ်သူဖြစ်သည်။ တစုံ တခု ကြောင့် စိတ် မကျေနပ်မှု ခံစားခဲ့ရ သလို ဟန် တူသည်။

မစိန်တုပ်ကိုတော့ ကျွန်တော်ကိုယ်တိုင် မမြင်ဘူးခဲ့သဖြင့် ဘယ်လိုအဆင်းသဏ္ဍာန်ရှိမည်ကို မသိနိုင်ခဲ့ပေ။

ဘယ်လိုပဲ ဖြစ်ဖြစ် သူတို့ နှစ်ယောက် အိမ်ထောင် ကျခါစက ပျော်မဆုံး တပြုံးပြုံးနှင့် မောင်တထမ်း မယ်တရွက်ဆိုသလို ၂ဦးစလုံး၏ ဇာတိရွာ ဖြစ်သည့် မြင်းတဲရွာတွင် အတူနေထိုင် လုပ်ကိုင်စားခဲ့ကြလေသည်။

သည့်နောက် ပိုင်း တွင် တော့ မစိန်တုပ်သည် ဘဝ ဟောင်း က မကောင်းတဲ့ ဝဋ်ကြောင့်ပေလော မသိ၊ စိတ် မနှံ့ သည့် (ရူးသွပ်သည့်) ရောဂါစွဲကပ်လာခဲ့သည်။ သည့်အခါတွင် လင်သား ဖြစ်သူ မောင်ရန်အေးသည် စိတ်မနှံ့သူ မယားအတွက် ရှက်စိတ်တွေ ဝင်လာခဲ့သည်။ 'အရူးမယောကျာ်း' ဟု လူတကာက ခနဲ့ ကြမည်ကို သူကခံလိုဟန်မတူခဲ့ပါလေ။

သည်တော့ကာ.... သူ သည် မြင်းတဲရွာနှင့် မစိန်တုပ်ကိုပါ စွန့်ခွာ၍ (အလှမ်းအတော် ဝေးကွာသည့်) ပန်းတိမ်ကုန်းရွာ စာရင်းငှားအပ် သွားရောက်လုပ်ကိုင်နေခဲ့သည်မှာ(၁၀)နှစ်ခန့်ပင်ကြာမြင့်ခဲ့လေပြီ။

မစိန်တုပ်၏ ရောဂါ အခြေအနေကလည်း အတော်ပင် ဆိုးရွားခဲ့ဟန်တူလေသည်။ သူမသည် အိုးမှန်း အိမ်မှန်း မသိလောက်အောင် စိတ်မနှံ့ဟန် ရှိခဲ့လေရာ သွားချင်ရာသွား၊စားချင်ရာစား၍ အိပ်ချင်သည့်နေရာတွင် အိပ်နေခဲ့သူဟု သဘော ပေါက် ရောက်လျက် ရှိခဲ့သည်။

မိန်းမသား တယောက် အဖို့ အိပ်ချင်သည့်နေရာတွင် အိပ်နေခဲ့သည်ဆိုလျှင်တော့....

သည်အဖြစ်မျိုးကို မောင်ရန်အေးက လုံးဝမနှစ်မြို့ခဲ့ရှာပေ။

သည်လိုနှင့် တရွာဝင် တရွာထွက် သွားလာ နေထိုင်ခဲ့ယင်းမှ မစိန်တုပ်အဖို့ သေပန်းက ပွင့်ချိန်တန်လာခဲ့လေပြီ။

သူမသည် (၁၉၇၇ ခုနှစ် နိုဝင်ဘာ လဆန်းခန့်က) ညနေစောင်းအချိန်လောက်တွင် မောင်ရန်အေး စာရင်းငှားလုပ်နေသည့်

ပန်းတိမ်ကုန်းရွာ သို့ ဆိုက် ဆိုက် မြိုက်မြိုက် ရောက်ရှိလာခဲ့သည်။

ထိုအခါ မောင် ရန် အေး က သူ့ကကိုချော့မော့၍ မြင်းတဲရွာသို့ ပြန်ပို့မည် ပြောဆိုပြီး ပန်းတိမ် ကုန်းရွာမှ (သူမနှင့်အတူ) အလျင် အမြန် ထွက်ခွာ လာခဲ့ကြသည်၊ လမ်းခရီးတွင် ခသမ်းခဲ ကျေးရွာရှိ ဦးဩ (လိုပြ–၄) အိမ်တွင် သူတို့ ၂ ယောက် တညတာ ဝင်ရောက် တည်းခို ခဲ့ကြသည်၊ (ထိုစဉ်က မောင်ရန်အေးတွင် ပေါက် ပြား တလက်ပါခဲ့ကြောင်း ဦးဩ (လိုပြ ၄)က ထွက်ဆိုသည်။

နံနက် စော စော တွင် သူတို့ ၂ ယောက် ခလမ်းခဲရွာ ဦးဩ နေအိမ်မှထွက်ခွာခဲ့ကြ၍၊ (ထိုစဉ် က မစိန်တုပ်သည် အလောင်း တွင်တွေ့ရသည့် အဝတ် အထည် များအတိုင်း ဝတ်ဆင် လျက် ဟု ဦးဩ (လိုပြ-၄) ကထွက်ဆိုထား ပေသည်) ကြာပင်အင်းရွာမြောက် ဘက် တမိုင်ကျော်ခန့် ဝေးသည့် တောလမ်းကို ဖြတ်သန်း လာကြ ယင်းက....

'ရွှေအ' တွေ့မြင်သည့် အဖြစ် အပျက်တွေအတိုင်းသာပင်....

(ဦးဆွေ–B.A, B.L)

## ရှေ့နေမလာ

## အမှုကြာ

သာမန်အားဖြင့် ရှေ့နေမလာ၍ အမှုရွှေ့ဆိုင်းခြင်း မပြုရပါ၊ အမှုကို ကြားနာစစ်ဆေးမည့်နေ့၌ ရှေ့နေက ရုတ်တရက် နာမကျန်းဖြစ်လာ၍ တရားရုံးသို့ လာရောက်ရန်သော်၎င်း၊ တရားရုံးတွင် ရှိနေရန်သော်လည်းကောင်း၊ မစွမ်းနိုင်မှသာလျှင်၊ ထိုသို့ ရွှေ့ဆိုင်းခြင်းကို သာမန်အားဖြင့် ပြုလုပ်ရပါမည်။

(တရားရုံးများလက်စွဲအပိုဒ်-၄၆၅)

➡ စာမျက်နှာ(၄၈)မှ

ကလေးတွေအတွက် မုန့်ဖိုး ချန် ထားတာ'

'အဲဒါမှဒုက္ခပဲ၊ မနက်ရုံးသွား ယင် အနည်းဆုံး ငွေ သုံးဆယ် လောက် ပါသွားမှ ဖြစ်မှာ ကွ၊ ဒါက်ငွေ ဆောင်ဘို့နဲ့ ကောင် ကလေး မုန့်ဖိုး ပေးဖို့၊ နောက် လံခြားခ၊ စားတာသောက်တာနဲ့ ပြီး ရုံးက စာရေးစာချီတွေ လက် ဖက်ရည်လေး စီး က ရက် လေး တိုက်ရမှာနဲ့ဆို အနည်းဆုံး သုံး ဆ ယ် လော က် တော့ ဆောင် သွားမှ'

'အဲဒါမှဒုက္ခပဲ၊ လကုန်ခါနီး ဘယ်သူ့ဆီမှလဲ သွားဆွဲလို့ရမှာ မဟုတ်ဘူး ကိုချစ်အောင်ရဲ့'

'ဒီလိုဆို မင်းနားက နားကပ် ကလေးပဲ မနက် မိုး လင်း ယင် အပေါင်ဆိုင် ခဏသွားထားပေါ့ ကွာ၊ ငါလခထုတ်တော့ ပြန်ရွေး ပေးပါမယ်'

'အေးပေါ့တော်၊ ဘယ် တတ် နိုင်မလဲ၊ စားစရာ မရှိ ရော်စရာ တော့ ရှိရတော့မှာပေါ့'

လင်မယားနှစ်ယောက် ပြော ဆိုကြပြီး စိတ်လက် မချမ်း မသာ နှင့်ပင် အိပ်ရာဝင်ကြသည်။ အိပ် လို့ ကား မ ပျော်ကြ။ အတွေး ကိုယ်စီနှင့်ပင် မိုးစင်စင် လင်းရ တော့သည်။

မနက် မိုး လင်း သော် ချစ် အောင်၏ ဇနီး မ သိန်း တင်မှာ နားမှ ဥ သ ဖု ယား နား ကပ် ကလေးကို ချွတ်ပြီး အပေါင်ဆိုင် သို့ ပြေး၍ သုံးဆယ့် ငါးကျပ်နှင့် ပေါင်ပြီး ပြန် လာ ခဲ့ လျက် ချစ် အောင်ကို သုံးဆယ်ပေး၍ ကျန် ငါး ကျပ် နှင့် ဈေး ဝယ် ထွက်ခဲ့ သည်။

နံနက် (၉)နာရီလောက်တွင် တော့ ချစ်အောင်တယောက် ဘူ တာရုံရောက်ပြီး မဲလုံးကို ခေါ်၍ လံချားတစီးဖြင့် တရားရုံး ရှိရာသို့ စွဲချက်ဘင်စရာ စာရွက် စာတမ်း များ ပါသည့် အ မှု တွဲ လက်မှာ ကိုင်လျက် ရောက် ရှိ လာသည်။ သက်ဆိုင်ရာ အမှုလိုက် ရဲအုပ်ထံ အမှုတွဲ ပေးအပ်ပြီး တရားခံတူ မဲလုံးနှင့်အတူ လက်ဖက်ရည်ဆိုင် သို့ ထွက်လာခဲ့ကြသည်။ မဲလုံး ကိုလည်း တရားသူကြီး မေးလျှင် မပြောရမည့် စကားများကို မမေ့ မမှားရလေအောင် ထပ်တလဲလဲ သင်ကြား ပေး နေ ရ သည် မှာ အမော။

နံနက်(၁၁)နာရီ

'တရားခံသန်းညွန့်-တ ရား ခံ သန်းညွန့်'

ဤကား တရားသူကြီး၏ ပြောတာအော်သံ

ချစ် အောင် မှာ ပြာပြာ သလဲ့ မဲလုံးကိုလက်ဆွဲပြီး ရုံးခန်းထဲ ဝင်သွားချက် မဲလုံး အား တရား ခံ များထည့်သည့် ဝက်ခြံထဲသို့ ပို့ပေးလိုက်သည်။

တရားသူကြီး၊ ။' မင်း နာမည်ဘာယ်လိုခေါ်သလဲ'

မဲလုံး။ ။'သ န်း ညွန့် လို့ ခေါ်ပါတယ်'

တရားသူကြီး။ ။'မင့် အဖေ နာမယ်'

မဲလုံး။ ။'ဦးလှစိန်ပါ'

တရားသူကြီး။ ။'မင်းဘယ်ကလာသလဲ'

မဲလုံး။'ပျဉ်းမနားက လာတာပါ'

တရားသူကြီး။ ။'ဘာ ဖြစ်လို့ လက်မှတ်မပါပဲ စီးရတာလဲ'

မဲလုံး။ ။ကျွန်တော် အိမ်က ထွက်ပြေးလာတာပါ လက် မှတ်ဝယ်စရာ မပါလို့ ခိုးစီးတာပါ'

တရားသူကြီး။ ။'ဒီ လို ဆိုဒီကောင်ကလေး ဒါဏ် ဆောင်နိုင်မှာလဲ မဟုတ်ပါဘူး၊ ဒီတော့ ကြိမ်ဒဏ် ('၁၅), ချက်ရိုက်လိုက်ပါ စီပီအို'

မဲလုံး ငိုပါလေပြီ၊ ရုံးပေါ်တွင် အော်ကြီးဟစ်ကျယ် ငိုလျက်

မဲလုံး။ ။'ကျွန်တော် သန်း ညွန့် မဟုတ်ပါဘူး၊ ရထားလည်း မခိုးစီးရပါဘူး၊ ကျွန်တော့်ကို ဟိုဦးလေး ဦးချစ်အောင်က ခဏ အစားဝင်ပေးပါဆိုလို့ လိုက်လာရတာပါ ကျွန်တော့ နာမယ် က မဲလုံးပါ'

ဤတွင် တရားသူကြီးမျက်လုံး ပြူးရပါလေပြီ၊

တရားသူကြီး။ ။'ဘယ် မှာလဲ မင့်ဦးလေး ဦးချစ်အောင်ဆိုတာ'

မဲလုံး။ ။'ရှိပါတယ်၊ ဟိုရုံးခန်းအပြင်နားမှာပါ'

ထိုအချိန်ချစ်အောင်မှာ အပြင်မှ နားထောင်နေသူဖြစ်၍ ရုံးခန်းထဲသို့ဝင်လာပြီး တ ရား သူ ကြီး အား အလေးပြုလျက်-

'ကျွန်တော် ချစ်အောင်ပါ'

'မင်း တရားခံ မဟုတ်တဲ့သူကို ဘာပြုလို့ခေါ်လာရတာလဲ'

ထိုအခါ ချစ်အောင်မှာ မနေသာတော့သဖြင့် ဟုတ်တိုင်းမှန်ရာကို ဖြောင့်ဆို အစစ် ခံလိုက်ရပါတော့သည်။

ဤတွင် ချစ်အောင်မှာ တရားခံ ထွက်ပြေး ခြင်းကတမှု၊ တရားခံ မဟုတ်သူကို တရားခံ အစားထိုးမှုကတမှု(၂)မှုပေါင်းအရေးယူခံရလေရာ အလုပ်ကြမ်းနှင့် ထောင်ဒါဏ်(၆)လ ပေးခံရရှာပါလေတော့သည်။

ဤ ဇာတ် လမ်းကို ရေး သား တင်ပြရခြင်းမှာ မြွေပွေး ကလေး ငယ်သည်ဆိုပြီး သွား မကိုင်လေနှင့် ကိုက်လျှင်သေမည် ကဲ့သို့ တရားခံကလေး ငယ်သည်ဆိုပြီး ဖမ်းဆီးခေါ်ဆောင်ရသည့် ပြည်သူ့ရဲ တပ်ဖွဲ့ဝင်တို့ မပေါ့မလျော့ကြရန်နှင့် တရားခံအငှားဖြင့် မမှန်တာလုပ်ခြင်းသည် ပေါ်ပေါက်လာပါက ဒုက္ခရောက်ရမည်ဖြစ်ကြောင်း သင်ခန်းစာ ရယူနိုင်ကြရန် ဖြစ်ပါသတည်း။

မောင်ဝင်း
(ရဲအရာရှိဟောင်း)




# ဆရာကြီး ဦးစံလင်း၏သား
# ဆရာဦးကျော်မြင့်

သူငယ်နာဲပေါင်းချုပ်ဆေး၊ သူငယ်နာ ရင်ဘိဆေး၊ သူငယ်နာ လေပုတ်ထုတ်ဆေး၊ သူငယ်နာ ချွဲယိုင်ဆေး၊ သူငယ်နာ ဝမ်းပုတ်ချဆေး၊ သူငယ်နာ ကျုဗဟုဆေး။ သူငယ်နာ ဝမ်းထိန်းဆေး၊ သူငယ်နာချွေးထိန်းဆေး၊ ပယင်းရောင် မျက်စဉ်းဆေး၊ သူငယ်နာအော့အန် သွားကြိတ်ဆေး၊ ဓလေပြင်ကြေဆေးကြီး၊ အစားမှားအဆော့ခံဆေး၊ သွေးဒူလာဆေး၊ မီးယပ်သွေးဆေး၊ သွားကိုက်ပျောက်ဆေး၊ ဆီးဆေး၊ နန်းတွင်း လျှာပွတ်ဆေးကြီး၊ ဆီးရှင်ဝမ်းနုတ်ဆေးကြီး၊ လေမျိုးဂဝ်ချက်ဆား။ မီးမကင်ဆေးကြီး၊ သည်းခြေသွေးအားတိုးဆေးကြီး၊ အကြောစက်ပျောက်နှာရှူဆေး။

ဆရာကြီးဦးစံလင်း ဆေးတိုက်

ခမှတ် ၁၄၂၊ အထက်ပုဇွန်တောင်လမ်း စာတိုက်ရှေ့၊ ရန်ကုန်မြို့။

ရပ်ဝေးရှိ မိတ်ဆွေများအတွက် ဆေးတို့ကို ဝယ်ယူမှာရှိပါက စာတိုက်ခငြိမ်း V.P.P ဖြင့် တင်ပို့ပါသည်။

**အာဂါမလွန်မီ သာလွန်နဲ့ဆက်**

Gnorance Of Law Is No Excuse

ဥပဒေကို နားမလည်လို့ ကျူးလွန်မိပါတယ်ဆိုပြီး ထုချေရုံဖြင့် အပြစ်က လွတ်မှာမဟုတ်ဘူး၊ ဒါကြောင့် ဥပဒေပညာကို လူတိုင်း တတ်သိ နားလည်သင့်ပါတယ်။

# သာလွန် ဥပဒေ သင်တန်း

ဥပဒေပညာကိုအလွယ်တကူ မှတ်မိစေတဲ့နည်းစနစ်များဖြင့်ပို့ချတယ်။ ပို့ချချက်မှတ်စုသည် ရှင်းကယ်၊ လွယ်တယ်၊ တိကျတယ်၊ မှန်ကန်ပြည့်စုံတယ်။

☆ ဥပဒေပထမနှစ်မှ ပဉ္စမနှစ်အထိ
☆ စိတ္တာပထမနှစ်
☆ အထက်တန်း ရှေ့နေသင်တန်းများ စပြီ။

ရပ်နီး ရပ်ဝေး ကျောင်းသားများ အမြန် ဆက်သွယ်ပါ။

**ဆက်သွယ်ရန်**

အမှတ် ၃၇ (ပထမထပ်)၊ ၂၉ လမ်း၊ ရန်ကုန်။



# လုပ်နည်း ကိုင်နည်း

( MODUS OPERANDI )

လူဆိုးများသည် မိမိတို့ဝါသနာအလျောက် ပြစ်မှုအမျိုးမျိုးကို ကျူးလွန်တတ်ကြသည်။ လူသတ်ခြင်း၊ ဓားမြတိုက်ခြင်း၊ ခိုးခြင်းနှိုက်ခြင်း လိမ်လည်ခြင်းများ ဖြစ်သည်။

ဤသို့ပြုလုပ်ရာတွင် တဦးနှင့်တဦး လုပ်နည်းကိုင်နည်း မတူကြပေ။ ထို့ကြောင့် ဓားမြမှုများ၊ ခိုးမှုများ ဖြစ်ပေါ်လာသောအခါ တဦးတည်း၊ တဂိုဏ်းတည်း သို့မဟုတ် အခြားသူများက ကျူးလွန်သည်ကို သူတို့၏ လုပ်ကိုင်နည်းဖြင့် ခွဲခြားသိရှိနိုင်သည်။ ကျူးလွန်ရာတွင် မိမိတို့ဝါသနာအတိုင်း လုပ်နည်းလုပ်ဟန်များကို ပြောင်းလဲခြင်း မပြုပဲ ယခင်နည်းများအတိုင်း ပြုလုပ်တတ်သည်။ ဥပမာ ညဦး ခိုးသူ၊ ဓားမြတိုက်သူများသည် အခြားအချိန်များတွင် ခိုးယူတိုက်ခိုက်ခြင်းမပြု။ ဓားမြ မတိုက်[illegible]များသည် ရွာဦးညောင်[illegible]၍ အမြဲ နတ်[illegible]လေ့ရှိသည်။ ည[illegible] ရွာထဲတွင် လေချွန်၍ လှည့်လည် ခိုးတတ်သောသူသည် သူ၏အကျင့်ကိုမစွန့်၊ ပြဿဒါးရက်၊ ဝါရမိတ္တူရက်များကို ရှောင်သောသူခိုး၊ ဓားမြများသည် ထိုနေ့များတွင် ခိုးယူတိုက်ခိုက်ခြင်းမရှိ၊ သူခိုးသည် ခိုးပြီးလျှင် မဖမ်းမိရန် အိမ်ထဲတွင် တခု

ခုပြုလုပ်လေ့ရှိသည်။ ဗိနပ်များကို မှောက် ထား ခြင်း၊ တံပျက်စီးကို ချောင်းပြန်ထောင်ထားခြင်း၊ မစင်စွန့်၍ အိုးဖြင့် အုပ်ထားခြင်း များကို ပြုလုပ်လေ့ရှိသည်။ ခါးပိုက်နှိုက်သည် ခိုးခြင်း၊ ဒမြတိုက်ခြင်းကို ရှံရှာသည်။ အချို့သူခိုးများသည် အဖော်မပါပဲ တယောက်တည်း ခိုးတတ်သည်၊

စစ်မဖြစ်မီက လန်ဒန်မြို့ ကုန်တိုက် ကြီး များ၌ မီး အာမခံသေတ္တာကို ဖောက်ထွင်းခိုးမှုများ ဖြစ်ပေါ်လာသည်။ သေတ္တာများကို ဖောက်ထွင်းရာတွင် လျှပ်စစ်မော်တာဖြင့် လှည့်သော သံမဏိလွန်းကို အသုံးပြုသည်။ လျှပ်စစ်ဓာတ်အားကို အသုံးပြုရန် အ ခ န်း တွ င်း ရှိ ဓာတ်မီးလုံးကိုဖြုတ်၍မော်တာဝိုင်ယာကြိုးပလပ်ကိုတတ်ရသည်။လက်ရာများမကျန်ရစ်ရန် သူခိုးသည်လက်အိပ် စွတ်ထားသည်။ဓာတ်မီးလုံး ပေါ်တွင် လက်ဗွေရာများ အမှတ်တမဲ့ ကျန်ရစ်မည်စိုးသဖြင့် ကြမ်းပေါ်သို့ မီးလုံးကိုပစ်ခွဲလေ့ရှိသည်၊ သေတ္တာ ဖောက်ခွဲမှုတိုင်း တွင် သူသည် ဤသို့ပြုလုပ်ရန်မမေ့။ ထို့ကြောင့် လန်ဒန် ရဲချုပ်သည် တဦး တယောက်တည်းက ထိုအမှုကိုပြုလုပ်သည်ဟု ယူဆသည်။ သို့သော် မည်သူက ကျူးလွန်သည်ကို မသိရှိရပေ၊ ရာဇဝတ်ကောင် ပြေး မလွတ် ဆိုသည့်အတိုင်း တနေ့တွင် သူသည် ဓာတ်မီးလုံးကို ဖောက်ခွဲရန် မေ့သွားသည်။လက်အိတ် စွပ် ထား သော် လည်း လက်မတနေရာတွင် အနည်းငယ် ပေါက်ပြဲနေသည်ကို သူ သတိမထားမိချေ။ ထိုအတွက် ဓာတ်မီးလုံးဖန်ပေါ်တွင် သူ၏လက်မဗွေမှတ်အနည်းငယ်ကျန်ခဲ့သည်။ လက်ဗွေစုံထောက်များသည် သိုလှောင်ထားသော လူဆိုးလက်ဗွေများနှင့် ယှဉ်ပြိုင်ကြည့်ရာ သူသည် ရှေးအခါက ဖောက်ထွင်းမှုတခုနှင့် ပတ်သက်၍ အကျဉ်းထောင်ကျဖူးကြောင်း သိရှိရသည်။ ထို့ကြောင့် ရဲဌာန၌ လူဆိုးရာဇဝင် မှတ်တမ်းကပ်ပြားများတွင် လူဆိုး၏ လုပ်နည်းကိုင်နည်းကို အထူးသဖြင့် ဖော်ပြထားကြသည်။

o o o

(သီရိပျံချီ ဦးလှဘော်)

(အင်းစိန်စုံထောက်ကျောင်းအုပ်ကြီးဟောင်း)



## စာမူ ကြိုတင်ခွင့်ပြုအမှတ် [၁၆၁]

လျှို့ဝှက်သည်းဖို၊ စုံထောက်၊ မှုခင်း ဝတ္ထုများကိုသာ အစဉ်တစိုက်
ရေးသားလာခဲ့သော **စာရေးဆရာဆွေမြင့်**၏
(၂၆) အုပ်မြောက်
လုံး ချင်း ဝတ္ထု သစ်



**ချိချိချစ်နှင့် ကျွန်တော်**

မှုခင်း စုံစမ်းထောက်လှမ်းရေး ရဲအုပ်တဦး
နာမည်ကျော် ရုပ်ရှင်မင်းသမီး ချောတလက်
ဘိန်းဖြူ ဖြန့်ချိရေး ဒုစရိုက်ကောင်တယောက်
ရုပ်ရှင်ကင်မရာနှင့် မီးလုံးများ၊ မိတ်ကပ်နှင့် နှုတ်ခမ်းနီနံ့များ
အစာအိမ်ရောဂါ ပျောက်ဆေးအမည်ခံ ဘိန်းဖြူထုပ်များ
ရေတံခွန်စီးကျသံနှင့် တောင်ဇလပ်ပန်း၊ ယူကလစ်နံ့များ
ကျားဟိန်းသံ၊ သေနတ်သံနှင့် ကော်ဖိုက်ယမ်းနံ့များ
ဆွတ်ပျံ့ကြည်နူးဘွယ်
ရင်ခုန်လှိုက်မောဘွယ်
ဖြစ်ရပ်တို့နှင့်အတူ၊....
တသိမ့်သိမ့်၊ တငြိမ့်ငြိမ့်
ထွက်ရက်ကြေငြာမည်။

**ဆွေမိုင်းစာပေတိုက်**
၂၂-ဗိုလ်ဗင်းဆင့်လမ်း၊ရန်ကုန်။

## အမြစ်ပြတ်မဟာသုခဆီးဆေးကြီး

ကျား-မ၊ အပူလွန်၍ ဆီးပူ၊ ဆီးဝါ၊ ဆီးနီ၊ ဆီးပုတ်၊ ဆီးကျန်၊ ထိုး၊ ဆီးကျင်၊ ဆီးအောင့်၊ ဆီးစပ်တင်း၊ ဆီးခဲ၊ ဆီးကိုက်၊ ကာလသားရောဂါ၊ သားအိမ်နာ၊ ဆီးကြောင့် မျက်စိဝေ၊ ဇက်ကြောတက်၊ အသားပူ၊ မူးဝေ၊ သုတ်ပူ၊ အားနည်း၊ ပိန်ခြောက်မှစ၍ ဒိဋ္ဌပျောက်သော ဆီးဆေးသက်သက် ဖြစ်သည်။ ဝမ်းနုတ်ဆေးမဟုတ်၊ ကုသအောင်မြင်ပြီး ဆေးဖြစ်၍ သုံးဖူးသူတိုင်း လက်မလွှတ်ကြပါ။ အကြီး ၈-ကျပ်၊ အငယ် ၄-ကျပ်၊ လေးပုလင်းမှာ **VPP** နှင့် ပို့သည်။

## ဆီးပူ၊ ဆီးပုပ်၊ ညောင်းကျ၊ အဖြူဆင်း

ကျား-မ အပူလွန်သူများ စားဆေး၊ ဆီးဆေး အစုံဆေးဘိုး [illegible] ကျ၍ ဆေးများ **VPP** နှင့်ပို့ပြီး ဓာတ်စာညွှန်ကြားချက် အခမဲ့ပေးသည်။ အလုပ်မပျက် ဘေးမဖြစ်၊ ပျောက်သူများ၍ဝပြီး လာမည်။

## နှာပုပ်၊ နှာပိတ်၊ နှာကိုက်၊ ထိပ်ခတ်နာ

စားလိမ်း၊ ရှူဆေးနှင့် မှိုင်းရှူဆေးအစုံ၊ ဆေးဘိုး ၁၅-ကျပ်ကျသည် ဆေးများ **VPP** နှင့်ပို့ပြီး ဓာတ်စာညွှန်ကြားချက် အခမဲ့ပေးသည်။ အလုပ်မပျက် ဘေးမဖြစ် ပျောက်သည်။

[illegible]ရန်—သဘာဝဓမ္မဆရာကြီး ဆရာစိန်။ မဟာသုခဆေးတိုက်နှင့် ဆေးကုဌာန၊ အမှတ် (၈၅) ရေတာရှည်လမ်းဟောင်း၊ ဗဟန်း ဈေးအနီး၊ ရန်ကုန်မြို့၊ ဖုန်း ၅၂၆၄၉